# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၈ ရက်၊ သောကြာနေ့ အတွဲ [၅၅]၊ အမှတ် [၁၀၀]


## ကြည်လင်သောစိတ်

- ❖ စိတ်သည် အရာရာကို ဦးဆောင်၏။
- ❖ စိတ်သည် အမွန်အမြတ်ဆုံးဖြစ်၏။
- ❖ စိတ်သည် အရာရာကို ပြီးစီးစေ၏။
- ❖ ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။
- ❖ အေးမြသောအရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။

(ဓမ္မပဒပါဠိတော်)



(ဓာတ်ပုံ-လယ်/ဆည်)

**မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ပြင်သာကျေးရွာအနီး မြစ်သာမြစ်ပေါ်တွင် တည်ဆောက်လျက်ရှိသော မြစ်သာရေလှောင်တမံဘက်စုံစီမံကိန်းလုပ်ငန်းခွင်ကို ၂၀၁၅ခုနှစ် နှစ်ကုန်ပိုင်းက တွေ့ရစဉ်။** (အဆိုပါ ဘက်စုံစီမံကိန်း တည်ဆောက်ပြီးစီးသွားပါက လျှပ်စစ်ဓာတ်အား နှစ်စဉ်ကီလိုဝပ်နာရီပေါင်း သန်း ၁၇၀ ထုတ်လုပ်ပေးနိုင်မည့်အပြင် ဒေသတွင်းဆည်ရေသောက်ဧရိယာ ဧက ၁၂၀၀၀ ကိုလည်း စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်သည်။)

# ရွှေဂုံ(လင့်လမ်း)အိမ်ရာ ပြန်လည်ဖွံ့ဖြိုးရေးစီမံကိန်း မကြာမီဖွင့်ပွဲကျင်းပမည်



ရွှေဂုံ(လင့်လမ်း)အိမ်ရာ တိုက်ခန်းများကို တွေ့ရစဉ်။

**သတင်း-တင်မောင်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-ဆောက်လုပ်ရေး**

**နေပြည်တော် ဇန်နဝါရီ ၇**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်အတွင်း အသစ်တစ်ဖန် ပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရွှေဂုံ(လင့်လမ်း)အိမ်ရာ ပြန်လည်ဖွံ့ဖြိုးရေးစီမံကိန်းဖွင့်ပွဲအခမ်းအနားကို မကြာမီကျင်းပသွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ရွှေဂုံ(လင့်လမ်း)အိမ်ရာ ပြန်လည်ဖွံ့ဖြိုးရေးစီမံကိန်းရဲ့ လုပ်ငန်းအားလုံးဟာ အခုအခါမှာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်တဲ့အတွက် မူလအခန်းနေသူတွေကို ဒီဇင်ဘာ ၃၀ ရက်ကစပြီး အခန်းတွေ စတင်ချထားပေးပြီး လူတွေလည်း တက်နေနေပါပြီ။ ဖွင့်ပွဲကိုတော့ ဇန်နဝါရီ ၉ ရက်မှာ ကျင်းပဖို့စီစဉ်ထားပြီး အခန်းသော့တွေပါ တစ်ပါတည်း ပေးအပ်သွားမှာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

အနောက်ရွှေဂုံတိုင်ရပ်ကွက် လင့်လမ်းနှင့် ရွှေဂုံလမ်းထောင့်ရှိ အဆိုပါစီမံကိန်း အကောင်အထည်ဖော်သည့်မြေနေရာပေါ်၌ ၁၉၆၄-၁၉၆၅ ခုနှစ် တော်လှန်ရေးကောင်စီလက်ထက်တွင် နိုင်ငံတော်အနေဖြင့် နဂိုမူလ အခန်းအကျယ် စတုရန်းပေ ၁၇၆၀ ရှိ နှစ်ခန်းတွဲ လေးထပ်တိုက်သုံးလုံးနှင့် ၅၈၄ စတုရန်းပေရှိ လေးခန်းတွဲ လေးထပ်တိုက်တစ်လုံးတို့ကို အခန်းပေါင်း ၄၀ ဖြင့် ဖွဲ့စည်းတည်ဆောက်ကာ အငှားချဝန်ထမ်းအိမ်ရာအဖြစ်

*စာမျက်နှာ ၁၂ ကော်လံ ၄* ❐

## ထူးခြားသည့် ညအပူချိန်များ

၇-၁-၂၀၁၆

| | |
|---|---|
| ပင်လောင်းမြို့ | -၂ ဒီဂရီစင်တီဂရိတ် |
| ဟားခါးမြို့ | -၂ ဒီဂရီစင်တီဂရိတ် |
| လွိုင်လင်မြို့ | ၀ ဒီဂရီစင်တီဂရိတ် |
| နမ့်စန်မြို့ | ၀ ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုးမြို့ | ၁ ဒီဂရီစင်တီဂရိတ် |
| ပူတာအိုမြို့ | ၃ ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင်မြို့ | ၃ ဒီဂရီစင်တီဂရိတ် |
| လားရှိုးမြို့ | ၅ ဒီဂရီစင်တီဂရိတ် |
| ခန္တီးမြို့ | ၅ ဒီဂရီစင်တီဂရိတ် |

## မြန်မာနိုင်ငံ မီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

စာမျက်နှာ-၁၅

## ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဥပဒေပြဋ္ဌာန်း

စာမျက်နှာ-၁၆




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ကျန်းမာရေးအတွက်စပ်ဆေးသောက်မှုဆင်ခြင်

ကျွန်ုပ်တို့ပြည်သူအများစုအနေဖြင့် နာမကျန်းဖြစ်ပြီဆိုလျှင် ယာယီဖြစ်သောရောဂါများကို ကုစားနိုင်ရန် ဆေးရုံ၊ ဆေးခန်းများထက် ငွေကုန်ကြေးကျသက်သာသည့် ရပ်ကွက်ဆေးဆိုင်များမှ စပ်ဆေး၊ တွဲဆေးများကို အလွယ်တကူ ဝယ်ယူသောက်သုံးလေ့ရှိကြပါသည်။ ထိုသို့ဆေးဝါးများကို ဝယ်ယူသုံးစွဲနေခြင်းသည် ယာယီအားဖြင့် ရောဂါကုစားနိုင်သည်ဆိုသော်လည်း ဆေးမှားယွင်းတွဲစပ်မိခြင်း၊ ဆေးသောက်ရမည့်အချိန်နှင့် ပမာဏမှန်ကန်မှုမရှိခြင်း၊ ဆေးရောင်းသူများ၏ ကျွမ်းကျင်မှုအားနည်းခြင်းစသော အကြောင်းတရားများကြောင့် အပ်နှင့်ထွင်းရမည့်နေရာ ပေါက်ဆိန်နှင့်ပေါက်ဆိုသလို အနာရောဂါမှာမပျောက်ဘဲ ဆေးယဉ်ပါးမှုဖြစ်ကာ ဆိုးရွားသောကျန်းမာရေးအခြေအနေများနှင့် ရင်ဆိုင်နေကြရပါသည်။

စပ်ဆေး၊ တွဲဆေးဆိုသည်မှာ ဖျားနာလျှင် အဖျားပျောက်ဆေး၊ ချောင်းဆိုးလျှင် ချောင်းဆိုးပျောက်ဆေး၊ နှာစေးလျှင် နှာစေးပျောက်ဆေးစသည်ဖြင့် လာရောက်ဝယ်ယူသူပြောပြသော ရောဂါလက္ခဏာများအလိုက် ဆေးဆိုင်မှတွဲစပ်ပေးလိုက်ခြင်း ဖြစ်ပါသည်။ အပိုအားဖြင့် ပိုးသတ်ဆေးခေါ် ပဋိဇီဝဆေးများကိုပါတွဲစပ်ပေးတတ်ကြပါသည်။ ကျွန်ုပ်တို့ မြန်မာစကားတွင် အနာနှင့်ဆေးတည့်အောင်ပေးဟူသော စကားရှိပါသည်။ ရောဂါဖြစ်နေသော လူနာတစ်ဦးအား သင့်လျော်သောဆေးဝါးနှင့် ကုသပေးခြင်းသည် ပြဿနာမရှိနိုင်သော်လည်း ဆေးမှားယွင်းသောက်သုံးမိပါက ဘေးထွက်ဆိုးကျိုးများမှတစ်ဆင့် အသက်အန္တရာယ်အထိ ခြိမ်းခြောက်လာနိုင်ကြောင်း ဆေးပညာရှင်တို့က သတိပေးနေပြီဖြစ်ပါသည်။

ဆေးအရောင်းဆိုင်များမှ အနာနှင့်ဆေး တည့်အောင်ပေးနိုင်သည့်တိုင်အောင် လူနာ၏ရောဂါ အနုအရင့်ကို လိုက်၍ ဘယ်နှခွက်၊ ဘယ်နှကြိမ်၊ ဘယ်နှရက်သောက်ရမည်ဆိုသော ဆရာဝန်ကဲ့သို့ လမ်းညွှန်ပေးနိုင်သည့်ကုထုံးသည် မရှိမဖြစ်လိုအပ်မည်ဖြစ်ပါသည်။ အချို့သောလူနာများသည် တစ်ရက်သုံးခွက်သောက်ရုံနှင့် ပျောက်သည်။ အင်္ဂလိပ်ဆေးဝါးများနှင့်ကုသသည့် သာမန်နာဖျားရောဂါများသည် အများအားဖြင့် ဆရာဝန်များက လူနာ၏ကိုယ်ခံစွမ်းအားနှင့် ရောဂါအခြေအနေအပေါ် သုံးသပ်ပြီး သုံးရက်ခန့်ဆေးထိုးဆေးသောက်မှုများဖြင့် ကုသပေးလျက်ရှိပါသည်။ အချို့သော လူနာများသည် သုံးခွက်သောက်ရမည့်အစား တစ်ခွက်သာသောက်သည်။ အချို့သော လူနာများမှာလည်း သုံးရက်ဆေးသောက်ရမည့်အစား တစ်ရက်သာသောက်သုံးကြသည်။ ထိုသို့သောက်သုံးခြင်းဖြင့် လူနာ၏ရောဂါသည် အမြစ်မပြတ်ဘဲ မကြာခဏပြန်လည်ဖြစ်ပွားလာလေ့ရှိပါသည်။ နောက်ဆုံးတွင် မိမိသောက်သုံးသည့်ဆေးသည် ရောဂါကိုဆေးမတိုးတော့ဘဲ ဆေးယဉ်ပါးမှုပြဿနာနှင့် ရင်ဆိုင်ရပေတော့သည်။

ဤသို့ ကျန်းမာရေးပြဿနာများဖြစ်ပွားလာရသည့်အကြောင်းအရင်းကို ကြည့်မည်ဆိုပါက ပြည်သူများအား ဆေးပညာဆိုင်ရာ ဗဟုသုတများ အသိများများပေးရန် လိုအပ်လာပါသည်။ ထိုကဲ့သို့ ဆိုးရွားသော ကျန်းမာရေးအကျိုးဆက်များပြန့်ပွားကြီးထွား မလာအောင် လူနာများအနေဖြင့် စပ်ဆေးကုထုံးကို သတိပြု ဆင်ခြင်သုံးစွဲရမည်ဖြစ်သလို ဆေးအရောင်းဆိုင်များအနေဖြင့်လည်း ဆရာဝန်ညွှန်ကြားချက်ပေးရန် လိုအပ်သော ဆေးဝါးများကို ညွှန်ကြားချက်မပါဘဲ ရောင်းချခြင်းမှရှောင်ရှား၍ ပူးပေါင်းဆောင်ရွက်သွားသင့်ပါကြောင်း။ ။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသုံး PVC ပိုက်စက်ရုံ ဖေဖော်ဝါရီလတွင် ဖွင့်လှစ်မည်

**နေပြည်တော် ဇန်နဝါရီ ၇**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၆ ရက် နံနက် ၈ နာရီက နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနား-ရန်ကုန် ကားလမ်းမဟောင်းအနီးရှိ မြန်မာနယူးရောကုမ္ပဏီ၏ ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့ထုတ် အလုပ်ရုံသို့ရောက်ရှိပြီး မျိုးစေ့များအား ပါကင်ထုပ်စက်ဖြင့် ခေတ်မီအဆင့်မြင့် ထုပ်ပိုးဆောင်ရွက်နေမှုများကို လည်းကောင်း၊ ခေတ်မီမျိုးစေ့သန့်စင်စက်ဖြင့် ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့များကို အမှိုက်သရိုက်၊ အဖျင်း၊ အမှော်ကင်းရှင်းအောင် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ထုပ်ပိုးပြီး မျိုးစေ့အိတ်များကို ဖြန့်ဖြူးရန် အသင့်ပြင်ဆင်ထားမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းနှင့် တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး၌ နွေစပါးစိုက်ပျိုးရန် ပုလဲသွယ်စပ်မျိုးစပါးများကို ပထမအကြိမ် ကီလို ၁၀၀၀၀ ကို ဖြန့်ဖြူးရန် ကားပေါ်သို့ တင်ဆောင်နေမှုများကို စစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပုလဲသွယ်အထွက်တိုးစပ်မျိုးစပါး သိုလှောင်ရုံအတွင်း၌ မျိုးစေ့အိတ်များ စနစ်တကျ သိုလှောင်ထားရှိမှုများကို ကြည့်ရှုပြီး ထုတ်လုပ်ဖြန့်ဖြူးမည့် မိမိတို့၏ မျိုးစေ့များကို Quality Seeds အဖြစ် အာမခံဖြန့်ဖြူးနိုင်ရေးအတွက် ခေတ်မီ အအေးခန်းစနစ် သိုလှောင်ရုံများဖြင့် ထိန်းသိမ်းသိုလှောင်ထားရှိရန် လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့မှတစ်ဆင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသုံး PVC ပိုက်များ ထုတ်လုပ်မည့် စက်ရုံတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး တပ်ဆင်အသုံးပြုမည့် စက်ပစ္စည်းများ စတင်ရောက်ရှိ၍ တပ်ဆင်နေမှုအခြေအနေနှင့် မြန်မာ့လယ်ယာကဏ္ဍတွင် အသုံးပြုရန်လိုအပ်သော ပိုက်များ ထုတ်လုပ်ရန် ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် စက်ရုံကို ဖေဖော်ဝါရီလဆန်းတွင် စမ်းသပ်လည်ပတ်ထုတ်လုပ်မည့် အစီအစဉ်များအား ကုမ္ပဏီတာဝန်ရှိသူများနှင့် ပညာရှင်များက တင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



# အခြေခံသံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၇**

နိုင်ငံခြားရေး ဝန်ကြီးဌာနက ဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁၆/၂၀၁၆)သင်တန်း ဖွင့်ပွဲကို ဇန်နဝါရီ ၆ ရက်က ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင် သင်တန်းဖွင့် အမှာစကားပြောကြားသည်။ သင်တန်းဖွင့်ပွဲသို့ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အငြိမ်းစားသံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

သင်တန်း၌ မျက်မှောက်ခေတ်နိုင်ငံတကာရေးရာ၊ သံတမန်ရေးရာ၊ နိုင်ငံခြားရေးမူဝါဒ၊ အပြည်ပြည်ဆိုင်ရာ ညီလာခံများ ကျင်းပခြင်း၊ စေ့စပ်ညှိနှိုင်းခြင်းပညာ၊ အပြည်ပြည်ဆိုင်ရာဥပဒေ၊ အပြည်ပြည်ဆိုင်ရာစီးပွားဆက်ဆံရေး၊ နိုင်ငံတကာဆက်ဆံရေး၊ နိုင်ငံတကာလူမှုဆက်ဆံရေးနီတိ၊ သံတမန်စာနှင့် ရုံးစာများရေးသားခြင်း၊ ဆက်သွယ်ပြောဆိုမှုပညာစသည်တို့ကို ပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ဖြစ်သည်။ **(သတင်းစဉ်)**

# သီလဝလူမှုကူညီရေးအသင်း ဂုဏ်ထူးဆောင်ဆုလက်မှတ်ရရှိ

**ရမည်းသင်း ဇန်နဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ သီလဝလူမှုရေးကူညီရေးအသင်းကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဘက်စုံကဏ္ဍစုံ ဝိုင်းဝန်းကူညီ၍ တာဝန်အရပ်ရပ်ကို ထူးချွန်အောင်မြင်စွာ ဆောင်ရွက်ခဲ့သောကြောင့်ရတနာပုံလူမှုရေးဆိုင်ရာဂုဏ်ထူးဆောင်ဆုနှင့် ဂုဏ်ထူးဆောင်လက်မှတ်ကို ဇန်နဝါရီလ ပထမပတ်က ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ အဆိုပါအသင်းသည် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းနှင့်ပတ်သက်၍ နေပြည်တော်၊ မန္တလေးမြို့အစရှိသော မြို့ကြီးများရှိ ဆေးရုံများတွင် ဆေးကုသမှုခံယူရန်အတွက် စီစဉ်ဆောင်ရွက်ပေးခြင်း၊ ဝါတွင်းဝါပ မြို့ပေါ်ကျောင်းတိုက်များမှ သံဃာတော်များအား အာရုံဆွမ်း လောင်းလှူခြင်း၊ လပြည့်၊ လကွယ်ရက်များတွင် အထူးတရားပွဲများစီစဉ် ဆောင်ရွက်ပေးနေသော အသင်းကြီး ဖြစ်ကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

# ပြည်တွင်းအခွန်များ ဦးစီးဌာန စာရေးဝန်ထမ်း အခြေခံသင်တန်းဆင်း

**မကွေး ဇန်နဝါရီ ၇**

ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန မကွေးတိုင်းဒေသကြီး စာရေးဝန်ထမ်းအခြေခံသင်တန်း အမှတ်စဉ်(၂/၂၀၁၅)သင်တန်းဆင်းပွဲ အခမ်းအနားကို ဇန်နဝါရီလပထမပတ်က တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးကျော်သိန်းက အမှာစကားပြောကြားပြီး သင်တန်းတွင် ဆုရရှိသူများအား အခွန်ဦးစီးဌာနမှူးက ဆုများချီးမြှင့်၍ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မိုးကိုကို(အောင်လံ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၇-၁-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၂၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၉၀/၆၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၂၀/၆၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၃၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၅၀/၆၇၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

မန္တလေး

| | |
|---|---|
| ဒီဇယ် | ၆၄၀/၆၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၂၀/၉၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၂၀/၇၄၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀-၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၀၃ |
| ဥရောပ | တစ်ယူရို | ၁၃၉၉.၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၁၄.၆၄ |
| ထိုင်း | တစ်ဘတ် | ၃၆.၀၄၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၅၈၉ |
| တရုတ် | တစ်ယွမ် | ၁၉၉.၇၇ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၉.၇၁ |

ခင်ရတနာ-စုစည်းသည်။

# ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၇**

၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုလွှတ်တော် ပူးပေါင်းကော်မတီများမှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာ့စီးပွားရေးဦးပိုင်၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ပြည်တွင်း ပြည်ပကုမ္ပဏီများနှင့် လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူးက ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ရန်၊ ဖြည့်စွက်ရန်နှင့် ပယ်ဖျက်ရန်အကြောင်းအရာများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကနှင့် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

**(သတင်းစဉ်)**



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဗြိတိန်နိုင်ငံဝန်ကြီးချုပ်ဟောင်းအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဗြိတိန်နိုင်ငံဝန်ကြီးချုပ်ဟောင်း မစ္စတာ တိုနီဘလဲအား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးကိုကိုနိုင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ပညာရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုတင်အား စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးအောင်သန်းဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ခ) | ဒေါက်တာဒေါ်ဝါဝါမောင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစာရင်းအင်းအဖွဲ့<br>အမျိုးသားစီမံကိန်းနှင့်<br>စီးပွားရေးဖွံ့ဖြိုး<br>တိုးတက်မှုဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစာရင်းအင်းအဖွဲ့<br>အမျိုးသားစီမံကိန်းနှင့်<br>စီးပွားရေးဖွံ့ဖြိုး<br>တိုးတက်မှုဝန်ကြီးဌာန |
| (ဂ) | ဦးတင်မောင်ကြည်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများ<br>မော်ကွန်းတိုက်ဦးစီးဌာန<br>အမျိုးသားစီမံကိန်းနှင့်<br>စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများ<br>မော်ကွန်းတိုက်ဦးစီးဌာန<br>အမျိုးသားစီမံကိန်းနှင့်<br>စီးပွားရေးဖွံ့ဖြိုးတိုးတက်<br>မှုဝန်ကြီးဌာန |

# ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၇**

ညအပူချိန်များမှာ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန် ခန့်သာ ရှိခဲ့သည်။

**(မိုး/ဇလ)**

# အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲများ ကျင်းပရေး ဒုတိယအကြိမ်ညှိနှိုင်းစည်းဝေး

**မန္တလေး ဇန်နဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် မြန်မာနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဒုတိယအကြိမ်ကြိုတင်ပြင်ဆင်ဆောင်ရွက်မှု ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ရွာမြင်းမှူးကျေးရွာဒေသရှိ ဝေရောစနကျောက်စိမ်းစေတီတော်မြတ်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

မျိုးဆက်သစ်ခြင်းလုံး အားကစားသမားများ ပေါ်ထွန်းလာစေရန်နှင့် နိုင်ငံတကာပြိုင်ပွဲများအတွက် လက်ရွေးစင်ရွက်ပုန်းသီးခြင်းလုံးအားကစားသမားများပေါ်ထွက်လာစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှဖိတ်ခေါ်ပြိုင်ပွဲ၏ အကြိုပြိုင်ပွဲအဖြစ် အဆိုပါပြိုင်ပွဲကို ဇန်နဝါရီ ၁၆ ရက်မှ ၂၁ ရက်ထိ ဝေရောစန ကျောက်စိမ်းစေတီတော်အနီးရှိ ခြင်းလုံးအားကစားရုံ၌ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲသို့ အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းအဖွဲ့ဥက္ကဋ္ဌ၊ ကမ္ဘာ့ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် နိုင်ငံတကာမှ တာဝန်ရှိသူများ လာရောက်ကြမည်ဖြစ်ကာ ခြင်းလုံးခတ်အသင်း ၄၀၊ ပိုက်ကျော်ခြင်းအသင်း ၉၇ သင်း၊ ခြင်းလုံးအားကစားသမား ၁၅၀၀ ကျော်တို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ဆုကြေးငွေကျပ်သိန်း ၁၀၀၀ ကျော် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

*ကျောဖုံးမှ*

"ကျွန်တော် အခုလိုမြန်မာနိုင်ငံကို လာထိုးရမယ်ဆိုတော့ ကိုယ့်အမိမြေဖြစ်တော့ အလွန်ပဲပျော်တယ်။ ပြောမပြတတ်အောင်ကို ဝမ်းသာမိတယ်။ အိပ်မက်မက်နေသလားလို့တောင် ထင်မိတယ်။ ကျွန်တော်ဒီပွဲအတွက် ကျွန်တော်နဲ့ ယှဉ်ပြိုင်ထိုးသတ်မယ့်ကစားသမားကို အတည်ပြုမပြောနိုင်သေးပေမယ့် အချိန်လည်းရတဲ့အတွက် အစွမ်းကုန်ကြိုးစားလေ့ကျင့်ယှဉ်ပြိုင်သွားမှာပါ။ စောစောပွဲသိမ်းမှာမဟုတ်ဘဲ နောက်ကောက်နဲ့ ပြိုင်ဘက်ကို အနိုင်ရအောင် ယှဉ်ပြိုင်ထိုးသတ်သွားမှာပါ။ လေ့ကျင့်မှုအနေနဲ့လည်း ကိုယ့် အမိမြေမှာ ထိုးရမှာဆိုတော့ တစ်နေ့အနည်းဆုံး ငါးနာရီ၊ ခြောက်နာရီ လောက်ထိ ဘောက်စင်ရော၊ လက်ဝှေ့ရော၊ နပန်းရော၊ မွေထိုင်းပါမကျန် ဘက်ပေါင်းစုံကနေ လေ့ကျင့်ပြင်ဆင်သွားမှာပါ"ဟု ယနေ့ကျင်းပသည့် စာနယ်ဇင်းရှင်းလင်းပွဲတွင် အောင်လအန်ဆန်းက မီဒီယာများအား ပြောသည်။

အောင်လအန်ဆန်းသည် အသက် ၁၉ နှစ်အရွယ်ကတည်းက ကိုယ်ခံပညာပေါင်းစုံအတိုက်ပြိုင်ပွဲ(MMA)ကို ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်ခဲ့သူဖြစ်သည်။ အောင်လအန်ဆန်းသည် အရပ်အမြင့် ခြောက်ပေ တစ်လက်မရှိကာ ပေါင် ၁၇၀ ကတည်းက ကိုယ်ခံပညာပေါင်းစုံအတိုက်ပြိုင်ပွဲများကို စတင်ဝင်ရောက်ထိုးသတ်ခဲ့ပြီး ယခုအခါ ကီလိုဝိတ်တန်းအနေဖြင့် ပေါင် ၁၈၅ ရှိကာ ပေါင် ၂၀၀ ကျော်ဝိတ်တန်းအထိ ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်သွားရန် ရည်ရွယ်ထားကြောင်း သိရသည်။ မွေးရပ်ဇာတိမှာ မြန်မာနိုင်ငံ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာမှဖြစ်ပြီး ယခုအခါ အမေရိကရှိ စိုက်ပျိုးရေးတက္ကသိုလ်တစ်ခုတွင် တက်ရောက်သင်ကြားနေသော်လည်း နောင်အနာဂတ်အသက်မွေးဝမ်းကျောင်းမှုပြုရာတွင် သူထူးချွန်တတ်မြောက်ထားသည့် ကိုယ်ခံပညာပေါင်းစုံအတတ်ပညာနှင့်ပင် အသက်မွေးမှု ဆက်လက်ရပ်တည်သွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာ့ရိုးရာလက်ဝှေ့သမားတွေအနေနဲ့ ဒီ MMA ကို ယှဉ်ပြိုင်ထိုးသတ်မယ်ဆိုရင် တော်တော်လေးထူးချွန်ပြီး ကမ္ဘာကို ထိုးဖောက်နိုင်တဲ့အထိဖြစ်လာနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာ့ရိုးရာလက်ဝှေ့သမားတွေ အနေနဲ့ မွေထိုင်းထက်ကြံ့ခိုင်မှုအား ပိုကောင်းတာကိုတွေ့ရပြီး ဂျူဂျစ်စု ပညာသာထပ်သင်လိုက်မယ်ဆိုရင် တော်တော်လေးကောင်းသွားမှာပါ။ ကျွန်တော့်အနေနဲ့ မြန်မာ့ရိုးရာလက်ဝှေ့ကို ဒီထက်ပိုမိုပြီးတော့ တိုးတက်စေချင်ပါတယ်"ဟု ကမ္ဘာ့ကိုယ့်ခံပညာပေါင်းစုံအတိုက်ပြိုင်ပွဲများတွင် မြန်မာစပါးကြီးမြွေဟု ကမ္ဘာ့အလယ်တွင် ကျော်ကြားနေသည့် အောင်လကဆိုသည်။

ယခုဒုတိယအကြိမ်ကျင်းပမည့် ONE CHAMPIONSHIP ၏ ကိုယ်ခံပညာပေါင်းစုံ (MMA) အတိုက်ပြိုင်ပွဲတွင် ယခင်ပထမအကြိမ် ၂၀၁၅ ခုနှစ် ဇူလိုင် ၁၈ ရက်က ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့ရိုးရာလက်ဝှေ့သမားလေးဦးလည်း ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကာ စုစုပေါင်း ပြည်တွင်းပြည်ပ တွဲဆိုင်း ၁၀ ဆိုင်းပါဝင်ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။


**(မြန်မာ့အလင်း)**

**တိမ်အသင့်အတင့်ဖြစ်ထွန်းမည်**

ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**(မိုး/ဇလ)**

# မလေးရှားနိုင်ငံ၌ ကူးတို့သင်္ဘောတစ်စီးနစ်မြုပ် ခရီးသည်အားလုံးကယ်တင်နိုင်ခဲ့



**ကွာလာလမ်ပူ ဇန်နဝါရီ ၇**

ဘော်နီယိုမြောက်ပိုင်း မလေးရှားနိုင်ငံ ဆာဘာ့ပြည်နယ်တွင် ကူးတို့သင်္ဘောနစ်မြုပ်ပြီးနောက် ခရီးသည် ၁၅၈ ဦးလုံးကို ဘေးမသီရန်မခ ကယ်တင်နိုင်ခဲ့ကြောင်း အာဏာပိုင်များက ဇန်နဝါရီ ၇ ရက်က ထုတ်ပြန်ကြေညာသည်။

ခရီးသည် ၁၅၈ ဦး တင်ဆောင်လာသောယင်းကူးတို့သင်္ဘောသည် ဖိလစ်ပိုင်နိုင်ငံတောင်ဘက် တာဝီ-တာဝီဒေသမှ မလေးရှားနိုင်ငံ ဆမ်ပေါ်နာဒေသသို့ ထွက်ခွာသွားစဉ် ကမ်းခြေမရောက်မီ သမ္မန်တစ်စင်းနှင့် တိုက်မိပြီး နစ်မြုပ်သွားခဲ့ကြောင်း ဒေသတွင်း မီးသတ်နှင့်ကယ်ဆယ်ရေးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

ကူးတို့ရေယာဉ်ပေါ်ပါခရီးသည်အားလုံးကို ကယ်တင်နိုင်ခဲ့ပြီး လေးဦးကို ဆေးကုသမှုခံယူရန် ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ကိုရီးယားကျွန်းဆွယ်ပေါ် မဟာဗျူဟာလက်နက်များဖြန့်ကြက်ရေး တောင်ကိုရီးယားနှင့် အမေရိကန်တို့ဆွေးနွေး

**ဆိုးလ် ဇန်နဝါရီ ၇**

မြောက်ကိုရီးယားက ဟိုက်ဒရိုဂျင်ဗုံး အောင်မြင်စွာ စမ်းသပ်နိုင်ပြီဖြစ်ကြောင်းပြောကြားပြီး တစ်ရက်အကြာ ကိုရီးယားကျွန်းဆွယ်ပေါ်တွင် အမေရိကန်၏ မဟာဗျူဟာလက်နက်များဖြန့်ကြက်ရန် တောင်ကိုရီးယားနှင့် ဆွေးနွေးနေကြောင်း ဆိုးလ်စစ်ဘက်တာဝန်ရှိသူများက ကြာသပတေးနေ့တွင် ပြောကြားလိုက်သည်။

မြောက်ကိုရီးယား၏ ဟိုက်ဒရိုဂျင်ဗုံး အောင်မြင်စွာ စမ်းသပ်မှုအပေါ် အမေရိကန်နှင့် လက်နက်ကျွမ်းကျင်သူများက သံသယဖြစ်လျက်ရှိသည်။ မြောက်ကိုရီးယား၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်ပြီး အရေးယူပိတ်ဆို့မှုများ ပိုမိုပြုလုပ်သွားရန်လည်း တိုက်တွန်းလိုက်သည်။

အဆိုပါ နျူကလီးယားစမ်းသပ်ဖောက်ခွဲမှုသည် မြောက်ကိုရီးယား၏မဟာမိတ် တရုတ်ကို ကြိုတင်၍ သတိပေးခြင်းမရှိဘဲ လုပ်ဆောင်လိုက်သည့်အတွက် တရုတ်ကိုဒေါသထွက်စေခဲ့သည်။ မြေအောက်စမ်းသပ်ဖောက်ခွဲမှုသည် အိမ်နီးချင်းနိုင်ငံများအား တင်းမာမှုကိုပိုမိုဖြစ်ပေါ်စေကြောင်း သတိပေးပြောကြားလိုက်သည်။

အဆိုပါကိစ္စကို လက်တုံ့ပြန်ရန် လိုအပ်ပြီဖြစ်ကြောင်း ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် သမ္မတဘားရက်အိုဘားမားတို့ ဖုန်းဖြင့်စကားပြောရာတွင် သဘောတူထားသည်ဟု ဂျပန်နှင့် အိမ်ဖြူတော်တာဝန်ရှိသူများက ပြောသည်။

သမ္မတ အိုဘားမားသည် ယင်းကိစ္စကို တောင်ကိုရီးယားသမ္မတ ပတ်ဂွမ်ဟေးနှင့်လည်း ဆွေးနွေးခဲ့သည်ဟုဆိုသည်။

**(ရိုက်တာ)**

# အိန္ဒိယ-ပါကစ္စတန် နယ်ခြားဒေသတွင် လုံခြုံရေးများတိုးမြှင့်ချထား

**နယူးဒေလီ ဇန်နဝါရီ ၇**

အိန္ဒိယနိုင်ငံသည်မကြာသေးမီက ဖြစ်ပွားခဲ့သော လေကြောင်း အခြေစိုက်စခန်းကို အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ပန်ဂျပ်ပြည်နယ်မြောက်ပိုင်းနှင့် ကက်ရှ်မီးယားဒေသ၊ ပါကစ္စတန်နိုင်ငံအကြား နိုင်ငံတကာနယ်စပ်တွင် နယ်ခြားစောင့်တပ်များပို၍ တပ်ဖြန့်ချထားမှုများပြုလုပ်သွားမည်ဟု ကြာသပတေးနေ့က သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြသည်။

လေထီးတပ်သားနယ်ခြားစောင့်လုံခြုံရေးတပ်ဖွဲ့ဝင် ၂၀၀၀ ခန့်ကို နိုင်ငံနှစ်ခုအကြား နိုင်ငံတကာ နယ်စပ်တွင် တပ်ဖြန့်ချထားမည်ဖြစ်သည်။ ပထန်ကော့တ် အိန္ဒိယလေတပ်အခြေစိုက်စခန်း အကြမ်းဖက်တိုက်ခိုက်ခံရပြီးနောက် အဆိုပါလှုပ်ရှားမှုကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု သတင်းအရင်းအမြစ်က ပြောသည်။

မကြာသေးမီက ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုသည် နိုင်ငံတကာနယ်စပ်တွင် လုံခြုံရေးပိုမိုတင်းကျပ်ရန် လိုအပ်သည်ကိုထောက်ပြလျက်ရှိပြီး လျှပ်စစ်ခါတ်အားလွှတ်ထားသည့် သံဆူးကြိုးများကာရံထားသော်လည်း ပါကစ္စတန်နိုင်ငံမှ အကြမ်းဖက်သမားများသည် နိုင်ငံအတွင်း အဆိုပါနယ်စပ်မှ စိမ့်ဝင်လျက်ရှိသည်ဟု ၎င်းကဆက်ပြောသည်။

ပထန်ကော့တ် လေကြောင်းအခြေစိုက်စခန်းတွင် အကြမ်းဖက်တိုက်ခိုက်ခံရမှုကြောင့် တပ်ဖွဲ့ဝင်ခုနစ်ဦး သေဆုံးခဲ့ပြီး ၂၀ ဒဏ်ရာရရှိခဲ့သည်။ နာရီပေါင်း ၈၀ ကျော် ကြာတိုက်ပွဲဖြစ်ပြီးနောက် အကြမ်းဖက်သမားများကို အသေဖမ်းဆီးရမိခဲ့ပြီး စခန်းလုံခြုံရေးကို ထိန်းသိမ်းနိုင်ခဲ့သည်။

**(ဆင်ဟွာ)**

# မြောက်ကိုရီးယား အဏုမြူစမ်းသပ်မှုကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ ရှုတ်ချ

**ဂျီနီဗာ ဇန်နဝါရီ ၇**

ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်များသည် အရေးပေါ်အစည်းအဝေးတစ်ရပ် ခေါ်ယူကျင်းပခဲ့ပြီး မြောက်ကိုရီးယား၏ နျူကလီးယားစမ်းသပ်မှုကို ရှုတ်ချသည့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဇန်နဝါရီ ၇ ရက်က ဖော်ပြခဲ့သည်။

ဥရုဂွေးနိုင်ငံ၏ ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီး အယ်ဘီယိုဂို့စ်ဆယ်လီက သတင်းထုတ်ပြန်ချက်ကို သတင်းထောက်များရှေ့တွင် ဖတ်ပြခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားစမ်းသပ်မှုသည် လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို သိသာထင်ရှားစွာ ချိုးဖောက်ကျူးလွန်ရာရောက်ကြောင်း၊ နျူကလီးယားမပြန့်ပွားရေးစနစ်ကို ခြိမ်းခြောက်ရာရောက်ကြောင်း ယင်းကပြောကြားခဲ့သည်။

လုံခြုံရေးကောင်စီအဖွဲ့ဝင်များသည် နောက်ထပ်



အရေးယူဆောင်ရွက်မှုများလုပ်ရန် ဆုံးဖြတ်ချက် အသစ်တစ်ခုကို လျင်မြန်စွာ စတင်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် လုံခြုံရေးကောင်စီက မြောက်ကိုရီးယား၏ ယခင် နျူကလီးယားစမ်းသပ်မှုများကိုလည်း တုန့်ပြန်မှုများပြုလုပ်သွားရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့ကြောင်း၊ ကြေညာချက်များလည်း ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# တောင်တရုတ်ပင်လယ်ရှိ လူလုပ်ကျွန်းတုပေါ်သို့ တရုတ်လေယာဉ်နှစ်စင်း စမ်းသပ်ဆင်းသက်မှု ထပ်မံပြုလုပ်


**ပေကျင်း ဇန်နဝါရီ ၇**

အငြင်းပွားဒေသရှိ လေယာဉ်ပြေးလမ်းတစ်ခုပေါ်သို့ လေယာဉ်ဆင်းသက်မှုနှင့်အတူ ဗီယက်နမ်ကို ဒေါသထွက်စေပြီး လေးရက်အကြာ တရုတ်နိုင်ငံက တောင်တရုတ်ပင်လယ်အတွင်း တည်ဆောက်ထားသော ကျွန်းပေါ်တွင် ဗုဒ္ဓဟူးနေ့က လေယာဉ်စမ်းသပ်ဆင်းသက်မှုနှစ်ကြိမ်ပြုလုပ်ခဲ့ကြောင်း ဆင်ဟွာသတင်းအေဂျင်စီက ပြောသည်။

အဆိုပါ လေယာဉ်နှစ်ကြိမ်စမ်းသပ်ဆင်းသက်မှုသည် သီတင်းပတ်ကုန်ပိုင်းက သံတမန်ကန့်ကွက်ဆန္ဒပြမှု ပြုလုပ်ခဲ့သော ဗီယက်နမ်ကို ပိုမိုဒေါသထွက်စေခဲ့သည်။ ဖိလစ်ပိုင်ကလည်း အလားတူ သံတမန်ကန့်ကွက်ဆန္ဒပြမှု ပြုလုပ်သွားရန် စီစဉ်လျက်ရှိသည်ဟု ဆိုသည်။ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံတို့သည် တောင်တရုတ်ပင်လယ်တစ်ခုလုံးနီးပါး ပိုင်ဆိုင်ကြောင်း ပြောဆိုလျက်ရှိသည့် တရုတ်နိုင်ငံနှင့် ရေပိုင်နယ်နိမိတ်များ ထိစပ်လျက်ရှိသည်ဟု ဆိုသည်။ တရုတ်လေယာဉ်နှစ်စင်းသည် ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက လူလုပ်ကျွန်းတုပေါ်သို့ ဆင်းသက်ခဲ့ကြောင်း ဆင်ဟွာက ပြောသည်။

အဆိုပါ လေယာဉ်နှစ်စင်းအောင်မြင်စွာ ဆင်းသက်နိုင်မှုသည် ၎င်းလေဆိပ်က ကြီးမားသော အရပ်ဘက်လေကြောင်းဘေးကင်းမှုကို အာမခံပေးနိုင်လိမ့်မည်ဖြစ်ပြီး ထောက်ပံ့ပို့ဆောင်ရေး၊ ဆေးဘက်အကူအညီများ ပေးရေးတို့အတွက် အထောက်အကူပြုနိုင်လိမ့်မည်ဖြစ်ကြောင်း ဆင်ဟွာက ထပ်လောင်းဖော်ပြသည်။

**(ရိုက်တာ)**




# သွားဖြူဆေးများသုံးစွဲခြင်းသည် သွားကြွေလွှာကို ပျက်စီးနိုင်

**ဗန်ကူပါး(ကနေဒါ) ဇန်နဝါရီ ၇**

သွားများ ဖြူဖွေးလိုသည့်အတွက် သွားဖြူဆေး၊ အရောင်ချွတ်ဆေးများ အသုံးပြုသူများသည် သွားများ အစဉ်အမြဲ ထိခိုက်နိုင်ကြောင်း ကနေဒါကျွမ်းကျင်ပညာရှင်များက ဗုဒ္ဓဟူးနေ့တွင် ပြောသည်။

အရောင်ချွတ်ဆေးတွင်ပါဝင်သောပစ္စည်းများသည် သွားကြွေလွှာကို ပျက်စီးစေရုံသာမက သွားဖုံးများကိုပါ ထိခိုက်ပျက်စီးစေသည်ဟု ကနေဒါနိုင်ငံအနောက်ပိုင်းရှိ ဗန်ကူပါးမြို့မှ ဗြိတိန်-ကိုလံဘီယာတက္ကသိုလ်မှ သွားဘက်ဆိုင်ရာ လက်ထောက်ပါမောက္ခတစ်ဦးဖြစ်သူ အဒရီယာနာမန်ဘိုက ပြောသည်။

သွားဖြူဆေးကြောင့် သွား၏ကြွေလွှာပျက်စီးမှုကို ဖြစ်စေပြီး မူလအခြေအနေသို့ ပြန်မရောက်နိုင်ကြောင်း၊ ထို့အပြင် အလွန်အကျွံသုံးစွဲပါက ပို၍ဘေးဖြစ်စေနိုင်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

အရေးအကြီးဆုံးအချက်မှာ သွားဖြူဆေး၊ အရောင်ချွတ်ဆေးများကို လူတိုင်း မသုံးသင့်ကြောင်း၊ ဆရာဝန်နှင့် ဦးစွာတိုင်ပင်ပြီးမှသာ သုံးသင့်ကြောင်း၊ သွားအရောင်မလှခြင်း၊ သွားမဖြူခြင်းတို့အတွက် အကြောင်းအရင်းများစွာရှိကြောင်း၊ ၎င်းတို့အတွက် ကုသနည်းများမှာလည်း မတူညီကြောင်း စသည်ဖြင့် နာမန်ဘိုက ဆက်လက်ပြောကြားခဲ့သည်။

မန်ဆို၏ လေ့လာတွေ့ရှိချက်အရ သွားအရောင်ချွတ်ဆေးတွင် ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်ပါဝင်ပြီး ၎င်းသည် ကြွေလွှာနှင့်ပေါင်းစပ်ပြီး သွားများ အရောင်ပြောင်းကာ ပို၍လင်းလက်လာသည်။ သွားအရောင်လှဆေးကို အကန့်အသတ်ဖြင့်သုံးသင့်ပြီး နှစ်စဉ်နှစ်တိုင်းအရောင်ချွတ်စရာ မလိုကြောင်း ၎င်းကပြောသည်။

**(ဆင်ဟွာ)**

## လူကုန်ကူးမှုတားဆီးရေး အသိပညာပေး



**မန္တလေး ဇန်နဝါရီ ၇**

အမှတ် (၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (မန္တလေး) နှင့် ဖောင်တော်ဦး ပရဟိတဘုန်းတော်ကြီးသင်ပညာရေး တွဲဖက်အထက်တန်းကျောင်းတို့ ပူးပေါင်းကျင်းပသည့် ကျောင်းသား ကျောင်းသူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၇ ရက် နံနက် ၁၀ နာရီက မန္တလေးအောင်မြေသာစံမြို့နယ် ဖောင်တော်ဦးကျောင်း မုဒိတာခန်းမ၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ဖောင်တော်ဦးကျောင်း သင်ကြားရေးတာဝန်ခံ ဒေါ်သန်းသန်းအေးက အမှာစကားပြောကြားပြီး အမှတ် (၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မန္တလေး)မှ ဒုတိယရဲအုပ်နေအောင်ကျော်က လူကုန်ကူးမှု အသိပညာပေးဟောပြောခဲ့သည်။

၂၀၁၅ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း လူကုန်ကူးမှုပေါင်း ၁၄ မှုကို ဖော်ထုတ်နိုင်ခဲ့ပြီး ပြစ်မှုကျူးလွန်သူ ၃၁ ဦးအား ပြစ်ဒဏ်ပေးနိုင်ခဲ့ကြောင်း အမှတ် (၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (မန္တလေး) မှတပ်ဖွဲ့စုမှူး ရဲမှူးဖေသိန်းကျော်ထံမှ သိရသည်။ **ကျော်ထူး(မန္တလေး)**

## အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ဆုချီးမြှင့်

**သုံးခွ ဇန်နဝါရီ ၇**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အားကစားခန်းမ၌ ၂၀၁၅ ခုနှစ် ဒုတိယအကြိမ် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (TSDP) အရ ကျင်းပခဲ့သော မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား (ကျေးရွာပေါင်းစုံပိုက်ကျော်ခြင်းခတ်ပြိုင်ပွဲ၊ ရပ်ကွက်ပေါင်းစုံဘောလုံးပြိုင်ပွဲ၊ ဘိလိယက်နှင့် စနူကာပြိုင်ပွဲ)တို့၌ အနိုင်ရရှိသူများအား ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၆ ရက်က ကျင်းပသည်။

ကျေးရွာပေါင်းစုံ ပိုက်ကျော်ခြင်းခတ်ပြိုင်ပွဲတွင် ပထမဆုရပဒတ္တိုင်းကျေးရွာအသင်း၊ ဒုတိယဆုရ ပတုပ်ကျေးရွာအသင်း၊ တတိယဆုရလက်ပန်ကျိုးကျေးရွာအသင်းတို့ကို မြို့နယ်အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝိတ်က ဆုများချီးမြှင့်ပေးခဲ့သည်။ ထို့နောက် ရပ်ကွက်ပေါင်းစုံ (၂၃ နှစ်)အောက် ဘောလုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့်တတိယဆုရရှိကြသူများ၊ နေရာအလိုက်အကောင်းဆုံးဆုများ၊ ဘိလိယက် နှင့်စနူကာပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝ၂၈)**

## လှေလှော်အားကစားတိုးတက်မြင့်မားရေး လှေလှော်အသင်းသားဟောင်းများမှ ကူညီမည်

**ရန်ကုန် ဇန်နဝါရီ ၇**

ရန်ကုန်တက္ကသိုလ်များ လှေလှော်အသင်းသားဟောင်းများအသင်း (Yangon Universities Boat Club Old Members Association)သည် မြန်မာနိုင်ငံလှေလှော်အားကစား၏ အဆင့်အတန်း ပြန်လည်တိုးတက်မြင့်မားရေး ကြိုးစားဆောင်ရွက်ရန်အတွက် ပြီးခဲ့သည့် ၂၀၁၃ ခုနှစ် မေလက အသင်းအား ပြန်လည်ဖွဲ့ စည်းခဲ့ခြင်းဖြစ်သည်။

၁၉၅၃ ခုနှစ်က ရန်ကုန်တက္ကသိုလ်များ လှေလှော်အသင်း၏ ကပ္ပတိန်ဖြစ်သော သံအမတ်ကြီးဟောင်း ဦးမောင်မောင်သန်းထွန်းက "ကြိုးကြိုးစားစား လုပ်ကိုင်သွားကြမယ်ဆိုရင် မြန်မာပြည်ကိုကိုယ်စားပြုတဲ့ လှေလှော်အားကစားသမားကောင်းတွေနဲ့ လှေလှော်အဖွဲ့ချုပ်ကိုထောက်ပံ့ပေးနိုင်တဲ့ တက္ကသိုလ်ကျောင်းသားတွေ ပေါ်ထွန်းလာမှာပါ"ဟု ပြောကြားသည်။

ရန်ကုန်တက္ကသိုလ်များ လှေလှော်အသင်းသားဟောင်းများအသင်းမှ အတွင်းရေးမှူး ဒေါက်တာဖုန်းဝင်းက "ကျွန်တော်တို့ အသင်းဟောင်းအနေနဲ့ကတော့ ၂၀၁၃ ခုနှစ်က ပြန်ဖွဲ့စည်းခွင့်ရခဲ့ပါတယ်။ အသင်းသားဟောင်းများအနေနဲ့ ၂၀၁၃ ခုနှစ် မေလက ပြန်လည်စုစည်းခဲ့ပြီး နှစ် ၉၀ မြောက် အထိမ်းအမှတ်လုပ်ခဲ့ပါတယ်။ အခုဆို လစဉ်အစည်းအဝေးများလည်း လုပ်ဆောင်နေကြပါပြီ။ ကျွန်တော်တို့ အသင်းသားဟောင်းတွေက မျိုးဆက်သစ်တွေကို လှေလှော်ပြိုင်ပွဲဝင်ရောက်နိုင်ရေးအတွက် သင်ကြားပေးပြီး လှေပစ္စည်းများကိုလည်း ထောက်ပံ့ပေးသွားမှာပါ" ဟု ပြောကြားသည်။ လက်ရှိအနေအထားအရ ရန်ကုန်တက္ကသိုလ်များ လှေလှော်အသင်းသားဟောင်းများအသင်းတွင် အသင်းသားပေါင်းထောင်ကျော်ရှိပြီး မျိုးဆက်သစ်ကျောင်းသားလှေလှော်သမား ၁၀ ဦး ရှိနေပြီဖြစ်ကြောင်း သိရသည်။

**စိုးဝင်း**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၇

**၂၀၁၆ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။**

### ချက်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ချက်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မီလော့စ်ဇီမန်းက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာနိုင်ငံပြည်သူများထံသို့ မိမိမှ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

မြန်မာနိုင်ငံမှ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ဒီမိုကရေစီဖော်ဆောင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ အမျိုးသားရင်ကြားစေ့ရေးနှင့် လွတ်လပ်သော ရွေးကောက်ပွဲများကျင်းပပြီးစီးသည့် လုပ်ငန်းစဉ် အဆင့်ဆင့်ကို မိမိမှ စိတ်ဝင်စားစွာ လေ့လာခဲ့ပါသည်။

မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော နှစ်နိုင်ငံဆက်ဆံရေးသည် နယ်ပယ်စုံတွင် ဆက်လက်၍ နက်ရှိုင်းစွာတိုးတက်လိမ့်မည်ဟု စွဲမြဲစွာယုံကြည်ပါကြောင်းလည်း ပြောကြားလိုပါသည်ဟု ဖော်ပြထားပါသည်။

အလားတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ချက်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘိုဟူစလပ်ဇ် ဆိုဘော့ကာက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိမှ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံ၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုဖြစ်သည့် နိုဝင်ဘာလက ကျင်းပခဲ့သော ရွေးကောက်ပွဲကို မိမိမှ စိတ်ဝင်စားစွာ လေ့လာခဲ့ပါသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများသည် မိမိတို့အကြား အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဖော်ဆောင်နိုင်ရေးအတွက် အခွင့်အလမ်းသစ်များ ပေါ်ထွန်းစေမည်ဟု ယုံကြည်မိပါသည်ဟု ဖော်ပြထားပါသည်။

### ဆားဘီးယားသမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဆားဘီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် အလက်ဇန္ဒြားဘူးဇစ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဆားဘီးယားနိုင်ငံအစိုးရကိုယ်စား မိမိအနေဖြင့် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာနိုင်ငံဆက်လက်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြန်မာပြည်သူများ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

မြန်မာ-ဆားဘီးယားနှစ်နိုင်ငံအကြား အစဉ်အလာအရတည်ရှိနေသည့် ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးသည် နှစ်နိုင်ငံကြိုးပမ်းအားထုတ်မှုများမှတစ်ဆင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် ဆက်လက်တိုးမြှင့်ဖော်ဆောင်သွားနိုင်လိမ့်မည်ဟု အခိုင်အမာယုံကြည်မိပါသည်ဟု ဖော်ပြအပ်ပါသည်။

### ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသမ္မတ ဂျိုဝါချင်ဂေါက်ခ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိနှင့် ဂျာမန်ပြည်သူများထံမှ အဆွေတော်နှင့် မြန်မာနိုင်ငံပြည်သူများထံသို့ လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

၂၀၁၅ ခုနှစ်သည် အဆွေတော်တို့၏ နိုင်ငံအတွက် သမိုင်းဝင်နှစ်တစ်နှစ်ဖြစ်ပါသည်။ နိုဝင်ဘာလ ၈ ရက်နေ့တွင် ပါလီမန်ရွေးကောက်ပွဲများကို လွတ်လပ်အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်အတွက် အဆွေတော်နှင့် အဆွေတော်ဦးဆောင်သည့် အစိုးရအဖွဲ့တို့အား ကမ္ဘာတစ်ဝန်းလုံးမှ ထိုက်တန်စွာ အသိအမှတ်ပြုခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုလမ်းစဉ်တွင် ဂျာမနီနိုင်ငံအနေဖြင့် ယုံကြည်စိတ်ချရသော လုပ်ဖော်ကိုင်ဖက် နိုင်ငံတစ်နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေမည် ဖြစ်ပါသည်ဟု ဖော်ပြထားပါသည်။

## မြန်မာ-ဂျပန်ချစ်ကြည်ရေး လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၇**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် Junior Golf Myanmar တို့မှ ကြီးမှူးကျင်းပသော မြန်မာ-ဂျပန်ချစ်ကြည်ရေး လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၆ ရက်က ရန်ကုန်ဂေါက်ကွင်း ဒညင်းကုန်းတွင် ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ Junior Golf Myanmar တို့မှ တာဝန်ရှိသူများနှင့် အားကစားသမားများ တက်ရောက်ကြသည်။



ဆက်လက်၍ အခမ်းအနားကို မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း)၊ မြန်မာ-ဂျပန်အသင်းဥက္ကဋ္ဌ ဦးစောလှမင်း၊ ရန်ကုန်ဂေါက်ကလပ်ဥက္ကဋ္ဌ ဦးဇော်မင်း၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးတို့မှ ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးခဲ့ပါသည်။

အဆိုပါ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ လက်ရွေးစင်လူငယ်အားကစားသမား ရှစ်ဦး၊ ဂျပန်နိုင်ငံမှ လက်ရွေးစင်အားကစားသမား ရှစ်ဦး စုစုပေါင်းအားကစားသမား ၁၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမနေ့၌ ၃၆ ကျင်း စတင်ကျင်းပသည်။

**ဖိုးသော်ဇင်**

## လက်ပန်ကျင်းကျေးရွာ မီးဘေးသင့်ပြည်သူများကို လှူဒါန်း

**စလင်း ဇန်နဝါရီ ၇**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် လက်ပန်ကျင်းကျေးရွာတွင် ဇန်နဝါရီ ၇ ရက်က မီးဘေးသင့်ပြည်သူများကို စလင်းမြို့နယ်ပြည်သူများက လက်ပန်ကျင်းကျေးရွာမူလတန်းကျောင်း၌ အိမ်ထောင်စုတစ်စုလျှင် သွပ် ၂၆ ချပ်၊ ဒိုင်းရှင်း သုံးလက်မဝင် နှစ်လက်မထွက်အပြည့်အစုံနှစ်လုံး၊ တစ်အိမ်ထောင်လျှင် သွပ်ရိုက်သံနှစ်ပိဿာ၊ တစ်အိမ်ထောင်လျှင် ငွေကျပ် ၅၄၂၅၀၊ ဆန်အိတ် ၃၅ အိတ်တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။ လှူဒါန်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်း၊ မြို့နယ်အထောက်အကူပြုအဖွဲ့၊ စည်ပင်သာယာရေးကော်မတီနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ပြီး အိမ်ထောင်စု ၂၀ ကို တန်ဖိုးငွေကျပ်သိန်း ၇၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

# ကမ္ဘာ့ဖွံ့ဖြိုးမှု အစီအစဉ်၏ အရှေ့ (သို့မဟုတ်) စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များအားကြိုဆိုခြင်း

ဒေါက်တာဝါဝါမောင်

ယနေ့ ကမ္ဘာ့နိုင်ငံများ၏ အဓိက အရေးအကြီးဆုံးသော ဦးတည်ချက်မှာ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုရရှိရေးပင်ဖြစ်သည်။ ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုနိမ့်ကျသည့် နိုင်ငံများကလည်း မိမိတို့နိုင်ငံကို ဆိုးသွမ်းသံသရာလည်ပတ်မှုမှ ထိုးဖောက်လွတ်မြောက်ရန် ကြိုးပမ်းနေကြသကဲ့သို့ ဖွံ့ဖြိုးပြီး နိုင်ငံများကလည်း ရရှိပြီးသားဖွံ့ဖြိုးမှုကို ဆက်လက်တည်တံ့နိုင်စေရေးအတွက် ကြိုးပမ်းနေကြသည်ပင်။

ကမ္ဘာ့ကုလသမဂ္ဂမှ ထောင်စုနှစ်အသစ်တစ်ခုသို့ ကူးပြောင်းမှုကို ဆင်နွှဲသည့်အနေဖြင့် လူသားဖွံ့ဖြိုးမှု(Human Development) တိုးတက်ဖြစ်ပေါ်စေရေးအတွက် ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင်များ (Millennium Development Goals-MDGs) အား ကမ္ဘာ့နိုင်ငံများ၏ ဖွံ့ဖြိုးမှုလမ်းညွှန်အဖြစ် ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ချမှတ်အကောင်အထည်ဖော်ခဲ့ကြပါသည်။ **၂၁ ရာစုသို့ ရောက်ရှိလာချိန်တွင် Globalizationအသီးအပွင့်တို့ကို ကမ္ဘာ့နိုင်ငံများအကြား ညီမျှစွာ ခွဲဝေခံစားနိုင်ရန် ကမ္ဘာ့ကုလသမဂ္ဂ၏ ရာစုသစ် ကြေငြာချက်** (Millennium Declaration) **အဖြစ် ကြေငြာခဲ့သည့် ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင်များသည် ၂၀၁၅ ခုနှစ် အကုန်တွင် ပြီးဆုံးခဲ့ပြီဖြစ်သည်။** ယခုအခါ ကမ္ဘာ့ဖွံ့ဖြိုးမှု ပန်းတိုင်များသည် ထောင်စုနှစ် ဖွံ့ဖြိုးမှုပန်းတိုင်များ (MDGs) အဖြစ်မှ စဉ်ဆက် မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များ(SDGs)အဖြစ်သို့ ပြောင်းလဲလာခဲ့ပြီဖြစ်သည်။

**စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ စတင်အသက်ဝင်ခြင်း**

ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ဖွံ့ဖြိုးမှုနည်းပါးသည့် နိုင်ငံများအနေဖြင့် ၂၀၀၀ ပြည့်နှစ်က ချမှတ်ခဲ့သည့် ထောင်စုနှစ်ပန်းတိုင်များကို အကောင်အထည်ဖော်ဆောင်ခဲ့ရာတွင် အောင်မြင်မှုများ တည်ရှိခဲ့သလို အချို့သော စိန်ခေါ်မှုများကိုလည်း ဆက်လက်၍ ရင်ဆိုင်ရဦးမည်ဖြစ်သည်။ **၂၀၁၅ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့မှ ၃၀ ရက်နေ့အထိ ကျင်းပခဲ့သည့် ကုလသမဂ္ဂစုံညီ အစည်းအဝေးတွင်** စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals -SDGs)များကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ အသက်ဝင်ခဲ့ပြီဖြစ်သည်။

ယခုအခါ ဖွံ့ဖြိုးမှု၏ အဓိပ္ပာယ်မှာ ပြောင်းလဲလာခဲ့ပြီ ဖြစ်သည်။ ဖွံ့ဖြိုးမှုဟုဆိုရာတွင် စီးပွားရေးရှုထောင့် (Economic Aspect)၊ ရုပ်ဝတ္ထုပိုင်းဆိုင်ရာဖွံ့ဖြိုးမှု ကောင်းကျိုး (Material Well-being) တို့နှင့်သာ ရှုမြင်၍ မပြည့်စုံနိုင်ဘဲ စိတ်ပိုင်းဆိုင်ရာ ခံစားမှုများ ( Spiritual and Mental Well-being) တို့ကိုပါ ထည့်သွင်းကာ ဖွံ့ဖြိုးမှုကို အရည်အသွေးရှုထောင့် (Quality Aspect) မှလည်း စဉ်းစားလာခဲ့ကြပြီဖြစ်ပါသည်။ သို့ဖြစ်ရာ ဖွံ့ဖြိုးမှုဆိုသည်မှာ လူနေမှုဘဝ အရည်အသွေးတိုးတက်လာခြင်း (Promoting quality of life) ပင် ဖြစ်ပါသည်။

**၂၀၁၅ ခုနှစ်အလွန် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ**

ကမ္ဘာ့နိုင်ငံများအတွက် ထောင်စုနှစ်ပန်းတိုင်များအား ပြည့်မီစွာ မအောင်မြင်ခဲ့သော နိုင်ငံများအနေဖြင့် ဆောင်ရွက်ရန် ကျန်လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်ရန်ရှိသော လုပ်ငန်းများအပါအဝင် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ **၂၀၃၀ ပြည့်နှစ်အထိ ကမ္ဘာ့ဖွံ့ဖြိုးမှုလမ်းညွှန်အဖြစ် အကောင်အထည်ဖော်ရန် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု** ပန်းတိုင်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- **ပန်းတိုင် (၁)** - နေရာအနှံ့ ဆင်းရဲမှုပုံစံအားလုံး အဆုံးသတ်ရေး (Goal 1 . End poverty in all its forms everywhere )
- **ပန်းတိုင် (၂)** - ငတ်မွတ်ခေါင်းပါးမှု အဆုံးသတ်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝမှုတိုးတက်ရေးနှင့် စဉ်ဆက်မပြတ် စိုက်ပျိုးရေး ဖြစ်ပေါ်တိုးတက်စေရေး (Goal 2. End hunger, achieve food security and improved nutrition, and promote sustainable agriculture)
- **ပန်းတိုင် (၃)** - လူတိုင်းစေ့ ကျန်းမာရေးနှင့် သာယာဝပြောရေး (Goal 3 . Ensure healthy lives and promote well-being for all at all ages)
- **ပန်းတိုင် (၄)** - လူသားအားလုံး အကျိုးဝင်ကာ ညီညွတ်မျှတပြီး အရည်အသွေးရှိသည့် ပညာသင်ယူနိုင်ရေးနှင့် ဘဝတစ်လျှောက် အစဉ်လေ့လာသင်ယူနိုင်သော အခွင့်အလမ်းရရှိရေး (Goal 4. Ensure inclusive and equitable quality education and promote life-long learning opportunities for all )
- **ပန်းတိုင် (၅)** - ကျား မ တန်းတူညီမျှရရှိရေးနှင့် အမျိုးသမီးများ၊ အမျိုးသမီးငယ်များအားလုံး စွမ်းပကားတိုးမြှင့်စေရေး (Goal 5. Achieve gender equality and empower all women and girls)
- **ပန်းတိုင် (၆)** - လူသားတိုင်း သန့်ရှင်းသောသောက်သုံးရေနှင့် မိလ္လာစနစ်ရရှိရေးနှင့် စဉ်ဆက်မပြတ်သော စီမံခန့်ခွဲမှုဖြစ်ပေါ်စေရေး (Goal 6. Ensure availability and sustainable management of water and sanitation for all)
- **ပန်းတိုင် (၇)** - လူသားတိုင်း တတ်နိုင်သော၊ စိတ်ချရသော၊ ရေ ရှည်တည်တံ့ခိုင်မြဲသော၊ ခေတ်မီစွမ်းအင်ရရှိရေး ( Goal 7. Ensure access to affordable, reliable, sustainable, and modern energy for all)
- **ပန်းတိုင် (၈)** - စဉ်ဆက်မပြတ်နှင့် အားလုံးပါဝင်နိုင်သည့် ရေရှည်စီးပွားရေးဖွံ့ဖြိုးမှု တိုးတက်စေရေး၊ လုပ်သားပြည့် အလုပ်အကိုင်ရရှိရေးနှင့် အားလုံးအတွက် ထုတ်လုပ်နိုင်စွမ်းရှိ၍ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင် တိုးတက်ဖြစ်ပေါ်ရရှိစေရေး (Goal 8. Promote sustained, inclusive and sustainable economic growth, full and productive employment and decent work for all.)
- **ပန်းတိုင် (၉)** - ကြံ့ခိုင်သော အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း၊ အားလုံးအကျုံးဝင်ပြီး ရေရှည်တည်တံ့သည့် စက်မှုထူထောင်ခြင်းနှင့် တီထွင်ဆန်းသစ်မှုများအား အားပေးမြှင့်တင်ရေး(Goal 9. Build resilient infrastructure, promote inclusive and sustainable industrialization and foster innovation)
- **ပန်းတိုင် (၁၀)** - နိုင်ငံတွင်းနှင့် နိုင်ငံများအကြား မညီမျှမှုလျှော့ချရေး (Goal 10. Reduce inequality within and among countries)
- **ပန်းတိုင် (၁၁)** - အားလုံးအကျုံးဝင်ပြီး လုံခြုံစိတ်ချစွာဖြင့် ကြံ့ခိုင်ပြီး ရေရှည်စဉ်ဆက်မပြတ် တိုးတက်မှုကို ဖြစ်စေမည့် မြို့ပြများနှင့် အခြေချနေထိုင်မှုများဖြစ်ပေါ်စေရေး (Goal 11. Make cities and human settlements inclusive, safe, resilient and sustainable)
- **ပန်းတိုင် (၁၂)** - ရေရှည်တည်တံ့စေမည့် စားသုံးခြင်းနှင့် ထုတ်လုပ်ခြင်းပုံစံများ ဖြစ်ပေါ်စေရေး(Goal 12. Ensure sustainable consumption and production patterns)
- **ပန်းတိုင် (၁၃)** - ရာသီဥတုပြောင်းလဲခြင်းနှင့် ၎င်း၏ အကျိုးသက်ရောက်မှုများကို လျော့ပါးစေရေးအတွက် အရေးကြီးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရေး(Goal 13. Take urgent action to combat climate change and its impacts)
- **ပန်းတိုင် (၁၄)** - စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေရန် ပင်လယ်၊ သမုဒ္ဒရာနှင့် ရေသယံဇာတများကို ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရေး ( Goal 14. Conserve and sustainably use the oceans, seas and marine resources for sustainable development.)
- **ပန်းတိုင် (၁၅)** - ကမ္ဘာလုံးဆိုင်ရာ ဂေဟစနစ်အား ကာကွယ်ထိန်းသိမ်းကာ ရေရှည်တည်တံ့အောင် အသုံးပြုရေး၊ သစ်တောများ ရေရှည်တည်တံ့စေရန် စီမံခန့်ခွဲရေး၊ သဲကန္တာရများ ဖြစ်ပေါ်စေမှုအား ပပျောက်စေရေး၊ မြေယာပြုန်းတီးယိုယွင်းပျက်စီးမှု ရပ်တန့်စေရေး၊ ဇီဝမျိုးစုံ မျိုးကွဲပြုန်းတီးမှု ရပ်တန့်စေရေး၊ (Goal 15. Protect, restore and promote sustainable use of terrestrial ecosystems, sustainably manage forests, combat desertification, and halt and reverse land degradation and halt biodiversity loss)
- **ပန်းတိုင် (၁၆)** - စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ငြိမ်းချမ်း၍ အားလုံးပါဝင်နိုင်သော အဖွဲ့အစည်းများ တိုးတက်စေရေး၊ အားလုံးအတွက် တရားမျှတမှု ဖြစ်ပေါ်စေရေးနှင့် အဆင့်တိုင်း၌ ထိရောက်၍ တာဝန်ခံမှု၊ တာဝန်ယူမှုရှိသော၊ လူတိုင်းအကျုံးဝင်သည့် အဖွဲ့အစည်းများ ထူထောင်ရေး (Goal 16. Promote peaceful and inclusive societies for sustainable development, provide access to justice for all and build effective, accountable and inclusive institutions at all levels.)
- **ပန်းတိုင် (၁၇)** - အကောင်အထည်ဖော်ဆောင်မှုအား ဖြစ်ပေါ်စေမည့် အထောက်အပံ့များ အားကောင်းစေခြင်းနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ရှင်သန်အားကောင်းစေရေး(Goal 17. Strengthening the means of implementation and revitalize the Global Partnership for Sustainable development.)

သို့ဖြစ်၍ အသစ်ပြဋ္ဌာန်းလိုက်သည့် **စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များအားလေ့လာပါက အသေးစိတ်ကာ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ရမည့် အနေအထားဖြစ်ပြီး အားလုံးအတွက် ညီညွတ်မျှတသည့် ဖွံ့ဖြိုးမှုအဆင့်အား ပိုမိုမြှင့်တင်ရမည့် ရည်မှန်းချက်ပန်းတိုင်များ ဖြစ်ပါသည်။ စုစုပေါင်းပန်းတိုင် (၁၇) ခုတွင် ရည်မှန်းချက်ပေါင်း ၁၆၉ ခုရှိပြီး တိုင်းတာမည့် ညွှန်ကိန်းပေါင်း ၂၅၀ ကျော် ရှိမည်ဖြစ်ပါသည်။ နိုင်ငံများ၏ ဖွံ့ဖြိုးမှုအဆင့်အလိုက် စီမံချက်အကောင်အထည်ဖော်မှုများအား ရေးဆွဲဖော်ဆောင်ကြရန် ကမ္ဘာ့ကုလသမဂ္ဂမှ လမ်းညွှန်ထားပါသည်။ နိုင်ငံတိုင်း၏ နှစ်တိုနှစ်ရှည် စီမံကိန်းများတွင် အဆိုပါ ပန်းတိုင်များ အောင်မြင်စေရေးအတွက် စီမံချက်များ၊ အောင်မြင်မှုကို တိုင်းတာနိုင်သည့် ညွှန်ကိန်းများ တိုးတက်စေရေးကိစ္စများပါဝင်စေရန် လိုအပ်ပါသည်။**

**စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်များနှင့် မြန်မာ**

**မိမိတို့နိုင်ငံအနေဖြင့် ထောင်စုနှစ်ပန်းတိုင်များအား အကောင်အထည်ဖော်ဆောင်ရာတွင် ပညာရေး၊ ကျန်းမာရေးအစရှိသည့် နယ်ပယ်များတွင် အောင်မြင်တိုးတက်မှုများရှိခဲ့သော်လည်း ဆက်လက်၍ အရည်အသွေး ပြည့်ဝစွာ တိုးတက်စေရန် လိုအပ်လျက်ရှိပါသည်။ ထောင်စုနှစ်ပန်းတိုင်များ၏ အဓိကဖြစ်သည့်** ဆင်းရဲနွမ်းပါးမှု လျော့နည်းကျဆင်းရေးအတွက် ပထမငါးနှစ်စီမံကိန်း၏ ဦးစားပေးအဖြစ် **ဆင်းရဲနွမ်းပါးမှု လျော့နည်းကျဆင်းရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး**တို့အတွက် အောက်ခြေ Grassroots Level အထိ ရောက်ရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် တိုးတက်မှုများရှိသော်လည်း တစ်နိုင်ငံလုံးပျံ့နှံ့မှု အတိုင်းအတာအားဖြင့် **ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် လုပ်ငန်းများစွာ ကျန်ရှိနေပါသေးသည်။ ကျေးလက်ဒေသ ဆင်းရဲမှု (Rural Poverty) သာမက တိုးတက်များပြားလာသည့် လူဦးရေနှင့်အတူ ဖြေရှင်းရမည့် မြို့ပြဆင်းရဲမှု (Urban Poverty) ကိုလည်း လျစ်လျူရှု၍ မရနိုင်ပါသဖြင့် ဘက်ညီမျှတစွာ တိုးတက်မှုအတွက်လည်း ဖောင်းပေးဆောင်ရွက်ရန် ဖြစ်ပါသည်။**

**ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေး (Graduation from LDCs) အတွက် ကြိုးပမ်းရာတွင် ရယူနိုင်သည့် ခံစားခွင့်များ (Priveliges for LDCs) အားလုံးကို အသုံးချကာ ကမ္ဘာ့စီးပွားရေးအဆောက်အအုံနှင့် ချိတ်ဆက်၍ ကုန်သွယ်မှု အထူးအခွင့်အရေးများ ရယူကာ ကုန်သွယ်မှုတိုးတက်စေခြင်းမှတစ်ဆင့်** သင့်လျော်မျှတသော ယှဉ်ပြိုင်မှုဖြင့် ဈေးကွက်ရရှိစေခြင်း၊ လုပ်သာကိုင်သာရှိသည့် စီးပွားရေးဝန်းကျင်တစ်ရပ်ဖြစ်ပေါ်စေခြင်း၊ လိုအပ်သည့်အခြေခံအဆောက်အအုံ ထူထောင်ခြင်း၊ ကုန်သွယ်ရေးအတွက် အကူအညီ (Aid for Trade) ရယူကာ ကုန်သွယ်မှု တိုးမြှင့်ခြင်းအားဖြင့် ဆင်းရဲမှုလျော့နည်းစေရန် ဆောင်ရွက်ခြင်း၊ နိုင်ငံခြားအကူအညီ အထောက်အပံ့နှင့် နည်းပညာ ရယူခြင်းတို့အား ဆောင်ရွက်ရန် ဖြစ်ပါသည်။ ထို့ကြောင့် **ဖွံ့ဖြိုးမှုနိမ့်ကျသည့် နိုင်ငံအနေဖြင့် မိမိတို့ရရှိနိုင်မည့် အခွင့်အရေးများအား သိရှိနားလည်ပြီး ကျွမ်းကျင်လိမ္မာစွာဖြင့် မိမိနိုင်ငံအတွက် အခွင့်အရေးကို အကျိုးရှိစွာ ရယူနိုင်ရန် ဖြစ်ပါသည်။**

**ထို့ပြင် မိမိတို့နိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးနှင့် ဖွံ့ဖြိုးရေး ကိစ္စရပ်များစွာအား ချဉ်းကပ်ဖောင်းပေးဆောင်ရွက်နိုင်ရေးအတွက် ညီညွတ်မှုနှင့် တည်ငြိမ်အေးချမ်းမှုတို့သည် မရှိမဖြစ် အခြေခံကျသည့် လိုအပ်ချက်တစ်ရပ်ဖြစ်ပြီး ဖွံ့ဖြိုးမှုနှင့် သက်ဆိုင်သည့် ပါဝင်ပတ်သက်သူများအားလုံးတို့ ပူးပေါင်းပါဝင်ရန် လိုအပ်လျက်ရှိပါသည်။**

**နိုင်ငံသားတိုင်း၏ မိမိနိုင်ငံအတွက် ထားရှိသည့်လိုအင်ဆန္ဒများ**

စီးပွားရေးကောင်းမွန်ခြင်း (A Good Economy)၊ လူ့အဖွဲ့အစည်းကောင်းတစ်ရပ် ထူထောင်လိုခြင်း (A Good Society)၊ နိုင်ငံရေးဖြစ်စဉ်များ ကောင်းမွန်ခြင်း (A Good Political Process) တို့သည် လူသားတိုင်း၊ နိုင်ငံသားတိုင်း၏ မိမိတို့နိုင်ငံအတွက် ဖြစ်စေလိုသည့် ဆန္ဒများ ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်သည် မြန်မာနိုင်ငံ အနာဂတ်ဖွံ့ဖြိုးမှုအတွက် အလွန်အရေးကြီးပြီး အခွင့်အလမ်းများ တည်ရှိနေပြီးဖြစ်သကဲ့သို့ စိန်ခေါ်မှုများလည်း များစွာတည်ရှိနေပါသည်။

သို့ဖြစ်၍ **မိမိတို့နိုင်ငံသည် နောက်ကျကျန်နေခဲ့ရသည့် နိုင်ငံတစ်ခုဖြစ်သည်နှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာဆောင်ရွက်ရန် လိုအပ်နေသည်ဖြစ်ရာ စုစည်းညီညွတ်မှု၊ ပေါင်းစည်းမှု၊ စိတ်ရှည်သည်းခံမှု၊ ဒီမိုကရေစီ၏ အနှစ်သာရအား စည်းကမ်းရှိစွာဖြင့် လက်တွေ့ကျင့်သုံးနိုင်မှုများနှင့်အတူ အနာဂတ်မျိုးဆက်များအတွက် ကောင်းမွန်သည့် အကျိုးရလဒ်နှင့် ဖွံ့ဖြိုးမှုများ ဖြစ်ပေါ်စေရေးအတွက် အခြားကမ္ဘာ့နိုင်ငံများနှင့်အတူ ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ မိမိတို့နိုင်ငံအား ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်တွင် တုံ့ဆိုင်းခြင်း မရှိစေဘဲ ခပ်သော့သော့နှင့် အရောက်လှမ်းနိုင်ရေးမှာ အရေးပါလှပေသည်။ နိုင်ငံများအကြား ယှဉ်ပြိုင်မှု (Competitiveness) သည် လုပ်ငန်းပမာဏသာမက လုပ်ငန်း၏ အရည်အသွေး(Quality)နှင့် အရှိန်အဟုန် (Speed)အား ယှဉ်ပြိုင်ခြင်းဖြစ်ပါသည်။**

၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ ကမ္ဘာ့ဖွံ့ဖြိုးမှု အစီအစဉ် (Post 2015 Development Agenda) အဖြစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များအား အကောင်အထည်ဖော်ဆောင်ရန်မှာ **နိုင်ငံသားတိုင်း၊ Stakeholder တိုင်းနှင့် သက်ဆိုင်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံသားတိုင်း၊ Stakeholder တိုင်းမှ မိမိတို့နိုင်ငံအား ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်သို့ အရှိန်အဟုန်ဖြင့် အသော့နှင်းနိုင်ရေးအတွက် နိုင်ငံသားကောင်းပီသစွာဖြင့် ကျရာနေရာမှ အချိတ်အဆက်မိမိဖြင့် ပူးပေါင်းတာဝန်ယူ ပါဝင်ဆောင်ရွက်ကြရန်မှာ အလွန်အရေးကြီးပါသည်။**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ရန်ကုန်မြို့၌ တည်ဆောက်လျက်ရှိသည့် အထပ်မြင့်အဆောက်အအုံများကို ဥပဒေများ စည်းမျဉ်း စည်းကမ်းများနှင့်ညီညွတ်စေရန် အရေးကြီးအဆိုတင်သွင်း

နေပြည်တော် ဇန်နဝါရီ ၇

**ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ အရေးကြီးအဆိုတစ်ရပ်တင်သွင်းခြင်း၊ မေးခွန်းလေးခုမေးမြန်းဖြေကြားခြင်း၊ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့သည့် ဥပဒေကြမ်းများအား လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် အစီရင်ခံစာဖတ်ကြားခြင်း၊ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့လာသည့် ဥပဒေကြမ်းများအား လက်ခံရရှိကြောင်းနှင့်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းတစ်ခုအား လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်သည်။**

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာ မေဝင်းမြင့်က တည်ဆဲဥပဒေများ၊ စည်ပင်သာယာရေးကော်မတီ စည်းမျဉ်း စည်းကမ်းများနှင့် ညီညွတ်ခြင်းမရှိဘဲ ရန်ကုန်မြို့၌ တည်ဆောက်လျက်ရှိသည့် အထပ်မြင့်အဆောက်အအုံများကို ဥပဒေများ စည်းမျဉ်း စည်းကမ်းများနှင့် ညီညွတ်စေရန်ဆောင်ရွက်ပြီးသည်အထိ ရပ်ဆိုင်းထားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုတင်သွင်းရာ မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးအောင်က ထောက်ခံသည်။

ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို၏ **ပခုက္ကူမြို့နယ်အဆုံး ယောချောင်းဘေးရှိ ကျေးရွာများအတွက် အရှေ့ကမ်းဖြူ အခြေခံပညာအလယ်တန်းကျောင်းခွဲအား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ပေးနိုင်ရေးမေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက သတ်မှတ်မူဘောင်များနှင့် ကိုက်ညီမှုမရှိခြင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ် ပညာသင်နှစ်အတွက် ဖွဲ့စည်းပုံခွင့်ပြုချက်ရရှိခဲ့သည့် အခြေခံပညာအလယ်တန်းကျောင်း အရေအတွက်အားလုံးကို တိုးမြှင့်ပေးခဲ့ပြီး ဖြစ်ခြင်းတို့ကြောင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အဆိုပါကျောင်းအား အဆင့်တိုးမြှင့်ပေးနိုင်ခြင်းမရှိသေးပါကြောင်း ဖြေကြားသည်။

ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာ စိုးမိုးအောင်၏ **ဘီးလင်းမြို့နယ် ကဇိုင်းကျေးရွာရှိ ကဇိုင်းဆည်မှ**



ဒုတိယဝန်ကြီး ဦးစိုးတင့် ရှင်းလင်းဖြေကြားစဉ်။

**ရေများအား မြို့ပေါ်ရပ်ကွက်များသို့ သောက်သုံးရေသွယ်ယူသုံးစွဲနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က ဆည်မြောင်းဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေပေးဝေမှုကိုသာ အဓိကဆောင်ရွက်လျက်ရှိပြီး ကဇိုင်းတမံမှ ဘီးလင်းမြို့ပေါ်ရပ်ကွက်များသို့ သောက်သုံးရေဖြန့်ဝေခြင်းလုပ်ငန်းသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့မဟုတ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ အစီအစဉ်ဖြင့် ဆောင်ရွက်သွားရမည့် လုပ်ငန်းဖြစ်၍ အဆိုပါဆည်မှရေများအား ရေရှားသည့် မြို့ပေါ်ရပ်ကွက်များသို့ သောက်သုံးရေသွယ်ယူနိုင်ရန် သက်ဆိုင်ရာဌာနများမှ တင်ပြညှိနှိုင်းလာပါက ဆည်မြောင်းဦးစီးဌာနအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းသည်။

တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ၏ **တမူးခရိုင်အတွင်းရှိ ရေကြီးရေလျှံမှုကြောင့် တောင်သူလယ်သမားများစိုက်ပျိုးထားသည့် လယ်ယာများပျက်စီးခဲ့ရသဖြင့် စိုက်ပျိုးစရိတ်ချေးငွေပြန်ဆပ်ရန် အခက်အခဲရှိနေခြင်းနှင့် ရေတိုက်စားသွားသည့် လယ်ယာမြေများအစား လုပ်ကိုင်စားသောက်ရန် မြေလွတ်မြေရိုင်းများကို လျှောက်ထားခွင့်ပေးပြီး အမြန်ဆုံးချထားပေးရန် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးခင်ဇော်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် နည်းဥပဒေအခန်း(၆)၊ နည်းဥပဒေ (၃၀)အရ ရက်ရွှေ့ဆိုင်းပေးဆပ်ခွင့်ပြုရန် မြို့နယ်ဘဏ်ခွဲမန်နေဂျာသို့ လျှောက်ထားတင်ပြနိုင်ပြီး ယနေ့အထိ တမူးခရိုင်မှ ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့ရသည့် လယ်မြေများအတွက် ၂၀၁၅ ခုနှစ် မိုးရာသီချေးငွေအား ရက်ရွှေ့ဆိုင်းပေးဆပ်ခွင့်တင်ပြလာခြင်း မရှိသေးပါကြောင်း၊ ရေတိုက်စားသဖြင့် လယ်ယာမြေများ ပျက်စီးမှုရှိခဲ့ပြီး အဆိုပါကိစ္စနှင့်ပတ်သက်၍ လယ်ယာမြေ ဖော်ထုတ်လုပ်ကိုင်လိုသူများအနေဖြင့် ၂၀၁၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် မြေလွတ် မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့သို့ တင်ပြလျှောက်ထားရန်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်က **ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့**



မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့် အဆိုတင်သွင်းစဉ်။

**သည့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်းနှင့် နည်းပညာနှင့်သက်မွေးပညာရေး ဥပဒေကြမ်း**တို့ကို လွှတ်တော်သို့ အသိပေးတင်ပြပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးစိုးရယ်နှင့် ဦးသိန်းထွန်းဦးတို့က အစီရင်ခံစာဖတ်ကြားတင်သွင်းရာ ဒုတိယအကြိမ် လွှတ်တော်သက်တမ်း၌သာ ဆက်လက်ဆွေးနွေးရန်အတွက် အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် လွှတ်တော်က အတည်ပြုသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်က **ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သည့် "ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"၊ "အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် **"တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း"** တို့ကို လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က **ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့သည့် "မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် အချက် ၃၁ ချက်နှင့် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက် ၈၉ ချက်တို့ကို ဥပဒေကြမ်းကော်မတီဝင် ဦးစတီဖန်က တင်သွင်းရာ လွှတ်တော်က အတည်ပြုသည်။

ဆက်လက်၍ မြန်မာ့ကျောက်မျက်ရတနာဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်လုံးအား ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့် တင်သွင်းသည့် အရေးကြီးအဆိုကို နေပြည်တော်ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးမင်းသူနှင့် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်မှ ဦးတင်မောင်ဦးတို့က ထောက်ခံဆွေးနွေးကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် တိုက်ရိုက်ပတ်သက်ခြင်း မရှိသော်လည်း ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ဆောက်လုပ်နေသည့် အဆောက်အအုံများနှင့်ပတ်သက်၍ သတ်မှတ်ထားသည့် စည်းမျဉ်း စည်းကမ်းဥပဒေများအတိုင်း လိုက်လျောညီထွေစွာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်ဆိုင်ရာမြို့တော်စည်ပင်သာယာရေးကော်မတီများက သတ်မှတ်စည်းမျဉ်း စည်းကမ်းများ ချမှတ်၍ ကြီးကြပ်ခွင့်ပြုလျက်ရှိပါကြောင်း၊ အထပ်မြင့် အဆောက်အအုံများဆောက်လုပ်ခြင်းနှင့် ပတ်သက်၍ အထပ်မြင့်အဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့ ဖွဲ့စည်းထားပါကြောင်း၊ အဆိုပါအဖွဲ့ကို လွတ်လပ်သည့် အဖွဲ့အစည်းတစ်ရပ်အနေဖြင့်ဖွဲ့စည်းထားပြီး ၁၂ ထပ်ခွဲနှင့် အထက်အဆင့်ရှိသည့်အဆောက်အအုံများကို ကြီးကြပ်စစ်ဆေးပါကြောင်း၊ နိုင်ငံတစ်ဝန်းဆောက်လုပ်သည့် အဆောက်အအုံများသည့် ဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ စံချိန်စံညွှန်းများကို အခြေခံဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ရှင်းလင်းသည်။

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ တစ်နှစ်ပတ်လုံးတက်ရောက်သည့် လူနာအရေအတွက်မှာ ယခင်က ၂၅၀၀၀ ဦးရှိခဲ့ရာ ၂၀၁၄ ခုနှစ်တွင် ၆၂၅၀၀ ခန့် တိုးတက်လာပါကြောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ လူနာဆောင်ထပ်မံဆောက်လုပ်ရန်လိုအပ်မည်ဟု သုံးသပ်မိပါကြောင်း၊ ဆွေးနွေးချက်များအရ ဆောက်လုပ်မှုကို ဝန်ကြီးဌာနအနေဖြင့် ရပ်ဆိုင်းထားမည်ဖြစ်ပါကြောင်း ရှင်းလင်းသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမဲဆန္ဒနယ်မှဒေါက်တာမေဝင်းမြင့် တင်သွင်းသည့် အရေးကြီးအဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်သွားမည် ဖြစ်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ညီလာခံနှင့်နည်းပညာဆိုင်ရာ ပြပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၇**

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ ၂၀၁၆ အသင်းသားစုံညီနှစ်ပတ်လည်ညီလာခံနှင့် မျိုးဆက်သစ်အင်ဂျင်နီယာများ စီစဉ်ကျင်းပသော ကုမ္ပဏီများ၏ အင်ဂျင်နီယာနည်းပညာဆိုင်ရာ Process & Products Show-2016 ပြပွဲကို ဇန်နဝါရီ ၈ ရက်မှ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းရုံးမှ သိရသည်။

"၈ ရက်နေ့မှာ နှစ်ပတ်လည် အသင်းသားစုံညီ ညီလာခံဖွင့်ပွဲနဲ့ စာတမ်းဖတ်ပွဲကို လှိုင်တက္ကသိုလ်နယ်မြေမှာရှိတဲ့ အင်ဂျင်နီယာအသင်းရုံးမှာ ကျင်းပသွားမယ်။ စာတမ်း ၂၈ စောင်ကို ဖတ်ကြားသွားမယ်။ ရန်ကုန်နည်းပညာတက္ကသိုလ်မှာတော့ ၈ ရက်ကနေ ၁၀ ရက်အထိ နည်းပညာတက္ကသိုလ်တွေက ကျောင်းသားကျောင်းသူတွေ၊ မျိုးဆက်သစ်အင်ဂျင်နီယာတွေ၊ ကုမ္ပဏီတွေကနေပြီး အင်ဂျင်နီယာ နည်းပညာပိုင်းဆိုင်ရာ Process & Products Show-2016 တွေကို ပြသသွားမယ်" ဟု မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဥက္ကဋ္ဌ ဦးဝင်းခိုင်က ပြောသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းသည် ထုတ်ကုန်နည်းပညာသစ်များ မိတ်ဆက်ပေးရန်နှင့် လူငယ်မျိုးဆက်သစ်များ မွေးထုတ်ပေးရန် အဆိုပါပြပွဲကို ၃၅ နှစ်အောက်




မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးဝင်းခိုင် မီဒီယာများနှင့်တွေ့ဆုံစဉ်။

သတင်း-မင်းသစ်
ဓာတ်ပုံ-လှမိုး

လူငယ်မျိုးဆက် အင်ဂျင်နီယာများကို ဦးဆောင်စေပြီး စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကို ၁၉၉၅ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ယခုအခါရုံးခွဲ ၁၂ ခု၊ အဖွဲ့ ၂၉ ဖွဲ့၊ လုပ်ငန်းပေါင်း ၃၀ ကျော် အသင်းသားပေါင်း ငါးသောင်းကျော်ဖြင့် အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး အင်ဂျင်နီယာပညာရပ်နှင့်ပတ်သက်သည့် ဥပဒေပြုရေးတွင် နိုင်ငံတော်နှင့်ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းသည် အသုံးချသုတေသနလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သဖြင့် အာဆီယံအင်ဂျင်နီယာအသင်းကြီးမှ အသိအမှတ်ပြုဆုနှစ်ဆုရရှိခဲ့ကြောင်း သိရသည်။

# ကရင်နှစ်သစ်ကူးပွဲတော် တိုင်းရင်းသားကျေးရွာ(ရန်ကုန်)၌ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၇**

ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီးဌာနနှင့် ရန်ကုန်အရှေ့ခြမ်း ကရင်နှစ်သစ်ကူးပွဲတော်ကျင်းပရေးကော်မတီက ကြီးမှူး၍ ကရင်သက္ကရာဇ် ၂၇၅၅ သလေထိုင်ခုတ်ဖို လဆန်း ၁ ရက် (ပြာသိုလဆန်း ၁ ရက်) ခရစ်နှစ် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၀ ရက် (တနင်္ဂနွေနေ့) တွင်ကျရောက်မည့် ကရင်နှစ်သစ်ကူးနေ့၌ ကရင်နှစ်သစ်ကူးပွဲတော်ကို တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ ပြည်ထောင်စုခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားတွင် နှစ်သစ်ကျေးဇူးတော်ချီးမွမ်းခြင်း၊ သက်ကြီးဘိုးဘွား၊ မိဘများအား ဂါရဝပြုပူဇော်ခြင်း၊ ဖွင့်ပွဲအခမ်းအနားနှင့် ဟောပြောပွဲ၊ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအကများတင်ဆက်ခြင်း၊ ကရင်ဒုံးယိမ်းတင်ဆက်ခြင်း၊ တေးသံသာများဖြင့် ဖျော်ဖြေခြင်းတို့ကို ကျင်းပသွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီမှ သိရသည်။ **(သတင်းစဉ်)**

## ညအပူချိန်များ ဆက်လက်လျော့နည်းမည်

**နေပြည်တော် ဇန်နဝါရီ ၇**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ ညအပူချိန်များ အနည်းငယ်ဆက်လက်လျော့နည်းနေမည်။ **(မိုး/ဇလ)**

❖ *ကျောဖုံးမှ*

NCA စာချုပ်အရ ယင်းမူဘောင်ကိုအခြေခံပြီး ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် ကျင်းပနိုင်ရန် ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကျင်းပနိုင်ရန် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စုစည်းကြိုးပမ်းဆောင်ရွက်နေချိန်တွင် AA သောင်းကျန်းသူများအနေဖြင့် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ရည်ရွယ်၍ လုပ်ဆောင်လာခဲ့သည်။

AA သောင်းကျန်းသူအဖွဲ့အား ၂၀၀၉ ခုနှစ် ဧပြီလအတွင်း KIA ဌာနချုပ် (အဟောင်း)လိုင်စင်ပို့စ်၌ လူအင်အား ၂၀ ကျော်ဖြင့် စတင်ဖွဲ့စည်းခဲ့သော်လည်း KIO/ KIA အနေဖြင့် ၂၀၁၁၊၂၀၁၂ ခုနှစ်များ၌ ဖက်ဒရယ်ပြည်ထောင်စု တပ်မတော် (FUA)ကို KIA နယ်မြေအတွင်း ဖွဲ့စည်း၍ အခြားသောင်းကျန်းသူ အဖွဲ့များအား စုဖွဲ့ထောက်ပံ့ကာ သက်ဆိုင်ရာဒေသများသို့ ပြန်လည်စေလွှတ်ခြင်းဖြင့် ၎င်းတို့အပေါ် စစ်ရေးအရ ဖိအားများလျော့နည်းစေရန် ဆောင်ရွက်ခဲ့သည်။

ခိုင်လင်းဇံ ခေါင်းဆောင်သော AA သောင်းကျန်း သူအဖွဲ့ကိုလည်း ALP ၏ အကူအညီဖြင့် ၂၀၁၅ခုနှစ် မတ်လ ဒုတိယပတ်တွင် ကချင်ပြည်နယ် လိုင်ဇာမှတစ်ဆင့် တောလမ်းခရီးအတိုင်းပို့ဆောင်ခဲ့ရာ ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ အိန္ဒိယ(၃)နိုင်ငံနယ်စပ် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်၊ စောင်သည်မြို့နယ်၊ ဖာရဝါအုပ်စု၊ တလင်းချောင်းဖျားရှိ ALP စခန်းဟောင်းသို့ ရောက်ရှိခဲ့သည်။

ယင်းနောက် အဖွဲ့ငယ်များဖြန့်ခွဲ၍ တလင်းချောင်းဖျား၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနိုင်ငံနယ်စပ်မှတ်တိုင် ၆၈နှင့် ၆၉ ကြား စပါးချောင်းဧရိယာ၊ နယ်စပ် မှတ်တိုင် ၇၀ နှင့် ၇၁ ကြား ငါးချောင်းရွာ အနီးတစ်ဝိုက်တွင် အခြေပြုလှုပ်ရှားလာခဲ့ရာ ၂၀၁၅ ခုနှစ် မတ် ၂၈ ရက်က AA သောင်းကျန်းသူအဖွဲ့မှ ခိုင်အောင်သန်း(ခ)ဘုန်းမြတ် ခေါင်းဆောင်သည့် အင်အား ၂၅ ဦးခန့်ပါ အဖွဲ့သည် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ပြိုင်စိုတောင်ကြားလမ်းမှတစ်ဆင့် မြန်မာနိုင်ငံအတွင်း ဝင်ရောက်ခဲ့ရာ မိမိတပ်များနှင့် စတင်ထိတွေ့မှု ဖြစ်ပွားပြီး ပြန်လည်ဆုတ်ခွာသွားခဲ့သည်။

ထို့အတူ ၂၀၁၅ခုနှစ် ဧပြီလအတွင်း၌လည်း ပလက်ဝဒေသနှင့် ကျောက်တော်မြို့နယ်အတွင်းသို့ ဝင်ရောက်၍ နယ်မြေဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးပျက်ပြားစေရန် လုပ်ဆောင်လာသဖြင့် တပ်မတော်စစ်ကြောင်းများက ဒေသခံပြည်သူလူထုနှင့် ပူးပေါင်း၍ နယ်မြေရှင်းလင်းမှုများ ဆောင်ရွက်ခဲ့ရာ ထိတွေ့မှုများဖြစ်ပွားခဲ့ပြီး သောင်းကျန်းသူအချို့နှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိခဲ့သည်။




ထို့ပြင် အောက်တိုဘာနှင့် နိုဝင်ဘာလများတွင်လည်း ကျေးရွာများသို့ လက်နက်များ ကိုင်ဆောင်ဝင်ရောက်ပြီး အဓမ္မဆက်ကြေးကောက်ခံခြင်း၊ အများပြည်သူအသုံးပြုသည့် လမ်းကြောင်းများတွင် မိုင်းထောင်ခြင်းများပြုလုပ်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းခဲ့ရပြီး ၎င်းတို့သိုဝှက်ထားသည့် လက်နက်၊ ခဲယမ်းများ၊ ကျည်ဆန် ၅၄ တောင့်၊ ဒေသန္တရမိုင်းပြုလုပ်ရာတွင် အသုံးပြုသည့် ယမ်းမှုန့် ၅၁ ပိဿာ၊ စနက်တံ ၄၄ ချောင်း၊ ဓာတ်ခဲများ၊ မိုင်းမျိုးစုံ ၁၈ လုံး၊ လက်ဖြောင့်သေနတ်မှန်ပြောင်းတစ်ခု၊ ဆက်သွယ်ရေး ပစ္စည်းများ ၊ လူနေတဲ ရှစ်လုံး၊ ပြောက်ကျား ယူနီဖောင်း ၄၆ ထည်၊ ချပ်ဝတ်တန်ဆာ ၁၉၉ စုံ၊ ကျောပိုးအိတ် ၃၄လုံး နှင့် အသုံးအဆောင်ပစ္စည်းများ ရိက္ခာအတွက်အသုံးပြုသည့် ဆန် အိတ် ၂၅ အိတ်၊ ဆီ ၁၃ ပုံး၊ ဆားနှင့် ငါးပိအိတ်များ၊ ဆေးဝါးပစ္စည်းများကို ဖော်ထုတ်သိမ်းဆည်းရမိခဲ့မှုနှင့်အတူ တပ်ဖွဲ့ဝင်အချို့ကိုလည်း ဖမ်းဆီးရမိခဲ့သည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျောက်တော်မြို့နယ် ရမ်းချောင်း-ရှူးချောင်း နယ်မြေအတွင်း AA သောင်းကျန်းသူအဖွဲ့ ဝင်ရောက်လာကြောင်း သတင်းရရှိသဖြင့် တပ်မတော် စစ်ကြောင်းများက နယ်မြေရှင်းလင်းခဲ့ရာ တိုက်ပွဲငယ်များ ဖြစ်ပွားခဲ့သည်။

ဒီဇင်ဘာ ၂၈ ရက်မှ ဇန်နဝါရီ ၄ ရက်အထိ ၁၅ ကြိမ်ထိတွေ့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး လက်ဖြောင့်သေနတ်ဖြင့် ချောင်းမြောင်း ပစ်ခတ်မှုကြောင့် တပ်မတော်မှ တပ်ရင်းမှူးတစ်ဦး အပါအဝင်အရာရှိ၊ စစ်သည်အချို့ နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ကာ အချို့မှာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်များ၌ AA သောင်းကျန်းသူအဖွဲ့ထံမှ အလောင်းသုံးလောင်းနှင့် သေနတ်တစ်လက်၊ ကျည်မျိုးစုံ အတောင့် ၁၂၅၀၊ မိုင်းမျိုးစုံ ၄၄ လုံး၊ လက်ပစ်ဗုံး ၁၀ လုံး၊ လူနေတဲ ၁၅ လုံး၊ ဆန် ၄၂အိတ်၊ ဆီ ၁၅ပုံးနှင့် ဆေးဝါး မျိုးစုံတို့အား သိမ်းဆည်းရမိခဲ့ပြီး သောင်းကျန်းသူများသည် အဖွဲ့ငယ်များပြန့်ကွဲကာ ဆုတ်ခွာထွက်ပြေးခဲ့သည်။

တစ်ဖက်နိုင်ငံနှင့် နှစ်နိုင်ငံ သံတမန်အရေးအရ ညှိနှိုင်းဆောင်ရွက်မှုများကြောင့် AA သောင်းကျန်းသူများအနေဖြင့် ပြည်တွင်း၌အခြေခံနယ်မြေတည်ဆောက်နိုင်ရန် ထပ်မံဝင်ရောက်လာခြင်း ဖြစ်သော်လည်း တပ်မတော် စစ်ကြောင်းများက နယ်မြေခံလူထုနှင့်ပူးပေါင်း၍ နယ်မြေရှင်းလင်းခဲ့ခြင်းကြောင့် AA သောင်းကျန်းသူများအနေဖြင့် အဖွဲ့ငယ်များပြန့်ကွဲကာ ဆုတ်ခွာထွက်ပြေးပြီးကျောက်တော်၊ မြောက်ဦး၊ မင်းပြားမြို့နယ်အတွင်းရှိ ကျေးရွာများ၌ အရပ်သားအသွင်ဖြင့် ခိုအောင်း၍ မကွေး၊ စေတုတ္တရာမြို့နယ်မှတောလမ်းအတိုင်း မင်းပြားမြို့နယ်အတွင်း ဝင်ရောက်လာမည့် အဖွဲ့များဖြင့် ပူးပေါင်းကာ အကြမ်းဖက်မှုများ ဆောင်ရွက်ရန် စီစဉ်လျက်ရှိသည်။

ထို့ပြင် ပလက်ဝမြို့နယ် ပြိုင်ငူကျေးရွာ၏ အနောက်ဘက်တစ်မိုင်ခန့်အကွာတွင် တောင်ယာလုပ်ကိုင်လျက်ရှိသော အမျိုးသား ငါးဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း ခုနစ်ဦးကိုလည်း ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

တစ်ဖက်နိုင်ငံရှိ ကုလားဆိုးအကြမ်းဖက် အဖွဲ့အစည်းများ၊ တရားမဝင်လက်နက်ကိုင်အဖွဲ့အစည်းများနှင့်တွေ့ဆုံ၍ ၎င်းတို့အား အကူအညီပေးရေး တောင်းဆိုလျက်ရှိပြီး တပ်ဖွဲ့ဝင်အများစုမှာ ခံယူချက်မရှိဘဲ ခြိမ်းခြောက်မှုနှင့် လူမှုရေးအခက်အခဲများကြောင့် ဝင်ရောက်ခဲ့သူများဖြစ်ပြီး ယခုအခါ အချင်းချင်း ယုံကြည်မှုများပျက်ပြား၍ စိတ်ဝမ်းကွဲလျက်ရှိကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေး ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးတို့အတွက် တပ်မတော်အနေဖြင့် AA သောင်းကျန်းသူများကို အပြီးတိုင်ရှင်းလင်းတိုက်ခိုက်ချေမှုန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



**AA သောင်းကျန်းသူများထံမှ သိမ်းဆည်းရမိသော လက်နက်၊ ခဲယမ်းများ၊ ပြောက်ကျားယူနီဖောင်းများ၊ ချပ်ဝတ်တန်ဆာများ၊ ဆေးဝါးများ၊ ဆန်များနှင့် အသုံးအဆောင်ပစ္စည်းများအား တွေ့ရစဉ်။** (ဓာတ်ပုံ-မြဝတီ)

# ပုဏ္ဏားကျွန်း၌ ဒိုင်းနက်အမျိုးသားနေ့ကျင်းပ

**ပုဏ္ဏားကျွန်း ဇန်နဝါရီ ၇**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် ဒိုင်းနက်တိုင်းရင်းသားများနေထိုင်ရာ ရှင်တော်ကျေးရွာ၌ ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီက ဒိုင်းနက်အမျိုးသားနေ့ ကျင်းပသည်။

ဒိုင်းနက်တိုင်းရင်းသားတို့သည် ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများဖြစ်ကြပြီး ဒိုင်းနက်အမျိုးသားနေ့ကို မြို့နယ်အလိုက် မိမိတို့နေထိုင်ရာကျေးရွာများတွင် ကျင်းပလာခဲ့ရာ ပုဏ္ဏားကျွန်းမြို့နယ် ရှင်တော်ကျေးရွာ၌ တတိယအကြိမ် ကျင်းပခြင်းဖြစ်သည်။

ဒိုင်းနက်အမျိုးသားနေ့ကို လေးမြို့ခေတ် ရခိုင်ဘုရင်မင်းထီးလက်ထက် ဒိုင်းနက်ငွေခွန် ဖွဲ့စည်းခြင်းခံခဲ့ရာမှ ဒိုင်းနက်လူမျိုးအမည် ဖြစ်တည်လာခဲ့ရသည်ကို အမှတ်တရဖြစ်စေရန် ကျင်းပခြင်းဖြစ်ကြောင်း ဒိုင်းနက်ရဟန်းတော် ဦးဇောတိပါလက အမိန့်ရှိသည်။

ဒိုင်းနက်အမျိုးသားနေ့သည် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အလိုက် ဒိုင်းနက် တိုင်းရင်းသားများနှင့် ရန်ကုန်ရောက် ဒိုင်းနက်တိုင်းရင်းသားများ တွေ့ဆုံကြသည့်ပွဲလည်းဖြစ်ပြီး အခမ်းအနားသို့ ရခိုင်မျိုးနွယ်စုများလည်း တက်ရောက်အားပေး ချီးမြှင့်ကြကြောင်း သိရသည်။

**မောင်မောင်ကျော့(ပလက်ဝ)**



# ပြည်သူများယုံကြည်၍ ပါဝင်လာသည်နှင့်အမျှ တရားစီရင်ရေးစနစ်အောင်မြင်မည်

နေပြည်တော် ဇန်နဝါရီ ၇

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ ဒသမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးတက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**

ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးက အမှာစကားပြောကြားရာတွင် တရားစီရင်ရေးဆိုင်ရာ အဓိက ရည်မှန်းချက်များဖြစ်သည့် တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူအများယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြု တရားစီရင်ရေးစနစ် ပေါ်ထွန်းရေး၊ အမှုအခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ရေး၊ တရားရုံးများ၏ ဂုဏ်သိက္ခာမြှင့်တင်ရေးဟူသည့် တရားစီရင်ရေးလုပ်ငန်းတာဝန်များအောင်မြင်အောင် ကြိုးပမ်း ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ထို့ပြင် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ၌ တရားရုံးများတွင် သတင်းအချက်အလက်ဆိုင်ရာ အစီအစဉ်များကို တိုးမြှင့်လုပ်ဆောင်ရန်နှင့် ပြည်သူလူထုမှ တိကျသေချာသည့် သတင်းမှန်များ သိရှိနိုင်ရန် အဆင့်ဆင့်သော တရားရုံးများတွင် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများမှတစ်ဆင့် သတင်းမီဒီယာများ၊ ပြည်သူလူထုနှင့် ဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ သို့မှသာ တရားစီရင်ရေးတွင် ပြည်သူအများ ယုံကြည်ကိုးစား၍ ပူးပေါင်း ပါဝင်လာသည်နှင့်အမျှ ပြည်သူ့အကျိုးပြု တရားစီရင်ရေးစနစ် ဖြစ်ထွန်းအောင်မြင်လာမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့ပြင် မှုခင်းများ စစ်ဆေးစီရင်ခဲ့မှုနှင့်စပ်လျဉ်း၍ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှာ** ပြစ်မှုဆိုင်ရာ အမှုပေါင်း ၁၆၇၅ မှု လက်ခံရရှိပြီး ၁၂၆၉ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၄၀၆ မှု ကျန်ရှိကြောင်း၊ တရားမ အမှုပေါင်း ၃၁၉၃ မှု လက်ခံရရှိပြီး ၂၀၇၂ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၁၁၂၀ မှု ကျန်ရှိကြောင်း၊ ထို့အပြင် စာချွန်တော်လျှောက်ထားမှု ၂၆၈ မှု လက်ခံရရှိပြီး ၂၂၀ မှုစစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၄၈ မှုကျန်ရှိကြောင်း၊ **တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များမှာ** ပြစ်မှုဆိုင်ရာအမှုပေါင်း ၉၀၃၈ မှု လက်ခံရရှိပြီး ၆၃၉၈ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၂၆၄၀ မှုကျန်ရှိကြောင်း၊ တရားမအမှုပေါင်း ၇၁၇၇ မှု လက်ခံရရှိပြီး ၄၄၂၀ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၂၇၅၇ မှုကျန်ရှိကြောင်း၊ **ခရိုင်တရားရုံးများမှာ** ပြစ်မှုဆိုင်ရာ အမှုပေါင်း ၁၇၆၄၇ မှုလက်ခံရရှိပြီး ၁၄၁၅၈မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၃၄၈၉ မှု ကျန်ရှိကြောင်း၊ တရားမအမှုပေါင်း ၂၁၃၃၁ မှု လက်ခံရရှိပြီး ၁၀၉၆၅ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၁၀၃၆၆ မှု ကျန်ရှိကြောင်း၊ **မြို့နယ်တရားရုံးများမှာ** ပြစ်မှုဆိုင်ရာ အမှုပေါင်း ၃၄၉၈၁၉ မှု လက်ခံရရှိပြီး ၃၁၅၉၈၈ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၃၃၈၃၁ မှုကျန်ရှိကြောင်း၊ တရားမအမှုပေါင်း ၃၉၅၉၇ မှု လက်ခံရရှိပြီး ၂၃၀၃၉ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၁၆၅၅၈ မှုကျန်ရှိကြောင်း၊ ဥပဒေအရတည်ထောင်သော အခြားတရားရုံးများဖြစ်သည့် **ကလေးသူငယ်တရားရုံး** (ရန်ကုန်နှင့် မန္တလေး)မှာ ကလေးသူငယ်ဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၄၂၁ မှုလက်ခံရရှိပြီး ၃၉၉ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၂၂ မှုကျန်ရှိကြောင်း၊ **စည်ပင်သာယာတရားရုံး** (နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး) တို့မှာ စည်ပင်သာယာဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၆၂၄၅၁ မှု လက်ခံရရှိပြီး ၆၁၈၄၄ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၆၀၇ မှုကျန်ရှိကြောင်း၊ **မော်တော်ယာဉ်တရားရုံး** (နေပြည်တော်၊ ရန်ကုန်နှင့်မန္တလေး)တို့မှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ ဖောက်ဖျက်၍ မော်တော်ယာဉ်ဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၃၀၈၈၇၃ မှုကိုစစ်ဆေးစီရင်ခဲ့ကြောင်း၊ ထို့ ကြောင့် အမှုများ စစ်ဆေးစီရင်ရာ၌ မကြန့်ကြာသင့်ဘဲ မကြန့်ကြာစေရန်နှင့် ဥပဒေနှင့်အညီ မှန်ကန်မြန်ဆန်သည့် တရားစီရင်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ပြည်ထောင်စု တရားစီရင်ရေး ကြီးကြပ်မှုရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ၊ ခရိုင်တရားသူကြီးများ တက်ရောက်ကြသည်။ အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၇ ရက်မှ ၉ ရက်အထိကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## သမိုင်းဝင်ဇွဲစုံအောင်တော်မူစေတီတော် ရာပြည့်အကြိုဗုဒ္ဓပူဇနိယ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၇**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၈)ရပ်ကွက်၊ နဝဒေးလမ်းဝ ဇွဲစုံသာသနာရာမကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်လျက်ရှိသော သမိုင်းဝင်ဇွဲစုံအောင်တော်မူစေတီတော် (၉၉)ကြိမ်မြောက် ရာပြည့်အကြို ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဇန်နဝါရီ ၅ ရက် ညနေ ၄ နာရီက အဆိုပါကျောင်းတိုက်အတွင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ဇွဲစုံသာသနာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဓမ္မဝိရ မဟာ သဒ္ဓမ္မဇောတိကဓဇနှင့် သံဃာတော်များက စေတီတော်မြတ်အား ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ကြပြီး ဘုရားအမှူးရှိသော ပင့်သံဃာ ၁၀၈ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူကာ စာရေးတံမဲ ဖွင့်ဖောက်ပေးကြသည်။ ယင်းကျောင်းတိုက်အတွင်းရှိ တည်ထားကိုးကွယ်လျက်ရှိသော ကျိုးမနိုးစေတီ၊ ကမ္ဘာလုံးစေတီ၊ ကျိုက်ထီးရိုးစေတီ၊ ရွှေစေတီ၊ ပတ္တမြားစေတီတို့အား ထီးတော်သစ်များ တင်လှူပူဇော်ခဲ့ကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

# မော်တော်ယာဉ်များတင်သွင်းခြင်းအတွက် ထုတ်လုပ်သည့်ခုနှစ် ပြင်ဆင်သတ်မှတ်

**နေပြည်တော် ဇန်နဝါရီ ၇**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ၂၀၁၆ ခုနှစ်အတွက် မော်တော်ယာဉ်များတင်သွင်းခြင်းတွင် ထုတ်လုပ်သည့်ခုနှစ် သတ်မှတ်ခြင်းအား ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၄၉/၂၀၁၅)ဖြင့် ထုတ်ပြန်ထားရှိခဲ့သည်။

အဆိုပါ အမိန့်ထုတ်ပြန်ထားရှိမှုနှင့်စပ်လျဉ်း၍ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးမှ ၂၀၁၆ခုနှစ်အတွက် မော်တော်ယာဉ်များ တင်သွင်းခြင်းဆိုင်ရာထုတ်လုပ်မှုခုနှစ် သတ်မှတ်ခြင်းကို အများပြည်သူအကျိုးငှာ ပြင်ဆင်ဖြေလျှော့ရန် ဆုံးဖြတ်ခဲ့ပြီး အောက်ပါအတိုင်း ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ပါသည် -

**(က) ယာဉ်အိုယာဉ်ဟောင်း အစားထိုးယာဉ်လျှောက်ထားမှု (Consignment စနစ်)အပါအဝင်**

| စဉ် | မော်တော်ယာဉ်အမျိုးအစား | ထုတ်လုပ်သည့်ခုနှစ် | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | လူစီးမော်တော်ယာဉ်များ | ၂၀၀၆ ခုနှစ် | ၂၀၁၀ ခုနှစ် |
| ၂ | ၁၃၅၀ စီစီနှင့်အောက် လူစီးယာဉ်များ | ၂၀၀၆ ခုနှစ် | ၂၀၁၆ ခုနှစ် |
| ၃ | ကုန်တင်ယာဉ်များ | ၂၀၀၆ ခုနှစ် | ၂၀၁၀ ခုနှစ် |
| ၄ | ခရီးသည်တင်ယာဉ်များ | ၂၀၀၆ ခုနှစ် | ၂၀၁၀ ခုနှစ် |

**(ခ) နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ထားသော လူပုဂ္ဂိုလ်တစ်ဦးချင်း၊ ပို့ကုန်/သွင်းကုန်ကုမ္ပဏီများ၊ နိုင်ငံခြားရေးဝန်ထမ်းများ၊ သင်္ဘောသားများ၊ ပြည်ပအလုပ်သမားများ၊ ကာကွယ်ရေးဝန်ကြီးဌာနစစ်သံဝန်ထမ်းများ၊ ဟိုတယ်/ခရီးလုပ်ငန်းရှင်များ မော်တော်ယာဉ်လျှောက်ထားမှု**

| စဉ် | မော်တော်ယာဉ်အမျိုးအစား | ထုတ်လုပ်သည့်ခုနှစ် | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | လူစီးမော်တော်ယာဉ်များ | ၂၀၁၁ ခုနှစ် | ၂၀၁၆ ခုနှစ် |
| ၂ | ၁၃၅၀ စီစီနှင့်အောက် လူစီးယာဉ်များ | ၂၀၁၁ ခုနှစ် | ၂၀၁၆ ခုနှစ် |
| ၃ | ကုန်တင်ယာဉ်များ | ၂၀၀၆ ခုနှစ် | ၂၀၁၆ ခုနှစ် |
| ၄ | ခရီးသည်တင်ယာဉ်များ (Express) (ဘယ်မောင်း) | ၂၀၁၁ ခုနှစ် | ၂၀၁၆ ခုနှစ် |
| ၅ | ခရီးသည်တင်ယာဉ်များ၊ မြို့တွင်းပြေးဆွဲယာဉ်များ (Mini Bus/ City Bus) (ဘယ်မောင်း) | ၂၀၀၆ ခုနှစ် | ၂၀၁၆ ခုနှစ် |

**(ဂ) တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ထောက်ခံချက်ဖြင့် Taxi လျှောက်ထားမှု**

| စဉ် | မော်တော်ယာဉ်အမျိုးအစား | ထုတ်လုပ်သည့်ခုနှစ် | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | လူစီးမော်တော်ယာဉ်များ | ၂၀၁၁ ခုနှစ် | ၂၀၁၆ ခုနှစ် |

**(ဃ) ပုံမှန်လိုင်စင်ဖြင့် မော်တော်ယာဉ်လျှောက်ထားမှု (FOC စနစ်ဖြင့် ပြည်ပမှလှူဒါန်းသည့် မော်တော်ယာဉ်ပါမစ်လျှောက်ထားမှု)**

| စဉ် | မော်တော်ယာဉ်အမျိုးအစား | ထုတ်လုပ်သည့်ခုနှစ် | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | လူစီးမော်တော်ယာဉ်များ | ၂၀၁၁ ခုနှစ် | ၂၀၁၆ ခုနှစ် |
| ၂ | လုပ်ငန်းသုံးယန္တရားများ | ၂၀၀၆ ခုနှစ် | ၂၀၁၆ ခုနှစ် |
| ၃ | မီးသတ်ယာဉ် | ၂၀၀၀ ခုနှစ် | ၂၀၁၆ ခုနှစ် |
| ၄ | လူနာတင်ယာဉ် | ၂၀၀၀ ခုနှစ် | ၂၀၁၆ ခုနှစ် |
| ၅ | နိဗ္ဗာန်ယာဉ် | ၂၀၀၀ ခုနှစ် | ၂၀၁၆ ခုနှစ် |
| ၆ | သာသနာရေးဆိုင်ရာယာဉ်များ | ၂၀၀၆ ခုနှစ် | ၂၀၁၆ ခုနှစ် |
| ၇ | ခရီးသည်တင်ယာဉ်များ (Express) (ဘယ်မောင်း) | ၂၀၁၁ ခုနှစ် | ၂၀၁၆ ခုနှစ် |
| ၈ | ခရီးသည်တင်ယာဉ်များ၊ မြို့တွင်းပြေးဆွဲယာဉ်များ (Mini Bus/ City Bus) (ဘယ်မောင်း) | ၂၀၀၆ ခုနှစ် | ၂၀၁၆ ခုနှစ် |

(**မှတ်ချက်။** နိုင်ငံတော်အတွက် လှူဒါန်းသည့် မီးသတ်ကားနှင့် လူနာတင်ယာဉ်များ လျှောက်ထားရာတွင် Model Year လျှော့ပေါ့လျှောက်ထားပါက ဆောင်ရွက်ပေးမည်။)

**(င) အစိုးရဌာနများမှ မော်တော်ယာဉ်လျှောက်ထားမှု**

| စဉ် | မော်တော်ယာဉ်အမျိုးအစား | ထုတ်လုပ်သည့်ခုနှစ် | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | လူစီးမော်တော်ယာဉ်များ | ၂၀၀၆ ခုနှစ် | ၂၀၁၆ ခုနှစ် |
| ၂ | လုပ်ငန်းသုံးယာဉ်/ခရီးသည်တင်ယာဉ်/ကုန်တင်ယာဉ်/ယန္တရားများ | ၂၀၀၆ ခုနှစ် | ၂၀၁၆ ခုနှစ် |

ထို့အပြင် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ရောက်ရှိခုနှစ်နှင့် ရောက်ရှိခုနှစ်အောက် တစ်နှစ်နိမ့် မော်ဒယ် (Brand New) မော်တော်ယာဉ်များ တင်သွင်းပါက ဘယ်မောင်းသာ တင်သွင်းကြရန်နှင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ခွင့်ပြုခဲ့သည့် အရောင်းစင်တာ၊ အရောင်းပြခန်းများမှ သွင်းကုန်လိုင်စင်များကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်အထိ မှတ်ပုံတင်ခွင့်ပြုပေးမည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၁၅ ခုနှစ်အတွင်း လူကုန်ကူးမှုပေါင်း ၁၃၀ ဖြစ်ပွား

**နေပြည်တော် ဇန်နဝါရီ ၇**

၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် လူကုန်ကူးမှု ၁၀ မှု ဖြစ်ပွားခဲ့သည်။ ထို့ကြောင့် ၂၀၁၅ ခုနှစ် တစ်နှစ်လုံး၌ လူကုန်ကူးမှုပေါင်း ၁၃၀ ဖြစ်ပွားခဲ့သည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် ခုနစ်မှု၊ ဖေဖော်ဝါရီလတွင် ရှစ်မှု၊ မတ်လတွင် ၁၄ မှု၊ ဧပြီလတွင် ၁၆ မှု၊ မေလတွင် ၁၁ မှု၊ ဇွန်လတွင် ၁၀ မှု၊ ဇူလိုင်လတွင် ရှစ်မှု၊ ဩဂုတ်လတွင် ရှစ်မှု၊ စက်တင်ဘာလတွင် ခုနစ်မှု၊ အောက်တိုဘာလတွင် ၁၆ မှုနှင့် နိုဝင်ဘာလတွင် ၁၅ မှုဖြစ်ပွားခဲ့သည်။

တစ်နှစ်ပတ်လုံး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖြစ်ပွားခဲ့မှုမှာ ရန်ကုန်တိုင်းဒေသကြီး၌ ၁၇ မှု၊ မန္တလေးတိုင်းဒေသကြီး၌ ၁၈ မှု၊ ပဲခူးတိုင်းဒေသကြီး၌ ကိုးမှု၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ငါးမှု၊ တနင်္သာရီတိုင်းဒေသကြီး၌ တစ်မှု၊ မကွေးတိုင်းဒေသကြီး၌ လေးမှု၊ ဧရာဝတီတိုင်းဒေသကြီး၌ ရှစ်မှု၊ ကရင်ပြည်နယ်၌ သုံးမှု၊ မွန်ပြည်နယ်၌ တစ်မှု၊ ရခိုင်ပြည်နယ်၌ ၁၀ မှု၊ ကချင်ပြည်နယ်၌ ၁၅ မှုနှင့် ရှမ်းပြည်နယ်၌ ၃၉ မှု ဖြစ်ပွားခဲ့သည်။

တစ်နှစ်ပတ်လုံးတွင် လူကုန်ကူးမှုကြောင့် တရားခံ ၃၈၆ ဦးရှိခဲ့ရာ တရားခံ ၂၄၆ ဦး ဖမ်းဆီးရမိပြီး တရားခံပြေး ၁၄၀ ရှိခဲ့သည်။ စုစုပေါင်း လူကုန်ကူးခံရသူပေါင်း ၆၄၁ ဦးရှိရာ ၅၆၇ ဦး ကယ်ဆယ်ရရှိပြီး ကယ်ဆယ်မရရှိသူပေါင်း ၇၄ ဦးရှိခဲ့သည်။

လူကုန်ကူးခံရသူပေါင်း ၆၄၁ ဦးတွင် လူကြီး ၄၉၄ ဦး၊ လူငယ် ၅၀၊ ကလေး ၉၇ ဦးဖြစ်သည်။ ၎င်းတို့တွင် တရုတ်နိုင်ငံသို့ ၈၀ ၊ ထိုင်းနိုင်ငံသို့ ၁၆ ဦး၊ မလေးရှားနိုင်ငံသို့ ၁၃ ဦး၊ ပြည်တွင်း၌ ၂၀ ဦး ဖြစ်သည်။ လူကုန်ကူးမှုအမျိုးအစားများမှာ အဓမ္မလက်ထပ်ခိုင်းစေမှု ၇၄ မှု၊ အဓမ္မခိုင်းစေမှု ၃၃ မှု၊ ပြည့်တန်ဆာအဖြစ်ခိုင်းစေမှု ၂၁ မှု၊ ကလေးမွေးစားမှု တစ်မှု၊ ကလေးရောင်းစားမှု တစ်မှုဖြစ်သည်။

လူကုန်ကူးမှုအန္တရာယ် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် ထိထိရောက်ရောက်တားဆီးကာကွယ်နေသော်လည်း လူပွဲစားလောဘသားများကြောင့် လတိုင်းလိုလိုဖြစ်ပွားနေသည်ကို တွေ့ရသည်။ ထို့ကြောင့် လူကုန်ကူးမှုများ လျော့နည်းပပျောက်စေရေးအတွက် မြန်မာနိုင်ငံအနေဖြင့် မဲခေါင်ဒေသနိုင်ငံများဖြစ်သော တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်၍ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်း၊ ဒေသဆိုင်ရာလုပ်ငန်းစီမံချက်များရေးဆွဲခြင်းနှင့် လူကုန်ကူးမှုများမဖြစ်ပွားစေရန် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် မြန်မာ-ထိုင်းနှစ်နိုင်ငံအကြား ဖြစ်ပွားလျက်ရှိသည့် လူကုန်ကူးမှုများကို ပူးပေါင်းတိုက်ဖျက်ရန်ရည်ရွယ်၍ နားလည်မှုစာချွန်လွှာကို ၂၀၀၉ ခုနှစ်က လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။ ထို့အပြင် နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော်လူကုန်ကူးမှု ထိရောက်စွာ တားဆီးနှိမ်နင်းရေးအတွက် ကော့သောင်း၊ ရန်ကုန်နှင့် တာချီလိတ်၊ မဲဆိုင်တို့၌ လူကုန်ကူးမှုတိုက်ဖျက်ရေး နယ်စပ်ဒေသရုံးများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာ-တရုတ် နှစ်နိုင်ငံအကြား လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် အဓိကအားဖြင့် အမျိုးသမီးငယ်များ အဓမ္မထိမ်းမြားရန် လူကုန်ကူးမှုနှင့် ကလေးရောင်းစားရန် လူကုန်ကူးမှုတို့ ဖြစ်ပွားမှုများသည်။ နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာရေးထိုးခဲ့ပြီး နယ်စပ်ဖြတ်ကျော်လူကုန်ကူးမှု ထိရောက်စွာ တားဆီးနှိမ်နင်းရေးအတွက် မူဆယ်၊ ရွှေလီ၊ လွိုင်ကျယ်၊ ကျန်းဖုန်းနှင့် လောက်ကိုင်၊ နမ့်စန်တို့၌ နယ်စပ်ဆက်ဆံရေးရုံးများဖွင့်လှစ်၍ နှစ်နိုင်ငံအစည်းအဝေးများ ပုံမှန်လုပ်ဆောင်ခဲ့သည်။

နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ARCPPT / ARTIP အာရှဒေသ၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးစီမံကိန်း၊ AAPTIP ဩစတြေးလျလူကုန်ကူးမှု တိုက်ဖျက်ရေးစီမံကိန်း၊ UNICEF/ UNIAP - UN-ACT/ IOM၊ ILO၊ World Vision Myanmar/ Save The Children၊ AFXB၊ JICA၊ MTV Exit အဖွဲ့များဖြစ်သည်။

ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းဖြစ်သည့် အသိပညာပေးဟောပြောခြင်း၊ လူကုန်ကူးခံရပြီး မိဘရပ်ထံပြန်ပို့ဆောင်ရမည့် လူကုန်ကူးခံရသူများအား မိသားစုနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့က ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

လူမှောင်ခို၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ လူကုန်ကူးသူများအား ပြန်လည်နေရာချထားရေးလုပ်ငန်းများတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူမှုဝန်ထမ်းဦးစီးဌာန၊ အခြားသောအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် လူကုန်ကူးမှုများမဖြစ်စေရန် လူပွဲစားများ၏မက်လုံးပေးစည်းရုံးမှုများကို ရှောင်ရှားရမည်ဖြစ်သည်။ လူကုန်ကူးခံရသူများကာကွယ်စောင့်ရှောက်ရေးအတွက် လူကုန်ကူးမှုများ တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ (CBTIP) ၂၄နာရီ Hot Line ၀၉-၄၉၅၅၅၉၉၉၊ ၀၉-၄၉၅၅၅၈၈၈၊ ၀၉-၄၉၅၅၅၇၇၇၊ ၀၉-၄၉၅၅၅၆၆၆ တို့ထံသို့လည်းကောင်း၊ လူကုန်ကူးခံရသူများအတွက် သတင်းအချက်အလက် မျှဝေရာစင်တာ Help Line; ၀၁-၆၆၆၆၁၉ သို့လည်းကောင်း ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သန်းဦး (လေးမျက်နှာ)**




**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျောက်မဲခရိုင်ရုံးမှ ဇန်နဝါရီ ၇ ရက်က ကျောက်မဲမြို့(အလက-၃) ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ် ၁၀၀ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ထွန်း လက်ခံယူစဉ်။** (ခရိုင် ပြန်/ဆက်)

# စားချင်ရာမှာစား ဒေသထွက်ကုန်များ အိမ်အရောက် စာတိုက်မှဝန်ဆောင်ပေးလျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၇**

မြန်မာ့စာတိုက် လုပ်ငန်းက မြန်မာနိုင်ငံအတွင်းရှိ ဒေသထွက်ကုန်များအိမ်တိုင်ရာရောက်ပေးဝေခြင်း ဝန်ဆောင်မှုလုပ်ငန်းကို အထူးဝန်ဆောင်မှုလုပ်ငန်းအဖြစ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ဒီဝန်ဆောင်မှုကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလက ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်နဲ့ တောင်ကြီးမြို့ပေါ် ၁၉ ရပ်ကွက်အတွင်း စခဲ့တယ်။ တောင်ကြီး ဒေသထွက်ပစ္စည်းကို လိုချင်ရင် တောင်ကြီးစာတိုက်က သွားဝယ်ပေးတယ်၊ ပို့ပေးတယ်။ ဝယ်ပေးခမယူဘူး။ ပစ္စည်းတန်ဖိုးပဲယူတယ်၊ အမြန်ချောပို့ခ ယူတယ်။ မိမိဇာတိဒေသထွက်တွေကို စားချင်တာကို စားစေချင်တဲ့သဘောပါ" ဟု မြန်မာ့စာတိုက်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဒေါ်ငုသီတာက ပြောသည်။

ရန်ကုန်မှ ပုစွန်ခြောက်၊ ငါးခြောက်အမျိုးမျိုး၊ မုန့်ဟင်းခါးခြောက်၊ အုန်းနို့ခေါက်ဆွဲခြောက်နှင့် စားဖွယ်အခြောက်မျိုးစုံ၊ ကိတ်မုန့်မျိုးစုံ၊ ပုစွန်ချဉ်၊ ငါးဖယ်ချဉ်၊ သရက်သီးသနပ်၊ ငါးမုန့်၊ ငါးပိထောင်းနှင့် ငါးပိရည်ကျို၊ တောင်ကြီးမှ ဂျုံးပဲပုပ်၊ ခေါပုတ်၊ မုန်ညင်းချဉ်၊ ကြက်သွန်ချဉ်/ချို၊ ဆီတို့ဟူး၊ ကြက်သွန်ဖြူ၊ လက်ဖက်ခြောက်၊ ပဲပုပ်သေး၊ မဟာဖြေဆေး၊ ဂျုံးမြစ်၊ နေကြာစေ့လှော်၊ ပဲပုပ်ခြောက်၊ ပဲပုပ်စေ့နှင့် စွန်တန်ခြောက်များ၊ ပခုက္ကူမှ လက်ဖက်၊ ပဲကြော်၊ သနပ်ခါးများကို စာတိုက်များမှတစ်ဆင့် မှာယူနိုင်ကြောင်း သိရသည်။

"အခုဆိုရင် တစ်နိုင်ငံလုံးကို စာထုတ်ထားပြီး ဒီဝန်ဆောင်မှုလုပ်ချင်တဲ့ မြို့နယ်ပြော၊ ရန်ကုန်စာတိုက်ကြီးနဲ့ချိတ်ပြီး လိုချင်တဲ့ပစ္စည်းမှာလို့ရပါတယ်။ အမြန်ချောပို့နဲ့ ထည့်ပေးပါမယ်။ အခု ပခုက္ကူနဲ့လည်း စနေပါပြီ။ ဒီနေ့ပို့ နောက်နေ့ရောက် စနစ်နဲ့ အိမ်တိုင်ရာရောက် ဝန်ဆောင်မှုပေးနေပါပြီ။ ရန်ကုန်-နေပြည်တော်-မန္တလေးလည်းလုပ်နေပါပြီ။ ကချင်နဲ့ ရခိုင်မှာပါ ဒီဝန်ဆောင်မှုကို ဆက်လုပ်သွားမယ်။ ရန်ကုန်မြို့တွင်းကတော့ ဒီနေ့ပို့ ဒီနေ့ရောက်၊ နံနက် ၁၁ နာရီမထိုးခင် ရန်ကုန်စာတိုက်ကို လာပေးရင် နေ့ချင်းရောက်ပါမယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။

ပစ္စည်းမှာယူခြင်း အတွက်ကျသင့်ငွေကို ကြိုတင်ပေးရန်မလိုဘဲ ပစ္စည်းလက်ခံရရှိမှသာ ပစ္စည်းတန်ဖိုးနှင့် အမြန်ချောပို့ခကို ပေးချေရမည်ဖြစ်ကြောင်း၊ အခြားထပ်ဆောင်းဝန်ဆောင်ခများ လုံးဝပေးချေရန်မလိုကြောင်း၊ ပစ္စည်းမှာယူလိုပါက ရန်ကုန်စာတိုက်ကြီး ဖုန်း ၀၁-၃၈၀၂၅၇ နှင့် တောင်ကြီးစာတိုက် ဖုန်း ၀၈၁-၂၁၂၁၅၀၆ တို့ထံသို့ ဆက်သွယ်မှာယူနိုင်ကြောင်း မြန်မာ့စာတိုက်လုပ်ငန်းမှ သိရသည်။

**ရီရီသန့်**

## တိမ်အသင့်အတင့် ဖြစ်ထွန်း

**နေပြည်တော် ဇန်နဝါရီ ၇** ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ **(မိုး/ဇလ)**


# ဝတ္ထုတိုစာတမ်းများ ဒုတိယအကြိမ် ပုံနှိပ်ဖြန့်ချိ

**နေပြည်တော် ဇန်နဝါရီ ၇**

စာပေဗိမာန်သည် စာပေဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေပွန်စွာထမ်းဆောင်ခဲ့သော အစဉ်အလာကောင်းများရှိသည်။ မျက်မှောက်ခေတ်တွင် ထိုအစဉ်အလာကောင်းများကို ထိန်းသိမ်းလျက်ရှိရုံမျှမက မျိုးဆက်သစ်များကိုလည်း လက်ဆင့်ကမ်းပေးလျက်ရှိသည်။ ထင်ရှားကျော်ကြားသော စာရေးဆရာကြီးများဖြစ်ကြသည့် ဦးကြီးမောင်(ငွေဥဒေါင်း)၊ ကျော်အောင်၊ မင်းကျော်၊ မင်းယုဝေ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ မောင်ထင်၊ တက္ကသိုလ်မောင်အောင်ဆွေ၊ ထင်လင်း၊ သော်တာဆွေ၊ ခင်ဆွေဦးတို့က ၁၉၇၉ ခုနှစ်တွင် ဖတ်ကြားခဲ့သော ဝတ္ထုတိုစာတမ်းများကို ယခုအခါ ဒုတိယအကြိမ် ပုံနှိပ်ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

စာပေဗိမာန်က "ဝတ္ထုတိုအနှစ်သာရများ"ခေါင်းစဉ်ဖြင့် စာပေဗိမာန်စာပေစကားဝိုင်းကျင်းပခဲ့ရာ ဆရာကြည်မင်း၊ ဆရာကိုရိုးကွန့်၊ ဆရာမကြူကြူသင်း၊ ဆရာမနှင်းဝေငြိမ်းတို့က "ဝတ္ထုတိုများဖြင့် ရသပေးစွမ်းပြီး ပြည်သူကိုအကျိုးပြုပုံ၊ အယ်ဒီတာ၏ မှတ်ကျောက်တင်ခံနိုင်မှ ဝတ္ထုတိုကောင်းများဖြစ်ပေါ်လာနိုင်ပုံနှင့် Online တွင်ရေးသားနေကြသော ဝတ္ထုတိုများ၌ အားနည်းချက်အားသာချက်များရှိကြပုံ"တို့ကို အပြုသဘောဆွေးနွေးကြပြီး ယင်းဆွေးနွေးချက်များကို ပူးတွဲဖော်ပြထားသည်။

ထို့ကြောင့် မူရင်းစာတမ်းရှင်တို့၏ လက်ရာများအပြင် မျက်မှောက်ခေတ်စာရေးဆရာတို့ ၏ဝတ္ထုတိုများအပေါ် ဝေဖန်သုံးသပ်ချက်များကိုပါ တစ်ထိုင်တည်း ဖတ်ရှုလေ့လာနိုင်မည်ဖြစ်သည်။



စာပေဗိမာန်က ပုံနှိပ်ဖြန့်ချိသော"ဝတ္ထုတိုစာတမ်းများ"စာအုပ်မှာ (၅ ဒသမ ၇ × ၈ ဒသမ ၃) လက်မ အရွယ်အစားရှိ၍ အဖုံးကို Art Cart 210 gsm ၄ ရောင်ဖြင့်လည်းကောင်း၊ အတွင်းစာသားကို Wood Free စက္ကူဖြူချောဖြင့်လည်းကောင်း ပုံနှိပ်ထားပြီး စာမျက်နှာ ၄၆၀ ပါရှိသည်။ စာပေဗိမာန် စာအုပ်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများ၌ တစ်အုပ်လျှင် ငွေကျပ် ၄၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပွဲရုံဝင်း ယာဉ်ပိတ်ဆို့မှု ယာဉ်ထိန်းရဲများ ကြပ်မတ်ဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၇**

ဘုရင့်နောင်လမ်းမကြီးပေါ်ရှိ ပွဲရုံဝင်ပေါက် နှစ်နေရာ၌ ဇန်နဝါရီ ၅ ရက်နှင့် ၆ ရက် နှစ်ရက်ဆက်တိုက် ညပိုင်းထိ ယာဉ်ထိန်းရဲများ လာရောက်ယာဉ်ကြောရှင်းလင်းမှုကို မြင်တွေ့လာရသည်။

ဒီဇင်ဘာလ နောက်ဆုံးပတ်မှစ၍ သုံးပတ်ဆက်တိုက် ပိတ်ရက်အလွန် ပွဲရုံဖွင့်ရက်အစပိုင်းများတွင် နှစ်ရက်ဆက်တိုက် ပွဲရုံဝင်းအတွင်း ယာဉ်ပိတ်ဆို့မှုဆက်တိုက်ဖြစ်နေဆဲဖြစ်သည်။ ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းနှင့် ညနေပိုင်းတွင် မီးပွိုင့်ရှိသော ရိုးကြီးချောင်းပွဲရုံအဝင်ဝ၌ မီးပွိုင့်ပျက်၍ လာရောက်ရှင်းလင်းသူမရှိဘဲ မြို့ထဲသွားလမ်းကြောင်းပေါ်၌ ပွဲရုံဝင်းအဝင်/အထွက်ယာဉ်များ ပိတ်ဆို့မှုဖြစ်ခဲ့သည်။ မြို့ထဲသွားမည့် ယာဉ်မျိုးစုံ အထူးသဖြင့် လိုင်းကားစီးခရီးသည်များ ယာဉ်ပေါ်၌ ယင်းမီးပွိုင့်လမ်းဆုံကိုဖြတ်ရန် တစ်နာရီနီးပါး စောင့်ဆိုင်းခဲ့ရသည်။

သို့သော် ဇန်နဝါရီ ၅ ရက်နှင့် ၆ ရက်တို့တွင်မူ အဆိုပါနေရာ၌ မီးပွိုင့်ပျက်နေဆဲဖြစ်သော်လည်း ယာဉ်ထိန်းရဲများ ညပိုင်းအထိနှစ်ရက် ဆက်တိုက် ယာဉ်ကြော ရှင်းလင်းပေးခဲ့သဖြင့် ယာဉ်ပိတ်ဆို့မှုမရှိဘဲ အင်းစိန်မှ မြို့ထဲသွားမည့်ယာဉ်များ အဆင်ပြေစွာသွားလာနိုင်ခဲ့သည်။ အလားတူ မီးပွိုင့်မရှိသည့် ပွဲရုံဝင်းအဝင်ပေါက်တစ်ခုဖြစ်သည့် ကံ့ကော်လမ်းမဝင်ပေါက်၌လည်း ယာဉ်ထိန်းရဲများညပိုင်းအထိ နှစ်ရက်ဆက်တိုက်ယာဉ် ရှင်းလင်းပေးမှုရှိသဖြင့် ပွဲရုံဝင်းအတွင်း ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ချိန်တွင် လမ်းမကြီး၌ ယာဉ်ပိတ်ဆို့မှုမရှိဘဲ မောင်းနှင်သွားလာနိုင်ခဲ့ကြောင်း လိုင်းကားယာဉ်မောင်းများထံမှ သိရသည်။

**ခင်ဆိုင်**

# အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသောဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျစီစဉ် ကွပ်ကဲကြပ်မတ်လျက် ရှိပါသည်။

၂။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ဈေးကွက်အတွင်းရှိ ဆေးဝါးများကို စိစစ်ရာ အောက်ဖော်ပြပါအမှတ်တံဆိပ်ဖြင့် ဆေးဝါးများကို စပ်ဆေးအဖြစ် ပြန်လည်ထုပ်ပိုး၍ ရောင်းချနေကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

| စဉ် စဉ် စက္ကူ Label တွင်ဖော်ပြချက် | ထုပ်ပိုးပုံ |
|---|---|
| ၁။ Ever Life Pain Cure Powder (ကျောက်ဆူးတံဆိပ်) | အဖြူရောင်အမှုန့်ကို ပလတ်စတစ်အိတ်ဖြင့် ထုပ်ပိုးထားခြင်း၊ |
| ၂။ ကလေးများအတွက် ကိုယ်ပူ၊ အအေးမိ၊ နှာစေး၊ ချောင်းဆိုးပျောက်ဆေး | ဆေးပြား(၆)ပြားကို ပလတ်စတစ်အိတ်ဖြင့် ထုပ်ပိုးထားခြင်း၊ |
| ၃။ ချောင်းဆိုး၊ ပန်းနာ၊ ရင်ကျပ်ပျောက်ဆေး | ဆေးပြား(၈)ပြားကို ပလတ်စတစ်အိတ်ဖြင့် ထုပ်ပိုးထားခြင်း၊ |
| ၄။ ရွှေစင်ချောင်းဆိုးပျောက်ဆေး | ဆေးတောင့်(၂)တောင့်၊ ဆေးပြား(၃)ပြား၊ ကြေမွနေသောဆေးပြား(၁)ပြားကို ပလတ်စတစ်အိတ်ဖြင့်ထုပ်ပိုးထားခြင်း၊ |
| ၅။ ရွှေစင်အကိုက်အခဲပျောက်ဆေး | ဆေးတောင့်(၁)တောင့်၊ ဆေးပြား(၅)ပြားကို ပလတ်စတစ်အိတ်ဖြင့် ထုပ်ပိုးထားခြင်း၊ |
| ၆။ သုံးရာသီကိုယ်ပူ၊ ချောင်းဆိုး၊ နှာစေး ပျောက်ဆေး | ဆေးပြား(၇)ပြားကိုပလတ်စတစ်အိတ်ဖြင့် ထုပ်ပိုးထားခြင်း၊ |
| ၇။ သုံးရာသီအကြောပြေ၊ အဆစ်အမျက် ကိုက်ပျောက်ဆေး | ဆေးတောင့်(၁)တောင့်၊ ဆေးပြား(၅)ပြားကို ပလတ်စတစ်အိတ်ဖြင့် ထုပ်ပိုးထားခြင်း၊ |
| ၈။ ဖျားနာအကိုက်အခဲပျောက်ဆေးမှုန့် | အဖြူရောင်အမှုန့်ကို ပလတ်စတစ်အိတ်ဖြင့် ထုပ်ပိုးထားခြင်း၊ |
| ၉။ မှင်ရောဂါပျောက်ဆေး | ဆေးတောင့်(၁)တောင့်၊ ဆေးပြား(၄)ပြားကို ပလတ်စတစ်အိတ်ဖြင့် ထုပ်ပိုးထားခြင်း။ |

၃။ အများပြည်သူများသည် အဆိုပါဆေးဝါးများကိုသုံးစွဲမိပါက မလိုလားအပ်သောဆေးဝါး **ဘေးထွက်ဆိုးကျိုးအန္တရာယ်များ၊ ဆေးယဉ်ပါးမှုအန္တရာယ်များ** ခံစားရမည်ဖြစ်သည့်အတွက် ဝယ်ယူသုံးစွဲခြင်းမပြုကြပါရန် အသိပေးအပ်ပါသည်။

၄။ ဆေးဝါးလုပ်ငန်းများ၊ ဆေးဆိုင်များ၌ ကိုယ်ပိုင်အမှတ်တံဆိပ်အမျိုးမျိုးဖြင့် အနောက်တိုင်းဆေးဝါးများကို ထုတ်လုပ်ထုပ်ပိုးဖြန့်ဖြူးရောင်းချခြင်း **လုံးဝ(လုံးဝ)မပြုကြရန်**နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက အမျိုးသားဆေးဝါးဥပဒေပုဒ်မ(၁၈)အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**




# ရေနုတ်မြောင်းတူးဖော်ရာမှ စစ်ကျန်တင့်ပစ်ပုံးသီးဟောင်း ၄၁ လုံးတွေ့ရှိ

**ရေတာရှည် ဇန်နဝါရီ ၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ အမှတ်(၄)ရပ်ကွက် ကရင်ချောင်း လမ်းတောင်ဘက်ရှိ နေအိမ်ရှေ့



ခြံစည်းရိုးအနီး၌ ဇန်နဝါရီ ၇ ရက် နံနက် ၈ နာရီခွဲက ရေနုတ်မြောင်း တူးဖော်စဉ် စစ်ကျန်တင့် ပစ်ပုံးသီး ဟောင်း ၄၁ လုံး တွေ့ရှိခဲ့သည်။ ခြံအမှတ်(၇)နေ ဦးသက်ခိုင်ထွန်းသည် ၎င်း၏နေအိမ်ရှေ့ရှိ ခြံစည်းရိုးအနီး ရေနုတ်မြောင်းတူးဖော်စဉ် အလျား ၁၂ လက်မ၊ လုံးပတ် ၁၀ လက်မရှိ သံချေးများတက်နေသည့် စစ်ကျန် ပုံးသီးဟောင်းနှစ်လုံးကို စတင်တွေ့ရှိခဲ့၍ ရေတာရှည်မြို့မရဲစခန်းသို့ သတင်းပို့ခဲ့သည်။ ပုံးသီးဟောင်းများ တွေ့ရှိသည့်နေရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ညဏ်ဝင်းနှင့် မြို့မရဲစခန်းမှ တာဝန်ရှိသူများက စစ်ဆေးကြည့်ရှုခဲ့ပြီး ဆက်လက်တူးဖော်ခဲ့ရာ အတန်းလိုက်မြှုပ်နှံထားသော တင့်ပစ်ပုံးဆန်ဟောင်း ၃၉ လုံးကို ဆက်လက်တူးဖော်တွေ့ရှိရ၍ သက်ဆိုင်ရာ စစ်မြေပြင် အင်ဂျင်နီယာ တပ်ဖွဲ့တာဝန်ရှိသူများထံ လွှဲပြောင်းအပ်နှံပေးရန် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ဆေးဆိုင်များကို ရှောင်တခင် ဝင်ရောက်စစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၇**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် ယုဇနဉယျာဉ်မြို့တော် အမှတ် (၉၄) ရပ်ကွက်၌ ဇန်နဝါရီ ၇ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမျိုးစိုးမိုး နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မြို့မရဲတပ်ဖွဲ့စခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် မြို့နယ်ပြည်သူ့ကျန်းမာ ရေးဦးစီးဌာနမှဝန်ထမ်းများ၊ အင်းစိန် ICD ဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် အဖွဲ့သုံးဖွဲ့ခွဲ၍ တစ်ပြိုင် တည်း ယုဇနဉယျာဉ်မြို့တော် (၉၄) ရပ်ကွက် အေ ၊ ဘီ၊ စီ ဘလောက်လမ်းအလိုက် ကျန်းမာရေးဝန်ကြီးဌာနမှ မှတ်ပုံတင်ခွင့်ပြုချက်ဖြင့် ရောင်းချနေသောဆေးဆိုင် များသို့ ရှောင်တခင် ဝင်ရောက်စစ်ဆေးကြကြောင်း သိရသည်။

ယင်းကဲ့သို့စစ်ဆေးရာတွင် အများပြည်သူဝယ်ယူသုံးစွဲ၍ ဘေးဥပဒ် အန္တရာယ်မှကင်းဝေးစေနိုင်ရေးအတွက် ရည်ရွယ်၍ ဆေးရောင်းချနေသော ဆေးဆိုင်များသို့ဝင်ရောက်စစ်ဆေးရာ စပ်ဆေးတွဲရောင်းချခြင်း ရှိ မရှိနှင့် သတ်မှတ်ထားသော သက်တမ်းလွန်ဆေးဝါးမျိုးစုံနှင့် မှတ်ပုံတင်မပါသောဆေးဝါး များကိုတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြကြောင်း သိရသည်။

**ကျင်မောင်**

# မြန်မာနိုင်ငံဆရာဝန်အသင်းမှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်မည်

**ရန်ကုန် ဇန်နဝါရီ ၇**

မြန်မာနိုင်ငံ ဆရာဝန်အသင်း ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်မှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ပွဲကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် ကျင်းပမည်ဖြစ်ရာ ရွေးချယ်ခံကိုယ်စားလှယ်ဆရာဝန်များအနေဖြင့် သတ်မှတ်ထားသောပုံစံနှင့် အရည်အချင်းသတ်မှတ်ချက်များကို မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)သို့ ဆက်သွယ်မေးမြန်း၍ ပုံစံများထုတ်ယူနိုင်ကြောင်း မြန်မာနိုင်ငံဆရာဝန်အသင်းမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ကျောင်းထိုင်ဆရာတော်ထံမှ ခရီးစရိတ် လည်ပင်းညှစ်တောင်းယူသူကို အရေးယူ

**မိတ္ထီလာ ဇန်နဝါရီ ၇**

မိတ္ထီလာမြို့ ရန်မျိုးအောင်ရပ်ကွက် ထီးသုံးဆင့်ဘုရားမြောက်ဘက် ဥက္ကာရာဇေယျကျောင်းတိုက် ကျောင်းထိုင် ဆရာတော် ဦးဣန္ဒက သက်တော် (၇၆ နှစ်) ဝါတော် (၅၇) ဝါရ ဆရာတော်ထံသို့ ဇန်နဝါရီ ၆ ရက် ည ၈ နာရီ ကျော်က အရက်မူးနေသူလူငယ်တစ်ဦးက မြင်းခြံသို့ပြန်ရန်စရိတ်မရှိ၍ ငွေ ၂၀၀၀၀ ခန့်တောင်းရာ မပေးသဖြင့် ၎င်းလူငယ်က ဆရာတော်အား လည်ပင်းညှစ်၍တောင်းသောကြောင့် ဆရာတော်က အော်ဟစ်အကူအညီတောင်းသဖြင့် ရပ်ကွက်ပြည်သူများသိရှိပြီး ၎င်းလူငယ်ကို ဖမ်းဆီးခဲ့သည်။ ကျောင်းထိုင်ဆရာတော်သည် ဒဏ်ရာများရရှိသွားခဲ့ပြီး ဆရာတော်အား လည်ပင်းညှစ်ငွေတောင်းသူသည် မလှိုင်မြို့နယ် ဖျောက်ဆိပ်ကုန်းကျေးရွာအုပ်စု ဘီးစပ်ကုန်းကျေးရွာနေ ကုန်တင်ကုန်ချအလုပ်သမား အောင်ထူး (၂၈ နှစ်) ဖြစ်သည်။

သို့ဖြစ်၍ ဆရာတော်ထံ လည်ပင်းညှစ်ငွေတောင်းသူ အောင်ထူးကို မိတ္ထီလာမြို့ အမှတ် (၂) ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

# ဇန်နဝါရီ ၇ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၇ ရက် (ကြာသပတေးနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ | | | | | | |
|---|---|---|---|---|---|---|
| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး | မှတ်ချက် |
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၀၀၀ မှ ၄၈၅၀၀ | အဟောင်း |
| ၂။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၃၇၀၀၀ | အသစ် |
| ၃။ | ဇီရာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၁၀၀၀ | အသစ် |
| ၄။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၀၅၀၀ | အသစ် |
| ၅။ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၀၀၀ မှ ၂၆၀၀၀ | အဟောင်း |
| ၆။ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၁၅၀၀ | အသစ် |
| ၇။ | သုခ(ဆန်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၅၀၀ မှ ၂၂၅၀၀ | အသစ်/ရှယ် |
| ၈။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၁၅ မှ ၂၁၈၅ | |
| ၉။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြစ်သား၊ မြင်းခြံ၊ တောင်တွင်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၀၀ မှ ၁၄၅၀ | ရှယ်၊ လတ် |
| ၁၀။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၂၅၀ မှ ၃၃၀၀ | ရှယ်၊လတ် |
| ၁၁။ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၈၀၀ မှ ၃၃၀၀ | ထူး ၂၊၃၊၄၊၅ |
| ၁၂။ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၁၀ မှ ၆၁၀ | A1,OK,S1,S2 |
| ၁၃။ | ပဲကြီး(ပဲ) | ကုန်း၊ ရွှေကျွန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၆၈၀ မှ ၁၇၃၅ | |
| ၁၄။ | ငရုတ်(ရှည်) | အိန္ဒိယ၊ ရှမ်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၀၀၀ မှ ၅၂၀၀ | |
| ၁၅။ | ငရုတ်(မိုးထောင်) | သာစည်၊ ပျော်ဘွယ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၁၀၀ မှ ၃၃၅၀ | |
| လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။ | | | | | | |

# မူဝါဒအပြောင်းအလဲကိုစောင့်ကြည့်ရင်း ကုန်းလမ်းတံခါးတွေ ကျယ်ကျယ်ဖွင့်ထားနိုင်မယ့် ၂၀၁၆

သတင်းဆောင်းပါး-ခင်ရတနာ
ဓာတ်ပုံ-မေဦးမိုး

**ရန်ကုန် ဇန်နဝါရီ ၇**

စတင်လိုက်တဲ့ နှစ်သစ်မှာ နိုင်ငံစီးပွားရေးအခြေအနေကို ဘယ်လိုအခင်းအကျင်းနဲ့ တင်ဆက်မလဲဆိုတာကို စီးပွားရေးသမား ကြီးကြီးငယ်ငယ် တွေးတောကြပါတယ်။ ၂၀၁၆ ခုနှစ်က မြန်မာ့စီးပွားရေးကို ဘယ်လောက်အထိ ဆောင်ကြဉ်းပေးမလဲဆိုတာရဲ့ အဖြေဟာ အပြောင်းအလဲကာလတစ်ခုရဲ့အစဖြစ်နေတာကြောင့်လည်း ကြိုတင်တွက်ဆတာတွေ အများကြီးရှိပါတယ်။

"ကျွန်တော့်အမြင်ပြောရရင် စီးပွားရေးအနေနဲ့ ၂၀၁၆ ဟာ တစ်ဟုန်ထိုးအောင်မြင်မယ့်နှစ်မဟုတ်ဘူးလို့ ယူဆရပါတယ်။ အပြောင်းအလဲကာလတစ်ခုကို ဖြတ်သန်းချိန်မှာ အေးဆေးတည်ငြိမ်မှုကိုပဲ စီးပွားရေးသမားတွေ အာရုံကျပါလိမ့်မယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးဟာ ပို့ကုန်သွင်းကုန်ကို အဓိကထားနေရချိန်မှာ ကုန်သွယ်မှုကို ဘယ်လိုထိန်းချုပ်မလဲဆိုတာကို အားလုံးက စိတ်ဝင်စားနေကြပါတယ်။ ဥပမာပြောရရင် လက်ရှိလုပ်ကိုင်နေတဲ့ FDI တွေကလည်း အစိုးရအဖွဲ့ ကူးပြောင်းမယ့်အခြေအနေကိုကြည့်လို့ ရှေ့တိုးဆောင်ရွက်ဖို့ စဉ်းစားမှာဖြစ်သလို၊ ပြည်တွင်းလုပ်ငန်းရှင် အများစုကလည်း လုပ်ငန်းတွေ တိုးချဲ့ဖို့ဆိုတာ မူဝါဒအပြောင်းအလဲ အာရုံစိုက်လာတယ်။ ၂၀၁၆ ဟာ စီးပွားရေးလုပ်ငန်းတွေ နေ့ချင်းညချင်း တိုးပွားလာနိုင်မယ့် အခြေအနေမရှိဘူးလို့ သုံးသပ်နိုင်ပါတယ်" လို့ International Economic Research ရဲ့ အမှုဆောင်အရာရှိ မစ္စတာ ဂျိမ်းစ်မာတွန်က မှတ်ချက်ပြုထားပါတယ်။

အပြောင်းအလဲများနိုင်တဲ့ လက်ရှိအခြေအနေမှာ နိုင်ငံတကာကုန်သွယ်ရေးထက် အိမ်နီးချင်းနိုင်ငံတွေနဲ့ ကုန်သွယ်ရေးက ပိုပြီးအားကောင်းလာနိုင်သလို၊ နယ်စပ်ကုန်သွယ်ရေးတိုးမြှင့်တဲ့အခါမှာလည်း ဈေးကွက်ဝေစုနဲ့ ဆိုင်တဲ့ စိန်ခေါ်မှုတွေနဲ့ နယ်နိမိတ်အရေး၊ လူမျိုးရေး၊ ပုဂ္ဂိုလ်ရေးစတဲ့ အငြင်းပွားနိုင်တဲ့ ပြဿနာတွေကို အိမ်နီးချင်းနိုင်ငံတွေရဲ့အစိုးရအသီးသီးနဲ့ လက်တွဲဖြေရှင်းမှသာ ပိုပြီးတိုးတက်သော နယ်စပ်ကုန်သွယ်ရေးဖြစ်လာနိုင်တဲ့ နှစ်တစ်နှစ်ဖြစ်တယ်လို့ အဆိုပါပုဂ္ဂိုလ်က မှတ်ချက်ပေးပါတယ်။

"မူဝါဒပိုင်းကို စေ့ငုမိဖို့အတွက် ဧပြီလ အစိုးရအဖွဲ့ အကူးအပြောင်းမှာ ချက်ချင်းမသိနိုင်ပါဘူး။ အချိန်အနည်းငယ်ပေးပြီး စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။ အရင်က တံခါးပိတ်စီးပွားရေးနဲ့ နှိုင်းယှဉ်မယ်ဆိုရင်တော့ ကျိန်းသေပေါက် မြင့်တက်လာမှာသေချာပါတယ်။ ဒါပေမယ့် လက်ရှိအခြေအနေကိုပဲကွက်ပြီး သုံးသပ်ပြရရင်တော့ ဒီနှစ်က ၂၀၁၅ လောက် စီးပွားရေးလုပ်ငန်းအသစ်တွေ ပေါ်ပေါက်ပါ့မလား စဉ်းစားစရာဖြစ်လာမယ်။ သို့သော် အစိုးရသစ်တာဝန်ယူပြီး နှစ်ကုန်ပိုင်းလောက်မှာဆိုရင် အခြေကျတဲ့မူဝါဒတွေဖြစ်လာပြီး ပြန်လည်လှုပ်ခတ်လာနိုင်တယ်"လို့ စီးပွားရေးအကြံပေး ဒေါက်တာအောင်သူရက ခန့်မှန်းပါတယ်။

စီးပွားရေးလုပ်ငန်းအများစုက ဒီလိုကာလမှာ နယ်စပ်ကုန်သွယ်ရေးကိုသာ ပိုမိုအာရုံစိုက်နေကြတာကိုလည်း တွေ့ရပြီး နယ်နိမိတ်ထိစပ်နေတဲ့ နိုင်ငံတွေကလည်း မြန်မာ့နိုင်ငံရေး အကူးအပြောင်းတွေပေါ် အခြေပြုပြီး သုံးမယ့် နယ်စပ်ကုန်သွယ်ရေးပေါ်လစီကို အပြောင်းအလဲလုပ်လာနိုင်တယ်လို့ စီးပွားရေးပညာရှင်အချို့က တွက်ဆပါတယ်။

"အခုအချိန်မှာ တရုတ်နဲ့ ထိုင်းက အဓိကကုန်သွယ်ဖက်တွေဖြစ်သလို အိန္ဒိယကုန်သွယ်ရေးကလည်း အရှိန်ရနေပြီဖြစ်ပါတယ်။ ရေကြောင်းကုန်သွယ်ရေးကလည်း ပြီးခဲ့တဲ့နှစ်ရဲ့အခြေအနေအရ အများကြီးတိုးတက်ဖို့မရှိသလို အခုနောက်ပိုင်းမှာ နယ်စပ်ကုန်သွယ်မှုကို အဓိကပိုထားလာရတာပါ။ အရင်ကထက် ပွင့်လင်းတဲ့ကုန်သွယ်မှုဖြစ်လာခဲ့တယ်"လို့ ဆန်စပါးတင်ပို့သူ ဦးစိန်မောင်က ပြောပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ အချက်အလက်တွေအရ ၂၀၁၅အတွင်းမှာ အမေရိကန်ဒေါ်လာ ၄၇၃၉ သန်းနီးပါးအထိ ကုန်သွယ်ရေးပြုလုပ်ခဲ့တာကိုတွေ့ရှိရပြီး အစိုးရသစ်နဲ့ ရေရှည်လက်တွဲနိုင်ဖို့အတွက် နယ်စပ်နိုင်ငံရဲ့ ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်းတွေဟာလည်း အရင်ကထက် ပိုမိုလွယ်ကူဖို့ အားထုတ်လာတယ်လို့ ဦးစိန်မောင်ထံက သိရပါတယ်။

၂၀၁၅ ခုနှစ်ထဲမှာ အရှိန်ရအားကောင်းလာတဲ့ စီးပွားရေးစကြိုတွေကြောင့်လည်း နယ်စပ်ဂိတ်ကနေ ဖြတ်ကျော်ဝင်ရောက်တဲ့ နိုင်ငံခြားသားတွေများလာသလို ကုန်စည်သယ်ဆောင်ရေးကိုလည်း အများကြီးအထောက်အပံ့ဖြစ်တယ်လို့ သိရပါတယ်။ ဒါ့အပြင် လက်ရှိမြန်မာနိုင်ငံရဲ့ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းတွေမှာ မူလရှိပြီးသား အိန္ဒိယ၊ တရုတ်နဲ့ ထိုင်းတို့အပြင် လာအိုနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေနဲ့လည်း နယ်စပ်ကုန်သွယ်ရေးသဘောတူစာချုပ်တွေချုပ်ဆိုထားတဲ့အတွက် မျှော်လင့်ချက်တိုးရတာဖြစ်ပါတယ်လို့ ဦးစိန်မောင်က ပြောပါတယ်။

တရုတ်ကို အဓိကပို့နေတဲ့ ဆန်နဲ့ အခြားစိုက်ပျိုးရေးထုတ်ကုန်တွေတင်ပို့ရာမှာ မှောင်ခိုကိစ္စနဲ့ အခွန်ကောက်ခံမှုကိစ္စတွေမှာ တရုတ်ဘက်က နားလည်မှုပေးလာတာကို မြင်ရတယ်၊ တရုတ်စီးပွားရေးလုပ်ငန်းရှင်တွေကလည်း မြန်မာကုန်သည်တွေနဲ့ဆက်ဆံရေးကို ပိုပြီးကောင်းဖို့ ကြိုးစားလာကြတာ၊ ပြည်တွင်းအထိဝင်ရောက်ပြီး လူမှုရေးအကူအညီတွေပေးတာနဲ့ စိုက်ပျိုးရေးနည်းစနစ်တွေကို



မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီနယ်စပ်ဂိတ်ကို မြန်မာနိုင်ငံဘက်မှ တွေ့ရစဉ်။

ပိုပြီးထောက်ပံ့ဖို့ ကမ်းလှမ်းလာတာတွေဟာ နယ်စပ်ကုန်သွယ်ရေး ပွင့်လင်းမြင်သာပြီး စနစ်ကျဖို့အထိ ကူးပြောင်းပြီး ဆွဲခေါ်သွားနိုင်မယ်လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရဲ့ တာဝန်ရှိသူတစ်ဦးက ပြီးခဲ့တဲ့ အပတ်ကကျင်းပတဲ့ အသင်းသားစုံညီပွဲတစ်ခုမှာ ပြောပါတယ်။

ထိုင်းနိုင်ငံမှာဖြစ်နေတဲ့ လိပ်ကျွန်းလူသတ်မှုမှာ မြန်မာလူငယ်နှစ်ဦး မတရားစွပ်စွဲခံရတဲ့ သတင်းတွေကြောင့် ထိုင်းနဲ့ကုန်သွယ်ရာမှာ ဂယက်ရိုက်တာတွေ အနည်းငယ်ရှိပေမယ့် လက်ရှိအချိန်အထိတော့ ပုံမှန်ကုန်သွယ်ရေးက လျော့ကျမသွားသေးဘူးလို့ စားသောက်ကုန်တင်သွင်းသူ ညောင်ပင်လေးဈေးမှ ဦးမောင်မောင်တင့်က ပြောပြတဲ့ အပြင်သူ့အမြင်ပြောရရင် နှစ်ဖက်အစိုးရကလည်း နယ်စပ်ကုန်သွယ်ရေးကို မထိခိုက်အောင် စောင့်ကြည့်စစ်ဆေးတာမျိုး ပိုလုပ်လာတယ်လို့ ဆိုပါတယ်။

အိန္ဒိယနဲ့ ကုန်သွယ်ရာမှာလည်း ပွင့်လင်းရာသီဖြစ်တာကြောင့် အားကောင်းလာပြီး စစ်ကိုင်းတိုင်းဒေသကြီးကလေးနဲ့ တမူးကုန်သွယ်ရေးနဲ့ ချင်းပြည်နယ်က ထန်တလန်ကုန်သွယ်ရေးလမ်းကြောင်းတွေဟာလည်း ဖြည်းဖြည်းနဲ့မှန်မှန် အားကောင်းလာနေပြီး မကြာခင်မှာ ထန်တလန်နယ်စပ်ကုန်သွယ်ရေးစခန်း တိုးတက်လာနိုင်တယ်လို့ တမူးမြို့မဈေးအတွင်းက ပုဆိုးဆိုင်ပိုင်ရှင် ကိုတင်နိုင်လွင်က လက်ရှိအခြေအနေကို ပြောပြပါတယ်။

ပြီးခဲ့တဲ့ ဒီဇင်ဘာလကုန်ပိုင်းက ကုန်သွယ်မှုတွေကို စစ်ဆေးပေးနေတဲ့ မိုဘိုင်းတင်းအဖွဲ့တွေကို ဖျက်သိမ်းခဲ့ပေမယ့် ထူးခြားပြီး ဂယက်ရိုက်သွားတာမျိုးတော့မရှိခဲ့ဘူးလို့ မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးစခန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးစီးအရာရှိကဖြေကြားပြီး မကြာခင်မှာ ကုန်သွယ်ရေးစခန်းအသစ်တွေ ဖွင့်လာနိုင်တယ်လို့ ခန့်မှန်းပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက လျာထားချက်တွေအရ မိုင်းလားနယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်သွားဖို့ရှိနေပြီး ဘုရားသုံးဆူမှာလည်း ထိုင်းနဲ့ ကုန်သွယ်ရေးဂိတ်တစ်ခု ထပ်ဖွင့်မယ့်အခြေအနေရှိနေတယ်လို့ ဦးစိန်မောင်က ပြောပါတယ်။

"၂၀၁၆မှာ နယ်စပ်ကုန်သွယ်ရေးကိုပဲ အားထားရမယ်လို့ ထင်ပါတယ်။ ဒါပေမယ့် နယ်စပ်ကုန်သွယ်ရေးမှာလည်း အားနည်းချက်တွေရှိတယ်။ ဒေသမတည်ငြိမ်တာနဲ့ ကုန်သွယ်ရေးတွေအားလုံး ရပ်တန့်သွားတတ်တယ်။ တစ်နှစ်မှာ နှစ်ခါလောက်ဖြစ်နေရင် နယ်စပ်ကုန်သွယ်ရေး ပြန်နာလန်ထူဖို့မလွယ်တာမို့ အစိုးရသစ်က သတိပြုကိုင်တွယ်သင့်တယ်"လို့ ဆန်စပါးအသင်းချုပ်ရဲ့ တာဝန်ရှိသူလည်းဖြစ်ပြီး ဆန်လုပ်ငန်းရှင်တစ်ဦးလည်းဖြစ်တဲ့ ဦးချစ်ခိုင်က သုံးသပ်ရင်း မူဝါဒအပြောင်းအလဲပေါ်မူတည်ပြီး နယ်စပ်ကုန်သွယ်ရေး အားကောင်းလာနိုင်တယ်လို့ တွက်ချက်ပြပါတယ်။

**(မြန်မာ့အလင်း)**

# တိုက်ကြီးမြို့နယ်တွင် ရွာအနီးဝင်ရောက်လာသည့်ဆင်ကို ဂျီပီအက်စ်တပ်ဆင်

တိုက်ကြီး ဇန်နဝါရီ ၇

**တိုက်ကြီးမြို့နယ် မင်္ဂလာရပ်ကွက် လူသန့်အင်းကျေးရွာအနီး ဇန်နဝါရီ ၅ ရက်က ဆင်တစ်ကောင် ဝင်ရောက်နေကြောင်း သိရသည်။ အဆိုပါဆင်သည် လွန်ခဲ့သောသုံးရက်ခန့်ကစပြီး ဂျိုးဖြူ-ရန်ကုန်ရေပေးဝေသော ပိုက်လုံးကိုကျော်ခဲ့သည်။ ထိုမှတစ်ဆင့် ဂျီအီးတပ်၊ စိတ္တသုခကျောင်းအနီးမှဖြတ်ပြီး လူသန့်အင်းကျေးရွာအနီးရှိ ဘန့်ဘွေးကုန်းတဲတိုက်သို့ရောက်ရှိကာ စပါးခင်းများကို ဝင်ရောက်စားသောက်ဖျက်ဆီး၍ ပုံထားသောကောက်လှိုင်းပုံများမှ စပါးများကို စားသောက်ပြီးနေထိုင်လျက်ရှိကြောင်း သိရသည်။** (အောက်ပုံ)

အဆိုပါဆင်ကို တာဝန်ရှိသူ ဆင်ဖမ်းအဖွဲ့များကလာရောက်ပြီး မေ့ဆေးသေနတ်နှင့်ပစ်၍ ဆင်၏ လည်ပင်းကိုဂျီပီအက်စ်စနစ် တပ်ဆင်ပေးခဲ့ကြောင်း ရွာသားတစ်ဦးက ပြောပြသည်။

၎င်းဆင်သည် လူကို အန္တရာယ်မပြုသော်လည်း ဘန့်ဘွေးကုန်းတဲတိုက်ရှိ ဦးကျော်အေးပိုင် စပါးပုံများကို စားသောက်သဖြင့် စပါးတင်း ၁၀၀ ခန့် ဆုံးရှုံးသွားသည့်အပြင် ဦးကျော်အေး ၎င်းရမ်းထားသော လှည်းတစ်စီးကိုလည်း ရိုက်ချိုးပစ်ပြီး အနီးအနားပန်းစိုက်ခင်းများမှ ရေပိုက်များကိုလည်း ဖျက်ဆီးပစ်ကြောင်း သိရသည်။ ယခုအခါ အနီးအနား တွင်နေထိုင်ကြသော မိသားစုဝင်များမှာ ဆင်အန္တရာယ်ကြောက်၍ စိုက်ခင်းများကိုပစ်ကာ ရွာထဲသို့ ပြောင်းရွှေ့နေကြောင်း သိရသည်။



"ဆင်ဝင်တာတော့ သုံးလေးရက်လောက်ရှိပြီ၊ဆင်ရိုင်းမဟုတ်ဘူး။ ဆင်စခန်းတစ်ခုက ဆင်ဖြစ်မယ်ထင်ပါတယ်။ မနေ့က ဆင်ဖမ်းအဖွဲ့က ဆင်ကိုခေါ်တော့နားစွင့်ပြီးလာတာ တွေ့ရတယ်။ လူကို အန္တရာယ်မပြုပေမယ့် ဦးကျော်အေးစပါးပုံနဲ့ ၎င်းထားတဲ့ လှည်းတစ်စီးလည်း ပျက်စီးသွားပါတယ်။ တာဝန်ရှိသူတွေက မေ့ဆေးပေးပြီး ပြန်သွားတာပဲတွေ့ရပါတယ်" ဟု လူသန့်အင်းရွာသား ဦးသန်းအောင်က ပြောသည်။ **ထွန်းလှိုင်(မြိုင်)**

❐ ရှေ့ဖုံးမှ

ဖော်ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နှစ်ပေါင်း ၅၀ ခန့်သက်တမ်းရှိ အဆိုပါအဆောက်အအုံများသည် အခန်းအရေအတွက် ၄၀ သာရှိသဖြင့် မျက်မှောက်ကာလ မြို့ပြလူနေထူထပ်မှုနှင့် နှိုင်းယှဉ်လျှင် နေထိုင်နိုင်မှုမှာ နည်းပါးသေးသည့်အတွက် ယခု အစိုးရလက်ထက် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက အကျယ်အဝန်း ၂ ဒသမ ၂၉၄ ဧကရှိ နဂိုမူလမြေကွက်နေရာပေါ်တွင် ရွှေဂုံအိမ်ရာဖွံ့ဖြိုးရေးစီမံကိန်းအဖြစ် ၂၀၁၃ ခုနှစ်က စတင်အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်သည်။

၂၀၁၃ ခုနှစ်မတ်လတွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည့် ကုမ္ပဏီအဖွဲ့အစည်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနက တင်ဒါခေါ်ယူခဲ့ရာ တိုင်းရင်းသားလုပ်ငန်းရှင်များဖြစ်သည့် မြန်မာစေတနာကုမ္ပဏီနှင့် ထိုက်စင်ကုမ္ပဏီတို့က တင်ဒါအောင်မြင်ခဲ့သောကြောင့် ယင်းနှစ် အောက်တိုဘာလအတွင်း စာချုပ်ချုပ်ဆို၍ နိုဝင်ဘာလ ၁ ရက်ကလုပ်ငန်းစတင် အကောင်အထည်ဖော်ခဲ့ကြောင်း သိရသည်။

အသစ်ပြန်လည်တည်ဆောက်သည့် အဆိုပါ အိမ်ရာစီမံကိန်းတွင် ရှစ်ခန်း တွဲခြောက်ထပ် ကားပါကင်အပါ အဆောက်အအုံတစ်လုံး၊ ရှစ်ခန်းတွဲခြောက်ထပ် နှစ်လုံးနဲ့ ကိုယ်ကာယလေ့ကျင့်ခန်းမနှင့် ရေကူးကန်တို့ပါဝင်သည့် အဆောက်အအုံတစ်လုံးတို့ကို ထည့်သွင်းထားပြီး တင်ဒါအောင်မြင်ခဲ့သည့် ကုမ္ပဏီနှစ်ခုက လူနေအိမ်ခန်းပေါင်း ၁၂၀ ကို သတ်မှတ်ချိန်အမီ ပြီးစီးရေးဆောင်ရွက်ခဲ့ရာ ယခုအခါ မူလနေထိုင်သူများအတွက် ဆောက်လုပ်ထားသည့် အဆောက်အအုံများ ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

ရွှေဂုံ(လင့်လမ်း) အိမ်ရာစီမံကိန်းအတွက် နိုင်ငံတော်မှ မြေပိုင်ရှင်အဖြစ် မြေတန်ဖိုးကိုရင်းနှီးမြှုပ်နှံထားရပြီး အနီးစပ်ဆုံး ကာလပေါက်ဈေးနှင့် နှိုင်းယှဉ်တွက်ချက်ကြည့်မည်ဆိုပါက တစ်စတုရန်းပေလျှင် ငွေကျပ်တစ်သိန်းခွဲဖြင့် နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ စုစုပေါင်း ငွေကျပ်သိန်း ၁၄၆၉၄၉ ဒသမ ၆၆ သိန်းဖြစ်ကြောင်း၊ လုပ်ငန်းလက်ခံသူ ကုမ္ပဏီနှစ်ခုက အဆောက်အအုံနှင့် Infrastructure လုပ်ငန်းများ ဆောက်လုပ်မှု ကုန်ကျစရိတ်တန်ဖိုးမှာ ငွေကျပ်သိန်း ၁၃၀၀၀၀ ဒသမ ၀၀ ဖြစ်ကြောင်း၊ သို့အတွက်ကြောင့် နိုင်ငံတော်နှင့် ကုမ္ပဏီလုပ်ငန်းများ၏ရင်းနှီးမြှုပ်နှံမှုအချိုးမှာ ၅၃ ရာခိုင်နှုန်းနှင့် ၄၇ ရာခိုင်နှုန်းဖြစ်ပြီး အကျိုးအမြတ် ခွဲဝေသတ်မှတ်ရာတွင်မူ နိုင်ငံတော်က ၅၁ ရာခိုင်နှုန်းနှင့် လုပ်ငန်းရှင်များဘက်က ၄၉ ရာခိုင်နှုန်းဖြစ်ကြောင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရှိရသည်။

"အခန်းတစ်ခန်းစီမှာ မိသားစုအိပ်ခန်းတစ်ခန်းနဲ့ ရိုးရိုးအိပ်ခန်းနှစ်ခန်းစီ၊ ထမင်းစားခန်း၊ ဧည့်ခန်း၊ မီးဖိုခန်းများပါဝင်မှာ ဖြစ်ပါတယ်။ ရေ၊ မီးနှင့်ဓာတ်လှေကားတွေ၊ မီးသတ်စနစ်တွေကိုလည်း တပ်ဆင်ထားပြီး ကားပါကင်လည်း ပါဝင်ပါတယ်"ဟု မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မိမိတင်က ပြောသည်။

**(မြန်မာ့အလင်း)**

# ကျိုက်မရောမြို့နယ်တွင် လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ရာမှမီးလောင်

**မော်လမြိုင် ဇန်နဝါရီ ၇**

ကျိုက်မရောမြို့နယ် တရနာကျေးရွာ စက်ပိုင်းရပ်ကွက်နေ ဦးသန်းစိန် ပိုင်ဆိုင်သည့် ဆန်စက်ဝင်းအတွင်း ဆန်စက်လုပ်သား ကျော်ဦးနေထိုင်သည့် ဖက်မိုး၊ ထရံကာ၊ ပျဉ်ခင်းမြေစိုက်တဲ၌ ဇန်နဝါရီ ၇ ရက် နံနက် ၁ နာရီ ၁၅ မိနစ်က လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်၍ မီးလောင်မှုဖြစ်ပွားခဲ့ရာ မြေစိုက်အစောင့်တဲနှစ်လုံး၊ ဆန်စက်နှစ်လုံးနှင့် ဆန်စက်နှစ်လုံးအတွင်းရှိ စပါးတင်း ၅၀ မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူများ၊ မီးသတ်ယာဉ် ကိုးစီးဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့မှုကြောင့် နံနက် ၂နာရီမိနစ် ၂၀ တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန်ထိခိုက်မှုမရှိကြောင်းနှင့် လျှပ်စစ်မီးသုံးစွဲသူ ကျော်ဦး(၃၄နှစ်)ကို ကျိုက်မရောမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ **တင်ထွန်း**

# မရင်းကြီးရွာလမ်းဆုံ၌ မော်တော်ဆိုင်ကယ်နှင့်အတူ ဘိန်းစာမှုန့်ထုပ်များ ဖမ်းဆီးရမိ

**တနင်္သာရီ ဇန်နဝါရီ ၇**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး စောမောင်၏ ညွှန်ကြားချက်အရ ဇန်နဝါရီ ၅ ရက် ညနေ ၅ နာရီက ဆင်ခြေဖုန်းကျေးရွာအုပ်စု မရင်းကြီးကျေးရွာအဝင် လမ်းဆုံနေရာ၌ မြို့မရဲစခန်းမှူး ရဲအုပ်မောင်မောင်နှင့်အဖွဲ့သည် ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်နေစဉ် မော်တော်ဆိုင်ကယ်နှင့်အတူ ဘိန်းစာမှုန့် အထုပ် ၉၀ ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မရင်းကြီးကျေးရွာဘက်မှ မောင်းနှင်လာသော အဖြူရောင် မော်တော်ဆိုင်ကယ်(လိုင်စင်စစ်ဆေးဆဲ)ကို ရပ်တန့်စစ်ဆေးရာ ကျော်ကိုကို(၂၅ နှစ်) တလိုင်းစုရပ်ကွက် မြိတ်မြို့နေသူ၏ ဆိုင်ကယ်အရှေ့တွင် ညှပ်၍ တင်ဆောင်လာသည့် ခြင်းတောင်းအတွင်းမှ တစ်ထုပ်လျှင် အလေးချိန် ၀ ဒသမ ၀၈ ကီလိုဂရမ်ခန့်ရှိ ဘိန်းစာမှုန့်ဟုယူဆရသော စိမ်းဝါရောင်အမှုန့် အထုပ် ၄၀၊ ၃ ဒသမ ၂ ကီလိုဂရမ်နှင့် ဆိုင်ကယ်ထိုင်ခုံအောက်အတွင်းမှ အထုပ် ၅၀၊ ၄ ကီလိုဂရမ် စုစုပေါင်းအထုပ် ၉၀၊ ၇ ဒသမ ၂ ကီလိုဂရမ်ခန့်အား ကျော်ကိုကိုထံမှ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ထိုဖြစ်စဉ်နှင့်ပတ်သက်၍ ကျော်ကိုကိုအားစစ်ဆေးရာ အဆိုပါ ဘိန်းစာမှုန့် အထုပ်များကို ဘန်လောကျေးရွာအုပ်စု ဘန်လင်ရွာနေ အိုတုတ် (၄၅ နှစ်) ထံမှ တစ်ထုပ်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုသဖြင့် ဘိန်းစာမှုန့်များကို လက်ဝယ်ထားရှိသူ ကျော်ကိုကိုနှင့်အိုတုတ်တို့ကို တနင်္သာရီ မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**နန်းသာရီထိန်ဝင်း**



# နှစ်လုံးလောင်းကစားပစ္စည်းများနှင့်အတူ အမျိုးသမီးတစ်ဦး ဖမ်းမိ

**မလှိုင် ဇန်နဝါရီ ၇**

မလှိုင်မြို့နယ် ထန်းတောအုပ်စု ထန်းတောကျေးရွာတွင် ဇန်နဝါရီ ၆ ရက် ညနေ ၄ နာရီခွဲခန့်က နှစ်လုံးလောင်းကစားရာတွင် အသုံးပြုသောပစ္စည်းများကို လောင်းကြေးငွေများနှင့်အတူ အမျိုးသမီးတစ်ဦးအား ဖမ်းမိကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးက သိရသည်။

ဖြစ်စဉ်မှာ အဆိုပါကျေးရွာ၌ တရားမဝင်နှစ်လုံးထီလောင်းကစားနေကြောင်း သတင်းအရ မလှိုင်မြို့နယ် ဆည်တိုရဲကင်းစခန်းမှူး ရဲအုပ်သန့်ဇော်နှင့် တာဝန်ရှိသူများသည် မလှိုင်မြို့နယ်ထန်းတောကျေးရွာနေမငယ်(ခ) ဝါဝါလင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာမငယ်(ခ) ဝါဝါလင်းအား နေအိမ်အောက်ထပ်တွင် တွေ့ရှိရပြီး နှစ်လုံး/သုံးလုံး ဂဏန်းနှင့်ငွေတန်ဖိုးများ ရေးသားထားသော စာရွက်စာတမ်းများနှင့် လောင်းကြေးငွေကျပ် ၃၀၀၀၀ နှင့်အတူ တွေ့ရှိရသဖြင့် မလှိုင်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

# ရောဝတီတံတား(ပခုက္ကူ)ပေါ်တွင် ဆိုင်ကယ်တိမ်းမှောက် အမျိုးသားတစ်ဦး ဒဏ်ရာများရရှိ

**ပခုက္ကူ ဇန်နဝါရီ ၇**

ပခုက္ကူမြို့ ဧရာဝတီတံတား(ပခုက္ကူ)ပေါ်တွင် ဇန်နဝါရီ ၆ ရက် ညပိုင်းက ဆိုင်ကယ်တစ်စီး တိမ်းမှောက်ခဲ့သောကြောင့် ယာဉ်မောင်း တစ်ဦး(စိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့မှု ဖြစ်ပွားခဲ့ကြောင်း ပခုက္ကူခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၆ ရက် ည ၁၁ နာရီ မိနစ် ၅၀ က အမှတ်(၁၅) ရပ်ကွက် ဧရာဝတီတံတား(ပခုက္ကူ) တိုင်အမှတ် K 13 နှင့် K 14 ကြားတွင် ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သတင်းအရ ယာဉ်ထိန်းရုံးမှ ဒုရဲအုပ် ခင်မောင်ထွန်း သွားရောက်စစ်ဆေးခဲ့ရာ ဧရာဝတီတံတားပေါ်တွင် ပခုက္ကူမြို့ဘက်မှ ညောင်ဦးဘက်သို့ ယာဉ်မောင်း အမည်မသိ (စုံစမ်းဆဲ) အသက် ၂၅ နှစ်ခန့်သည် နံပါတ်မပါ ဆိုင်ကယ်ကို လမ်း၏ ယာဘက်ကပ်၍ မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ ယာဉ်တိမ်းမှောက်ပြီး ဒဏ်ရာများ (စိုးရိမ်ရ) ရရှိခဲ့ခြင်းဖြစ်ကြောင်း အမှုစစ်၏ စစ်ဆေးချက်အရ သိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်ကယ် မဆင်မခြင်မောင်းနှင်သူ (စုံစမ်းဆဲ) အား ပခုက္ကူ မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **ကျော်ဇေယျ**

# လမ်းဖြတ်ကူးသူအမျိုးသမီးတစ်ဦး ယာဉ်တိုက်မှုကြောင့် သေဆုံး

**မော်လမြိုင် ဇန်နဝါရီ ၇**

ပေါင်မြို့နယ် ကျခတ်ငူကျေးရွာအုပ်စု လက်ပံကျေးရွာ ရန်ကုန်-မော်လမြိုင်ကားလမ်းတွင် ဇန်နဝါရီ ၆ ရက် ညနေ ၅ နာရီ မိနစ် ၄၀ခန့်က မော်လမြိုင်မြို့ဘက်မှ သထုံမြို့ဘက်သို့ ပေါင်မြို့နယ် ကဒါရပ်ကွက်မြို့သစ် (၆) လမ်းနေ ဉက္ကာကြည်စိုး(၂၃ နှစ်)မောင်းနှင်သည့် မော်တော်ယာဉ်သည်လမ်းဖြတ်ကူးသူ ပေါင်မြို့နယ် လက်ပံကျေးရွာနေ ဒေါ်ဝင်း(၇၅ နှစ်)ကို တိုက်မိခဲ့သဖြင့် ဒေါ်ဝင်းမှာ ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။

အဆိုပါယာဉ်တိုက်မှုနှင့်ပတ်သက်၍ ဉက္ကာကြည်စိုးကို မုတ္တမနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **တင်ထွန်း(မော်လမြိုင်)**

# ရေနွေးအိုးကျိုချက်ရာမှ ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးလောင်

**ကောလင်း ဇန်နဝါရီ ၇**

ကသာခရိုင် ကောလင်းမြို့နယ် ရဲစခန်းအနောက် တစ်မိုင်ခန့် နန္ဒင်းတောအုပ်စု ရွာမကျေးရွာနေ ဦးစိုးမြင့်သိန်း ၅၂ နှစ်၏ နေအိမ်တွင် ဇန်နဝါရီ ၇ ရက် နံနက်က လျှပ်စစ်ရေနွေးအိုးကျိုချက်ရာမှ ဝိုင်ယာရှော့ခ်ဖြစ်ပြီး ၂၄ ပေ ပတ်လည် လေးပင်သုံးခန်း သက်ငယ်မိုးထရံကာ ပျဉ်ခင်း နေအိမ်တစ်လုံး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် မီးဘေးအန္တရာယ်ပေါ့ဆစွာ အသုံးပြုခဲ့သော ဦးစိုးမြင့်သိန်းအား ကောလင်းမြို့နယ် ရဲစခန်းမှ အရေးယူထားကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ


### ဖိတ်ကြားလွှာ

အမှတ်(၂၀)လေတပ်တိုက်ခိုက်ရေးတပ်ရင်း(၁)၏ နှစ်(၅၀)မြောက်မိတ်ဆုံစားပွဲသို့ သူငယ်ချင်း များနှင့်မိသားစုဝင်များ အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၀-၁-၂၀၁၆(တနင်္ဂနွေနေ့)
အချိန် - နံနက်(၈း၀၀)နာရီ
နေရာ - Z-23 ၊ တိုးချဲ့(၂)၊ အရှေ့ခြမ်း၊ ဗညားနွဲ့လမ်း၊ မှော်ဘီမြို့။ (ဦးတင်အောင်နေအိမ်)

ဆက်သွယ်ရန် ဖုန်း ၀၉-၄၃၀၂၄၉၂၄

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကောလင်းမြို့၊ မြောက်အင်းရပ်နေ ဦးမင်းသက်ခိုင် ၅/ကလတ(နိုင်)၀၀၀၁၉၅ (ရုံပိုင်-မြန်မာ့မီးရထား)နှင့် ဦးချယ်ရီထွန်းမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကောလင်းမြို့၊ စက်ရုံလယ်ပြင်ရပ်နေ ဒေါ်အမာစိန် ၅/ကလတ(နိုင်)၀၀၂၁၀၂ (အထက်တန်းပြဆရာမ၊ အထကကောလင်း)နှင့် ဒေါ်ခင်မာနွယ်ရီမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

### အမှတ် ၁၄၊ မင်းနန္ဒာလမ်း၊ မင်းနန္ဒာအိမ်ရာ၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ အိမ်မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-မင်းနန္ဒာအိမ်ရာစီမံကိန်း၊ လူနေရပ်ကွက်အမှတ်-စက်မှုလက်မှုရပ်ကွက်၊ မြေကွက်အမှတ် ၂၇၂၊ ဧရိယာ ၀ဒသမ၁၆၃ဧက အကျယ်ရှိ နှစ် ၆၀ဂရန်မြေအမျိုးအစား မြေကွက်နှင့် အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ကေသွယ်မြင့်(ခ)ဒေါ်ကျင်အောင် ၁၃/ပလန(နိုင်)၀၃၈၂၇၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်စောဦး(တရားလွှတ်တော်ရှေ့နေ)
စဉ်-၆၇၀၂
အမှတ် ၅၆၁၊ (M.A.C Tower) အခန်း-၁၀၂၊
ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

### နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

ပိန်းဇလုပ်ဒေသမှ ရန်ကုန်မြို့သို့ ရောက်ရှိကြကုန်သော မိတ်သင်္ဂဟအပေါင်းတို့ ခင်ဗျား ပိန်းဇလုပ်ဒေသအသင်း ရန်ကုန်နှစ်ပတ်လည်အစည်းအဝေးအား အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် မိသားစုနှင့်တကွ (မပျက်မကွက်) ကြွရောက်ကြပါရန် ပိန်းဇလုပ်ဒေသသူ/သား အားလုံးတို့ကို ဖိတ်ကြားအပ်ပါသည်။

မှတ်ချက်။ ။ သီးခြားဖိတ်စာပေးပို့ခြင်းမပြုပါ။

**ကျင်းပမည့်ရက်** - ၁၇-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၉ နာရီတိတိ
**ကျင်းပမည့်နေရာ** - အရိယကျောင်းတိုက် ရွှေတိဂုံဘုရားအရှေ့ဘက်-ကြားတောရလမ်း၊ ဗဟန်းမြို့နယ်။
**ကားမှတ်တိုင်** - ဗဟန်း(၃)လမ်း၊ မှတ်တိုင်တွင်ဆင်းပါ။
**ကျွေးမွေးမည့်အစီအစဉ်** - နေ့လယ်စာဖြင့်ဧည့်ခံပါမည်။

**ပိန်းဇလုပ်ဒေသအသင်း**
**ရန်ကုန်မြို့**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ် ၂၆ ဟုခေါ်တွင်သော မြေကွက်တွင် ဆောက်လုပ်ထားသော နှစ်ခန်းတွဲသုံးထပ်ခွဲတိုက်၏ ဒုတိယထပ် (ညာဘက်ခြမ်း) (ခြေရင်းခန်း)၊ အကျယ်အဝန်း ခန့်မှန်း ပေ(၁၂× ၄၅)ရှိ မျက်မြင်အခြေအနေအတိုင်းတည်ရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ၇-၇-၂၀၁၅ရက်စွဲပါ အရောင်းအဝယ်စာချုပ်ဖြင့် ကန်ထရိုက်တာ ဦးဝင်းသူနိုင်ထံမှ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ရှိသော တိုက်ခန်းဖြစ်ကြောင်း၊ မည်သူ့ကိုမဆို လွတ်လပ်စွာပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံတင်ပြသူ ဦးကျော်ဇင် HLG-၀၄၀၁၄၅ ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးဇော်ဝင်းထွန်း(LL.B, D.B.L) | ဦးကျော်ဆန်းဝင်း(LL.B) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၀၃) | အထက်တန်းရှေ့နေ(စဉ်-၃၂၁၀၆) |

အမှတ် ၂၈၊ မြေညီထပ်၊ မင်္ဂလာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၀၃၄၆၅၂၊ ၀၉-၄၅၀၀၃၉၂၁၀၊ ၀၉-၅၄၀၆၈၀၈

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆည်မြောင်းဦးစီးဌာနမှ မုံရွာမြို့နယ် ညောင်ကိုင်းအင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းအတွက်အသုံးပြုရန် ဒီဇယ်ဆီဂါလန် ၇၄၀၀၊ SAE (40)၇၈ ဂါလန်၊ SAE (10) ၅၅ ဂါလန် ဝယ်ယူလိုပါသဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရယူရန်** - ၈-၁-၂၀၁၆ရက်မှ ၁၄-၁-၂၀၁၆ရက်အထိ
(ခ) **တင်ဒါတင်သွင်းရန်** - ၁၄-၁-၂၀၁၆ရက် ညနေ ၄ နာရီ
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့။
(ဃ) ဆက်သွယ်ရန်ဖုန်း-၀၇၁-၂၀၃၂၇၆၉၊ ၀၇၁-၂၃၆၂၆

**တင်ဒါခေါ်ယူရေးကော်မတီ**

### အိတ်ဖွင့်တင်ဒါ(Open Tender)ဖွင့်လှစ်မည့်ရက် ပြင်ဆင်သတ်မှတ်ခြင်း

ကရင်ပြည်နယ်အစိုးရအဖွဲ့၏အမှုပြီးပြတ်သော ဘဏ္ဍာသိမ်းမော်တော်ယာဉ်များ အိတ်ဖွင့်တင်ဒါဖွင့်ပွဲအား မူလကြေညာထားသည့် ၈-၁-၂၀၁၆ရက်အစား ၁၈-၁-၂၀၁၆ရက် မွန်းလွဲ ၁ နာရီတွင် ပြောင်းလဲဖွင့်လှစ်မည်ဖြစ်ပါကြောင်းနှင့် အသေးစိတ်အား အောက်ပါကော်မတီသို့ စုံစမ်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဆက်သွယ်ရန် ဖုန်း-၀၅၈-၂၁၀၅၂၊ ၀၅၈-၂၂၂၆၀၊ ၀၅၈-၂၁၁၆၀**
**ကရင်ပြည်နယ်အစိုးရအဖွဲ့**
**ဘဏ္ဍာသိမ်းမော်တော်ယာဉ်တင်ဒါရောင်းချရေးကော်မတီ**
**ဘားအံမြို့**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စောအေးမင်းဖြိုး ၉/ခအဇ(နိုင်)၀၀၀၄၇၆၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၀၃၁၃၂၃

### အမည်ပြောင်း

ဦးဝင်းဌေး၏သား အလုံမြို့နယ်၊ အထက(၄) ဒုတိယတန်းမှ မောင်သန့်ထူးစံအား ယနေ့မှစ၍ မောင်သန့်ထူးအောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်သန့်ထူးအောင်**

# ရှမ်းယူနိုက်တက်အသင်းကို ကမ္ဘောဇဘဏ်နှင့် SCANIA AB တို့ ထောက်ပံ့ကူညီမည်




**ရန်ကုန် ဇန်နဝါရီ ၇**

ရှမ်းပြည်နယ်ကိုယ်စားပြု ရှမ်းယူနိုက်တက် ဘောလုံးအသင်းကို ၂၀၁၆ ဘောလုံးရာသီအတွက် ကမ္ဘောဇဘဏ်လီမိတက်နှင့် SCANIA ကားကုမ္ပဏီတို့က ထောက်ပံ့ကူညီသွားမည်ဖြစ်ပြီး SCANIA ကားကုမ္ပဏီ၏ ထောက်ပံ့ကူညီမည့် စပွန်ဆာစာချုပ်ကို ဇန်နဝါရီ ၆ ရက် မွန်းလွဲပိုင်းက ချုပ်ဆိုခဲ့သည်။

ရှမ်းယူနိုက်တက် ဘောလုံးအသင်း၏ဝတ်စုံများတွင် ကမ္ဘောဇဘဏ်၏ အမှတ်တံဆိပ်ဖြစ်သော KBZ BANK ကို ရိုက်နှိပ်ဖော်ပြမည်ဖြစ်သကဲ့သို့ SCANIA AB အမှတ်တံဆိပ်ကိုလည်း မြင်တွေ့ရမည်ဖြစ်သည်။ ထောက်ပံ့ကူညီမှုများနှင့်ပတ်သက်ပြီး ရှမ်းယူနိုက်တက်အသင်း ဒုဥက္ကဋ္ဌနှင့် စီအီးအို ဦးခွန်နောင်မြင့်ဝေက "ရှမ်းယူနိုက်တက်အသင်းဆိုတာ မြန်မာ့ဘောလုံးလောကတိုးတက်ရေးအတွက် ရည်ရွယ်ဖွဲ့စည်းထားတဲ့ ဘောလုံးအသင်းပါ။ ကျွန်တော်တို့ ဘောလုံးအသင်းကို အခုလို ထောက်ပံ့ကူညီတဲ့အတွက် အထူးပဲ ဂုဏ်ယူဝမ်းမြောက်ပါတယ်။ ထောက်ပံ့ကူညီတဲ့သူတွေအတွက် ကျွန်တော်တို့အသင်းက အကောင်းဆုံးရလဒ်တွေ ဖန်တီးပြီး ပြန်အကျိုးပြုသွားမှာပါ" ဟု ပြောကြားသည်။ ရှမ်းယူနိုက်တက်အသင်းကို ထောက်ပံ့ကူညီလျက်ရှိသော ကမ္ဘောဇဘဏ်သည် မြန်မာနိုင်ငံတွင် ဘဏ်ခွဲအများဆုံးနှင့် အအောင်မြင်ဆုံးဘဏ်အဖြစ် အသိအမှတ်ပြုခံထားရသလို အခြားထောက်ပံ့ကူညီသူတစ်ဦးဖြစ်သော SCANIA ကားကုမ္ပဏီမှာလည်း ဆွီဒင်နိုင်ငံထုတ် အဆင့်မြင့် ကားများကို တင်သွင်းခြင်းဖြင့် မြန်မာ့ Express ကားဈေးကွက်ဝေစုကို အများဆုံးရယူထားသည်။ ထို SCANIA ကားများကို OCTAGON ကုမ္ပဏီက မြန်မာနိုင်ငံအတွက် တင်သွင်းလျက်ရှိရာ အထူးအောင်မြင်လျက်ရှိသည်။

ရှမ်းယူနိုက်တက်အသင်းသည် ရာသီကြိုအသင်းပြင်ဆင်မှုအနေဖြင့် သီဟစည်သူ၊ နေလင်းထွန်း၊ ဟိန်းသီဟဇော်အပါအဝင် မြန်မာ့လက်ရွေးစင်အဆင့် ကစားသမားခြောက်ဦးကို အားဖြည့်ခေါ်ယူကာ အသင်း အောင်မြင်မှုရရှိရေးအတွက် အထူးပြင်ဆင်လျက်ရှိသည်။

၂၀၁၆ မြန်မာနေရှင်နယ်လိဂ် အိမ်ကွင်း ပထမဆုံးပွဲအနေဖြင့် တောင်ကြီးကွင်း၌ ဇန်နဝါရီ ၁၀ ရက်တွင် ဟံသာဝတီယူနိုက်တက်အသင်းကို လက်ခံကစားမည်ဖြစ်ပြီး ထိုပွဲမတိုင်မီတွင် အသင်းအား ရှမ်းပြည်နယ် မြို့ခံပရိသတ်ထံအပ်နှံပွဲကိုပါ ခမ်းနားစွာ ကျင်းပသွားမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

❈ ***ကျောဖုံးမှ***

ရှမ်းယူနိုက်တက်အသင်းမှာ ပွဲဦးထွက်ပွဲယှဉ်ပြိုင်မည့် ဟံသာဝတီအသင်းနှင့် ပွဲမတိုင်မီ အသင်းအပ်နှံပွဲပြုလုပ်သွားမည်ဖြစ်သည်။ MNL ကလပ်အသင်းများမှာ ရာသီသစ်အတွက် ပြင်ဆင်မှုများစွာ ပြုလုပ်ထားပြီး အသင်း ၁၂ သင်းအနက် ၁၁ သင်းမှာ နိုင်ငံခြားသားကစားသမားများ ခေါ်ယူထားပြီး Southern တစ်သင်းသာ ပြည်တွင်းကစားသမားများဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။

ပွဲစဉ် (၁)တွင် အသင်းကြီးများဖြစ်သည့် လက်ရှိချန်ပီယံ ရန်ကုန်အသင်းအပါအဝင် ရတနာပုံ၊ မကွေး၊ ရှမ်းယူနိုက်တက်၊ ဧရာဝတီအသင်းများမှာ ပွဲကျပ်များ ကစားရမည်ဖြစ်သည်။ လက်ရှိချန်ပီယံ ရန်ကုန်အသင်းမှာ ပွဲဦးထွက်ပွဲကိုအိမ်ကွင်း၌ ကစားရမည်ဖြစ်သော်လည်း မကွေးအသင်းနှင့် တွေ့ဆုံနေသောကြောင့် ခက်ခက်ခဲခဲ ကစားရဖွယ်ရှိနေသည်။ ရှမ်းယူနိုက်တက်အသင်းမှာ အိမ်ကွင်းဖွင့်ပွဲကို ကစားပုံမာကျောသည့် ဟံသာဝတီအသင်းနှင့် ကစားရမည်ဖြစ်ရာ အားကုန်ထုတ်ရဖွယ်ရှိနေသည်။

**ရန်ကုန်-မကွေး**

၂၀၁၅ ရာသီက အိမ်ကွင်းတွင် အရှုံးပေးခဲ့ရသည့် ရန်ကုန်အသင်းအတွက် ရုန်းကန်ရမည့်ပွဲဖြစ်ခဲ့သည်။ အမာခံကစားသမားများကို ဆက်ထိန်းထားနိုင်ခဲ့သည့် မကွေးအသင်းမှာ အင်အားပိုမိုတောင့်တင်းလာဖွယ်ရှိနေပြီး ရန်ကုန်အသင်းအနေဖြင့် စနစ်တကျပြင်ဆင်မှသာ ရလဒ်ကောင်းဖွယ်ရှိနေသည်။

**ရတနာပုံ-ဧရာဝတီ**

ကစားသမားနှင့် နည်းပြပြောင်းလဲထားသည့် ဧရာဝတီအသင်း၏အနေအထားကို စောင့်ကြည့်ရမည်ဖြစ်သည်။ ဧရာဝတီအသင်း၏ အထိုင်မကျသေးမှုကို ရတနာပုံအသင်း အခွင့်အရေးယူနိုင်ပါက အိမ်ကွင်းတွင် အဖွင့်လှမည်ဖြစ်သည်။

**ရှမ်းယူနိုက်တက်-ဟံသာဝတီ**

နည်းပြသစ်၊ ကစားသမားသစ်၊ အသင်းအမည်အသစ်များဖြင့် အပြောင်းအလဲများစွာ ပြုလုပ်ထားသည့် ရှမ်းယူနိုက်တက်အသင်း၏ ပွဲဦးထွက်ခြေစွမ်းက စိတ်ဝင်စားစရာကောင်းလှသည်။ ဟံသာဝတီအသင်း၏ ကစားပုံကြောင့် ရှမ်းယူနိုက်တက်အသင်း ရုန်းကန်ရနိုင်သော်လည်း ကစားသမားအသစ်များ အံဝင်ပါက အခြေအနေကောင်းနိုင်မည်ဖြစ်သည်။

# ဆီမီးဖိုင်နယ် ပထမအကျော့ အဲဗာတန်တို့အနိုင်ရ

အင်္ဂလန် ကက်ပီတယ်ဝမ်းဖလား ဆီမီးဖိုင်နယ် ပထမအကျော့ ပွဲစဉ်တစ်ပွဲဖြစ်သည့် အဲဗာတန်နှင့် မန်စီးတီးတို့သည် ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင်အဲဗာတန်အသင်း နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် နှစ်သင်းစလုံး ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်လာခဲ့ကြသည်။ အဲဗာတန်ပွဲထွက် လူစာရင်းတွင် လူကာကူ၊ ဘီဆစ်၊ ကာလီဘာလေ၊ ရော့စ်ဘက်ခ်လေ၊ ဒျူလိုဖီး၊ ဘာရီ၊ လေတန်ဘိန်း၊ မိုရီ၊ ဂျွန်စတုန်း၊ကိုးလ်မန်းနှင့် ဂိုး-ဂျိုးရိုဘလက်စ်တို့ ပါဝင်ခဲ့သည်။ ဧည့်သည် မန်စီးတီးတွင် အဂူရို၊ ယာယာတိုရေး၊ ဆေးလ်ဗား၊ ဖာဘီယန်၊ ဖာနန်ဒင်ဟို၊ ဒီဘရိုင်း၊ မန်ဂါလာ၊ အော့တာမန်ဒီ၊ ဆက်ဂ်ညာ၊ ဆီလီချီနှင့် ဂိုး-ကာဘယ်လီရိုတို့ ပါဝင်ခဲ့သည်။

ပထမပိုင်းပြီးခါနီး ပွဲချိန် ၄၅ မိနစ်တွင် နောက်တန်းကစားသမား မိုရီ၏ သွင်းဂိုးဖြင့် အဲဗာတန်အသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ ဒုတိယပိုင်းတွင် မန်စီးတီးချေပဂိုးရရှိရန် လူစားလဲမှုများပြုလုပ်ခဲ့ပြီး ပွဲချိန် ၇၆ မိနစ်တွင် လူစားဝင်လာသော ဂျီးဆပ်နားဗက်စ်က မန်စီးတီးအတွက် ချေပဂိုးသွင်းယူပေးခဲ့သည်။ အိမ်ရှင် အဲဗာတန်အသင်းသည် ကက်ပီတယ်ဝမ်းဖလားကို တစ်ကြိမ်တစ်ခါမှ မရရှိဖူးသည့်အတွက် နိုင်လိုစိတ်ပြင်းပြစွာ တန်ပြန်တိုက်စစ်ဆင်ခဲ့ရာ ပွဲချိန် ၇၈ မိနစ်တွင် အဲဗာတန်အတွက် အနိုင်ဂိုးကို တိုက်စစ်မှူး လူကာကူက သွင်းယူပေးခဲ့သည်။ **(အောက်ပုံ)**



မန်စီးတီးအသင်းသည် ကက်ပီတယ်ဝမ်းဖလားကို သုံးကြိမ်ရရှိထားပြီး ဒုတိယတစ်ကြိမ် ရရှိထားသည်။ ဒုတိယအကျော့ပွဲစဉ်ကို ဇန်နဝါရီ ၂၇ ရက်တွင် မန်စီးတီး အိမ်ကွင်း၌ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **သီဟ**

**အီတလီစီးရီးအေ**
**ပွဲစဉ်(၁၈) ဂိုးရလဒ်များ**

| | | |
|---|---|---|
| အူဒီးနိစ် | ၂-၁ | အတ္တလန္တာ |
| ချီယေဗို | ၃-၃ | ရိုးမား |
| ဂျူဗင်တပ်စ် | ၃-၀ | ဗီရိုနာ |
| လာဇီယို | ၀-၀ | ကာပီ |
| အေစီမီလန် | ၀-၁ | ဘိုလော့နာ |
| ပါလာမို | ၁-၃ | ဖီအို |
| ဆက်ဆူအိုလို | ၂-၂ | ဖရိုစီနိုနီ |
| အမ်ပိုလီ | ၀-၁ | အင်တာ |
| နာပိုလီ | ၂-၁ | တိုရီနို |

**စပိန်ကိုပါဒယ်လ်ရေးဖလား**

| | | |
|---|---|---|
| ဘီလ်ဘာအို | ၃-၂ | ဗီလာရီးရဲလ် |
| ဗလင်စီယာ | ၄-၀ | ဂရန်နာဒါ |
| မီရန်ဒက်စ် | ၁-၁ | ဒီပို့တီဗို |
| ဘက်တစ် | ၀-၂ | ဆီဗီလာ |
| ဘာစီလိုနာ | ၄-၁ | အက်စ်ပန်ညို |
| ဗယ်လက် | ၁-၁ | အက်သလက် |
| ကာနို | | တီကို |


## လိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၆ (၄-၁-၂၀၁၆)ဖြင့် သုဓမ္မမဏိဇောတဓရ ဦးကျော်ဌေး (မန်နေဂျင်းဒါရိုက်တာ) ဆုထူးပန်ကျောက်မျက်ကုမ္ပဏီ၏ ချစ်ဇနီး ဒေါ်ခိုင်သက်မွန် (ဒါရိုက်တာ) ဆုထူးပန်ကျောက်မျက်ကုမ္ပဏီအား သာသနာတော်ဆိုင်ရာ **သုဓမ္မသိင်္ဂီဘွဲ့**တံဆိပ်အား ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ လိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

**ဦးရဲဝင်း-ဒေါ်စိန်ဌေး**
**ကိုထွန်းလင်း-မဆိုင်းပန်**
**ရွှေလသာဝါဝါဝင်းကျောက်မျက်ကုမ္ပဏီ(မန္တလေးမြို့)**

FAME **Nephrotec®** For healthy kidney ကျောက်ကပ်ဆေး
TMR 012139 (0516) ၂/၂၀၁၅ တဆထလ/တိုး(၀၆၅၃)
ISO 9001 : 2008 ISO 14001 : 2004 OHSAS 18001 : 2007 GMP Certified Organic Certified

FAME **Urocrush®** For renal stones ဆီးကျောက်ပျော်ဆေး
TMR 006245 (0717) ၂/၂၀၁၅ တဆထလ/တိုး(၀၆၅၃)
ISO 9001 : 2008 ISO 14001 : 2004 OHSAS 18001 : 2007 GMP Certified Organic Certified

## အမည်ပြောင်း

ဦးဝင်းမင်း၏သမီး ကမာရွတ်မြို့နယ် Pism-Year(2F)မှ မဟန်နီဆွေအား ယနေ့မှစ၍ မခင်နှင်းလှဟု ပြောင်းလဲခေါ်ပါရန်။

**မခင်နှင်းလှ**

## ပြင်ဆင်ဖတ်ရှုပါရန်

၈-၁-၂၀၁၆ရက်ထုတ်စာမျက်နှာ (၃၀) ပါအများသိစေရန် ရှေ့နေဦးမောင်မောင်သန်းကြော်ငြာတွင် မင်းဘာကြီးလမ်း၊ အမှတ်(၂၇)အစား မင်းဘာကြီးလမ်း၊ ယခင်အခေါ်မဘ/၂၀၂ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1F/1680 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဆ/၉၆၂၉၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## လယ်တီရက်(၇၀)တရားစခန်းကျင်းပမည်

ကျေးဇူးရှင်လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာအလုပ်ပေးတရားကို ဇန်နဝါရီ ၁၅ ရက်မှစ၍ မတ်လ ၂၅ ရက်အထိ ရက်ရှည်တရားစခန်းကို ဆရာဦးကျော်နိုင်ထွန်းမှ ဓမ္မဒါနပြုမည်ဖြစ်၍ မည်သူမဆို လာရောက်အားထုတ်နိုင်ပါသည်။

**အချိန်** - နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ

**နေရာ** - ဓမ္မိကာရာမကျောင်းတိုက်၊ ကိုးထပ်ကြီးဝင်း၊ စမ်းချောင်းမြို့နယ်။

ရက်(၇၀)အတွင်း မိမိနိုင်သလောက် ဝင်ရောက်အားထုတ်နိုင်သည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၉၀၉၆၊ ၀၉-၇၈၂၃၉၉၂၅**

## စာရင်းစစ်ချုပ်ရုံး၊ ငွေစုငွေချေးအမှုဆောင်နှင့် အသင်းသားဟောင်းများ သိရှိရန်

၂၀၁၁-၂၀၁၂မှ ၂၀၁၄-၂၀၁၅အထိ အမြတ်ငွေများအား ၃၁-၃-၂၀၁၆ရက်နောက်ဆုံးထား၍ ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး အသင်းရုံးခန်းတွင် ကိုယ်တိုင် ဆက်သွယ်လာရောက်ထုတ်ယူနိုင်ပါရန်နှင့် သတ်မှတ်ရက်အတွင်း လာရောက်မထုတ်ယူပါက စာရင်းစစ်ဓမ္မာရုံပြုပြင်ရာတွင် ထည့်သွင်းလှူဒါန်းသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ဆေးရုံလမ်း၊ အမှတ်(၇)၊ မြေကွက်အမှတ်(၆၆/ခ) ဟု ခေါ်တွင်သော မြေဧရိယာ Layout Plan ၏ Top Floor Plan ၌ ဖော်ပြထားသည့် အကျယ်အဝန်းအတိုင်း၊ ခန့်မှန်းအကျယ်အဝန်း (၃၂၀၀)စတုရန်းပေ၊ ဂရန်မြေကွက်ပေါ်တွင် တည်ရှိဆောက်လုပ်နေဆဲဖြစ်သော မြေကွက်အမှတ် (၆၆/ခ)၊ အမှတ်(၇)၊ ဆေးရုံလမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်ဟုခေါ်တွင်သောPYI THAR YAR RESIDENCE Basement+Car Parking+၄ခန်းတည်း (၅½)ထပ်တိုက် (Lift ပါ) (Pent-house)တိုက်ခန်း။ (ကန်ထရိုက်တာအပိုင် အကျယ်အဝန်းအတိုင်း) (ခန့်မှန်း ၃၂၀၀ စတုရန်းပေ)(Car Parking)(၂)စီးနေရာပါ-အပါ။)အား ကန်ထရိုက်စနစ်အရ တရားဝင်ပိုင်ဆိုင်သူ ဦးဝင်းဆွေ ၁၃/မဆန(နိုင်)၀၀၂၈၉၀ ဝတီဦးဆောက်လုပ်ရေး (LC-၁၁၅၅)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူသည် အပြီးအပိုင် လက်ရောက်ဝယ်ယူရန် စရန်ငွေ(တန်ဖိုး၏ တစ်စိတ်တစ်ဒေသငွေ) ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်းမူရင်းများ အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုရက်ကျော်လွန်သည့်တိုင် လာရောက်ကန့်ကွက်မှုများမရှိပါက ဤတိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအာကာလင်း အထက်တန်းရှေ့နေ၊ လိုင်စင်အမှတ်-၂၅၁၃၄**
**အမှတ်(၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၂၆၀၃၉၉၀၃၅**

# မြန်မာနိုင်ငံ မီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

## မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

( ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁ ။ )

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(a) officer assigned duty by the Myanmar Port Authority means any officer assigned duty by the Myanmar Port Authority with the approval of the Ministry of Transport to levy the light-dues, expenses, costs and fines, and to perform the other duty under this Act."

၃။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၇၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(၂)၊ ပုဒ်မခွဲငယ်(က) နှင့် ပုဒ်မ ၁၈ တို့တွင် ပါရှိသော "President of the Union" ဆိုသည့်စကားရပ်ကို **"Ministry of Transport"** ဆိုသည့်စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၄။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(င)၊ ပုဒ်မ ၅၊ ပုဒ်မ ၁၉၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(၃)၊ ပုဒ်မ ၂၁ ဘေးခေါင်းစဉ်၊ ပုဒ်မ ၂၁ နှင့် ပုဒ်မ ၂၂ တို့တွင် ပါရှိသော "President of the Union" ဆိုသည့် စကားရပ်ကို "Myanmar Port Authority" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၅။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မ ၈၊ ပုဒ်မခွဲ(၁) နှင့် ပုဒ်မ ၁၆ တို့တွင် ပါရှိသော "President of the Union may" ဆိုသည့် စကားရပ်ကို "Ministry of Transport may, with the approval of the Government of the Union"ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၆။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"Appointment of the officer of lighthouse**

4. The Myanmar Port Authority may, with the approval of the Ministry of Transport, by notification, appoint an officer of lighthouse. In addition, in order to cooperate and coordinate together with the other marine related organizations internal or external for the purposes of channel safety, consistency with the international navigation standard, and implementation national maritime policy, lays the Lighthouse Division under the supervision of Master Attendant."

၇။ မြန်မာနိုင်ငံ မီးပြတိုက်အက်ဥပဒေ ပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"Superintendence and Management**

6. The superintendence and management of general lighthouses shall vest in the Ministry of Transport with the power to make arrangements it thinks fit, by contract or otherwise, and it may discharge this responsibility through the Myanmar Port Authority."

၈။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ ပုဒ်မ ၉၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၁၁ နှင့် ပုဒ်မ ၁၄ တို့တွင် ပါရှိသော "Customs-Collector" ဆိုသည့်စကားရပ်ကို "officer assigned duty by the Myanmar Port Authority with the approval of the Ministry of Transport" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၉။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ(၃)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(3) If any person refuses or neglects to produce any register or other papers or otherwise to satisfy the officer as to the true tonnage of any ship when required to do so under this section, such person shall be liable to pay the expenses of the measurement of the ship and of the ascertainment of the tonnage. Such person shall, on the reasonable ground of willful commission, further be liable to pay a fine from a minimum of fifty thousand to a maximum of one hundred thousand kyats, under the order passed by the Master Attendant or any officer with the approval of the Chief Executive Officer of the Myanmar Port Authority."

၁၀။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(၃)၏နောက်တွင် ပုဒ်မခွဲ(၄)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(4) The person who dissatisfies with the order passed by the Master Attendant or any officer under sub-section (3) may appeal to the Ministry of Transport within 60 days from the date of such order."

၁၁။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ ပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"Determination of disputes as to liability for payment**

13. If any dispute arises as to whether light-dues, expenses or costs are payable in respect of any ship under this Part of this Act, or as to the amount of such dues, expenses or costs, the dispute shall, on application made in this behalf by either of the disputing parties, be heard and determined by the Master Attendant or any officer assigned duty by the Myanmar Port Authority with the approval of the Chief Executive Officer of the Myanmar Port Authority, and such decision shall be final."

၁၂။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ ပုဒ်မ ၁၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"Penalty for evading payment of Light-dues**

15. (1) If the owner or master of a ship willfully evades or attempts to evade the payment of any light-dues, expenses or costs payable in respect of the ship under this Part of this Act, such person shall, on the maximum of five times the amount of the sum payable, under the order passed by the Master reasonable ground of willful commission, be liable to pay a fine from a minimum of three times to an Attendant or any officer with the approval of the Chief Executive Officer of the Myanmar Port Authority.

(2) The person who dissatisfies with such order passed under sub-section (1) may appeal to the Ministry of Transport within 60 days from the date of such order."

၁၃။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(၁)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(1) The Master Attendant, at any time, and any officer of Lighthouse Division, if authorized in this behalf by a general or special order in writing of the Myanmar Port Authority may enter upon and inspect any local lighthouse and make such inquiries in respect there of or of the management there of as he thinks fit."

၁၄။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေ ပုဒ်မ ၂၁၊ ပုဒ်မခွဲ(၄)၊ ပုဒ်မ ၂၂ ၏ ခေါင်းစဉ်၊ ဘေးခေါင်းစဉ် နှင့် ပုဒ်မ ၂၂ တို့တွင် ပါရှိသော "Government" ဆိုသည့်စကားရပ်ကို "Myanmar Port Authority" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ ပုဒ်မ ၂၂ ၏ နောက်တွင် ပုဒ်မ ၂၃၊ ပုဒ်မ ၂၄ နှင့် ပုဒ်မ ၂၅ တို့ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**"Limitation of Lighthouse Area**

23.(1) The Myanmar Port Authority has, with the approval of the Ministry of Transport, within port limit area or not, the power to issue order and notification any land or reef or sea within the 100 meters from the centre of light beacon or light tower as the lighthouse area.

(2) The person who dissatisfies with such order passed by sub-section (1) may appeal to the Ministry of Transport with credible document of ownership within 60 days from the date of such order and the decision of the Ministry of Transport shall be final.

24. The Myanmar Port Authority has the power to make Prohibition to erecting the buildings or growing the trees, not to become obstacle to high and luminous range of lighthouse within 1 kilometer from lighthouse. Moreover, the trees ordinarily grown which is likely to be obstacle to such high and luminous range of the lighthouse shall be cut and cleaned by the power given to the Myanmar Port Authority.

25. Any person who takes any material of the lighthouse without permission or destroys it or makes anything to disturb the lighthouse services shall be punished under the existing law."

၁၆။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေ၏ ဇယားကို အောက်ပါဇယားဖြင့် အစားထိုးရမည်-

"SCHEDULE

(1) Lighthouse:-

- (a) Kyauk Phyu Kyun Island.
- (b) Meepya Kyun (Dawei) Island.
- (c) Malisoon Island.
- (d) Kalwin.
- (e) Myeik Seik Kan Thar.
- (f) Palaw Palin.
- (g) Kyaik Kha Mi Island.
- (h) Kyun Nyi Naung Island.
- (i) May Yu Island.
- (j) Sittwe.
- (k) Myae Pon Island.
- (l) Thantar Island.
- (m) Paung Net Gyi Island.
- (n) Man Aung Island.
- (o) Man Aung Chaung Wa.
- (p) Kyauk Ne Maw.
- (q) Sin Gaung Island.
- (r) Ohn Ta Bin Island.
- (s) Lone Thar.
- (t) Nan Thar Kyun Island.
- (u) Thante.
- (v) Minglar Island.
- (w) Pathein Reef.
- (x) Thamee Hla Island.
- (y) Chaung Gyi.
- (z) Pyi Taw Thar.

(2) Any other lighthouse in the Republic of the Union of Myanmar which the Ministry of Transport may declare to be a general lighthouse."

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

---

## ပိန္နဲကုန်းကျေးရွာ၌ ရေပေးရေးလုပ်ငန်းဖွင့် ဒေသခံများအဆင်ပြေ

**ကျောက်မဲ ဇန်နဝါရီ ၇**

ကျောက်မဲမြို့အထွက် စခန်းသာကျေးရွာအုပ်စု ပိန္နဲကုန်းကျေးရွာ ရေပေးရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ကျင်းပသည်။

အဆိုပါရွာသည် ရှမ်းတိုင်းရင်းသားများနေထိုင်ပြီး အိမ်ခြေပေါင်း ၆၀ ရှိသည်။ ယခင်က ရွာသူရွာသားများသည် သောက်သုံးရေရရှိရန် အင်မတန်မှခက်ခဲပြီး တောင်တက်၊ တောင်ဆင်း ခြေကျင်ခရီးဖြင့် ရေခပ်၍ ရေကို ချွေတာသုံးစွဲရသော တောင်ပေါ်ရွာကလေးဖြစ်ကြောင်း သိရသည်။ ယခုအခါ ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၃၅ သိန်းသုံးစွဲ၍ ရွာသူရွာသားများ၏ စုပေါင်းလှူဒါန်းငွေကျပ် ၄၄ သိန်းတို့ဖြင့် အဆိုပါ ရေပေးဝေရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။

"ဟိုတုန်းက ကျွန်တော်တို့ရွာရဲ့ မိသားစုတိုင်းဟာ ရေသုံးစွဲဖို့အတွက် နေ့စဉ်နဲ့အမျှ အခက်အခဲများစွာရင်ဆိုင်ခဲ့ကြရပါတယ်။ အခုဆိုရင် နိုင်ငံတော်အစိုးရက ချပေးတဲ့ငွေနဲ့ ရွာသူရွာသားတွေရဲ့ လှူဒါန်းငွေ စုပေါင်းပြီး တစ်ရွာလုံးရေကို လုံလောက်စွာသုံးစွဲခွင့်ရလို့ ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျွန်တော်တို့ရွာရဲ့ စည်းလုံးညီညွတ်မှုကိုလည်း တွေ့မြင်ခဲ့ရပါတယ်။ ဝိုင်းဝန်းကူညီပေးတဲ့ ဌာနဆိုင်ရာတာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်"ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုင်းထွန်းရွှေက ပြောသည်။

**စည်သူမောင်မောင်(မြန်/ဆက်)**

# ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဥပဒေပြဋ္ဌာန်း

## ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂ ။)
၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်
( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)
### အမည်နှင့်အဓိပ္ပာယ်ဖွင့်ဆိုချက်

၁။ ဤဥပဒေကို ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး** ဆိုသည်မှာ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

(င) **ပြည်ထောင်စုဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုဝန်ကြီးဌာန တစ်ခုခုကို ဆိုသည်။

(စ) **ဗဟိုအဖွဲ့အစည်း** ဆိုသည်မှာ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ကို ဆိုသည်။

(ဆ) **ဗဟိုဘဏ်** ဆိုသည်မှာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကို ဆိုသည်။

(ဇ) **ဘဏ္ဍာရေးနှစ်** ဆိုသည်မှာ နှစ်တစ်နှစ်၏ ဧပြီလ ၁ ရက်တွင် စ၍ နောက်နှစ် မတ်လ ၃၁ ရက်တွင် ပြီးဆုံးသော ကာလအပိုင်းအခြားကို ဆိုသည်။

(ဈ) **တစ်ခုတည်းသော ငွေတိုက်စာရင်း** ဆိုသည်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထိန်းသိမ်းထားရှိသော ပြည်ထောင်စုအစိုးရအပ်ငွေစာရင်းနှင့် တစ်ခုတည်းသော ငွေတိုက်စာရင်းနှင့်ဆက်စပ်သော အခြားငွေစာရင်းများပါဝင်သည့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းကို ဆိုသည်။

(ည) **အစိုးရငွေချေးသက်သေခံလက်မှတ်များ** ဆိုသည်မှာ အစိုးရငွေတိုက်လက်မှတ်၊ အစိုးရငွေတိုက်စာချုပ်၊ ပြည်ပသို့ ထုတ်ဝေရောင်းချသည့် ငွေတိုက်စာချုပ်နှင့် ငွေပေးကတိစာချုပ်တို့ကို ဆိုသည်။

(ဋ) **အစိုးရကြွေးမြီ** ဆိုသည်မှာ ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ၎င်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများက ငွေချေးယူမှုကြောင့်သော် လည်းကောင်း သို့မဟုတ် ငွေပေးရန် ကတိပြုချက်အရသော်လည်းကောင်း သို့မဟုတ် နိုင်ငံတော်၏ အာမခံထားသည့် ကြွေးမြီကြောင့်သော်လည်းကောင်း ဖြစ်ပေါ်လာသည့် ငွေရေးကြေးရေးဆိုင်ရာ ပေးရန်တာဝန်များအားလုံးကို ဆိုသည်။ အဆိုပါငွေရေးကြေးရေးဆိုင်ရာ ပေးရန်တာဝန်များတွင် ဤဥပဒေ ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေအရ တည်ထောင်ထားသော နိုင်ငံတော်ပိုင် ဘဏ်များထံမှ ငွေချေးယူခြင်းများမပါဝင်။

(ဌ) **ပြည်သူ့ကြွေးမြီ** ဆိုသည်မှာ အစိုးရကြွေးမြီအရ ပေးရန်တာဝန်များနှင့် နိုင်ငံတော်က အာမခံထားသည့် ကြွေးမြီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့အစည်းများနှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက ငွေချေးယူခြင်းကြောင့်ဖြစ်ပေါ်လာသော ငွေရေးကြေးရေးဆိုင်ရာ ပေးရန်တာဝန်များကို ဆိုသည်။

(ဍ) **နိုင်ငံတော်၏အာမခံချက်ရှိသည့်ကြွေးမြီ** ဆိုသည်မှာ မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် စီမံကိန်းကိုမဆို နိုင်ငံတော်ကချေးငွေအတွက် အာမခံချက်များနှင့် အခြားသောအာမခံသဘောသက်ရောက်သော အခြားပုံစံများ ထုတ်ပေးခြင်းကြောင့် ဖြစ်ပေါ်လာသော ငွေရေးကြေးရေးဆိုင်ရာ ပေးရန်တာဝန်များအားလုံးကို ဆိုသည်။

(ဎ) **ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှု** ဆိုသည်မှာ ဤဥပဒေတွင် ဖော်ပြပါရှိသည့် ပြည်သူ့ကြွေးမြီနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲမှုကို ဆိုသည်။

(ဏ) **ငွေချေးယူခြင်း** ဆိုသည်မှာ ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ၎င်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့အစည်းများနှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက ချေးငွေစာချုပ် ချုပ်ဆို၍ဖြစ်စေ၊ အစိုးရငွေချေး သက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချ၍ဖြစ်စေ ငွေချေးယူခြင်းနှင့် အစိုးရအာမခံချက်အရ ပေါ်ပေါက်လာသည့် ပေးရန်တာဝန်များကို ဆိုသည်။

(တ) **ကိုယ်စားလှယ်** ဆိုသည်မှာ ဤဥပဒေအရဖြစ်စေ၊ ကိုယ်စားလှယ်လွှဲအပ်ခြင်းဆိုင်ရာ သဘောတူစာချုပ်အရဖြစ်စေ သတ်မှတ်ထားသော လုပ်ငန်းများကို ဝန်ကြီးဌာနကိုယ်စား တာဝန်ယူဆောင်ရွက်သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်တွင်း သို့မဟုတ် ပြည်ပမှ ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် ပြည်တွင်း သို့မဟုတ် ပြည်ပငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီတစ်ရပ်ရပ်ကို ဆိုသည်။

(ထ) **ငွေရေးကြေးရေးအဖွဲ့အစည်းများ** ဆိုသည်မှာ မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေအရ ဖွဲ့စည်းတည်ထောင်၍ ငွေရေးကြေးရေးအဖွဲ့အစည်းများဟု သတ်မှတ်ဖော်ပြသည့် အဖွဲ့အစည်းများကို ဆိုသည်။

(ဒ) **တာဝန်ခံ၍ တစ်ဆင့်ခံဖြန့်ချိရောင်းချသူများ** ဆိုသည်မှာ ငွေရေးကြေးရေး ဈေးကွက်များတွင် အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေခြင်းနှင့်ရောင်းချခြင်းတို့အား စီမံဆောင်ရွက်သည့် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့်အစိုးရငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်ရေးကုမ္ပဏီများကို ဆိုသည်။

(ဓ) **ကြွေးမြီပေးဆပ်ခြင်း** ဆိုသည်မှာ ကြွေးမြီအပေါ်ပေးချေရန် စေ့ရောက်သည့်အတိုးနှင့် အရင်းအပါအဝင် ကြွေးမြီဆိုင်ရာ စည်းကမ်းချက်များအရ ကျခံရမည့်စရိတ်များအတွက် ပေးချေမှုများ ဆောင်ရွက်ခြင်းကို ဆိုသည်။

(န) **နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ** ဆိုသည်မှာ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော စီးပွားရေးအဖွဲ့အစည်းများကို ဆိုသည်။

(ပ) **စည်ပင်သာယာရေးအဖွဲ့** ဆိုသည်မှာ စည်ပင်သာယာရေးလုပ်ငန်းများဆောင်ရွက်ရန် နယ်နိမိတ်ပိုင်းခြားသတ်မှတ်၍ ဖွဲ့စည်းသောကော်မတီ သို့မဟုတ် အဖွဲ့ကို ဆိုသည်။

### အခန်း(၂)
### ငွေချေးယူခြင်းအတွက် အခွင့်အာဏာအပ်နှင်းခြင်းနှင့် ငွေချေးယူခြင်း

၃။ အစိုးရအဖွဲ့သည် နိုင်ငံတော်ကိုယ်စား ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် အောက်ပါကိစ္စရပ်များအတွက် ပြည်တွင်း သို့မဟုတ် ပြည်ပမှ ငွေချေးယူနိုင်သည်-

(က) နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းလိုငွေကို ဖြည့်ဆည်းရန်၊

(ခ) စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် ရန်ပုံငွေဖြည့်ဆည်းရန်၊

(ဂ) တစ်ခုတည်းသော ငွေတိုက်စာရင်းရှိ မြီရှင်လက်ကျန်ပမာဏ (Credit Balance)ကို ဝန်ကြီးက သတ်မှတ်ထားသော ပမာဏအတွင်း ထိန်းသိမ်းထားရှိရန်၊

(ဃ) ကြွေးမြီများကို ပြန်လည်ညှိနှိုင်းဖွဲ့စည်းရန် သို့မဟုတ် ပေးချေရမည့်ရက်မတိုင်မီ ကြိုတင်ပေးဆပ်ရန်၊

(င) ဗဟိုဘဏ်က ထိန်းသိမ်းထားရှိသော နိုင်ငံခြားသုံးသီးသန့်ရန်ပုံငွေကို လိုအပ်သည့်အခါ ဖြည့်တင်းရန်၊

(စ) အစိုးရ၏အာမခံထားရှိမှုအောက်မှ ကျန်ရှိသည့် ပေးရန်တာဝန်များကိုပေးချေရန်၊

(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည့် အခြားအဖွဲ့အစည်းတစ်ရပ်ရပ်သို့ အစိုးရချေးငွေ သို့မဟုတ် အကြွေးအဖြစ် ထုတ်ချေးရန်၊

(ဇ) သဘာဝဘေး သို့မဟုတ် ပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ် သို့မဟုတ် နိုင်ငံတော်၏ အရေးပေါ်အခြေအနေတစ်ရပ်ရပ်ကြောင့် ပေါ်ပေါက်လာသည့် အကျိုးသက်ရောက်မှုများကို ဆောလျင်စွာအကာအကွယ်ပေးရေး၊ လျှော့ချရေး သို့မဟုတ် တိုက်ဖျက်ရေးတို့ကို ဆောင်ရွက်နိုင်ရန်၊

(ဈ) ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် သတ်မှတ်ထားသည့် အခြားကိစ္စတစ်ရပ်ရပ်အတွက် ဘဏ္ဍာငွေ ဖြည့်ဆည်းရန်။

၄။ ဤအခန်းပါကိစ္စရပ်များအတွက် ချေးယူခဲ့သည့်ငွေများကို ဤဥပဒေနှင့်အညီ အစိုးရအဖွဲ့က အတည်ပြုထားသည့် ငွေချေးယူသည့် ကိစ္စရပ်များအတွက်သာ ကျခံသုံးစွဲရမည်။

၅။ ဝန်ကြီးသည် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၏ ငွေချေးယူခြင်းအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ချေးငွေစာချုပ်များ ချုပ်ဆိုခြင်း၊ အစိုးရချေးငွေ သက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်း သို့မဟုတ် အခြားသောချေးငွေဆိုင်ရာ သဘောတူညီချက်များတွင် ပါဝင်ဆောင်ရွက်ခြင်းနှင့် အစိုးရအာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့် ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ပြည်တွင်းငွေကြေးဖြင့်သော်လည်းကောင်း၊ နိုင်ငံခြားငွေကြေးဖြင့်သော်လည်းကောင်း ငွေချေးယူခြင်းကို ဆောင်ရွက်နိုင်သည်။ ထိုသို့ချေးယူခြင်းသည် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ရည်ရွယ်ချက်များနှင့်ကန့်သတ်ချက်များနှင့်အညီ ဖြစ်ရမည်။

၆။ အစိုးရအဖွဲ့သည် ဤအခန်းပါ ကိစ္စရပ်များအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် ဝန်ကြီးအား လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းနိုင်သည်။ ဝန်ကြီးသည် ဤအခန်းပါကိစ္စရပ်များ အားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်ရာတွင် နိုင်ငံတော်ကိုယ်စား အာမခံချက်ပေးနိုင်သည်။

၇။ ဝန်ကြီးသည် ဤဥပဒေပါ တာဝန်ဝတ္တရားအချို့ကို ဆောင်ရွက်ရန် သတ်မှတ်ချက်များနှင့်အညီ နှစ်ဖက်သဘောတူစာချုပ်အရ ကိုယ်စားလှယ်ခန့်အပ်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

၈။ ဤဥပဒေပါငွေချေးယူခြင်းအတွက် ပေးရန်တာဝန်ကျရောက်လာမှုကို အစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် သက်ဆိုင်ရာရသုံးခန့်မှန်းခြေငွေစာရင်းတွင် ဦးစားပေး ပေးရန်တာဝန်အဖြစ် ခွဲဝေလျာထားရမည်။ အဆိုပါငွေတောင်းခံမှုများကို ချုပ်ဆိုပြီးစာချုပ်များ၊ ပူးတွဲဘဏ္ဍာငွေ ဖြည့်ဆည်းခြင်းဆိုင်ရာ ကတိကဝတ်များ၊ ချေးငွေစာချုပ်များ၊ အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် နိုင်ငံတကာငွေရေးကြေးရေး အဖွဲ့အစည်းများတွင် နိုင်ငံတော်က အဖွဲ့ဝင်ထားခြင်းအတွက် လိုက်နာရမည့် တာဝန်များအပေါ်အခြေခံ၍ ဆုံးဖြတ်ရမည်။

### အခန်း(၃)
### ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ရည်ရွယ်ချက်

၉။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု၏ ရည်ရွယ်ချက်များမှာ အစိုးရ၏ ဘဏ္ဍာငွေဖြည့်ဆည်းရန် လိုအပ်ချက်များနှင့် ၎င်း၏ ရေတိုရေရှည် ငွေပေးချေရန် တာဝန်များကို ဆုံးရှုံးနိုင်ခြေနှင့်အတူ ကုန်ကျစရိတ် အနည်းဆုံးဖြစ်ရန်နှင့် အစိုးရငွေချေးသက်သေခံလက်မှတ်များနှင့် စပ်လျဉ်းသော ပြည်တွင်းဈေးကွက်ဖွံ့ဖြိုးရေးကို အားပေးမြှင့်တင်ပေးရန်တို့ ဖြစ်သည်။

၁၀။ ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုတွင် အစိုးရကြွေးမြီများအတွက် ကာလလတ် ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာချမှတ်ခြင်းနှင့် ပြည်သူ့ကြွေးမြီတစ်ရပ်လုံးအတွက် စာရင်းမှတ်တမ်းများ ကောင်းမွန်စွာ ထိန်းသိမ်းထားရှိခြင်းတို့ ပါဝင်သည်။

### အခန်း(၄)
### အစိုးရကြွေးမြီ စီမံခန့်ခွဲမှု မဟာဗျူဟာချမှတ်ခြင်း

၁၁။ အစိုးရကြွေးမြီအတွက် ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာကို အနည်းဆုံး နောက်ဘဏ္ဍာရေးနှစ် သုံးနှစ်ကာလအတွက် ဝန်ကြီးဌာနက နှစ်စဉ်ပုံမှန်ရေးဆွဲ၍ အစိုးရအဖွဲ့၏ ခွင့်ပြုချက်နှင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရမည်။

၁၂။ အစိုးရကြွေးမြီ စီမံခန့်ခွဲမှုမဟာဗျူဟာကို ချမှတ်ဆောင်ရွက်ရာတွင် ပုဒ်မ ၃ တွင် ဖော်ပြထားသော ကိစ္စရပ်များအပေါ် အခြေခံရမည်ဖြစ်ပြီး အောက်ပါကိစ္စရပ်များကို ထည့်သွင်းစဉ်းစားရမည်-

(က) မက်ခရို စီးပွားရေးမူဘောင်၊

(ခ) အစိုးရ၏ အနာဂတ်ငွေချေးယူမှု လိုအပ်ချက်၊

(ဂ) ဈေးကွက် အခြေအနေများ၊

(ဃ) မဟာဗျူဟာ ဖော်ထုတ်ရေးနှင့်ဆက်စပ်သည့် အခြားကိစ္စရပ်များ။

၁၃။ အစိုးရကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာတွင် အောက်ပါတို့ပါဝင်ရမည်-

(က) ကြွေးမြီအရပ်ရပ်နှင့်စပ်လျဉ်းသည့် အန္တရာယ်ကျရောက်နိုင်မှုသည် သင့်တင့်လျောက်ပတ်သည့် အတိုင်းအတာတွင်ရှိကြောင်း သေချာမှုရှိစေရန် အစိုးရကြွေးမြီအရပ်ရပ်၏ အမျိုးအစားနှင့် ကြွေးမြီသစ်များ ရယူခြင်းတို့အတွက် လမ်းညွှန်မှုတင်ပြချက်နှင့် ရည်ရွယ်ချက် သတ်မှတ်ခြင်းများ၊

(ခ) အစိုးရငွေချေးသက်သေခံလက်မှတ်များ၏ ပြည်တွင်းဈေးကွက်ဖွံ့ဖြိုးမှုကို မြှင့်တင်ပေးရန် အစီအမံများ၊

(ဂ) ငွေထုတ်ချေးခြင်း၊ ထပ်ဆင့်ငွေထုတ်ချေးခြင်းနှင့် ချေးငွေအာမခံချက်များ ထုတ်ပေးခြင်းတို့အတွက် မူဝါဒများနှင့် လမ်းညွှန်ချက်များ။

၁၄။ ဝန်ကြီးက အဆိုပြုတင်သွင်းပြီး အစိုးရအဖွဲ့က အတည်ပြုသော အစိုးရကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာသည်-

(က) လာမည့်ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် လိုက်လျောညီထွေရှိရမည်။

(ခ) သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အစထက် နောက်မကျစေဘဲ ထုတ်ပြန်ကြေညာပြီး ဖြစ်ရမည်။

(ဂ) အတည်ပြုပြီးချိန်မှစ၍ အစိုးရငွေချေးယူမှုနှင့် အခြားကြွေးမြီစီမံခန့်ခွဲမှု လုပ်ဆောင်ချက်များကို ယင်းမဟာဗျူဟာနှင့်အညီ ဆောင်ရွက်ရမည်။

### အခန်း (၅)
### အစိုးရအဖွဲ့မှ ငွေချေးယူခြင်းနှင့် ကြွေးမြီစီမံခန့်ခွဲမှု

၁၅။ အစိုးရအဖွဲ့မှ ငွေချေးယူခြင်းတွင် ပြည်တွင်းဈေးကွက်၌ အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်း၊ ပြည်ပတွင် အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်းနှင့် မြန်မာနိုင်ငံအတွင်း၌ ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ ငွေချေးစာချုပ်များ ချုပ်ဆို၍

*ဆက်လက်ဖော်ပြပါမည်*

# HIV / AIDS နှင့် တီဘီရောဂါဝေဒနာ

ရဲရဲ(ပျဉ်းမနား)

တီဘီရောဂါသည် တီဘီရောဂါပိုးကူးစက်ခံရခြင်းကြောင့်ဖြစ်သော ကူးစက်ရောဂါတစ်မျိုးဖြစ်သည်။ မျိုးရိုးလိုက်သောရောဂါမျိုးမဟုတ်ပေ။ လူတွင် တီဘီရောဂါဖြစ်စေသော အဓိကတီဘီပိုးအုပ်စုနှစ်ခု ရှိသည်။ ပထမအုပ်စုအနေဖြင့် (Mycobacterium Tuberculosis Complex, M. tuberculosis, M.boris, M.Africanum) သည် ပုံမှန်အားဖြင့် လူတွင် တီဘီရောဂါဖြစ်စေသော တီဘီပိုးအုပ်စုဖြစ်သည်။ ဒုတိယအုပ်စုအနေဖြင့် (Motto,Mycobacterium other Than Tuberculosisie ---Opportunistic Mycobacteria) သည် ပုံမှန်အားဖြင့် လူတွင် တီဘီရောဂါမဖြစ်စေနိုင်ဘဲ လူ၏ကိုယ်တွင်းခုခံအား သိသိသာသာကျဆင်းစေနိုင်မည့် အခြေအနေတစ်ခုခုရှိမှသာ တီဘီရောဂါဖြစ်စေနိုင်သော တီဘီပိုးအုပ်စုဖြစ်သည်။ တီဘီ ရောဂါအမျိုးအစားများတွင် အဆုတ်တီဘီရောဂါသည် အများဆုံးတွေ့ရှိရပြီး ပြည်သူလူထုအတွင်း ရောဂါကူးစက်မှု အများဆုံးပေးသည့် ရောဂါဖြစ်သည်။

HIV ရောဂါပိုးရှိသူများတွင်အဆုတ်တီဘီသာမက ပြင်ပတီဘီရောဂါပါ အဖြစ်များသည်။ တီဘီကူးစက်ခံရသောသူများတွင် HIV ပိုးဝင်ရောက်လာပါက တီဘီရောဂါဝေဒနာရှင်များအဖြစ်သို့ အလွယ်တကူကူးပြောင်းသွားစေနိုင်သည်။ ထို့ကြောင့် ပြည်သူလူထုအတွင်း HIV ပိုးဝင်ရောက်သူ များပြားလာပါက တီဘီလူနာများ ပိုမိုများပြားလာမည်ဖြစ်ကြောင်း သိရသည်။

တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်သူလူထုအား တီဘီရောဂါနှင့်ပတ်သက်ပြီး ကျန်းမာရေးပညာပေးခြင်း၊ တီဘီရောဂါ ဖြစ်ပွားလာပါက ရောဂါပျောက်ကင်းသည်အထိ "တိုက်ရိုက်ကြည့်ရှု၊ အချိန်တိုနှင့်ကု" နည်းဗျူဟာဖြင့် ကုသပေးခြင်း၊ ကြီးကြပ်ခြင်း၊ မှန်ကန်တိကျသော စာရင်းဇယားများထားရှိခြင်း၊ အစီရင်ခံစာပြုစုခြင်း၊ မိမိဆောင်ရွက်မှု၏ အားနည်းချက်၊ အားသာချက်များကို သိရှိတတ်ကျွမ်းစေရန်နှင့် အထူးသဖြင့် ကျေးလက်ဒေသအတွင်း ကျန်းမာရေးအဆင့်အတန်းမြင့်မားလာစေရန် ကျေးရွာများသို့ သွားရောက်၍ ပညာပေးခြင်း၊ ရောဂါပျောက်ကင်းအောင် ကုသပေးခြင်းစသည်များ ဆောင်ရွက်ရသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် တီဘီရောဂါသည် ဖြစ်ပွားမှုအများဆုံး ကူးစက်ရောဂါဖြစ်သည်။ တီဘီရောဂါဖြစ်ပွားမှုများသော နိုင်ငံများတွင် လူအများစုသည် မူလကိုယ်ခံအားကျဆင်းမှုဖြစ်စေသော ရောဂါများမရှိသော်လည်း တီဘီရောဂါကူးစက်ခံကြရပြီး ယင်းတို့အနက် ၁၀ ရာခိုင်နှုန်းခန့်သာ ဘဝတစ်သက်တာအတွင်း တီဘီရောဂါကို ခံစားကြရသည်။ ကျန်လူများမှာ တီဘီရောဂါပိုးကူးစက်ခံကြရသော်လည်း ရောဂါဖြစ်ပွားခြင်းမရှိပေ။

သို့သော် HIV ပိုးကူးစက်ခံရပြီး မူလကိုယ်ခံစွမ်းအားကျဆင်းနေသော လူနာများသည် တီဘီရောဂါပိုးကူးစက်ခံရပြီးနောက် အလွယ်တကူတီဘီရောဂါ ဝေဒနာရှင်များအဖြစ် ရောက်ရှိခံစားကြရသည်။ HIV နှင့် တီဘီရောဂါ ဒွန်တွဲကူးစက်ခံစားနေရသော လူနာများသည် ကိုယ်ခန္ဓာ ခုခံမှုစွမ်းအားကျဆင်းမှုကြောင့် ကိုယ်ခန္ဓာထဲသို့ ရောက်ရှိနေပြီးဖြစ်သည့် တီဘီပိုးများထကြွလာပြီး ဘဝတစ်သက်တာအတွင်း တီဘီရောဂါအဆင့်သို့ ရောက်ရှိရန် အခွင့်အရေးမှာ ၅၀ ရာခိုင်နှုန်းခန့်ရှိလာနိုင်သည်။ အကယ်၍ HIV ရောဂါပိုးကူးစက်ခြင်းမရှိသေးဘဲ တီဘီပိုးသာ ကူးစက်ခံထားရသူများသည် အသက်သေဆုံးချိန်အထိ ဘဝတစ်သက်တာအတွင်း တီဘီရောဂါဖြစ်ပွားရန် အခွင့်အရေးမှာ ၁၀ ရာခိုင်နှုန်းခန့်သာရှိသည်။ HIV ခေါ် AIDS ရောဂါဝေဒနာရှင်များပြားလာခြင်းကြောင့် ပြည်သူလူထုအတွင်း၌ တီဘီရောဂါလူနာသစ်များ ပိုမိုများပြားနိုင်သည်။

လတ်တလော တီဘီရောဂါပိုးကူးစက်ခံရသော HIV ပိုးရှိလူနာများသည် တီဘီရောဂါအဆင့်သို့ လျင်မြန်စွာရောက်ရှိနိုင်ပြီး အခြားသူများသို့လည်း လျင်မြန်စွာကူးစက်ပြန့်ပွားစေနိုင်သည်။ တီဘီရောဂါသည် AIDS လူနာများ၏ ၆၀-၈၀ ရာခိုင်နှုန်းခန့်တွင် ဖြစ်ပွားလျက်ရှိသည်။ HIV ရောဂါပိုးရှိသူများ၏ ၅၀ ရာခိုင်နှုန်းခန့်သည် တီဘီရောဂါကူးစက်လျက်ရှိပြီး ၎င်းတို့အနက် ရှစ်ရာခိုင်နှုန်းခန့်သည် နှစ်စဉ် တီဘီရောဂါဖြစ်ပွားလျက်ရှိသည်ကို တွေ့ရှိရသည်။ ယင်းလူနာများ၏ HIV ပိုးကြောင့် နှစ်စဉ် ပိုမိုဖြစ်ပွားလာသော တီဘီရောဂါလူနာသစ်များ ဖြစ်ကြသည်ကို ကျန်းမာရေး လက်စွဲစာအုပ်မှတ်တမ်းများအရ သိရသည်။

ထို့ကြောင့် ယနေ့ကမ္ဘာသာမက မြန်မာနိုင်ငံတွင် ကျန်းမာရေးကဏ္ဍ၌ အဘက်ဘက်မှ တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်လျက်ရှိရာ တီဘီရောဂါတိုက်ဖျက်ရေးကဏ္ဍကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိရောက်စွာ ကိုင်တွယ်ဆောင်ရွက်လျက်ရှိသည်။ ကျန်းမာရေးကောင်းမွန်ပါမှ ပညာရေး၊ လူမှုရေး၊ ဘာသာရေး၊ စီးပွားရေး တိုးတက်အောင်မြင်ကောင်းမွန်လာမည်ဖြစ်သည်။

"I am Stopping TB" တီဘီကင်းစင်ရေးကို လူတိုင်းတာဝန်အနေဖြင့် ပြည်သူတစ်ရပ်လုံး တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်သွားကြရန် တိုက်တွန်းရေးသားလိုက်ပါသည်။



တည်ဆောက်ပြီးစီးတော့မည့် ကုက္ကိုင်းလမ်းဆုံခုံးကျော်တံတားသစ် စီမံကိန်းအားတွေ့ရစဉ်။

## ကုက္ကိုင်းလမ်းဆုံ ခုံးကျော်တံတားသစ်၌ ဖေဖော်ဝါရီလအတွင်း ယာဉ်များဖြတ်သန်းသွားလာနိုင်တော့မည်

**ရန်ကုန် ဇန်နဝါရီ ၇**

ကုက္ကိုင်းလမ်းဆုံ ခုံးကျော်တံတားသစ်စီမံကိန်းမှာ ယခုအခါ တံတားသစ်တည်ဆောက်ရေးလုပ်ငန်း ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်၍ ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)တွင် ယာဉ်များ ဖြတ်သန်းသွားလာခွင့်ပြုတော့မည်ဖြစ်သည်။

ကမ္ဘာအေးဘုရားလမ်းအတိုင်း တည်ဆောက်နေသော ကုက္ကိုင်းမှတ်တိုင်မှ လမ်းနီမှတ်တိုင်ကြားဖြစ်သည့် အဆိုပါ ငွေကျပ် ၁၃ ဘီလီယံကျော် ကုန်ကျခံ တည်ဆောက်နေသော ကုက္ကိုင်းလမ်းဆုံခုံးကျော်တံတားသစ်စီမံကိန်း၏ ပင်မတံတားအရှည်မှာမီတာ ၃၅၀ ရှိပြီး တောင်ဘက် ချဉ်းကပ်တံတား အရှည်မှာ မီတာ ၇၀ နှင့် မြောက်ဘက်ချဉ်းကပ်တံတားအရှည်မှာ ၁၀၈ မီတာရှိကာ တံတားသစ်၏အရှည်မှာ စုစုပေါင်း ၅၂၈ မီတာအရှည်ရှိမည်ဖြစ်၍ ယာဉ်သွားလမ်းအကျယ်ဖွဲ့စည်းထားပုံအရ လေးလမ်းသွားပါဝင်ကြောင်း သိရသည်။

ယာဉ်ကြော ကျပ်တည်းမှုကို အထိုက်အလျောက် ဖြေလျှော့စေရေးအတွက် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသော တံတားသစ်၏အမျိုးအစားမှာ အာစီသံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး ဖောင်ဒေးရှင်းမှာ ဘိုးပိုင်ဖြစ်၍ ၁၂၀၀ mm ဒိုင်ယာမီတာ ဘိုးပိုင် အမျိုးအစား ဖြစ်သည်။

မော်တော်ယာဉ် တစ်စီးချင်း တံတားခံနိုင်ဝန် အလေးချိန်မှာ ၇၅ တန်ရှိမည်ဖြစ်ပြီး တံတားပေါ်မှ ဖြတ်သန်းမောင်းနှင်ကြမည့် ယာဉ်များမှာ တစ်နာရီ ကီလိုမီတာ ၆၀ နှုန်းဖြင့် မောင်းနှင်နိုင်ကြမည်ဖြစ်ကာ တံတားကင်းလွတ် အမြင့်မှာ ၄ ဒသမ ၉ မီတာရှိမည် ဖြစ်သည်။ ချဉ်းကပ်ခုံ (မြောက်ဘက်) A1 နှင့် ချဉ်းကပ်ခုံ (တောင်ဘက်)A2 ပါဝင်ပြီး တိုင်မကြီး ခုနစ်တိုင်ပါဝင်ကြောင်း သိရသည်။

ယခုအခါ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးတော့မည်ဖြစ်သောကြောင့် ယာဉ်များပြန်လည်ဖြတ်သန်းသွားလာနိုင်စေရန်အတွက် ယခုလလယ်လောက်တွင် လမ်းပြန်ဖွင့်တော့မည်ဖြစ်သည်။ တံတားသစ်စီမံကိန်းအတွက် နေ့၊ ည လုပ်ငန်းဝင်နေကြသော နိုင်ငံခြားသားနှင့် မြန်မာအင်ဂျင်နီယာ ၃၀ ခန့်ရှိပြီး လုပ်သား ၃၀၀ ရှိသည်။

ကုက္ကိုင်းလမ်းဆုံ ခုံးကျော်တံတား စီမံကိန်း၏ စီမံကိန်းမန်နေဂျာ ဦးကျော်သူရက "ဖေဖော်ဝါရီ ၁၂ ရက်မှာယာဉ်တွေ ဖြတ်သန်းသွားလာလို့ရအောင် ကြိုးစားဆောင်ရွက်နေပါတယ်။ အဲဒီတံတားကို သတ်မှတ်အချိန်ထက် တစ်လခွဲ ကြိုစောခဲ့ပါတယ်။ ဒီတံတားသစ်ကြီး ပြီးစီးသွားရင် တံတားပေါ်မှာ လေးလမ်းသွားဖြစ်သွားပြီး တံတားအောက်က နှစ်လမ်းအပါအဝင် ယာဉ်သွားလမ်းခြောက်လမ်းသွား ဖြစ်သွားမှာပါ။ နောက်ပြီး တက္ကသိုလ်ရိပ်သာလမ်းအတိုင်း ဖြတ်သန်းမောင်းနှင်ကြမယ့် ယာဉ်တွေလည်း စောင့်ဆိုင်းစရာမလိုတော့ပါဘူး။ မြို့ထဲလာမယ့်ယာဉ်တွေလည်း တံတားပေါ်ကနေ ဖြတ်သန်းမောင်းနှင်နိုင်ကြတော့မှာပါ" ဟု ပြောသည်။

တံတားသစ်၏ လေးလမ်းသွားအကျယ်အတွက် မြောက်ဘက်ခြမ်း၌ ၁၄ ဒသမ ၆၄ မီတာ ဆောင်ရွက်ထားပြီး တောင်ဘက်ခြမ်း၌ ၁၂ ဒသမ ၈၉ မီတာ ဆောင်ရွက်ထားသော အဆိုပါ ကုက္ကိုင်းလမ်းဆုံခုံးကျော်တံတား စီမံကိန်းအား ပြီးခဲ့သည့် စက်တင်ဘာ ၁ ရက်က စီမံကိန်းလုပ်ငန်း တရားဝင် စတင်ခဲ့ကြောင်း ကုက္ကိုင်းလမ်းဆုံခုံးကျော်တံတားစီမံကိန်းမှ သိရသည်။

**သတင်း-စိုးဝင်း(SP)**
**ဓာတ်ပုံ-တင်လှမောင်**

## ကျူးချောင်းအလယ်ကျေးရွာ၌ စာကြည့်တိုက်ဖွင့်

**ညောင်လေးပင် ဇန်နဝါရီ ၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျူးချောင်းအလယ်ကျေးရွာ၌ အနာဂတ်ရှေ့ဆောင် စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက်က အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နီနီဝင်းက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးအကြောင်း ဟောပြောခဲ့သည်။

အဆိုပါစာကြည့်တိုက်သည် အလျား ၂၄ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ၁၈ ပေရှိ အုတ်တိုက်တစ်ထပ်အမျိုးအစားဖြစ်ပြီး နိုင်ငံတော်က မတည်ငွေကျပ် သိန်း ၂၀ နှင့် ပြည်သူများထည့်ဝင်ငွေကျပ် ၂၁ သိန်း စုစုပေါင်း ၄၁ သိန်း အကုန်အကျခံ ဆောက်လုပ်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

## ပုဗ္ဗသီရိမြို့နယ်တွင် လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၇**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ကျေးရွာအုပ်စု သာယာဝှမ်းကျေးရွာတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီရန်ပုံငွေနှင့် ကျေးရွာပြည်သူလူထု၏ ထည့်ဝင်ငွေဖြင့် ဆောင်ရွက်ခဲ့သည့် လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၅ ရက်က သာယာဝှမ်းကျေးရွာရှိ ထရန်စဖော်မာရှေ့၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးသန်းဌေးက အမှာစကားပြောကြားပြီး နေပြည်တော်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးအောင်ဇော်ဦးက လျှပ်စစ်မီးလင်းရေး လုပ်ငန်းဆောင်ရွက်ခဲ့မှုများနှင့် လျှပ်စစ်ဓာတ်အားကို ဒေသခံပြည်သူများအသုံးပြုရာတွင် အန္တရာယ်ကင်းရှင်းစေရေး သတိပြုသင့်သည့်အချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဆောင်ရွက်သည့် ၁၁ ကေဗွီ ဓာတ်အားလိုင်း တစ်မိုင် နှစ်ဖာလုံနှင့် ၁၁/၀ . ၄ ကေဗွီ(၂၀၀) ကေဗွီ ထရန်စဖော်မာတစ်လုံး၊ ၄၀၀ ဗို့ဓာတ်အားလိုင်း ၁ ဒသမ ၆ ဖြင့် ကျေးရွာရှိ အိမ်ခြေ ၁၆၈ လုံး မီးလင်းတော့မည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(ရူပဗေဒ)**

## ရှမ်းပြည်နယ်၌ ဒုရဲအုပ်လောင်းစာမေးပွဲကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၇**

ဇန်နဝါရီလ ပထမပတ်က ရှမ်းပြည်နယ်၌ ဒုရဲအုပ်လောင်း အမျိုးသား၊ အမျိုးသမီး ရေးဖြေစာမေးပွဲ ကျင်းပသည်။

အဆိုပါစာမေးပွဲကျင်းပရာ စာစစ်ဌာနများသို့ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်အောင်အောင်က ကြီးကြပ်စစ်ဆေးပြီး တောင်ကြီးအထက(၂) စာစစ်ဌာနသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ဒုတိယရဲမှူးကြီးမြင့်နိုင်၊ အထက(ခွဲ)(၅) လားရှိုး စာစစ်ဌာနသို့ ဒုရဲမှူးကြီးကျော်အေး၊ ကျိုင်းတုံစာစစ်ဌာနသို့ ဒုရဲမှူးကြီးစန်းလွင်တို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း၊ တောင်ကြီး စာစစ်ဌာနတွင် စာဖြေသူ ၇၂ ဦး၊ လားရှိုးစာစစ် ဌာနတွင် ၇၇ ဦး၊ ကျိုင်းတုံစာစစ်ဌာနတွင် ၂၆ ဦး စုစုပေါင်း ၁၇၅ ဦးဖြေဆိုခဲ့ကြောင်း သိရသည်။

**ဇော်မျိုးနိုင်**

# ယာဉ်အန္တရာယ် ကင်းဝေးစေရေးအတွက် ဆိုလာအချက်ပြမီးများ တပ်ဆင်

**ချောင်းဦး ဇန်နဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့တွင် ယာဉ်အန္တရာယ် ကင်းဝေးစေရေးအတွက် မြို့တွင်း လူစည်ကားရာနေရာများတွင် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာအချက်ပြမီးများကို တပ်ဆင်အသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။

ဆိုလာအချက်ပြမီးများကို ချောင်းဦးမြို့အတွင်းရှိ လူစည်ကားရာ လမ်းဆုံ လမ်းခွများတွင် ယာဉ်အန္တရာယ်ကာကွယ်ရေးအတွက် နေရာ ခုနစ်ခုတွင် တပ်ဆင်ပေးထားခြင်းဖြစ်ကြောင်း၊ ပခုက္ကူလမ်းဆုံ မန္တလေးဘက်ခြမ်း၊ ပခုက္ကူလမ်းဆုံ မုံရွာဘက်ခြမ်း၊ ဇရိပ်မွန် လမ်းဆုံ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှုံးလမ်းဆုံ၊ မြို့သစ်လမ်းဆုံ(မြတ်တော်ဝင်ရှေ့)၊ ဈေးလမ်း အဆင်း လမ်းဆုံနှင့် နွယ်ခွေလမ်းဆုံတို့တွင် အချက်ပြမီး ခုနစ်ခု တပ်ဆင်ပေးထားကြောင်း ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဒေါ်ဆန်းယဉ်က ပြောကြားသည်။



နေရောင်ခြည်စွမ်းအင်သုံး ဆိုလာအချက်ပြမီးများကို ချောင်းဦးမြို့နယ် စည်ပင်သာယာရေး ကော်မတီ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေများဖြင့် တပ်ဆင်ခဲ့ခြင်းဖြစ်ကြောင်း၊ ချောင်းဦးမြို့သည် မုံရွာ-မန္တလေး ကားလမ်းမကြီးပေါ်တွင် တည်ရှိပြီး မော်တော်ယာဉ်များ၊ ဆိုင်ကယ်များဖြင့် စည်ကားလျက်ရှိသောကြောင့် ဒေသခံပြည်သူများ အနေဖြင့် ယာဉ်မတော်တဆမှုနှင့် အန္တရာယ်ဖြစ်ပွားမှုမှ ကင်းဝေးစေရေးအတွက် ဆိုလာအချက်ပြမီးများကို တပ်ဆင်ခြင်းဖြစ်ကြောင်း သိရသည်။

**ယုယုဝင်း(ပြန်/ဆက်)**

# အထွက်နှုန်းကောင်းသော မြေပဲမျိုးများ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်

**ကျောက်ကြီး ဇန်နဝါရီ ၇**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် တုံးကြီးကျေးရွာအုပ်စု ကွင်းအမှတ်(၉၉)၌ စိုက်ပျိုးခဲ့သော အထွက်ကောင်း ဆင်းပဒေသာ(၁၁) ဆောင်းသီးနှံမြေပဲစိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့်အဖွဲ့ ဇန်နဝါရီ ၃ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှမြင့်၊ ကျောက်ကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိုးနိုင်နှင့် စိုက်ပျိုးရေးဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုခဲ့ပြီး အဆိုပါ မြေပဲစိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေသည့်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီကာ အထွက်နှုန်းကောင်းမွန် သော မြေပဲမျိုးများကို တောင်သူများ အစဉ်အဆက်စိုက်ပျိုးနိုင်ရေး အလေးထားဆောင်ရွက်ပေးသွားရန် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးက မှာကြားခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# မိုင်းတုံမြို့၌ လမ်းနှင့် တံတားများဖွင့်လှစ်

**မိုင်းတုံ ဇန်နဝါရီ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ထောက်ပံ့ငွေများဖြင့် ဆောင်ရွက်ခဲ့သော လမ်းနှင့် တံတားများကို ဇန်နဝါရီ ၅ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ထောက်ပံ့ငွေကျပ် သိန်း ၂၆၀ ဖြင့် ဆောင်ရွက်ခဲ့သော မိုင်းတုံမြို့ မြို့မကွက်သစ်ရပ်ကွက်တွင် အရှည်ပေ ၄၀၀၊ အကျယ် ၁၂ ပေ ရှိ အောင်မင်္ဂလာကတ္တရာလမ်းနှင့် အရှည်ပေ ၄၀၀၊ အကျယ် ၁၂ ပေရှိ လမ်းအမှတ်(၃) မြေသားလမ်းများနှင့် ကမ္ဘောဇ်ကျောင်းလမ်းတွင် အရှည် ၂၄ ပေ၊ အကျယ် ၅ ပေ၊ အမြင့် ၅ ပေ ရှိ ကမ္ဘောဇ်ကျောင်းလမ်း အမှတ်(၁)ကွန်ကရစ်တံတား၊ အရှည် ၂၄ ပေ၊ အကျယ် ၃ ပေ၊ အမြင့် ၅ ပေရှိ ကမ္ဘောဇ်ကျောင်းလမ်း အမှတ်(၂) ကွန်ကရစ်တံတားနှင့် အရှည်ပေ ၄၀၀၊ အကျယ် ၁၂ ပေရှိ ခွာညို မြေသားလမ်းသစ်များကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အောင်မင်္ဂလာကတ္တရာလမ်းကို ရှမ်းပြည်နယ်အစိုးရ၏ ထောက်ပံ့ငွေကျပ် ၅၅ သိန်းနှင့် မြို့နယ် စည်ပင်သာယာရေးကော်မတီမှ လှူဒါန်းသော ကတ္တရာ ၁ ဒသမ ၈၅ တန် ဖြင့်လည်းကောင်း၊ မြို့မကွက်သစ်ရပ်ကွက် လမ်းအမှတ်(၃) မြေသားလမ်းကို ပြည်နယ်အစိုးရထောက်ပံ့ငွေကျပ် ၅၅ သိန်းဖြင့်လည်းကောင်း၊ ကမ္ဘောဇ်ကျောင်းလမ်း အမှတ်(၁) ကွန်ကရစ်တံတားကို ထောက်ပံ့ငွေကျပ် ၆၅ သိန်းဖြင့်လည်းကောင်း၊ ကမ္ဘောဇ်ကျောင်းလမ်း အမှတ်(၂) ကွန်ကရစ်တံတားကို ထောက်ပံ့ငွေကျပ် ၄၅ သိန်းဖြင့်လည်းကောင်း၊ ခွာညို မြေသားလမ်းကို ထောက်ပံ့ငွေကျပ် သိန်း ၄၀ ဖြင့်လည်းကောင်း ဆောင်ရွက်ခဲ့ကာ စုစုပေါင်း ထောက်ပံ့ငွေကျပ် သိန်း ၂၆၀ ဖြင့် မြို့မရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်ခမ်းက တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယခင်က မိုးရာသီတွင် အဆိုပါလမ်းများမှာ ရွှံ့ဗွက်တောကြီးဖြစ်ကာ သွားလာ ရခက်ခဲခဲ့ကြောင်း၊ ကိုယ့်အားကိုယ်ကိုးတည်ဆောက်ထားသော ချောင်းကူး တံတားများမှာလည်း နမ့်တုံချောင်းရေကြီးမှုကြောင့် ပျက်စီးသဖြင့် မကြာခဏ ပြုပြင်ရကြောင်း၊ ယခုလို ကွန်ကရစ်တံတားများတည်ဆောက်ပေးသဖြင့် လာမည့်မိုးတွင်းတွင် သွားလာရေး လွယ်ကူချောမွေ့တော့မည်ဖြစ်ကြောင်း မြို့မကွက်သစ်ရပ်ကွက်နေ ပြည်သူတစ်ဦးက ပြောသည်။

လမ်းနှင့် တံတားများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုးမြင့်ဦး၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးလှမျိုးသွင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ညီညီနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်း တာချီလိတ်မြို့နယ်၌ဖွင့်

**တာချီလိတ် ဇန်နဝါရီ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်အတွင်းမှ ကျေးရွာများရှိ တိုင်းရင်းသားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်



စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး သင်တန်း အမှတ်စဉ်(၁/၂၀၁၆)ကို ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ရန်ရှင်း(၄) ကျေးရွာရှိ ဘုရားကျောင်း၌ ဇန်နဝါရီ ၅ ရက်နှင့် ၆ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူးဦးသောင်းမြင့်နှင့် ဝန်ထမ်းများက ယာဉ်မောင်းနှင့် လမ်းအသုံးပြုသူများ စည်းကမ်းပျက်မှုများ၊ လမ်းအမှတ်အသားဆိုင်ရာများ၊ လမ်းဘေးတိုင်း အမှတ်အသားဆိုင်ရာများ၊ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်မောင်းများ လိုက်နာရမည့်အချက်များ၊ တားမြစ်ခြင်းနှင့်ကန့်သတ်ခြင်းလမ်းညွှန်များ၊ မော်တော်ဆိုင်ကယ်စီးလျှင် လိုက်နာရမည့် အချက်များစသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို သင်ကြားပေးခဲ့ကြောင်း သိရသည်။

သင်တန်းသို့ မိုင်းကိုးကျေးရွာအုပ်စုရှိ ရန်ရှင်း(၄)၊ ရန်ရှင်း(၃)၊ ရန်ရှင်း(၂)၊ ပါဘီး(၁)၊ ပါဘီး(၅)နှင့် မယ်ဖုန်းလုံကျေးရွာများမှ ဒေသခံ တိုင်းရင်းသားပြည်သူ ၁၈၈ ဦးတက်ရောက်ခဲ့ကြသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# HIV ပိုးကူးစက်ခံရသော ကလေးငယ်များအား ပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိ

မြန်မာနိုင်ငံ၌ ၂၀၁၄ ခုနှစ် ခန့်မှန်းစာရင်းများအရ HIV ရောဂါကူးစက်ခံနေရသူ အသက် ၁၄ နှစ်အောက်ကလေး ၇၀၀၀ ခန့်ရှိပြီး အများစုမှာ မိခင်မှတစ်ဆင့် အဓိကကူးစက်ခံရခြင်းဖြစ်ကြောင်း၊ အဆိုပါကလေးများအား ကုသရေးလုပ်ငန်းများနှင့် ကလေးငယ်များရောဂါကူးစက်ခံရမှုမှ ကာကွယ်ရေးလုပ်ငန်းများကို UNICEF နှင့် Global Fund မှ ရန်ပုံငွေများဖြင့် အခမဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက် ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထွန်းညွန့်ဦးက ပြောသည်။

ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သော မိတ်ဖက်အဖွဲ့အစည်းများက HIV/AIDS အမျိုးသားမဟာဗျူဟာစီမံကိန်းပေါ်မှာ မူတည်ပြီး လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ HIV/AIDS အမျိုးသား မဟာဗျူဟာစီမံကိန်း(၂)ကို ၂၀၁၅ ခုနှစ်အထိ ဆောင်ရွက်ခဲ့ကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံမှ HIV ရောဂါ ကူးစက်ခံနေရသည့် ကလေးများမှာ အခြားကလေးများနှင့်တန်းတူ နေထိုင်သွားလာနိုင်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့ သုခရိပ်မြုံလူမှုထောက်ပံ့ရေးစီမံချက်မှ ကြီးကြပ်ရေးမှူး ဦးခင်မောင်အေးက HIV နှင့် AIDS ရောဂါ ခံစားနေရသူများကို ပြုစုစောင့်ရှောက်နိုင်ရန်အတွက် ၂၀၀၆ ခုနှစ်တွင် သုခရိပ်မြုံ လူမှုထောက်ပံ့ရေးစီမံချက်ကို စတင်အကောင်အဖော်ကာ HIVရောဂါကူးစက်ခံနေရသူ လူကြီးများအပြင် ကျောင်းနေအရွယ်ကလေးများကိုလည်း ပြုစုစောင့်ရှောက်ပေးခဲ့ကြောင်း၊ လက်ရှိအချိန်တွင် စုစုပေါင်းလူနာ ၁၁၃ ဦးရှိသည့်အနက် မိဘမဲ့နှင့် ပြုစုပျိုးထောင်ရန်လိုအပ်သည့် HIV ပိုးရှိသော အသက် တစ်နှစ်ခွဲမှ ၁၂ နှစ်အရွယ်အထိ ကလေးများကို လက်ခံပေးနေကြောင်း၊ ပြီးခဲ့သည့် ပညာသင်နှစ်က တက္ကသိုလ်ဝင်တန်းတွင် လေးဦးဖြေဆိုခဲ့ပြီး နှစ်ဦးမှာ အောင်မြင်စွာဖြေဆိုနိုင်ခဲ့ကြကာ ယခုအခါ အခြားအပြင်အလုပ်သွားရောက်လုပ်ကိုင်နေကြပြီဖြစ်ကြောင်း ပြောသည်။

HIVရောဂါ ကူးစက်ခံနေရသူများကို ပြုစုစောင့်ရှောက်ရာ၌ တစ်နေ့တာ နေထိုင်စားသောက် အထွေထွေကုန်ကျစရိတ်မှာ ကျပ် ၁၂၀၀၀၀ ကျော်ရှိကာ ဆေးရုံဆေးပေးခန်း စရိတ်များအပါအဝင် တစ်လလျှင် ကျပ်သိန်း ၅၀ ကျော် ကုန်ကျနေကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တစ်နှစ်စာ ကျပ်သိန်း ၂၀ ကို နှစ်စဉ်လာရောက်ထောက်ပံ့လှူဒါန်းပေးပြီး ပြည်တွင်းမှ စေတနာရှင်၊ အလှူရှင်များကလည်း လာရောက်လှူဒါန်းပေးလျက်ရှိကြောင်း၊ ကလေး HIV ရောဂါကူးစက်နေသူဦးရေမှာ ယခင်နှစ်များကထက် ပိုမိုများပြားလာသည့်အတွက် အဆောက်အအုံများကို တိုးချဲ့ပြင်ဆင်ရာတွင် လိုအပ်ချက်များရှိနေကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

အမျိုးသားခုခံကျ/ကာလသား တိုက်ဖျက်ရေးစီမံချက်(NAP)နှင့် UNAIDS၊ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP)နှင့် ပျိုးပင်စသည့်အဖွဲ့အစည်းများက စုပေါင်း၍ ပြုလုပ်ခဲ့သော ၂၀၁၃ ခုနှစ် လေ့လာသုံးသပ်ချက်များအရ မိဘမဲ့ကလေးများအပါဝင် HIV ပိုးရှိသော ကလေးများနှင့် HIV ကြောင့် ထိခိုက်ခံစားနေရသော အိမ်ထောင်စုများရှိ ကလေးများအနေဖြင့် ကျန်းမာရေး၊ ပညာရေး၊ နားခိုစရာအပါအဝင် ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုရေးစသည့် ဝန်ဆောင်မှုများလိုအပ်ကြောင်း၊ ကလေးသူငယ်များကို မိမိ၏အခွင့်အရေးများနှင့်ပတ်သက်ပြီး ပညာသင်ကြားပေးသင့်ကြောင်း၊ သို့မှသာ ကျန်းမာရေးဆိုင်ရာ အခွင့်အရေးများအပါအဝင် ရရှိသင့်သော အခွင့်အရေးများကို အပြည့်အဝရရှိစေရန် တောင်းဆိုတတ်လာမည် ဖြစ်ကြောင်း၊ မူဝါဒချမှတ်သည့် ဖြစ်စဉ်များတွင်လည်း ကလေးသူငယ်နှင့် လူငယ်များ၏အသံကို နားထောင်သင့်ကြောင်း၊ HIVကြောင့် ထိခိုက်ခံစားနေရသော အိမ်ထောင်စုများရှိ ကလေးများအပါအဝင် OVC ကလေးများအားလုံး မွေးစာရင်း၊ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များရရှိရန် ထောက်ကူပေးနေသောစနစ်များ ပုံမှန်လည်ပတ်နေရန် နိုင်ငံတော်မှ လုပ်ဆောင်သင့်ကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း အစိုးရကျောင်း သို့မဟုတ် ပုဂ္ဂလိကကျောင်းများတွင် HIV ပိုးရှိနေသော ကလေးများအား ခွဲခြားဆက်ဆံမှုကို ဟန့်တားပေးနိုင်သောမူဝါဒများ ချမှတ်ပေးသင့်ကြောင်း သိရသည်။

**◆ သတင်းဆောင်းပါး-နေမျိုးထွဋ်(ရေး) ◆**

# ပီအက်စ်ဂျီအတွက် လီဂူး-၁ ပွဲစဉ် (၂၀)မှာလည်း သုံးမှတ်အပြည့်ပါပဲ

မိုးမြင့်လင်းလက်



ပြင်သစ်လီဂူး-၁ ပွဲစဉ်(၂၀)ကို ဇန်နဝါရီ ၉ ရက်နဲ့ ၁၀ ရက်တွေမှာ ယှဉ်ပြိုင်ကစားမှာဖြစ်လို့ ပွဲကောင်းတွေအဖြစ် အားပေးရဦးမှာဖြစ်ပါတယ်။ တန်းစီဇယားထိပ်ဆုံးမှာ ရပ်တည်နေတဲ့ ပီအက်စ်ဂျီ၊ ဒုတိယနေရာက ရပ်တည်နေတဲ့ မိုနာကိုတို့ အိမ်ကွင်းမှာ ကိုယ်စီကစားရမယ့် ဒီပွဲစဉ်မှာတော့ မျှော်လင့်ချက်တွေ ပြည့်ဝနိုင်မလား စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ အသင်းငယ်တွေရဲ့ ရုန်းကန်မှုက အသင်းကြီးတွေရဲ့ ရပ်တည်မှု ပြောင်းလဲသွားနိုင်မလားဆိုတာကလည်း စိတ်ဝင်စားစရာတော့ ကောင်းနေပါတယ်။

**ပီအက်စ်ဂျီနှင့် ဘက်စ်တီယာ**

ဘက်တီယာနဲ့ ဆုံတိုင်း နောက်ပိုင်းပွဲစဉ်တွေမှာ ပီအက်စ်ဂျီတို့ ရှုံးပွဲမရှိခဲ့ပါဘူး။ တန်းဆင်းဇုန်နားရစ်ဝဲနေတဲ့ ဘက်တီယာတို့ဟာ အခုပွဲအဝေးကွင်းဖြစ်တာမို့ နိုင်ပွဲလည်း မျှော်လင့်လို့မရနိုင်သေးတဲ့ ပွဲဖြစ်နေပါတယ်။ ဘက်တီယာဟာ ဒီနှစ် ပြင်သစ်လီဂူး-၁ ပွဲစဉ်တွေမှာ အဝေးကွင်းတစ်ပွဲမှ နိုင်ပွဲမရသေးပါဘူး။ ပီအက်စ်ဂျီရဲ့ လက်ရှိခြေစွမ်းက နိုင်ပွဲတွေဆက်နေပြီး ရလဒ်ကောင်းတွေ ဖော်ဆောင်နိုင်နေတာမို့ အိမ်ကွင်းမှာ ပီအက်စ်ဂျီ ပရိသတ်တွေ ပျော်ရွှင်ရဦးမယ့်ပွဲပါပဲ။

**မိုနာကိုနှင့် ဂါဇီလက်**

တန်းတက် ဂါဇီလက်ရဲ့ ခြေစွမ်းက ဆက်တိုက်နိုင်ပွဲတွေရအောင် စွမ်းဆောင်နေတာတွေ့ရပါတယ်။ မိုနာကိုတို့ကတော့ လောလောဆယ်မှာ ဘော်ဒိုးကို သုံးဂိုးပြတ် ရှုံးပြီး ထရိုရက်စ်ကို ဂိုးမရှိသရေပွဲ ကစားခဲ့တာမို့ ဒီပွဲမှာ နိုင်ပွဲကို ပြန်လည်ရှာဖွေနိုင်မလားကြည့်ရမှာဖြစ်ပါတယ်။ လက်ရှိခြေစွမ်းအတိုင်းဆိုရင်တော့ ဂါဇီလက်ကို မိုနာကိုတို့ ခက်ခက်ခဲခဲရင်ဆိုင်ရဖို့ရှိတာမို့ ပေါ့ဆလို့မရပါဘူး။ ဂါဇီလက်တို့က စိတ်ဓာတ်ပြင်းပြင်းနဲ့ ပြိုင်ဘက်ကို မာမာတင်းတင်းကစားတတ်တာကြောင့် မိုနာကိုတို့ အိမ်ကွင်းဆိုပေမယ့် တစ်မှတ်ရအောင် အကြိတ်အနယ်ကစားရမယ့် အနေအထားဖြစ်နေပါတယ်။

**အန်ဂါးစ်နှင့် ကိန်း**

ဒီပွဲက ခြေရည်တူနှစ်သင်းဆုံတွေ့တာမို့ ပွဲကောင်းတစ်ပွဲအဖြစ် အားပေးရမှာဖြစ်ပါတယ်။ ခံစစ်ပိုင်း သိပ်သည်း ကျစ်လျစ်တဲ့ အန်ဂါးစ်နဲ့ နောက်တန်းကျိုးပေါက်နေတဲ့ ကိန်းတို့ရဲ့ ပွဲကတော့ ဂိုးပြတ်ရလဒ်ထွက်ဖို့တော့ မလွယ်ပါဘူး။ တိုက်စစ်ပိုင်းမှာ နှစ်သင်းစလုံးအားနည်းချက်ရှိနေတာမို့ ကွင်းလယ်ကစားအားကောင်းတဲ့ အန်ဂါးစ်တို့ အိမ်ကွင်းလည်းဖြစ်တာကြောင့် ဒီပွဲမှာ အမှတ်မရှုံးဆုံးနိုင်ပါဘူး။ တန်းစီဇယား တတိယနေရာမှာ ရပ်တည်နေတဲ့ အန်ဂါးစ်တို့အတွက် ဒီပွဲရလဒ်က လက်ရှိရပ်တည်မှု တည်မြဲဖို့ အထောက်အကူပြုပါလိမ့်မယ်။

**မောင့်ပယ်လီယာနှင့် ဘော်ဒိုး**

ဘော်ဒိုးနဲ့ ကစားတိုင်း မောင့်ပယ်လီယာတို့ ရှုံးပွဲတော့ မရှိခဲ့ပါဘူး။ မောင့်ပယ်လီယာတို့က ခံစစ်စည်းရိုးလုံခြုံမှုမရှိတာမို့ ဘော်ဒိုးတိုက်စစ်မှူးတွေ အခွင့်အရေးယူနိုင်မလား စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ဘော်ဒိုးတို့က အခုနောက်ပိုင်းပွဲစဉ်တွေမှာ မောင့်ပယ်လီယာကို သရေပွဲရအောင် ကစားပြီး တစ်မှတ်ရအောင် ယူနိုင်တာမို့ အခုပွဲမှာလည်း တစ်မှတ်ရအောင်တော့ အားထုတ်ပါလိမ့်မယ်။

**လိုင်ယွန်နှင့် ထရိုရက်စ်**

လောလောဆယ်မှာ ခြေစွမ်းကျဆင်းနေတဲ့ လိုင်ယွန်တို့အတွက် တန်းစီဇယားအောက်ဆုံးက ထရိုရက်စ်နဲ့ တွေ့ဆုံမှုက အမှတ်ပြည့်ရယူနိုင်ဖို့ အခွင့်အရေးဖြစ်နေတာတော့ အမှန်ပါပဲ။ လိုင်ယွန်တို့က ထရိုရက်စ်နဲ့ ဆုံတိုင်း နိုင်ပွဲတွေချည်း ရယူခဲ့တာများတာမို့ လိုင်ယွန်ရဲ့ အကောင်းဆုံးခံစစ်ကို အခြေပြုပြီး အနိုင်ရရေး ကြိုးစားပါလိမ့်မယ်။

**ရမ်းစ်နှင့် တူးလော့**

တန်းဆင်းဇုန်ထဲ မကျဆင်းအောင် ရုန်းကန်လှုပ်ရှားမှု မြင့်မြင့်ထားရတော့မယ့် ရမ်းစ်အတွက်ကတော့ ဒီပွဲဟာ စိန်ခေါ်မှုတစ်ရပ်ပါပဲ။ တန်းဆင်းဇုန်ထဲရောက်ရှိနေတဲ့ တူးလော့တို့ကလည်း လက်ရှိအနေအထားက ရုန်းထဖို့ အားထုတ်လာမှာမို့ ဒီပွဲဟာ အကြိတ်အနယ်ရှိလာနိုင်ပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံး ငါးပွဲတွေ့ဆုံမှုကို ကြည့်ရင် တူးလော့က သုံးပွဲနိုင်ပြီး ရမ်းစ်က နှစ်ပွဲနိုင်ကာ သရေတစ်ပွဲဖြစ်ထားခဲ့တာမို့ ဒီပွဲရဲ့ အဖြစ်နိုင်ဆုံးရလဒ်ဟာ သရေရလဒ်ပဲ ဖြစ်သွားပါလိမ့်မယ်။ ။

---



## အဒီဘာယောကို ပစ်မှတ်ထားနေတဲ့ ခရစ္စတယ်ပဲလေ့စ်

ခရစ္စတယ်ပဲလေ့စ်အသင်းက ဇန်နဝါရီလ အပြောင်းအရွှေ့ ရာသီမှာ တိုက်စစ်မှူး အဒီဘာယောကို ပစ်မှတ်ထားနေတယ်လို့ ဆိုပါတယ်။ အဒီဘာယောဟာ စပါးနဲ့ လက်ရှိစာချုပ်သက်တမ်းကုန်ဆုံးပြီး အေးဂျင့် မရှိဘဲ ဖြစ်နေပါတယ်။ စပါးနဲ့ သက်တမ်းကုန်းဆုံးသွားတဲ့ တိုဂို တိုက်စစ်မှူး အဒီဘာယောဟာ လက်ရှိ အင်္ဂလန်ပရီမီယာလိဂ်မှာပဲ ဆက်လက်ကစားဖို့ ဆန္ဒပြင်းပြနေတာပါ။ ခရစ္စတယ်ပဲလေ့စ်နည်းပြ အလန်ပါဒူးကတော့ အဒီဘာယောကို ခေါ်ယူဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ အသက် ၃၁ နှစ်အရွယ်ရှိပြီဖြစ်တဲ့ အဒီဘာယောကို ခရစ္စတယ်ပဲလေ့စ်က ကာလတိုစာချုပ်ဖို့ ဆန္ဒရှိနေတယ်လို့ဆိုပါတယ်။ တိုဂိုတိုက်စစ်မှူး အဒီဘာလောဟာ ပြီးခဲ့တဲ့နှစ်ရာသီကုန်ပိုင်းက စပါးမှ ထွက်ခွာခဲ့ပြီးနောက် အသင်းမဲ့ဖြစ်နေပါတယ်။ တစ်ချိန်က အာဆင်နယ်အသင်းနဲ့အတူ ခြေစွမ်းပြခဲ့တဲ့ အဒီဘာယောက နောက်ကစားမယ့်သူ့အသင်းဟာ အင်္ဂလန်မှာပဲဖြစ်လိမ့်မယ်လို့ ဆိုပါတယ်။

## ပရီမီယာလိဂ်နည်းပြဖြစ်ချင်လို့ ဘိုင်ယန်မြူးနစ်က ထွက်မှာဆိုတဲ့ ဂွာဒီယိုလာ

ပရီမီယာလိဂ်မှာ နည်းပြဖြစ်ချင်လို့ ဘိုင်ယန်မြူးနစ်က ထွက်ဖို့ ဆုံးဖြတ်လိုက်ရတာပါလို့ ဂွာဒီယိုလာက ဆိုပါတယ်။ ပက်ဂွာဒီယိုလာဟာ ၂၀၁၅-၂၀၁၆ ရာသီအကုန်မှာ ဘိုင်ယန်မြူးနစ်က ထွက်ခွာတော့မှာ ဖြစ်ပါတယ်။ အင်္ဂလန်မှာ နည်းပြလုပ်နိုင်ဖို့ ဘိုင်ယန်မြူးနစ်နဲ့ စာချုပ်ကို ထပ်မံစာမချုပ်တော့တာလို့ ဂွာဒီယိုလာက ဝန်ခံပြောဆိုလိုက်ပါတယ်။ စပိန်နိုင်ငံသား ဂွာဒီယိုလာကို မန်စီးတီးနည်းပြ ပယ်ဂရင်းနီရဲ့ နေရာမှာ အစားထိုးဖွယ်ရှိနေပါတယ်။ သို့ပေမယ့် သူနဲ့အတူ ဘယ်ကစားသမားကိုမှ အင်္ဂလန်ကို ခေါ်ယူသွားမှာ မဟုတ်ဘူးလို့ ဂွာဒီယိုလာက ဆိုပါတယ်။ အသင်းတစ်သင်းမှာ အကြာကြီးနေလိုတဲ့ ဆန္ဒမရှိပါဘူးလို့လည်း သူကဆိုပါတယ်။ အသက် ၄၄ နှစ်အရွယ်ရှိတဲ့ ဘာစီလိုနာ နည်းပြဟောင်း ဂွာဒီယိုလာကို မန်စီးတီးက ခေါ်ယူဖို့ ကြိုးစားလျက်ရှိရာမှာ ချယ်လ်ဆီးနဲ့ မန်ယူတို့ကလည်း အပြိုင်ခေါ်ယူဖွယ်ရှိနေပါတယ်။



◆ ကောင်းမြတ်သူ-စုစည်းသည် ◆



## မန်ယူခေါ်ယူဖို့ သချာနေတဲ့ ဂါးရက်ဘေးလ်

ရီးရဲမက်ဒရစ်စတား ဂါးရက်ဘေးလ်ကို မန်ယူက စံချိန်တင် ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူဖို့ ပြင်ဆင်နေပြီလို့ ဆိုပါတယ်။ ပေါင် ၇၅ သန်းအထိ စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ ဂါးရက်ဘေးလ်ကို မန်ယူက ခေါ်ယူဖို့ ပြင်ဆင်နေပြီဖြစ်ပါတယ်။ မန်ယူရဲ့ ဒုတိယနည်းပြဖြစ်တဲ့ ရိုင်ယံဂစ်နဲ့ ဂါးရက်ဘေးလ်တို့ အဆက်အသွယ်ပြုလုပ်ထားပြီး ဇန်နဝါရီလ အပြောင်းအရွှေ့မှာ ခေါ်ယူဖို့ သေချာနေပါတယ်။ ရာဖေးလ်ဘင်နီတက်ဇ်ကို အလုပ်ဖြုတ်လိုက်ပြီးတဲ့နောက် ဂါးရက်ဘေးလ်ဟာ ရီးရဲမက်ဒရစ်မှာ မပျော်တော့ဘူးလို့ နည်းပြသစ်ဖြစ်လာတဲ့ ဇီဒန်းက ဝန်ခံပြောဆိုလိုက်ပါတယ်။ မန်ယူနည်းပြတွေ ဖြစ်ခဲ့တဲ့ ဖာဂူဆန်နဲ့ မိုယက်စ်တို့ လက်ထက်မှာ တောင်ပံတိုက်စစ်မှူး ဂါးရက်ဘေးလ်ကို ခေါ်ယူဖို့ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ ဝေလ ကစားသမား ဂါးရက်ဘေးလ်ဟာ ၂၀၁၃ ခုနှစ်က စပါးမှ ရီးရဲမက်ဒရစ်ကို ပေါင် ၈၅ သန်းနဲ့ ပြောင်းရွှေ့ပြီးကတည်းက မန်ယူက ခေါ်ယူဖို့ စိတ်ဝင်စားနေခဲ့တာပါ။ အသက် ၂၆ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂါးရက်ဘေးလ်ဟာ ဘင်နီတက်ဇ်ကို အလုပ်ဖြုတ်လိုက်ပြီးနောက် ရီးရဲမက်ဒရစ်မှ ထွက်ခွာဖို့ ပြင်ဆင်ထားပြီလို့ ဆိုပါတယ်။

# ခေတ်မီရိတ်သိမ်းခြွေလှေ့စက်ဖြင့် စပါးစံကွက်ရိတ်သိမ်းမှု သရုပ်ပြ



**မကွေး ဇန်နဝါရီ ၇**

ပုလဲသွယ်စပ်မျိုးစပါး စံကွက်တွင် ခေတ်မီ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် စပါးရိတ်သိမ်းခြင်း သရုပ်ပြပွဲကို မကွေးမြို့နယ် မြင်းကင်းလျှပ်စစ်မြစ်ရေတင်ဒေသရှိ တောင်သူပညာပေး စံပြကွက်၌ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ ဇန်နဝါရီ ၅ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သရုပ်ပြပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်မောင်ဝင်းက သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်(GAP)ဖြင့် မျိုးကောင်းမျိုးသန့်များကို သုံးစွဲစိုက်ပျိုးခြင်းကြောင့် တောင်သူများ ဝင်ငွေတိုးတက်ရရှိနိုင်ပုံနှင့် အခြားဝင်ငွေတိုး စိုက်ပျိုးရေးနည်းပညာများကို တောင်သူများအား ပညာပေးဟောပြောသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးက တောင်သူများအနေဖြင့် ရေရှည်တည်တံ့ပြီး ပုံမှန်ဝင်ငွေရရှိစေရန်အတွက် စိုက်ပျိုးရေး နည်းပညာများကိုလေ့လာပြီး ပူးပေါင်းလိုက်နာဆောင်ရွက်ကြရန် မှာကြားကာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခိုင်မင်းက စံပြစိုက်ခင်းနှင့် သက်ဆိုင်သော အချက်အလက်များကို တောင်သူများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ခေတ်မီရိတ်သိမ်းခြွေလှေ့စက် Combine harvester ဖြင့် ရိတ်သိမ်းသည်မှ သန့်စင်ပြီးစပါးထွက်ရှိသည်အထိ လုပ်ဆောင်ပုံအဆင့်ဆင့်ကို တောင်သူများအား လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့သည်။ အဆိုပါ ပုလဲသွယ်စပ်မျိုးစပါး စံကွက်ရိတ်သိမ်းရာတွင် တစ်ဧကစပါးအစိုတင်း ၁၁၀ ထွက်ရှိခဲ့ကြောင်း သိရသည်။

ပွင့်ဖြူနှင့် စလင်း မြို့နယ်များတွင် တောင်သူများအနေဖြင့် စပါးများကို အလျင်အမြန်ရိတ်သိမ်းနိုင်ကာ အမိုးအကာအောက်သို့ အချိန်မီစောလျင်စွာရောက်ရှိပြီး အချိန်၊ ငွေကြေးနှင့် လူအင်အားပါ သက်သာသည့် ခေတ်မီရိတ်သိမ်းခြွေလှေ့စက်ကို တစ်ဧကလျှင် ၄၅၀၀၀ ကျပ်နှုန်းဖြင့် ငှားရမ်းအသုံးပြုလျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## သတင်းတို

### ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကျင်းပ

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ်၌ မြို့နယ်အားကစား ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်(TSDP)အရ အခြေခံ ပညာကျောင်းပေါင်းစုံ အသက် ၁၃ နှစ်အောက် ဘောလုံးပြိုင်ပွဲကို ကျင်းပလျက်ရှိရာ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို မြို့မအားကစားကွင်း၌ ဇန်နဝါရီ ၄ ရက်က ကျင်းပခဲ့သည်။ ဗိုလ်လုပွဲအဖြစ် အထက ဘုတ်ပြင်း (က) အသင်းနှင့် အောင်မင်္ဂလာ မူလတန်းလွန်ကျောင်း အသင်းတို့ ယှဉ်ပြိုင်ခဲ့ပြီး ဘုတ်ပြင်း(က) အသင်းက အနိုင်ရဗိုလ်စွဲခဲ့သည်။ ထို့နောက် မြို့နယ် အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းသာနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

---

**REQUEST FOR EXPRESSIONS OF INTEREST**

**Individual Consultant**
**Ministry of Livestock, Fisheries and Rural Development**
**Department of Rural Development (DRD)**
**Myanmar : National Electrification Project (NEP)**
**Off-Grid Pre-Electrification Component - Project Implementation Advisor**
**IDA Project No. 152936**
**Reference No. C2-TA1**

1. This Request for Expressions of Interest follows the general procurement notice for this project that appeared in *Development Business* online on November 3, 2015.
2. The Republic of the Union of Myanmar *has received* financing from the *International Development Association(IDA)* and intends to apply part of the proceeds of this financing to payments under the contract for a Project Implementation Advisor for National Electrification Project (NEP).
3. The National Electrification Project includes an off-grid electrification component with $90 million in IDA credits. IDA support in off-grid areas will target communities located far beyond the existing national grid and, thus, unlikely to receive grid-based access in the next 10 or more years. More importantly, the IDA support will be directed to the peripheral States/Regions with social and ethnic cohesion and peace building. Off-grid electrification will be technology neutral, depending on technology assessment for target communities, including solar photovoltaic (PV), mini-hydropower, wind, diesel, and hybrid (eg. diesel/solar). Deployment of household solar PV systems in target communities includes households, public institutions (schools, health clinics and other community building) as well as public street light. The Implementation Advisor shall assist Department of Rural Development - Project Management Office (DRD-PMO) to efficiently and effectively to perform its day-to-day management of the implementation of the Project and deliver results.
The primary responsibility of the Advisor is to support the PMO, and in particular, the Project Director and Project Manager to ensure the efficient, effective, and on-schedule execution of the various activities under the Project in line with the Financing Agreement between the Government of Myanmar (GOM) and the World Bank and in accordance with all applicable procedures and Guidelines.
4. The Department of Rural Development now invites eligible individual consultants to indicate their interest in providing the Services. Interested individual consultants must provide information indicating that they are qualified to perform the Services ( CV with academic background, experience in similar assignment, knowledge of local conditions (if any) etc.) Consultants may be invited for interviewing, if necessary. The evaluation criteria are:
(i) University degree to at least a Master's level in a relevant field such as management, finance, economics or engineering is necessary.
(ii) More than 10 years' experience in successful management, including project management is essential with demonstrated understanding of technical, legal, institutional and financial issues. This is to include experience at senior management level in setting up and successfully managing similar support units, including hands-on responsibility for managing the start-up and establishment of operations of a major project(s) or similar.
(iii) Experience in financial and non-financial services for businesses; experience in services for small and medium private enterprises would be an advantage.
(iv) Experience in the energy field; experience in coordinating activities in support of renewable energy investments and rural electrification business and finance will be an added advantage.
(v) Excellent report writing, presentation and public relations skills.
To be considered, a candidate must be fluent in English and have strong skills in use of office software packages, particularly Word and Excel. Fluency in Myanmar language will be an advantage.
5. A consultant will be selected in accordance with the procedures set out the World Bank's *Guidelines: Selection and Employment of Consultants under IBRD Loans and IDA Credits & Grants by World Bank Borrows dated January 2011(revised July 2014) ("Consultant Guidelines")*. The attention of interested consultants is drawn to paragraph 1.9 of the Consultant Guidelines, setting forth the World Bank's policy on conflict of interest.
6. Interested individual consultants may obtain further information at the address given below from 09.30 to 16.00 hours. DRD will provide prompt responses to all interested individual consultants, should there be any questions.
7. Expressions of interest must be delivered to the address below by no later than **January 25, 2016.**
*Department of Rural Development, Ministry of Livestock, Fisheries and Rural Development*

**Attention**
**U MyintOo, Deputy Director General and Chairperson of the Procurement Committee**
**National Electrification Project (NEP)**
**Department of Rural Development, Ministry of Livestock, Fisheries and Rural Development**
**Office Number 14, Nay Pyi Taw Territory,Myanmar, Tel/ FAX: +95 67 409529, +95 67 409071**
**E-mail: dr.soesoeohn@gmail.com,neppmo.drd@gmail.com, ksaung@gmail.com**

## သတင်းတို

### ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား ဘော်လီဘောပြိုင်ပွဲကျင်းပ

မော်လိုက်ခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူးကျင်းပသည့် ခရိုင်စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌဖလား မြို့နယ်အလိုက် ဘော်လီဘော (ကျား/မ)ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို မော်လိုက်မြို့နယ် အားကစားခန်းမ၌ ဇန်နဝါရီ ၂ ရက်က ကျင်းပခဲ့ရာ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် မော်လိုက်မြို့နယ်အသင်းက ဖောင်းပြင်မြို့နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် မော်လိုက်မြို့နယ်အသင်းက ဖောင်းပြင်မြို့နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရဗိုလ်စွဲခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ဆုငွေနှင့် ဒိုင်းဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**မော်လိုက်သားလေး**

# လူကုန်ကူးခံရသော အမျိုးသမီးနှစ်ဦးအား ထောက်ပံ့ငွေပေးအပ်

**ကျောက်တံခါး ဇန်နဝါရီ ၇**

ပဲခူးတိုင်းဒေသကြီး ပဲနွယ်ကုန်းမြို့မှ လူကုန်ကူးခံရသော အမျိုးသမီး နှစ်ဦးအား ကုန်စုံဆိုင်လုပ်ငန်းလုပ်ကိုင်နိုင်ရန် ပြန်လည်ထူထောင်ရေး ထောက်ပံ့ငွေပေးအပ်ပွဲကို ကျောက်တံခါးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံး၌ ဇန်နဝါရီ ၆ ရက်က ပြုလုပ်ခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ကျော်လွင်က အမှာစကားပြောကြားပြီး အမှတ်(၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့မှ တပ်ဖွဲ့စုမှူး ရဲမှူးမြင့်ဝင်းက ထောက်ပံ့ငွေပေးအပ်ခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် လူကုန်ကူးခံခဲ့ရသည့် အသက် ၁၅ နှစ်နှင့် ၂၄ နှစ်အရွယ် အမျိုးသမီး နှစ်ဦးအား ကိုယ်ပိုင်လုပ်ငန်းအဖြစ် ကုန်မျိုးစုံဆိုင် ဖွင့်လှစ်ရောင်းချလုပ်ကိုင်နိုင်ရန် လိုအပ်မည့် ရင်းနှီးမတည် ငွေကျပ် ၉၅၇၀၀၀ စီကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထောက်ပံ့ငွေပေးအပ်ပွဲသို့ မြို့နယ်လူကုန်ကူးမှုတားဆီးရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမှတ်(၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ လူကုန်ကူးခံရသော အမျိုးသမီးနှစ်ဦးနှင့် မိဘများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

**မျိုးဦး(ကျောက်တံခါး)**

# နေပြည်တော်မြို့မဈေး၌ မီးဘေးကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**ဓနုဖြူ ဇန်နဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့ရှိ မြို့မစည်ပင်သာယာဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းကို ဇန်နဝါရီ ၃ ရက်က ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်မီးသတ်ဦးစီးဌာနမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များနှင့် ဈေးသူ ဈေးသားများ၊ ဈေးသီးသန့် မီးသတ်တပ်ဖွဲ့များက မီးငြိမ်းသတ်မှု လေ့ကျင့်ခြင်းကို စုပေါင်းဆောင်ရွက်ခဲ့ကြပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကံထွန်းနှင့်ကော်မတီဝင်များ၊ အမှုဆောင်အရာရှိ ဦးတိုးမြင့်အောင်၊ ဦးစီးအရာရှိ ဦးအောင်စိုး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသောင်းထိုက်တို့က ကြည့်ရှုအားပေးခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**




# ပြည်သူ့ဝန်ဆောင်မှု (OSS) ရုံးဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၇**

ရန်ကုန် အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်းမြို့နယ်)၌ ပြည်သူ့ဝန်ဆောင်မှုစုပေါင်းရုံး(One stop shop)ကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ဒီဇင်ဘာ ၁၂ ရက်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ပြည်သူ့ဝန်ဆောင်မှု စုပေါင်းရုံးတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးကော်မတီစသည့် ဌာနဆိုင်ရာကိုးခု ပါဝင်ဖွင့်လှစ်ထားသဖြင့် ပြည်သူများအနေဖြင့် ရုံးလုပ်ငန်းများ ဆောင်ရွက်ရာ၌ တစ်နေရာတည်းတွင် လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ရုံးဖွင့်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးမြင့်လွင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ငြိမ်းနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြကွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ **(၀၃၃)**

---

**REQUEST FOR EXPRESSIONS OF INTEREST**
**Ministry of Livestock, Fisheries and Rural Development**
**Department of Rural Development**
**National Electrification Project (IDA Project No. P152936)**
**Assignment Title: Solar PV Inspection and Verification**
**Reference No: C2-TA10**

The Republic of the Union of Myanmar has received financing from the World Bank toward the cost of the National Electrification Project (NEP), and intends to apply part of the proceeds for consulting services.

The Myanmar NEP Off-Grid Programme co-financed by the World Bank with the Government over 5 years shall electrify close to one million households and several thousand facilities and building using solar PV off-grid technologies, targeting the rural and remote regions of the country. The initial procurement in 2016, shall be one of the first large scale international procurements in Myanmar, and is intended to establish modalities for future NEP roll-out. WB Procurement Guidelines shall be followed for supply and installation of the solar equipment, and the disbursement of payments for the solar installations equipment shall be subject to corresponding supporting verification of the installations and quality of equipment and works, by an Inspection and Verification Consulting Firm. The Consulting Firm shall be required to manage the entire inspection, verification and reporting process on a sampling basis.

The Department of Rural Development invites expression of interest (EOI) from qualified and experienced Local and/or International Consulting Firm ("Consultants") to indicate their interest in providing the Services. Interested Consultants should provide information demonstrating that they have the required qualifications and relevant experience to perform the Services. The short-listing criteria are:

- At least 2 years of experience working in rural areas in Myanmar or similar conditions;
- At least 2 years of experience in installation and/or inspection of solar systems in countries with similar conditions with Myanmar;
- At least 2 permanent professional staff with relevant expertise in energy, renewable energy, electrification, and/or project management;
- At least three contracts in relevant areas, each with a value of at least USD10,000 over the past five years;
- Demonstrated ability to use app-based MIS software or related programs developed for monitoring and evaluation of project activities

The Consultant may express interest to provide inspection and verification services in one or more regions/states of International Competitive Bidding packages for Solar PV as listed below:

**Lot 1– NEP Solar PV Packages in Kayin**
**Lot 2– NEP Solar PV Packages in Chin (1)**
**Lot 3 - NEP Solar PV Package in Chin (2)**
**Lot 4– NEP Solar PV Packages in Sagaing**
**Lot 5– NEP Solar PV Packages in Tanintharyi**
**Lot 6– NEP Solar PV Packages in Rakhine (1)**
**Lot 7– NEP Solar PV Packages in Rakhine (2)**
**Lot 8– NEP Solar PV Packages in Shan (East)**
**Lot 9- NEP Solar PV Packages in Shan (North) (1)**
**Lot 10– NEP Solar PV Packages in Shan (North) (2)**
**Lot 11– NEP Solar PV Packages in Ayeyawaddy (1)**
**Lot 12– NEP Solar PV Packages in Ayeyawaddy (2)**

The attention of interested Consultants is drawn to paragraph 1.9 of the World Bank's Guidelines: Selection and Employment of Consultants under IBRD Loans and IDA Credits & Grants by World Bank Borrowers dated January 2011 (revised July 2014) ("Consultant Guidelines"), setting forth the World Bank's policy on conflict of interest. In addition, please refer to the following specific information on conflict of interest related to this assignment: "Consulting Firms hired to provide the Inspection and Verification Service in any of the above regions/states shall be disqualified from subsequently providing goods and services in the particular regions/states they are awarding the contracts".

International consulting firms are encouraged to associate with local firms in the form of a joint venture or a sub-consultancy to enhance their qualifications. Consultants will be selected in accordance with the Quality -and Cost-Based Selection Method (QCBS) set out in the Consultant Guidelines.

Further information can be obtained at the address below during office hours: 09.30 to 16.00 hours and contact person, Dr. Soe Soe Ohn at dr.soesoeohn@gmail.com.

Expressions of interest must be delivered in a written form to the address below (in person, or by mail, or by fax, or by e-mail) **by January 21, 2016.**

**Attention**

**U Myint Oo, Deputy Director General and Chairperson of the Procurement Committee**
**National Electrification Project (NEP)**
**Department of Rural Development, Ministry of Livestock, Fisheries and Rural Development**
**Office Number 14, Nay Pyi Taw Territory, Myanmar, Tel/ FAX: +95 67 409529, +95 67 409071**
**E-mail: dr.soesoeohn@gmail.com,neppmo.drd@gmail.com, ksaung@gmail.com**

ROYAL ROYAL ROYAL ROYAL ROYA

JJ EXPRESS
JOYOUS JOURNEY EXPRESS

ROYAL ROYAL ROYAL

5th Anniversary Since 2011

# အထူးကျေးဇူးတင်ရှိပါကြောင်း

JJ Express ၏ (5th Year Anniversary )အတွက် ဂုဏ်ယူဂမ်းမြောက်ကြောင်း ဆုတောင်းမေတ္တာ သဝဏ်လွှာ ပေးပို့ကြသော လက်တွဲဖက် လုပ်ငန်းရှင်ကြီးများ အားလုံး နှင့် ချစ်ခင်အားပေးကြသော ခရီးသွား မိဘပြည်သူ များအားလုံး ကျေးဇူးအထူးတင်ရှိပါကြောင်း နှင့် 2016 နှစ်သစ်မှာ စီးပွားလာဘ်လာဘများ ကြီးပွားတိုးတက်ပါစေကြောင်း နှစ်သစ်ဆုမွန်ကောင်း တောင်းအပ်ပါသည်။

HIGER

ALPINE®
Purified Drinking Water
ALPINE PROMISES HEALTH

PREMIER®
COFFEE

PEPSI

El Dorado
bake house

MAX ENERGY

AMI



စက်မှုဝန်ကြီးဌာန
အမှတ် (၁)အကြီးစားစက်မှုလုပ်ငန်း
အမှတ် (၁၂)အကြီးစားစက်ရုံ(ထုံးဘို)

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၁၂)အကြီးစားစက်ရုံ(ထုံးဘို)မှ Unserviceable စက်နှင့်စက်ကိရိယာပစ္စည်း၊ Local Manufacturing Parts ပစ္စည်း များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | တင်ဒါအမှတ် |
|---|---|---|
| (က) | Lot (1) Unserviceable စက်နှင့်စက်ကိရိယာပစ္စည်းများ | HI-12/046 |
| (ခ) | Lot (2) Local Manufacuring Parts Group(1) | HI-12/047 |
| (ဂ) | Lot (3) Local Manufacuring Parts Group(2) | HI-12/048 |
| (ဃ) | Lot (4) Local Manufacuring Parts Group(3) | HI-12/049 |
| (င) | Lot (5) Local Manufacuring Parts Group(4) | HI-12/050 |

၂။ အထက်ဖော်ပြပါ ပစ္စည်းများအား Lot No. အလိုက်သာ လေလံတင်ရောင်းချမည်ဖြစ်ပါသည်။
၃။ **တင်ဒါပုံစံ ထုတ်ယူရမည့်ရက်** -၁၁-၁-၂၀၁၆ရက်မှ ၂၁-၁-၂၀၁၆ရက် ၁၂း၀၀နာရီ
၄။ **တင်ဒါပုံစံထုတ်ပေးမည့်နေရာ** -အမှတ် (၁၂)အကြီးစားစက်ရုံ(ထုံးဘို)၊ စီမံကိန်းဌာန
၅။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်နှင့်အချိန်** -၂၁-၁-၂၀၁၆ရက်၊ ၁၂း၀၀နာရီ
၆။ **တင်ဒါတင်သွင်းရမည့်နေရာ** -အမှတ် (၁၂)အကြီးစားစက်ရုံ(ထုံးဘို) စီမံကိန်းဌာန
၇။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** -၂၁-၁-၂၀၁၆ရက်၊ ၁၃း၀၀နာရီ
၈။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၂၅၃၉၄၄၇၅၈၊ ၀၉-၄၂၃၇၀၈၉၁၃၊ ၀၉-၂၅၀၃၀၇၈၀၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**အမှတ် (၁၂)အကြီးစားစက်ရုံ(ထုံးဘို)**
**ဖုန်း-၀၉-၂၅၃၉၄၄၇၅၈၊ ၀၉-၄၂၃၇၀၈၉၁၃၊ ၀၉-၂၅၀၃၀၇၈၀၇**
**စက်မှုဝန်ကြီးဌာန**

## မုံရွာတက္ကသိုလ်
## (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ မုံရွာတက္ကသိုလ်၏ (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်ဖြစ်ပါသဖြင့် မုံရွာတက္ကသိုလ် ၂၀၁၄-၂၀၁၅ပညာသင်နှစ်တွင် ဘွဲ့စာမေးပွဲအောင်မြင်သူများအတွက် ဝိဇ္ဇာ/သိပ္ပံ (ရိုးရိုးဘွဲ့)၊ ဝိဇ္ဇာ/သိပ္ပံ(မဟာဘွဲ့)၊ မဟာသုတေသနဘွဲ့များ လျှောက်ထားနိုင်ပါသည်။
၂။ ဘွဲ့နှင်းသဘင် တက်ရောက်ဘွဲ့ အဝေးရောက်ဘွဲ့ လျှောက်ထားလိုပါက ဘွဲ့နှင်းသဘင် လျှောက်လွှာပုံစံများကို ဤတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနမှ ရယူဖြည့်စွက်ပြီး ၁၁-၁-၂၀၁၆ရက်မှ ၅-၂-၂၀၁၆ရက်ထိ (၂"×၁ ၁/၂") Sticker (ကပ်ခွာ)ဓာတ်ပုံ (၃)ပုံမှတ်ပုံတင် မိတ္တူနှင့်အတူ လျှောက်လွှာတင်သွင်းနိုင်ပါသည်။
၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ယူသူများအတွက် (၁၅၀၀ိ/-)၊ အဝေးရောက်ဘွဲ့ယူလိုသူများအတွက် (၁၀၀၀ိ/)ဖြစ်ပြီး ငွေလက်ခံဌာနစိတ်သို့ပေးသွင်းရမည်။
၄။ ရပ်ဝေးမှ ဘွဲ့နှင်းသဘင်ကြေး ပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာ အောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေး ပေးပို့ခြင်းဟုဖော်ပြပြီး ပါမောက္ခချုပ် မုံရွာတက္ကသိုလ်သို့လိပ်မူ၍ လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရစာမေးပွဲ ခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့်ခုနှစ်နှင့်လ၊ တက်ရောက်ခဲ့သော တက္ကသိုလ်/ဒီဂရီကောလိပ်နှင့် နေရပ်လိပ်စာ အပြည့်အစုံကို တိကျစွာဖော်ပြရပါမည်။ (ပြည့်စုံစွာ ဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)
၅။ ၂၀၁၄-၂၀၁၅ပညာသင်နှစ် မတိုင်မီက ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် အဝေးရောက် ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။
၆။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (၁)စောင် တင်သွင်းရမည်ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် နိုင်ငံသားလက်မှတ်မူရင်းကို တင်ပြနိုင်မှသာလျှင် ဘွဲ့လက်မှတ်ထုတ်ပေးမည်ဖြစ်ပါသည်။
၇။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။
၈။ ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်ပါသည်။

**(၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အစီအစဉ်**

| | | |
|---|---|---|
| ပထမရက် ပထမပိုင်း | ၂၀-၂-၂၀၁၆ရက် | နံနက် ၉း၀၀နာရီ |
| အစမ်းလေ့ကျင့်ရက် | ၁၈-၂-၂၀၁၆ရက် | နံနက် ၉း၀၀နာရီ |
| မဟာသုတေသနဘွဲ့ | -ရူပဗေဒ | |
| မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ | -မြန်မာစာ၊ သမိုင်း၊ ရူပဗေဒ | |
| ဝိဇ္ဇာ/သိပ္ပံဘွဲ့ | -မြန်မာစာ၊ သမိုင်း၊ ရူပဗေဒ | |
| ပထမရက် ဒုတိယပိုင်း | ၂၀-၂-၂၀၁၆ရက် | မွန်းလွဲ ၂း၀၀နာရီ |
| အစမ်းလေ့ကျင့်ရက် | ၁၈-၂-၂၀၁၆ရက် | နံနက် ၉း၀၀နာရီ |
| မဟာသုတေသနဘွဲ့ | -ဓာတုဗေဒ | |
| မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ | -အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ၊ ဓာတုဗေဒ | |
| ဝိဇ္ဇာ/သိပ္ပံဘွဲ့ | -အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ၊ ဓာတုဗေဒ | |
| ဒုတိယရက် ပထမပိုင်း | ၂၁-၂-၂၀၁၆ရက် | နံနက် ၉း၀၀နာရီ |
| အစမ်းလေ့ကျင့်ရက် | ၁၈-၂-၂၀၁၆ရက် | မွန်းလွဲ ၂း၀၀နာရီ |
| မဟာသုတေသနဘွဲ့ | -သင်္ချာ | |
| မဟာဝိဇ္ဇာ/သိပ္ပံ | -ပထဝီဝင်၊ အရှေ့တိုင်းပညာ၊ သင်္ချာ | |
| ဝိဇ္ဇာ/သိပ္ပံဘွဲ့ | -ပထဝီဝင်၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ သင်္ချာ၊ ဇီဝဓာတုဗေဒ | |
| ဒုတိယရက် ဒုတိယပိုင်း | ၂၁-၂-၂၀၁၆ရက် | မွန်းလွဲ ၂း၀၀နာရီ |
| အစမ်းလေ့ကျင့်ရက် | ၁၈-၂-၂၀၁၆ရက် | မွန်းလွဲ ၂း၀၀နာရီ |
| မဟာသုတေသနဘွဲ့ | -သတ္တဗေဒ | |
| မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ | -ဥပဒေပညာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ | |
| ဝိဇ္ဇာ/သိပ္ပံဘွဲ့ | -နိုင်ငံတကာဆက်ဆံရေးပညာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ၊ အဏုဇီဝဗေဒ | |

ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားသူများသည် ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာနှင့်အတူ ဘွဲ့ကြေးငွေသွင်းပြေစာ ပြသလျက် ဘွဲ့ဝတ်စုံများကို ၁၅-၂-၂၀၁၆ရက်မှ ၁၇-၂-၂၀၁၆ရက်ထိ နံနက် ၉း၀၀နာရီမှ ညနေ ၄း၀၀နာရီအတွင်း မုံရွာတက္ကသိုလ် အဆောင် (G) တွင် ထုတ်ယူနိုင်ပါသည်။

ဘွဲ့နှင်းသဘင်တက်ရောက်မည့်သူများသည် မြန်မာဝတ်စုံ တိုင်းရင်းသားဝတ်စုံ အနောက်တိုင်း ဝတ်စုံ(အမျိုးသားများသာ)တို့အနက် နှစ်သက်ရာဝတ်စုံကို ဝတ်ဆင်နိုင်ပါသည်။

**(ဆန်းဝင်းလှိုင်)**
**မော်ကွန်းထိန်း**
**မုံရွာတက္ကသိုလ်၊ မုံရွာမြို့**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေ (Kyats) ဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | တင်ဒါပုံစံရောင်းချမည့်ရက် | တင်ဒါပိတ်ရက်/အချိန် |
|---|---|---|---|---|
| (က) | 3-22(T)/MESC/2015-2016 | (၁၀)မီတာ ကွန်ကရစ်တိုင် (၈၃၃)လုံး (၉)မီတာ ကွန်ကရစ်တိုင် (၁၀၇၀)လုံး | ၅-၁-၂၀၁၆ | ၂၀-၁-၂၀၁၆ (၁၃း၀၀)နာရီ |
| (ခ) | 3-23(T)/MESC/2015-2016 | ၁၁/၀.၄ကေဗွီ (၂၀၀)ကေဗွီအေ ထရန်စဖော်မာ | ၅-၁-၂၀၁၆ | ၂၀-၁-၂၀၁၆ (၁၃း၀၀)နာရီ |
| (ဂ) | 3-24(T)/MESC/2015-2016 | ၄၀၀ဗို့ဓာတ်အားလိုင်းဆက်စပ်ပစ္စည်းများနှင့် ခွဲရုံပစ္စည်းများ | ၅-၁-၂၀၁၆ | ၂၀-၁-၂၀၁၆ (၁၃း၀၀)နာရီ |
| (ဃ) | 3-25(T)/MESC/2015-2016 | ၁၁ကေဗွီဓာတ်အားလိုင်းဆက်စပ်ပစ္စည်းများ | ၅-၁-၂၀၁၆ | ၂၀-၁-၂၀၁၆ (၁၃း၀၀)နာရီ |

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**
**၇၇လမ်း၊ ၂၆×၂၇ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၇၃၈၀၁**

## ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်
## လမ်းဦးစီးဌာန၊ ထားဝယ်ခရိုင်
## တင်ဒါအမှတ်စဉ် (၅/၂၀၁၅) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လမ်းဦးစီးဌာန ထားဝယ်ခရိုင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကတ္တရာလမ်းလုပ်ငန်းများအတွက် လိုအပ်သောကတ္တရာများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၁၃-၁-၂၀၁၆ရက် ညနေ ၄နာရီ
**တင်ဒါဖွင့်မည့်နေရာ/ရက်/အချိန်** - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ထားဝယ်မြို့ ၁၄-၁-၂၀၁၆ရက် နံနက် ၁၀နာရီ

တင်ဒါလျှောက်လွှာများအား ၅-၁-၂၀၁၆ရက်မှစ၍ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ထားဝယ်မြို့တွင် လျှောက်လွှာတစ်စောင်လျှင် ကျပ် ၁၀၀၀၀ိ/-နှုန်းဖြင့် ရုံးချိန်အတွင်း လာရောက်ဝယ်ယူလျှောက်ထားနိုင်ပါသည်။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ ဖုန်းဖြင့်ဖြစ်စေ အထက်ပါရုံး ဖုန်း-၀၅၉-၂၁၀၂၃ ၌ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး**
**ထားဝယ်မြို့**

## CLAIMS DAY NOTICE
## M.V DELPHINUS VOY:NO (389)

Consignees of cargo carried by M.V DELPHINUS VOY:NO (389) are here by notified that the vessel will arrive on about 6-1-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
အမှတ်(၁၇)အကြီးစားစက်ရုံ(မလွန်)

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁၇)အကြီးစား စက်ရုံ(မလွန်)မှ အရောင်းထိုင်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | တင်ဒါအမှတ် |
|---|---|---|
| (က) | Lot(1) Tractor Group | HI-17/002 |
| (ခ) | Lot(2) Rice Thresher Group | HI-17/003 |
| (ဂ) | Lot(3) Trailer Group | HI-17/004 |
| (ဃ) | Lot(4) Other Product Group | HI-17/005 |

၂။ အထက်ဖော်ပြပါ ပစ္စည်းများအား Lot No.အလိုက်သာ လေလံတင်ရောင်းချမည်ဖြစ်ပါသည်။
၃။ **တင်ဒါပုံစံထုတ်ယူရမည့်ရက်** - ၁၁-၁-၂၀၁၆ရက်မှ ၁၉-၁-၂၀၁၆ရက် မွန်းတည့် ၁၂း၀၀နာရီ
၄။ **တင်ဒါပုံစံထုတ်ပေးမည့်နေရာ** - အမှတ် ၁၇ အကြီးစားစက်ရုံ(မလွန်) စီမံကိန်းဌာန
၅။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်နှင့်အချိန်** - ၁၉-၁-၂၀၁၆ရက် ၁၂း၀၀နာရီ
၆။ **တင်ဒါတင်သွင်းရမည့်နေရာ** - အမှတ်(၁၇)အကြီးစားစက်ရုံ(မလွန်) စီမံကိန်းဌာန
၇။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၁၉-၁-၂၀၁၆ရက် ၁၃း၀၀နာရီ
၈။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၂၅၆၂၂၁၂၈၃၊ ၀၉-၂၅၆၂၂၁၂၉၁ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**အမှတ်(၁၇)အကြီးစားစက်ရုံ(မလွန်)**
**ဖုန်း-၀၉-၂၅၆၂၂၁၂၈၃၊ ၀၉-၂၅၆၂၂၁၂၉၁**
**စက်မှုဝန်ကြီးဌာန**

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၇)၊ အဋ္ဌမတန်း(B)မှ မလင်းရွှေစင်ထွန်း၏ ဖခင်အမည် မှန်မှာ ဦးထွန်းထွန်း ဖြစ်ပါသည်။

## အမည်ပြောင်းလဲခေါ်ဆိုပါရန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်၊ ချင်ပြစ်နယ်မြေရဲစခန်းနေ ဦးစန်းအောင်၏သား ၅/ပလန(နိုင်)၀၈၂၁၉၆ ကိုင်ဆောင်သူ ကိုချစ်ရအောင်အား ကိုပြည့်ဖြိုးအောင်(ခ)ချစ်ရအောင်ဟု အမည်ပြောင်းလဲ ခေါ်ဆိုပါရန်။ **ကိုပြည့်ဖြိုးအောင်(ခ) ချစ်ရအောင်**

## အမည်ပြောင်းလဲခြင်း

ကွတ်ခိုင်မြို့နယ်၊ လွယ်ခံကျေးရွာနေ ဦးတွမ်ရင်ခွေ၏သမီး အလက (လွယ်ခံ) ပဥ္စမတန်းကျောင်းသူ မဒွမ်စိန်မေ၏ အမည်ကို မထားထားနွယ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ ဦးတွမ်ရင်ခွေ၏သား အလက(လွယ်ခံ) စတုတ္ထတန်းကျောင်းသား မောင်ဒွမ်ရုံရှု၏ အမည်ကို မောင်ထွန်းစိန်ဟု ပြောင်းလဲခေါ်ဆိုပါရန် ကြေညာအပ်ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန
ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ

## အိတ်ဖွင့်တင်ဒါ( Open Tender )ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့အတွက် လိုအပ်သော ရုံးသုံးယာဉ်၊ စက်နှင့် စက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများ၊ လုံခြုံရေးနှင့်စစ်ဆေးရေးစက်ပစ္စည်းများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်း မြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ အဆိုပါပစ္စည်းများတင်သွင်းလိုသော ပြည်တွင်း မြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာများကို ၆-၁-၂၀၁၆ ရက်မှစ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရုံးအမှတ်(၈)ရှိ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူးရုံး၊ နေပြည်တော်တွင် ဝယ်ယူနိုင်ပြီး ၅-၂-၂၀၁၆ ရက် ညနေ ၁၆း၀၀ နာရီ နောက်ဆုံးထား၍ တင်ဒါအဆိုပြုလွှာများနှင့်အတူ ကုမ္ပဏီမှတ်ပုံတင်နှင့် ကုမ္ပဏီ Profile တို့အား ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။
၃။ ဈေးနှုန်းတင်သွင်းလွှာ တင်သွင်းရမည့်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပါသည်။
၄။ အိတ်ဖွင့်တင်ဒါပုံစံများအား တစ်စောင်လျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရုံးအမှတ်(၈)ရှိ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူးရုံး၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၂၄၇၊ ၀၆၇-၄၁၂၁၇၇၊ ၀၆၇-၄၁၂၅၄၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးအဖွဲ့**
**ပြည်ထဲရေးဝန်ကြီးဌာန**

## သမဝါယမတက္ကသိုလ်(စစ်ကိုင်း)
## ဒုတိယအကြိမ်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်းနှင့်
## ဘွဲ့နှင်းသဘင်ကြေညာချက်

သမဝါယမတက္ကသိုလ်(စစ်ကိုင်း)၏ ၂၀၁၄-၂၀၁၅ပညာသင်နှစ် ၂၀၁၅ခုနှစ် မတ်လနှင့် ၂၀၁၅ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော ဘွဲ့ရစာမေးပွဲအောင်မြင်ခဲ့သူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ကြောင်း ကြေညာလိုက်သည်-

**လျှောက်လွှာတင်သွင်းရမည့်ရက်** -၇-၁-၂၀၁၆ရက်မှ ၂၀-၁-၂၀၁၆ရက်ထိ
**အစမ်းလေ့ကျင့်ရမည့်ရက်** -၂၀၁၆ခုနှစ် ဇန်နဝါရီ ၃၀ရက် (စနေနေ့)
**အစမ်းလေ့ကျင့်ရမည့်အချိန်** -နံနက် ၀၉း၀၀နာရီ၊ [အစီအစဉ်အား အပိုင်း (၂) ပိုင်းခွဲ၍ ကျင်းပပါမည်။ အစမ်းလေ့ကျင့်ခြင်းအား လျှောက်လွှာတင်သွင်းသူများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် နံနက် ၀၈း၃၀နာရီတွင် နေရာယူပြီးဖြစ်ရန်]
**ကျင်းပမည့်ရက်** -၂၀၁၆ခုနှစ် ဇန်နဝါရီ ၃၁ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** -နံနက် ၀၉း၀၀နာရီ (နံနက် ၀၈း၃၀နာရီတွင် နေရာယူပြီးဖြစ်ရန်)
**ကျင်းပမည့်နေရာ** -သမဝါယမတက္ကသိုလ်(စစ်ကိုင်း)၊ ဘွဲ့နှင်းသဘင်ခန်းမ
**ဘွဲ့နှင်းသဘင်ကြေး(တက်ရောက်)** -ကျပ် ၁၅၀၀
**အဝေးရောက်ဘွဲ့ကြေး** -ကျပ် ၁၀၀၀

**မှတ်ချက်**
(၁) သတ်မှတ်လျှောက်လွှာပုံစံဖြင့်သာလျှောက်ထားရမည်။
(၂) လွန်ခဲ့သည့်သုံးလတွင် ရိုက်ကူးထားသော (၂×၁ ၁/၂)လက်မ ရောင်စုံဓာတ်ပုံသုံးပုံ ပူးတွဲ၍ လျှောက်ထားရမည်။ ဓာတ်ပုံများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက် တိုင်းဝတ်စုံ(အမျိုးသား) နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ သပ်ရပ်စွာ ရိုက်ကူးထားသော ဓာတ်ပုံဖြင့်သာ လျှောက်ထားရမည်။
(၃) သတ်မှတ်ဘွဲ့ကြေးများကို သမဝါယမတက္ကသိုလ်(စစ်ကိုင်း)ငွေလက်ခံဌာနတွင် ပေးသွင်းရပါမည်။
(၄) ရပ်ဝေးမှ ပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့် ပေးပို့ရမည်ဖြစ်ပြီး ငွေပို့လွှာ၏ အောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်းဟု ဖော်ပြရမည့်အပြင် လျှောက်လွှာရှင်၏ အမည်၊ စာမေးပွဲအောင်သည့်ခုနှစ်လ၊ စာမေးပွဲခုံအမှတ် စသည်များကို တိကျစွာဖော်ပြလျှောက်ထားရမည်။ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံစဉ်းစားပေးမည်မဟုတ်ပါ။
(၅) ဘွဲ့တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား) တို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ကြရမည်။
(၆) တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်ကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်သည်။
(၇) ဘွဲ့ဝတ်စုံများကို ၂၅-၁-၂၀၁၆ရက် (တနင်္လာနေ့)၊ နံနက် ၀၉း၀၀နာရီတွင် သမဝါယမတက္ကသိုလ်(စစ်ကိုင်း) မြသရဖီခန်းမ၌ထုတ်ပေးမည်ဖြစ်သည်။ ဘွဲ့ဝတ်စုံလာရောက်ထုတ်ယူပါက နိုင်ငံသားစိစစ်ရေးကတ်ပြား(သို့မဟုတ်) ကျောင်းသားကတ် တစ်ပါတည်းယူဆောင်လာရမည်။
(၈) အသေးစိတ်အချက်အလက်များကို သမဝါယမတက္ကသိုလ်(စစ်ကိုင်း) ဖုန်း-၀၇၂-၂၁၁၈၃တွင် စုံစမ်းနိုင်ပါသည်။

**(ဖြိုးဖြိုးအောင်)**
**လ/ထမော်ကွန်းထိန်း**
**စာမေးပွဲဘွဲ့နှင်းဌာနခွဲ**
**သင်တန်းရေးရာဌာန**

# (၂၁)ကြိမ်မြောက် ဗိုလ်စိန်မှန်သီတဂူစမ္မသဘင်

| ရွှေပြည်ဟိန်းဆရာတော် | အရှင်ကိတ္တိဗလ | အရှင်တိက္ခသာရ | သီတဂူဆရာတော် |
|---|---|---|---|
| (စနေနေ့) ၉. ၁. ၂၀၁၆ | (တနင်္ဂနွေ) ၁၀. ၁. ၂၀၁၆ | (တနင်္လာ) ၁၁. ၁. ၂၀၁၆ | (အင်္ဂါနေ့) ၁၂. ၁. ၂၀၁၆ |

အမေရိကန်နိုင်ငံ၊ ဖလော်ရီဒါပြည်နယ်တွင် တည်ထားကိုးကွယ်မည့် "လောကနန္ဒာစေတီ"အလှူတော်တရားပွဲ

ညစဉ် (၇း၃၀)နာရီ၊ ဗိုလ်စိန်မှန်အားကစားကွင်း ဓမ္မရင်ပြင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး


# လှိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတရုံးမှ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၆ ဖြင့် နိုင်ငံတော်သမ္မတမှ ထိုက်တန်စွာပေးအပ်ချီးမြှင့်ပါသော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များအနက် တိုက်ခွဲအမှတ် (၃၂) သဲအင်းဂူဝိပဿနာ ဓမ္မရိပ်သာကျောင်းမှ **အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တော်အားရရှိသည့် ဆရာတော်ဘဒ္ဒန္တစန္ဒိမာ**နှင့် ကမ္မဋ္ဌာနာစရိယဘွဲ့တော်အားရရှိသည့် **ဆရာတော်ဘဒ္ဒန္တဓမ္မပါရဂူ**တို့နှင့်အတူ ဗုဒ္ဓသာသနာတော်ကြီး အဓွန့်ရှည်အေးချမ်းစွာတည်ရှိရေးနှင့် သာသနာတော်ပြန့်ပွားရေးတို့အတွက် အကျိုးမျှော်၍ လွန်စွာနှစ်ထောင်းအားရ ဝမ်းမြောက်ဂုဏ်ယူမိရပါကြောင်း ဆရာတော်တို့အား လျှောက်ထားအပ်ပါသည်ဘုရား။

**တိုက်ခွဲအမှတ် (၃၂)ဥပသကာ**
**ဦးဝင်းနိုင်+သီဟသုဓမ္မသီရိဒေါ်ဝေဝေမွန်**
**ရွှေဟိန်းထက်ကျောက်မျက်ကုမ္ပဏီမိသားစု**

# လှိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၆ဖြင့် နိုင်ငံတော်သမ္မတမှ ထိုက်တန်စွာပေးအပ်ချီးမြှင့်ပါသော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များမှ **သီဟသုဓမ္မသီရိ**ဘွဲ့အား ပေးအပ်ချီးမြှင့်ခြင်းခံရသည့် **ဒေါ်ဝေဝေမွန်(ဒါရိုက်တာ- ရွှေဟိန်းထက်ကျောက်မျက်ကုမ္ပဏီ)**အတွက် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ယခုကဲ့သို့ ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးဖြင့် ထူးခြားစွာထောက်ပံ့ လှူဒါန်းနေသည့်သာသနာပြု ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်ဘဝအား နောင်သံသရာ၌ မဂ်ဖိုလ်နိဗ္ဗာန်ရသည်အထိပြုနိုင်ပါစေကြောင်း ချစ်သောမိသားစုနှင့်အတူ ဆုမွန်ကောင်းများတောင်း၍ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

| | | |
|---|---|---|
| **ချစ်ခင်ပွန်း** | - | **ဦးဝင်းနိုင် (MD)** |
| **(ရွှေဟိန်းထက်** | - | **Group Company Limited)** |
| **ချစ်သမီးကြီး** | - | **သဲနှင်းအိမ်(ခ) Richelle (University Of Sydney)** |
| **ချစ်သမီးလေး** | - | **မေသိမ့်နွယ်(ခ)Maureen (Grade-VIII YIS)** |
| **ချစ်သမီးထွေး** | - | **ဝေဝေထက်နိုင်(ခ)Wai Wai (Grade-II YIS)** |

# လှိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၆ ဖြင့် နိုင်ငံတော်သမ္မတမှ ထိုက်တန်စွာပေးအပ်ချီးမြှင့်ပါသော သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များမှ **သီဟသုဓမ္မသီရိ**ဘွဲ့အား ပေးအပ်ချီးမြှင့်ခြင်းခံရသည့် **ဒေါ်ဝေဝေမွန်(ဒါရိုက်တာ-ရွှေဟိန်းထက်ကျောက်မျက်ကုမ္ပဏီ)**အတွက် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ယခုကဲ့သို့ ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးဖြင့် ထူးခြားစွာထောက်ပံ့ လှူဒါန်းနေသည့်သာသနာပြု ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်ဘဝအား နောင်သံသရာ၌ မဂ်ဖိုလ်နိဗ္ဗာန်ရသည်အထိပြုနိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်း၍ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

**ဒါရိုက်တာအဖွဲ့ဝင်များနှင့်ဝန်ထမ်းများ**
**Shwe Hein Htet Group Company Limited**

## အိန္ဒိယနိုင်ငံမှဆရာဝန်ကြီးများ လာရောက်မည်

အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တားမြို့ (ဖောတစ်)ဆေးရုံကြီးမှ အောက်ဖော်ပြပါ အထူးကုဆရာဝန်ကြီးများသည် ၂၀၁၆ ခုနှစ် ဇန်နဝါရီ(၁၆)ရက်တွင် ရန်ကုန်မြို့သို့ ရောက်ရှိမည်ဖြစ်ပါသဖြင့် တွေ့ဆုံဆွေးနွေးလိုသော လူနာဟောင်း/သစ်များသည် မြန်မာဗားတက်စ်ကုမ္ပဏီ၊ ဖုန်း-၀၉-၇၃၀၉၃၆၅၉၊ ၀၉-၃၂၉၂၂၂၅၂၊ ၀၉-၂၅၉၂၆၅၇၀၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

**၁။ ကျောက်ကပ်အစားထိုး အထူးကုဆရာဝန်ကြီး**
**၂။ နှလုံးနှင့် နှလုံးသွေးကြော ဆိုင်ရာ ခွဲစိတ်ဆရာဝန်ကြီး (ကလေး/လူကြီး)**

## ကျေးဇူးပြုပါ

၄-၁-၂၀၁၆ရက် ည ၉နာရီခန့်တွင် ရန်ကုန်မြို့၊ လမ်း ၄၀မှ အောင်မင်္ဂလာကွင်း မန္တလာမင်းကားဂိတ်သို့ ပို့ဆောင်ပေးသော Taxi ပေါ်တွင် ကျွန်မတန်ဖိုးထားရသော စိတ်ပုတီးနှင့် မျက်မှန် Counter ငယ်တို့ပါသော အသားရောင်အိတ်ငယ် တစ်ခုကျန်ခဲ့ပါသည်။ အောက်ပါဖုန်းများသို့ ဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံပါသည်။

**ဖုန်း-၀၂-၃၄၈၄၂၊ ၀၉-၆၈၀၂၈၆၉၊ ၀၉-၇၉၈၅၄၇၈၄၆**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ မြယာရိုးကွက်သစ် (၁)၊ (၉)လမ်း၊ မြေကွက်အမှတ် (၂၆၀)နေ ဦးခင်ဝင်း ၁၂/သလန(နိုင်)၀၆၉၆၉၈သည် အထက်ပါ မြေကွက်အား မူလအမည်ပေါက်ပိုင်ရှင် ဦးအောင်ဌေး SRM -၀၁၃၉၉၀ထံမှ စာချုပ်စာတမ်း အဆက်ဆက်ဖြင့် ဝယ်ယူ၍ နောက်ဆုံးပိုင်ရှင် ဦးသန့်ဇင်၏ဇနီး ဒေါ်ခင်မာကြည်ထံမှဝယ်ယူ၍ နေအိမ်ဆောက်လုပ်လျက် လက်ရှိနေထိုင်ပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်ဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးစောဝင်း (LL.B)** — **ဒေါ်ဖြူမြတ်သွယ်** — **ဒေါ်အေးသန္တာ**
**တရားလွှတ်တော်ရှေ့နေကြီး**
**ရုံးခန်း-ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးရှေ့** — **ဒေါ်ခိုင်သူဇာဝင်း** — **ဒေါ်စမ်းစိမ့်စိမ့်အေး**
**အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့** — **တရားလွှတ်တော်ရှေ့နေများ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ (ကျွန်းတော/မြောက်)ရပ်ကွက်၊ အမှတ် ၃၇၊ တိုက်(B-1)၊ မကြီးကြီးလမ်း၊ အကျယ်အဝန်း(၁၂½×၅၀)ပေရှိ မြေညီထပ်တိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကန်ထရိုက်ဦးလှမြင့်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသည့် ဒေါ်ဆွေဆွေမုန်း ၆/မအရ(နိုင်)၀၃၅၄၃၇သည် အဆိုပါတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ လွတ်လပ်စွာရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ပိုင်းကို ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အိမ့်ဖြူနိုင် LL.B,D.B.L,DML** — **ဒေါ်ရတနာနွေး LL.B,D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၈၇၇)** — **အထက်တန်းရှေ့နေ (စဉ်-၃၈၄၉၇)**
**အမှတ် (S-18)၊ ဂျိုးဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၃၁၅၀၆၄၀၊ ၀၁-၂၄၅၃၀၆**

# လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၆ ဖြင့် **ဦးအောင်သန်းစိန်**အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ဆက်ကပ်ပွဲတွင် **"သုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ်ချီးမြှင့်ခံရခြင်းအတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် နောင်တွင်လည်း မိသားစုနှင့်အတူ သက်ရှည်ကျန်းမာစွာဖြင့် နိုင်ငံနှင့်လူမျိုး၊ ဘာသာ သာသနာအကျိုးကို ဆထက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်အစ်ကိုလေး ဦးအောင်မြင့်-ဒေါ်ငွေလှ**
**မိသားစု**

# လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆) ဖြင့် ၄-၁-၂၀၁၆ ဖြင့် **ဦးအောင်သန်းစိန်** အမှတ် ၃၉၊ ဦးကြွယ်ဟိုးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေသူကို **သုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်း ခံရသည့်အတွက် လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် နောင်တွင်လည်း မိသားစုနှင့်အတူ သက်ရှည်ကျန်းမာစွာဖြင့် နိုင်ငံနှင့် လူမျိုး၊ ဘာသာ သာသနာအကျိုးကို ဆထက်တိုး၍ ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးတိုးမောင်-(ဒေါ်သန်းရီ)မိသားစု**
**ထနီးကျေးရွာ၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး**

# အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆)ဖြင့် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ်၊ ချောင်းကြီးကျေးရွာမှ **ဒေါ်ကြည်ကြည်နွဲ့(ခ)ဒေါ်စုစုသန်း** (မန်နေဂျင်းဒါရိုက်တာ၊ ရွှေမိခင်တောင်ကုမ္ပဏီနှင့် ရွှေစုစုသန်းကုမ္ပဏီ)အား သာသနာတော်ဆိုင်ရာ **သုဓမ္မသိင်္ဂီ** ဘွဲ့တံဆိပ်အား ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နောက်နောင်တွင်လည်း အမျိုးဘာသာ၊ သာသနာအတွက် ကျန်းမာချမ်းသာစွာဖြင့် ဆထက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မန်နေဂျာနှင့်**
**ဝန်ထမ်းမိသားစုအားလုံး**
**ရွှေမိခင်တောင်ကုမ္ပဏီ**
**ချောင်းကြီးကျေးရွာ၊ သပိတ်ကျင်းမြို့နယ်**

**ခေတ္တရာအသင်း(ရန်ကုန်မြို့)**

## နှစ်ပတ်လည်ပွဲ၊ သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲ

ခေတ္တရာအသင်း(ရန်ကုန်မြို့)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် နှစ်ပတ်လည်ပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအား ၂၄-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အသင်းခမ်းမရုံး၌ ကျင်းပမည်ဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် အ·ပ·ထနှင့် တက္ကသိုလ်၊ ကောလိပ်များမှ ဂုဏ်ထူးရ ကျောင်းသူ၊ ကျောင်းသားများ ၁၅-၁-၂၀၁၆ရက် နောက်ဆုံးထား၍ အောက်ဖော်ပြပါပုဂ္ဂိုလ်များထံ အကြောင်းကြားကြပါရန်နှင့် အသင်းဝင်မိသားစုများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လျှောက်ထားရန်မှာ ဒုဗိုလ်မှူးကြီးဝင်းမြင့်(ငြိမ်း) ဖုန်း-၀၉-၄၃၁၉၂၂၆၃၊ ဦးဝင်းမော် ဖုန်း-၀၉-၇၃၂၄၁၆၉၁၊ ဒေါ်ဥမ္မာသန်း ဖုန်း-၀၉-၅၀၀၄၂၃၁၊ ဦးသိန်းနိုင် ဖုန်း-၀၉-၅၀၇၁၀၂၇ နှင့် ဦးမျိုးအောင် ဖုန်း-၀၉-၇၃၁၆၆၄၅၆ ဖြစ်ပါသည်။

အသင်းသားများထံသို့ သီးခြားဖိတ်စာမပို့ပါ။ ဤကြော်ငြာအား ဖိတ်စာအဖြစ်မှတ်ယူ၍ ကြွရောက်ကပ်လှူပူဇော်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**မှတ်ချက်။** ။ ပြည် ပလာတာ ဖြင့် ဧည့်ခံပါမည်။ **အမှုဆောင်အဖွဲ့၊ ရန်ကုန်မြို့**

**၁၉၈၂ခုနှစ် ရန်ကုန်တက္ကသိုလ် ဘူမိဗေဒကျောင်းသား ကျောင်းသူဟောင်းများ၏**

## အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲဖိတ်ကြားခြင်း

၁၉၈၂ခုနှစ် ရန်ကုန်တက္ကသိုလ် ဘူမိဗေဒ ကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

လှူဒါန်းလိုပါက ဖော်ပြပါ ဘဏ်စာရင်း(သို့)သူငယ်ချင်းများထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**နေ့ရက်** - ၁၃-၂-၂၀၁၆ ရက် (စနေနေ့)
**အချိန်** - ညနေ ၅း၃၀ နာရီမှ ည ၉း၃၀ နာရီအထိ
**နေရာ** - Diamond Hall, M-3 Restaurant
ရွှေတိဂုံဘုရားမြောက်ဘက်၊ (အာဇာနည်ကုန်းအနီး)၊ ရန်ကုန်မြို့
**ဘဏ်စာရင်းအမှတ်** - U KAUNG NAING/057-302-05700156701
ကမ္ဘောဇဘဏ် (ကျွန်းတောလမ်း)

ကိုမြင့်စန်း ဖုန်း-၀၉-၅၁၅၅၄၅၀၊ ကိုလှမင်း ဖုန်း-၀၉-၅၁၈၈၂၃၇၊ ကိုအောင်မျိုးသိုက် ဖုန်း-၀၉-၇၈၅၁၅၇၂၇၆၊ ဗိုကြည်သောင်း ဖုန်း-၀၉-၇၃၂၀၃၉၀၇၊ ကိုမောင်မောင်နိုင် ဖုန်း-၀၉-၅၁၂၈၈၈၆၊ ကိုအောင်ဌေးမင်း ဖုန်း-၀၉-၅၁၅၁၃၂၇၊ မနီနီမော် ဖုန်း-၀၉-၅၁၄၆၈၀၈၊ ကိုဖုန်းဦး-စပ်ခင်သူဇာ ဖုန်း-၀၉-၅၀၀၁၁၉၁၊ ကိုကောင်းနိုင်-မခင်ခင်ဝေ ဖုန်း-၀၉-၇၃၁၅၄၂၉၉၊ ကိုကျော်စိန်ဝင်း ဖုန်း-၀၉-၅၃၈၅၃၆၈

# မြတ်ဆရာကန်တော့ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ယခင် အမက(၂၄)ကျောင်း၊ ယခု အလက(၁၀)ကျောင်းတော်ကြီးတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများမှ မြတ်ဆရာကန်တော့ပွဲကို ပထမအကြိမ် ကျင်းပသွားမည်ဖြစ်သည့်အတွက် ယခင် အမက(၂၄) ကျောင်းသား ကျောင်းသူဟောင်းများ၊ သူငယ်ချင်းများ ၁၀-၁-၂၀၁၆ ရက် နံနက် ၉း၀၀ နာရီတွင် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**(၂၄) ကျောင်းသားဟောင်းများ**

ခင်မောင်သန်း ဖုန်း-၀၉-၄၂၀၀၁၉၆၃၄၊ မျိုးနိုင် ဖုန်း-၀၉-၄၂၁၀၄၃၀၀၂

**အလက(၁၀) ကျောင်းသားများ**

လင်းထက်တိုးကျော် ဖုန်း-၀၉-၄၂၀၀၀၉၉၁၂၊ ရဲထက်ငြိမ်း ဖုန်း-၀၉-၂၅၀၀၈၅၉၃၆၊ ဖြိုးသွင်ကျော် ဖုန်း-၀၉-၄၂၁၁၃၀၂၃၇

**ရန်ကုန်တက္ကသိုလ်-သတ္တဗေဒကျောင်းသား ကျောင်းသူဟောင်းများ**

## လူမှုကူညီစောင့်ရှောက်မှုအသင်း နှစ်ပတ်လည် အစည်းအဝေးဖိတ်ကြားလွှာ

ရန်ကုန်တက္ကသိုလ်(ပင်မ၊ လှိုင်၊ ကြည့်မြင်တိုင်၊ ဗိုလ်တထောင်၊ လုပ်သားများကောလိပ်) သတ္တဗေဒကျောင်းသား ကျောင်းသူဟောင်းများ၏ လူမှုကူညီစောင့်ရှောက်မှုအသင်း ၂၀၁၆ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို အောက်ပါအစီအစဉ်တိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်ကျောင်းသား ကျောင်းသူဟောင်းများအားလုံး မပျက်မကွက်ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**(လက်ဆောင်ပစ္စည်းများပေးရန်ရှိပါသည်)**

**နေ့ရက်** - ၁၀-၁-၂၀၁၆ ရက် (တနင်္ဂနွေနေ့)
**အချိန်** - မွန်းလွဲ ၁ နာရီတိတိ
**နေရာ** - ရွှေမန်းကျောင်း မင်္ဂလာတောင်တော်ဦးတိုက်၊ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊ (မင်္ဂလာဇေယျုပ္ပာအသင်းအနီး)

ဆက်သွယ်ရန်- ဦးကျော်ဘုန်းလင်း ဖုန်း-၀၉-၄၂၁၁၇၈၅၆၁၊ ပါမောက္ခဒေါ်မေသက်ဦး ဖုန်း-၀၉-၅၁၈၄၆၀၉၊ ဦးမောရစ် ဖုန်း-၀၉-၄၂၀၀၉၉၅၆၆၊ ဦးဥက္ကာ ဖုန်း-၀၉-၇၉၉၇၂၆၆၅၄၊ ဦးမြင့်လွင် ဖုန်း-၀၉-၄၃၀၆၈၈၇၆

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1C/7646, Howo Sinotruck Truck (6x4)L ယာဉ်လက်ဝယ်ရှိသူ Chancella Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

## ပျောက်ဆုံးကြောင်း

ကျွန်မ မခိုင်ကြည်ပြာစိုး ၇/ဒဥန(နိုင်) ၁၃၈၂၈၇၏ Passport No. MA 689835 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၅၂၈၇၅၉၃**

## မွေးသက္ကရာဇ်မှန်

ဦးနိုင်ဦး၏ သားသမီးများဖြစ်ကြသော စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ ဘန့်ဘွေး၊ အထက နဝမတန်း(A)မှ မောင်ဇင်မျိုးကိုနှင့် မဇင်မာခိုင် အမြွှာမောင်နှမတို့၏ မွေးသက္ကရာဇ်မှန်မှာ ၄-၇-၂၀၀၀ ဖြစ်ပါကြောင်း။

## မသက်ဆိုင်တော့ပါကြောင်း

ကျွန်မ မဆွေလင်းထိုက် ၁၃/တကန(နိုင်)၁၃၇၂၃၅ ၏ ညီမဖြစ်သူ မအိသန္တာဆွေ ၁၃/တကန(နိုင်)၁၃၇၂၃၆ သည် ၎င်း၏သဘောဆန္ဒအတိုင်း ပြုမူသွားပါသဖြင့် ယနေ့မှစ၍ မသက်ဆိုင်တော့ပါကြောင်း။

**မဆွေလင်းထိုက်**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သား မောင်စိုးသူ(ခ)မောင်စန်းလွင် ၅/ဘတလ(နိုင်)၀၇၈၄၉၂ သည် မိဘ၏ဆိုဆုံးမမှုကိုမလိုက်နာခြင်း၊ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ခြင်းတို့ကြောင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးစိုးမြင့်**
**ဆုံကုန်းကျေးရွာ၊ ဘုတလင်မြို့နယ်**







AUNG JAPANESE ACADEMY (SINCE 2007)
ဦးအောင်သန်းဦး (MA, Japan) ဦးစီးသည် (ဂျပန်စာအထူးပြုကျောင်း)
ဂျပန်ပညာသင် 2016 ဧပြီ / အောက်တိုဘာတန်း
အချိန်ပိုင်းအလုပ်လုပ်ရင်းပညာသင်ယူနိုင်မည်
- ရုံးချိန်လွတ် ကြားရက် / စနေ၊ တနင်္ဂနွေ တန်းခွဲများ။
- လစဉ်အခြေခံတန်းခွဲသစ်
- အခြေခံစကားပြောတန်း
လက်ခံပြီ
A66-68/4F/D, Insein Road, Sanyeiknyein, Kamayut Ph : 09-73060391, 09-421118058

အိမ်၊ ခြံ၊ မြေ
ရောင်း၊ ဝယ်၊ ငှား
* သီလဝါ
* ကျောက်တန်း
* သန်လျင်
PH; 09-420185599
09-420185577

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ဂ/၂၆၂၂ Toyota Hilux Surf. KZN, S/W (4x4) ယာဉ်လက်ဝယ်ရှိသူ ဦးဘွန်ပြူး ၁၂/လမတ(နိုင်)၀၁၅၉၄၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ငွေချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**လယ်ဝေးမြို့နယ်တရားရုံးတော်၌**

**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၈၆**

ဒေါ်လှဝင်း **နှင့်** ၁။ ဒေါ်ပု
၂။ ဦးစိန်ဝင်း
၃။ ဒေါ်သင်းသင်း
၄။ ဦးနိုင်မိုး

**တရားလို** **တရားပြိုင်များ**

ဦးနိုင်မိုး၊ အင်ပင်ကျေးရွာအုပ်စု၊ အင်ပင်ကျေးရွာ၊ လယ်ဝေးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး (ယခုနေရပ်လိပ်စာအတိအကျမသိ)နေသူ သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်လှဝင်း အရာတော်မြို့နယ်၊ သလဲဘာအုပ်စု၊ ဆိတ်ဖူးကြီးကျေးရွာ၊ စစ်ကိုင်းတိုင်းဒေသကြီးနေသူမှ အမွေရှင် ဦးကျော်ရင် ကျန်ရစ်သော အမွေပုံပစ္စည်းအရပ်ရပ်တွင် လယ်ဝေးမြို့နယ်၊ အင်ပင်ကျေးရွာရှိ နေအိမ်ဝိုင်းခြံမြေနှင့် ယင်းမြေပေါ်ရှိ (၄×၃)ပင်၊ သွပ်မိုး၊ ထရံကာ မြေစိုက်အဆောက်အအုံတစ်လုံးအား အမွေပုံစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ရက် (၁၃၇၇ခုနှစ် တပို့တွဲလဆန်း ၇ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဇန်နဝါရီ ၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်မောင်ဝင်း)**
**မြို့နယ်တရားသူကြီး**
**လယ်ဝေးမြို့နယ်တရားရုံး**

## စက်သုံးဆီဆိုင်အတွက် ဝန်ထမ်းအလိုရှိသည်

**(ရန်ကုန်မြို့တွင်ခန့်ထားရန်)**

| | | | |
|---|---|---|---|
| ၁။ | **စက်သုံးဆီအရောင်းဆိုင်မန်နေဂျာ** | (၄)ဦး | (ကျား) |
| | - သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၂)နှစ်ရှိရမည်။ | | |
| | - တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူ။ | | |
| | - ကွန်ပျူတာအသုံးပြုနိုင်သူ။ | | |
| | - စကားပြောဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။ | | |
| ၂။ | **စာရင်းကိုင်** | (၅)ဦး | (မ) |
| | - တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူ။ | | |
| | - LCCI (Level-3) လက်မှတ်ရှိသူ။ | | |
| | - သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိရမည်။ | | |
| | - Microsoft Word & Excel ကျွမ်းကျင်ရမည်။ | | |
| | - စကားပြောဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။ | | |
| ၃။ | **ဆီပန့်ကိုင်** | (၂၀)ဦး | (ကျား) |
| | - စကားပြောဆက်ဆံရေးကောင်းမွန်ရမည်၊ သွက်လက်ချက်ချာရမည်။ | | |
| | - ကျောင်းဆက်မတက်သူ(သို့)ဘွဲ့ရဖြစ်ရမည်။ | | |
| | - လုပ်ငန်းအတွေ့အကြုံရှိရမည်။ | | |
| ၄။ | **လုံခြုံရေး** | (၅)ဦး | (ကျား) |
| | - စက်သုံးဆီဆိုင်တွင် လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ | | |
| ၅။ | **ရုံးဝန်ထမ်း** | (၅)ဦး | (ကျား/မ) |
| | - တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိသူ။ | | |
| | - သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံရှိသူ။ | | |
| | - ကွန်ပျူတာကျွမ်းကျင်သူ။ | | |
| | - စကားပြောဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။ | | |
| ၆။ | **သန့်ရှင်းရေး** | (၅)ဦး | (ကျား/မ) |
| | - သန့်ရှင်းရေးကိုစိတ်ပါဝင်စားပြီး သွက်လက်ချက်ချာသူကို ဦးစားပေးမည်။ | | |
| ၇။ | **အထွေထွေလုပ်သား** | (၅)ဦး | (ကျား/မ) |
| | - ကျောင်းဆက်မတက်သူဖြစ်ရမည်။ | | |
| ၈။ | **ယာဉ်မောင်း** | (၂)ဦး | (ကျား) |
| | - အသက်(၄၀)ဝန်းကျင်ဖြစ်ရမည်။ | | |
| | - လုပ်သက်(၅)နှစ်ရှိရမည်။ | | |

ရာထူးအားလုံးအတွက် ကုမ္ပဏီစည်းကမ်းအတိုင်း လုပ်ကိုင်နိုင်သူဖြစ်ရမည်။ (ဆေးလိပ်၊ ကွမ်း၊ အရက်) ကင်းသူဖြစ်ရမည်။ အကျင့်စာရိတ္တနှင့် ကျန်းမာရေးကောင်းမွန်ရမည်။ လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင် (C.V Form)၊ ဓာတ်ပုံ(၂)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်နှင့်ရဲစခန်း ထောက်ခံစာမိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူနှင့်တကွ ရုံးချိန်အတွင်း အောက်ပါလိပ်စာသို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

**လိပ်စာ-** ဗိုလ်မှူးဗထူးလမ်း၊ (၄၈)တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (ရန်ကုန်နာရေးကူညီမှုအသင်းဘေး)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၃၄၂၇၁ Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းလွင်(ခ)ဂျီဘရာအီလီ ၉/မရတ(နိုင်)၁၂၀၉၁၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ခ/၁၁၉၆ ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား(၁)ချပ် ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3H/7390 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**ဟင်္သာတမြို့**

## မြေကွက်အမှတ်(ဒ-၃၀၃၄၅)၊ ဒက္ခိဏသီရိမြို့နယ်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ ဒေါ်မြင့်မြင့်စန်း ၇/ရထန(နိုင်)၀၀၇၇၆၃ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ-

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ဒက္ခိဏသီရိရပ်ကွက်၊ မြေကွက်အမှတ်(ဒ- ၃၀၃၄၅)၊ အကျယ်(၈၀ပေ×၈၀ပေ)အကျယ်ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ RC(၁)ထပ် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်မှာ ကျွန်ုပ်မိတ်ဆွေ ဝယ်ယူပိုင်ဆိုင်လက်ရှိထားသည့် မြေကွက်နှင့် အဆောက်အအုံတို့ဖြစ်ပြီး ယင်းမြေကွက်၊ အဆောက်အအုံတို့နှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေမှ ယနေ့တိုင် အခြားမည်သူတစ်ဦးတစ်ယောက်ကိုမှ ဝင်ရောက်နေထိုင်ခွင့်၊ ငှားရမ်းထားခြင်းစသည်တို့ မပြုထားကြောင်း၊ ခွင့်ပြုချက်မပြုထားကြောင်း ကျွန်ုပ်မိတ်ဆွေ ကိုယ်တိုင်သိရှိခြင်း၊ ခွင့်ပြုခြင်းမရှိပါဘဲ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ တစ်ဆင့်ငှားရမ်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားနည်းလွှဲပြောင်းခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ထားပါက ကျွန်ုပ်မိတ်ဆွေနှင့် လုံးဝသက်ဆိုင်ခြင်းမရှိဘဲ ပြုလုပ်သူများအား တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးပြည့်ဖြိုးအောင် (LL,B,D.B.L)**
**အထက်တန်းရှေ့နေ**
**(စဉ်-၂၅၈၀၅)**
**အမှတ်(၅၉၅၇)၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊**
**၀၉-၄၂၀၇၆၇၄၇၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ဝေပုလ္လ(၆)လမ်း၊ အမှတ်(၂၇၂)၊ (၆)ထပ်တိုက်မှ ပထမထပ်၊ အကျယ်အဝန်း(၁၈'×၅၄')ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကြိုပွိုင့်စနစ်ဖြင့် ကန်ထရိုက်တာဒေါ်အေးကြည် ၁၂/ဥကမ(နိုင်)၀၁၁၉၉၄ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးခင်မောင်ထွန်း ၂/ဖဆန(နိုင်)၀၀၂၆၆၁က ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများဖြင့် ငါးရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သဲစုထွေး (LL.B, D.B.L, D.M.L, D.I.L)** **ဦးမြတ်ထွန်း (B.Sc, R.L)**
**အထက်တန်းရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၂၇၁၂၈)** **(စဉ်-၃၆၉၀)**
**အမှတ်(၅၅)၊ ၁၄လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ဖုန်း-၀၉-၇၃၀၇၂၂၂၁၊ ၀၉-၇၃၁၄၄၀၅၅**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံတောင်မြို့နယ်၊ စက်မှုဇုန်အပိုင်း(၂)၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၄၊ မြေကွက်အမှတ် ၁၄၆၊ အလျား ၁၅၀ပေ×အနံ ၈၃ ပေ အကျယ်အဝန်းရှိ ပါမစ်မြေအမျိုးအစားအား ဒေါ်ရင်ရင်နု ၁၂/ဥကမ(နိုင်)၁၃၁၇၀၄ အမည်ပေါက်ပိုင်ဆိုင်သူကိုယ်တိုင် ရောင်းချသည့်မြေကွက်အား အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မင်းထိုက် ၁၀/မလမ(နိုင်)၁၂၅၉၆၂ က စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက စာချုပ်စာတမ်းမူရင်းနှင့်တကွ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မင်းထိုက်၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သန္တာဦး** LL.B, D.B.L, D.I.R, B.D.S (MOFA)
**အထက်တန်းရှေ့နေ (စဉ်-၃၁၈၆၂)**
**အမှတ် ၃၁၈/က၊ ဗိုလ်ခန့်လမ်း၊ (၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်**

## တင်ဒါခေါ်ယူခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ အမိုးပြုပြင်ခြင်းလုပ်ငန်း၊ မျက်နှာကြက်ပြုပြင်ခြင်းလုပ်ငန်းနှင့် အစည်းအဝေးခန်းမတွင် အသံလုံစနစ်တပ်ဆင်ဆောင်ရွက်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်လိုပါသည်-

၂။ (က) **တင်ဒါပုံစံ**
**စတင်ထုတ်ယူနိုင်မည့်ရက်** - ၁၁-၁-၂၀၁၆ရက် (တနင်္လာနေ့)
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** -၂၀-၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီ
(ဂ) **တင်ဒါစိစစ်ရွေးချယ်မည့် ရက်နှင့်** အချိန် - ၂၂-၁-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၁နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရုံးအမှတ် ၅၃၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၁၃၁၆၊ ၀၆၇-၄၃၁၃၄၂**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ခရိုင်/မြို့နယ်ရုံးများ၌ အသုံးပြုရန် မော်တော်ဆိုင်ကယ်(Wave 100)များ ဝယ်ယူလိုသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်။ တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်များကို ၁၃-၁-၂၀၁၆ရက်မှ ၁၅-၁-၂၀၁၆ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်ရက်မှာ ၂၀-၁-၂၀၁၆ ရက် ၁၆း၃၀နာရီ ဖြစ်ပါသည်။ မော်လမြိုင်မြို့မှ တင်သွင်းသူများကို ဦးစားပေးရွေးချယ်ပါမည်။

၂။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၇-၂၄၇၃၄၊ ၀၅၇-၂၇၁၁၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**မွန်ပြည်နယ်စာရင်းစစ်ချုပ်ရုံး**
**မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပေါက်တော၊ မြေကွက်အမှတ် (၁စီ-၁၉၅၃/၅၄)၊ အကျယ်အဝန်း ပေ(၅၀×၃၀)ရှိ မြေကွက်၊ ယခုအခေါ် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကွက်သစ်ရပ်ကွက်၊ လှိုင်မြစ်လမ်း၊ အမှတ်(၂၇)ဟုခေါ်တွင်သည့် ဦးပိုင်အမှတ် (၆၀/ဋ)မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၄)ထပ်တိုက်မှ ကန်ထရိုက်တာရရှိသည့် ခြေရင်းဘက်ခန်း ပထမထပ်(မှန်ခန်း)နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချ ပိုင်ခွင့်ရှိသူဟု ပြောဆို၍ ဒေါ်ရင်မြ ၁၂/အစန(နိုင်)၁၃၇၅၄၅ထံမှ အပြီးအပိုင်လွှဲပြောင်းရောင်း ချရန်အတွက် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် တိုက်ခန်း၏တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းနိုင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၆၈၉)**
**တိုက် (၅)၊ အခန်း (၁၀၁)၊**
**အောင်ဇေယျအိမ်ရာ၊ ကမ်းနားအလယ်ရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၅၀၈၁၆၅၈**

**ဒေါ်အောင်အောင်အေး LL.B,D.I.L**
**အထက်တန်းရှေ့နေ(စဉ်-၄၂၉၄၂)**
**အင်းစိန်ရှေ့နေများအသင်းစုပေါင်းရုံးဝင်း**
**အင်းစိန်မြို့နယ်**
**ဖုန်း-၀၉-၄၂၅၀၃၃၄၆၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁ဂျေ၊ မြေကွက်အမှတ် ၁၇၉၊ မြေကွက်တည်နေရာအမှတ် ၃၉၊ အိမ်ကြီးလမ်း၊ (၉)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ဒေါ်ခင်သန့် ၁၂/ပဇတ(နိုင်)၀၂၆၃၆၅ အမည်ပေါက် နှစ် ၉၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်သန့်နှင့်ခင်ပွန်း ဦးအောင်ကျော်တို့အသီးသီး ကွယ်လွန်သဖြင့် ကိတ္တိမသမီးအဖြစ် မွေးစားခြင်းစာချုပ်အမှတ် ၁၄၂/၂၀၁၄ ၂၉-၄-၂၀၁၄ သေစာရင်း၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ ဒေါ်အေးအေးခိုင် ၂/လကန(နိုင်)၀၀၆၅၂၂မှ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၇)၊ မြေကွက်အမှတ် ၃၇၆၊ မြေကွက်တည်နေရာအမှတ် ၃၇၆၊ မဟာသီရိလမ်း၊ ၃၇ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း ဦးမျိုးသန့် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား IGU-052843 ဦးမျိုးသန့်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၈၃၃၆/၂၀၁၄) ရသူ ဦးအာကာကျော်ထွန်း ၁၂/မရက(နိုင်)၁၃၂၄၈၉ မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာကိုယ်တိုင်ဝန်ခံချက်၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ ဂရန်မိတ္တူလျှောက် ထားလာခြင်းအား သတင်းစာကြော်ငြာခဲ့ရာ ကန့်ကွက်သူမပေါ်ပေါက်ခဲ့သဖြင့် အမည်ပေါက် ဦးမျိုးသန့်မူလ မြေငှားဂရန်စာအုပ်အမှတ် (စွမ်းအင်/ဒဂမ/၃၄၇/၉၄)အား ဤဌာန၏ ရုံးတွင်းမိန့်ဖြင့် ပယ်ဖျက်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ မြေကွက်အမှတ် (၅၇)၊ မြေကွက်တည်နေရာအမှတ် (၅၇)၊ ဧရာ (၇)လမ်း၊ ဒေါ်နှင်းတင် ၁၂/ဥကမ(နိုင်)၀၅၆၅၄၇၊ဒေါ်ဆွေဆွေဝင်း ၁၂/ဥကမ(နိုင်)၀၅၆၁၆၁အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ မိခင် ဒေါ်နှင်းတင်၊ဖခင် ဦးခွေးတို့ကွယ်လွန်သဖြင့် ပူးတွဲအမည်ပေါက် ဒေါ်ဆွေဆွေဝင်းမှ တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ၎င်းထံမှ GP ရရှိသူ ဒေါ်သီတာအေး ၁၂/ဥကမ(နိုင်) ၁၉၃၉၃၄ မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်+အရောင်းမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့် ကွက် နိုင် ကြောင်း ကြော် ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ မြေကွက်အမှတ်(၆၇/က)၊ မြေကွက်တည်နေရာအမှတ်(၆၇/က)၊ မြင်သာ(၂)လမ်း၊ (၁၅)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ဒေါ်ဖြူ (S/OKA-၀၁၇၂၄၁)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအားအမည်ပေါက် ဒေါ်ဖြူကိုတရားပြိုင်ထား၍ ဒေါ်ရွှေယ်ဝင်းမှ တောင်ဥက္ကလာပမြို့နယ်တရားမရုံး၌တရားလိုပြု စွဲဆိုသောတရားမမူလမှုအမှတ် -၅၀/၂၀၁၅၏စီရင်ချက်၊ ဒီကရီမှုအမှတ် -၃၉/၂၀၁၅၏အမိန့်နှင့်(၁၂. ၁၀. ၂၀၁၅)ရက်နေ့စွဲပါ ဘီလစ်ခန့်စာတို့ကိုတင်ပြပြီးအမည်ပေါက်(တရားခံ)ကိုယ်စားဘီလစ်ဒေါ် နန့်ဆန်းသိန်း (၁၂/မရက (နိုင်)၀၄၇၆၁၆)က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့် အညီဆက်လက်ဆောင်ရွက်ပေးမည်ဖြစ် ကြောင်းအသိပေးကြော်ငြာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြိုင်ဟေဝန် အိမ်ရာရှိ တိုက်အမှတ် (၇)၊ အခန်းအမှတ် ၀၀၄ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မြင့်ကြည်ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးခင်မောင်သန်း ၁၂/သကတ(နိုင်)၁၂၈၀၆၄က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဌရပ်ကွက်၊ စပယ်လမ်းမကြီး၊ အမှတ် ၇၇၃ တွင်နေသူ ဦးတင်မြင့်(ခ)ကျော်ကုတ်တင် ၁၂/လသန(နိုင်)၀၁၆၉၀၇နှင့် ဒေါ်ထွေးသင် ၁၂/တမန(နိုင်)၀၃၈၀၇၇ တို့၏သားကြီး မောင်အောင်မိုးဦး ၁၂/ဥကမ(နိုင်)၂၂၆၄၉၅ သည် မိဘနှစ်ပါးအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုမူပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူမည်မဟုတ်ပါကြောင်း။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဦးတင်မြင့်(ခ)ကျော်ကုတ်တင်**
**ဒေါ်ထွေးသင်**

## ဖောင်းကြွန်ပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် DD/1386၏ ဖောင်းကြွန်ပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံ)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မြိတ်မြို့၊ ကန်ဖျားရပ်၊ ဗိုလ်ဗထူးလမ်းသွယ်နေ ဦးဂင်စိုး ၆/ကစန(နိုင်)၀၄၀၈၈၁၏သား မောင်သိန်းထွန်း ၆/မမန(ပြု)၀၀၀၀၉၂ သည် အကြိမ်ကြိမ်အခါခါ မိဘစိတ်ဆင်းရဲအောင် ပြုလုပ်ခြင်းတို့ကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးဂင်စိုး ၆/ကစန(နိုင်)၀၄၀၈၈၁**

## အများသိစေရန် သတိပေးတားမြစ်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ရန်ကုန်မြို့နေ ဦးဇော်အောင်(ကွယ်လွန်)၏ သားသမီးများဖြစ်ကြသော (၁) ဒေါ်မြမြသွယ် ၁၁/စတန(နိုင်)၀၀၅၃၉၁၊ (၂) ဒေါ်မြမြဝင်း ၁၁/စတန(နိုင်)၀၀၅၃၇၈၊ (၃) ဒေါ်ခင်ခင်စော ၁၁/စတန(နိုင်) ၀၀၅၃၉၄နှင့် ဦးစံသိန်း (ကွယ်လွန်)၏ ဇနီး ဒေါ်ညွန့်မေ ၇/ပမန(နိုင်) ၁၄၆၃၈၃၊ သား ဦးသာထွန်းဦး ၁၀/သထန(နိုင်)၀၀၀၆၄၇၊ သမီး ဒေါ်နန်းကျော့ခိုင် ၇/ပမန(နိုင်)၁၀၇၇၂၆တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် သတိပေးတားမြစ် ကြေညာအပ်ပါသည်။

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကျောင်းတက်လမ်းအကွက်၊ အမှတ် ၂၇၊ ဦးပိုင်အမှတ် ၁၈၇/ဃ၊ ဧရိယာ ၀ဒသမ၀၅၃ဧက၊ ဘိုးဘွားပိုင်မြေပေါ်ရှိ စစ်တွေမြို့၊ ကျောင်းတက်လမ်းရပ်ကွက်၊ မင်းဘာကြီးလမ်း၊ အမှတ် ၂၇ပေါ်ရှိ မြေနှင့်အဆောက်အအုံသည် ဦးလှကျော်ဇံ (ကွယ်လွန်)နှင့် ဒေါ်မညွှန့်(ကွယ်လွန်)တို့ အမည်ပေါက် တရားဝင်ပိုင်ဆိုင်ကြပါသည်။ ကွယ်လွန်သွားကြသော ဦးလှကျော်ဇံနှင့် ဒေါ်မညွှန့်တို့တွင် သားသမီးလေးဦးထွန်းကားခဲ့ပါသည်။ အဆိုပါသားသမီးလေးဦးမှာလည်း ကွယ်လွန်ခဲ့ပြီး သားသုံးဦးဖြစ်သူ ဦးမောင်စောအောင်၊ ဦးဇော်အောင်၊ ဦးစံသိန်းတို့၏ တရားဝင်အမွေဆိုင် သားသမီးများ ကျန်ရစ်ခဲ့ပါသည်။ လက်ရှိတွင် အဆိုပါမြေနှင့် အဆောက်အအုံအား တရားဝင် အမွေဆက်ခံပိုင်ခွင့်ရှိသော ဦးမောင်စောအောင်၊ ဦးဇော်အောင်၊ ဦးစံသိန်းတို့၏ သားသမီးများသာ တရားဝင်ပိုင်ဆိုင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေများ၏ သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ မည်သူတစ်ဦး တစ်ယောက်ကမျှ အဆိုပါမြေနှင့်အဆောက်အအုံအား ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ စွန့်လွှတ်ခြင်း၊ အာမခံတင်သွင်းခြင်း၊ ငှားရမ်းခြင်း၊ လှူဒါန်းခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်း စသည်တို့ကို မပြုလုပ်ပါရန် အများသိစေရန် သတိပေးတားမြစ်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်သန်း LL.B, D.M.A, D.B.L, D.M.L,D.A(Psy)**
**WIPO, D.L.P (Switzerland), Diploma in International Law**
**High Court Advocate & Legal Advisor**
**အမှတ် ၄၀၊ ပိတောက်ပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၀၄၂၀၀၃၊ ၀၉-၇၉၇၈၃၆၆၄၀**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ကပ္ပတိန် မောင်မောင်ဖုန်း(ခ)Al Phonse FMNP, MNA

### အသက် (၇၁)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်၆နေ (ဦးဂျိုးနူး-ဒေါ်လူစီ)တို့၏သား၊ ကပ္ပတိန် မောင်မောင်ဖုန်း FMNP, MNAသည် ၂-၁-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၂း၄၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မြန်မာနိုင်ငံရေကြောင်းအတတ်ပညာရှင်များအသင်း MNAမှ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံရေကြောင်းအတတ်ပညာရှင်များအသင်း**
**အလုပ်အမှုဆောင်အဖွဲ့ (MNA)**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ရိုစီအောင်(ခ)ဒေါ်မာလာအောင်

### အသက်(၆၉)နှစ်

OTS(38)စည်သူတပ်ခွဲမှ (ဗိုလ်မှူးမြင့်အေး)၏ဇနီး ဒေါ်ရိုစီအောင်(ခ) ဒေါ်မာလာအောင်သည် ၄-၁-၂၀၁၆ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**OTS(38)စည်သူတပ်ခွဲမှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးတင်အေး

### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ သမဝါယမဦးစီးဌာန

### အထွေထွေမန်နေဂျာ၊ ဗဟိုသမဝါယမအသင်း

### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာသစ်၊ တိုက်-၂၊ အခန်း ၁၉နေ ဒေါ်နုနုယဉ် (သမဝါယမဦးစီးဌာန-ငြိမ်း)၏ခင်ပွန်း ဦးတင်အေးသည် ၂-၁-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**၁၉၇၄ ခုနှစ်၊ သမဝါယမ ဆဋ္ဌမသုတ် အလုပ်သင်အရာရှိ**
**သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ခင်လှလှ (သထုံ)

### အသက်(၈၇)နှစ်

ဒေါက်တာသန်းထွဋ်ဦး-ဒေါက်တာခင်မျိုးနောင် (ပါမောက္ခ-ဌာနမှူး၊ ဓာတုဗေဒဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်) တို့၏မိခင်ကြီး ဒေါ်ခင်လှလှ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ၊ တွဲဖက်ပါမောက္ခများနှင့်**
**ဆရာ၊ ဆရာမများ**
**ဓာတုဗေဒဌာန**
**ရန်ကုန်အဝေးသင်တက္ကသိုလ်**

## လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

### ဦးချစ်ညွှန့်ဦး (မြောင်းမြ)

### အသက် (၈၇) နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝါးခယ်မလမ်း၊ အမှတ် ၅၄နေ (ဦးသက်-ဒေါ်မြ) တို့၏သား၊ ဒေါ်ခင်ထားကြည်၏ခင်ပွန်း၊ ဒေါ်နိုင်နိုင်ဦး၊ ဦးသက်ဦး-ဒေါ်ချိုမာတင်မြင့်၊ ဦးငွေဇင်-ဒေါ်သက်သက်မာ၊ ဦးအောင်အောင်၊ ဦးသူရအောင်-ဒေါ်ထွေးထွေးမာတို့၏ဖခင်၊ ဗိုလ်ကြီးသက်နောင်စိုး၊ မငြိမ့်ငြိမ့်ခင်၊ ကိုဝေဖြိုးအောင်တို့၏အဘိုးသည် ၈-၁၂-၂၀၁၅ရက် ကွယ်လွန်သွားသည့်အတွက် နေ့စဉ်၊ လစဉ်ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုအစုစုတို့ကို ဖခင်ကြီးအား အမျှပေးဝေပါသည်။ မြင့်မြတ်အေးချမ်းရာ ဘုံဘဝမှ သာခုခေါ်နိုင်ပါစေ။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ကိုကျော်သူ (၁၉၈၅-၈၆ အင်းစိန်ဂျီတီအိုင် စက်မှုစွမ်းအား)၏မိခင် ဒေါ်ခင်မြင့် အသက်(၈၄)နှစ်သည် ၃၀-၁၂-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**၁၉၈၅-၈၆ အင်းစိန်ဂျီတီအိုင် စက်မှုစွမ်းအားမှ**
**သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးထူးတင့်မော် (ကိုရဲ-ပခုက္ကူ)

၁-၁-၂၀၁၆ရက်တွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ကြေကွဲရပါသည်။ ကိုရဲကတော့ ဘဝသံသရာရထားပေါ်ကနေ လမ်းခုလတ် ဘူတာရုံတစ်ခုမှာ ဆင်းသွားခဲ့ရပါသည်။ ကိုရဲညီကျွန်တော်ကတော့ ရှုပ်ထွေးနက်နဲလှတဲ့ လူ့ဘဝသံသရာထဲမှာ ရုံးရင်းကန်ရင်း ကူးရင်းခတ်ရင်းနဲ့ ဘဝသံသရာရထားပေါ်မှာ လိုက်ပါနေဆဲပါ။ ကိုရဲ ဆင်းတဲ့ ဘူတာရောက်ရင်တော့ ကျွန်တော်လည်းပဲ...

ဇော်ဝင်းထွန်း
လော့အိန်ဂျယ်လိ

## ဦးမောင်မြင့်(ခ)ဦးမောင်ဖြူထွန်း

### အုပ်ခွဲတပ်ကြပ်ကြီး (တပ်မတော်လေ လေ/၈၈၀၃-ငြိမ်း)

### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ငွေသီရိ(၁)လမ်း၊ အမှတ် ၁၂နေ ဒေါ်အုန်းစိန်၏ခင်ပွန်း၊ ဦးမျိုးသန့်၊ ဦးကျော်ဝင်းလှိုင်၊ ဦးမင်းသူ-ဒေါ်ခင်မာသိန်း၊ ဦးကျော်မိုးနိုင်-ဒေါ်ယုယုမော်တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၆-၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၆ရက်(သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၂-၁-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးဇော်လွင်ဦး(ခ)ကိုဇော် အသက် (၅၀)

### (ညောင်တုန်းမြို့)

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့၊ (၁) ရပ်ကွက်၊ အောင်သုခလမ်းနေ (ဦးသန်းဆိုင်၊ စား/ဖျော်-ငြိမ်း)- ဒေါ်စန်းတို့၏သား၊ ဒေါ်သင်းသင်းဆိုင်၊ ဒေါ်နှင်းနှင်းဆိုင်၊ ဦးဇာနည်ဆိုင်-ဒေါ်စုစုဆွေဇင်၊ ဒေါက်တာမြတ်သူ (စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန)-ဒေါ်နီနီဆိုင် (သီးနှံကာကွယ်ရေးဌာနခွဲ)၊ ဦးကျော်ကျော်ဆိုင်တို့၏ အစ်ကိုကြီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အင်္ဂပူလမ်း၊ အမှတ် ၂၈၊ ၃လွှာနေ မဇာဇာထက် [နောက်ဆုံးနှစ် အပိုင်း(ခ)ဆေး-၁)၊ မသူသူကြိုင် (အထက-၂၊ စမ်းချောင်း)၊ မောင်ထူးဆွေညာဏ် (အထက-၁၊ ညောင်တုန်း)တို့၏ ဖခင်ကြီးသည် ၆-၁-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ညောင်တုန်းမြို့၊ ငြိမ်းချမ်းမြေသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

[ကွယ်လွန်သူအားရည်စူး၍ ၁၂-၁-၂၀၁၆ရက်(အင်္ဂါနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်မြင့်မြင့်အေး (ဗန်းမော်)

### အသက်(၇၇)နှစ်

ဗိုလ်မှူးမြင့်ဇော်(ငြိမ်း)၏မိခင် ဒေါ်မြင့်မြင့်အေးသည် ၂-၁-၂၀၁၆ ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၁၅)မှ သူငယ်ချင်း မိသားစုများ**

**ဝမ်းနည်းကြေကွဲခြင်း**

## ဗိုလ်မှူးချုပ်သန်းထွန်း (ငြိမ်း)

**(ဒု-ဝန်ကြီး၊ ငြိမ်း)**

**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန**

**အသက်(၇၀)**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာ ဖလမ်း၊ သုမင်္ဂလာ အိမ်ရာဝင်း၊ အမှတ် (၁၂၉)နေ (ဒေါ်ချစ်ယဉ်)၏ခင်ပွန်း ဗိုလ်မှူးချုပ်သန်းထွန်း(ငြိမ်း)သည် ၄-၁-၂၀၁၆ရက်(တနင်္လာနေ့)နံနက် ဖနာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဗိုလ်မှူးချုပ်သန်းထွန်း (ငြိမ်း)

**ဒုတိယဝန်ကြီး(ငြိမ်း)**

**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန**

**အသက်(၇၀)**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာ ဖလမ်း၊ သုမင်္ဂလာအိမ်ရာဝင်း၊ အမှတ် ၁၂၉နေ (ဒေါ်ချစ်ယဉ်)၏ခင်ပွန်း ဗိုလ်မှူးချုပ်သန်းထွန်း(ငြိမ်း)သည် ၄-၁-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ဖနာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း-ဒေါ်ကြည်ကြည်ဝင်းနှင့် မိသားစု**
**သမဝါယမဝန်ကြီးဌာန**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဗိုလ်မှူးချုပ်သန်းထွန်း(ငြိမ်း) အသက်(၇၀)

**ဒုတိယဝန်ကြီး(ငြိမ်း)**

**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာ ဖလမ်း၊ သုမင်္ဂလာအိမ်ရာဝင်း၊ အမှတ် ၁၂၉နေ (ဒေါ်ချစ်ယဉ်)၏ခင်ပွန်း ဗိုလ်မှူးချုပ်သန်းထွန်း(ငြိမ်း) အသက် (၇၀)သည် ၄-၁-၂၀၁၆ရက်(တနင်္လာနေ့)တွင်ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကျောင်းအုပ်ကြီး ဒေါက်တာမင်းသန့်၊ ဇနီး ဒေါ်သီတာအောင်၊**
**ဝန်ထမ်းများ**
**ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်၊ ရန်ကုန်**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးမြင့်ထွေး(ထားဝယ်) အသက်(၆၃)နှစ်

**A.G.T.I (Civil) 1973**

**အငယ်တန်းအင်ဂျင်နီယာ(၁)(ငြိမ်း)၊ တံတားအထူးအဖွဲ့(၁၃)**

ထားဝယ်မြို့နေ (ဦးဘရှင်)-ဒေါ်ရှင်နုတို့၏သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည် ၁၃လမ်းအထက်၊ အမှတ် ၄၇၀/ခ နေ ဒေါ်ထားထား၏ခင်ပွန်း၊ ဦးဟိန်းဇော်-ဒေါ်ဝိုင်းလဲ့ရည်ထူး၊ မောင်ရှိန်းအောင်၊ မစုနိုင်နိုင်မြင့်၊ မမြတ်သဇင်ကျော်တို့၏ဖခင်၊ မကြယ်စင်ဝိုင်း၏အဘိုးသည် ၇-၁-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၁၆ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးတင်အောင်ရီ

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)**

**လူမှုဝန်ထမ်းဦးစီးဌာန**

**အသက်(၆၁)နှစ်**

ဦးတင်အောင်ရီ(ဒုတိယညွှန်ကြားရေးမှူး၊ ငြိမ်း)သည် ၁-၁-၂၀၁၆ရက် ည ၁၁နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယအမြဲတမ်းအတွင်းဝန်**
**ဦးအောင်ဖုန်းနှင့်ဇနီး ဒေါ်မြင့်မြင့်ရီ မိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးအောင်မြင့်စိုး အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ သစ္စာလမ်း၊ သစ္စာဥယျာဉ်လုံးချင်းအိမ်ရာ၊ အမှတ် ၂၅နေ ဒေါက်တာဦးကျော်အောင်-(ဒေါက်တာဒေါ်သန်းတင်)တို့၏သား၊ (ဦးမောင်မောင်-ဒေါ်မြဝေ)တို့၏ သားသမက်၊ (ဦးအောင်သန်းဦး)-ဒေါ်အေးအေးခိုင်တို့၏ညီ/မောင်၊ ဦးအောင်မျိုးထွန်း(MD, AMTT Co.,Ltd.)-ဒေါ်မြတ်စန္ဒီဝင်း(Director, AMTT Co.,Ltd.) တို့၏အစ်ကို၊ ဒေါ်သဇင်(ခ)ဒေါ်ခိုင်မြတ်ဝေ(ကုန္တီတံကုမ္ပဏီလီမိတက်)၏ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်ကြီးအာကာ(ငြိမ်း) (MEC)-ဒေါ်ငြိမ်းစန္ဒီ၊ မဆုရည်အောင်တို့၏ချစ်လှစွာသောဖခင်၊ တူ၊ တူမ ငါးယောက်တို့၏ဘကြီး/ဦးလေး၊ (မအေးချမ်းမိုး)၏အဘိုးသည် ၇-၁-၂၀၁၆ရက်(ကြာသပတေးနေ့) နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၁-၂၀၁၆ရက်(စနေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှမွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးအောင်မြင့်စိုး အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ သစ္စာလမ်း၊ သစ္စာဥယျာဉ်လုံးချင်းအိမ်ရာ၊ အမှတ် ၂၅နေ ဒေါက်တာဦးကျော်အောင်-(ဒေါက်တာဒေါ်သန်းတင်)တို့၏သား၊ (ဦးမောင်မောင်-ဒေါ်မြဝေ)တို့၏သားသမက်၊ ဦးဝင်းမြင့်-ဒေါ်သင်းသင်းလေး၊ ဦးမောင်မောင်ဝေ-ဒေါ်နန္ဒာခင်၊ ဦးသိန်းမြင့်-ဒေါ်ခင်သန်းနု၊ ဦးညီညီစိန်-ဒေါ်သီသီခင်၊ ဒေါက်တာဦးကိုကို-ဒေါက်တာဒေါ်မေသင်း၊ ဒေါ်ဖြူဖြူဝင်း၊ ဦးကြည်ခိုင်၊ ဦးကြည်လှိုင်-ဒေါ်ခင်ခင်ကြီးတို့၏ညီ/မောင်၊ ဦးအောင်မြင်-ဒေါ်ရီမင်းမြိုင်၊ Capt: မောင်မောင်မြင့်-ဒေါ်အေးအေးအောင်တို့၏အစ်ကို၊ ဒေါ်သဇင်(ခ)ဒေါ်ခိုင်မြတ်ဝေ(ကုန္တီတံကုမ္ပဏီလီမိတက်)၏ချစ်လှစွာသောခင်ပွန်းသည် ၇-၁-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၁၆ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှမွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်အေးမိ

**အသက်(၇၉)နှစ်**

သူငယ်ချင်း ဗိုလ်မှူးကျော်မင်းသန်း(ငြိမ်း) (မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်)-ဒေါ်မာမာအေးတို့၏မိခင်သည် ၅-၁-၂၀၁၆ရက် နံနက် ၁၁း၃၀နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၅)မှ**
**ကျောင်းဆင်းဖက် သူငယ်ချင်းမိသားစုများ**

---

**ဝမ်းနည်းကြေကွဲခြင်း**

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်လှလှ (သထုံ)

**အသက်(၈၇)နှစ်**

ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသူရိန်သန့်ဇင်-ဒေါ်ခင်စိုးနောင်တို့၏ချစ်လှစွာသောမိခင် ဒေါ်ခင်လှလှသည် ၄-၁-၂၀၁၆ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကိုကျော်-မသက်**
**Steven-ရင်းရင်း**
**မျိုးလွင်-ဘုတ်ဘုတ်**

---

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ဝင်းမေ အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ ရွှေမဥ္ဇူလမ်း၊ အမှတ် ၂၂၄နေ (ဦးထွန်းကျော်-ဒေါ်အေးကြည်)တို့၏သမီး၊ ဦးကျော်ညွန့်(ဆသရ၊ ငြိမ်း)၏ဇနီး၊ ဦးငွေထွန်း-ဒေါ်ဝင်းတို့၏အစ်မ၊ (ဦးရဲထွဋ်)-ဒေါ်အေးအေးဝင်း၊ ဦးခင်မောင်မြင့်(ဆသရ၊ ငြိမ်း)-ဒေါ်လှလှငွေး(ဆသရ)၊ ဦးအောင်စိုး-ဒေါ်မြင့်မြင့်ခိုင်၊ ဦးခင်ထွေး-ဒေါ်ခင်ဆွေဝင်း၊ဦးကျော်ကျော်-ဒေါ်သင်းသင်း(သင်းသင်းအထည်ဆိုင်)၊ ဒေါ်မြင့်မြင့်ဝင်း(ဆသရ)၊ ဦးဖြိုးဝေပြည့်-ဒေါ်ခင်ဥမ္မာကျော်(UAB Bank)တို့၏မိခင်၊ မြေး ၁၄ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၆-၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) ညနေ၄း၃၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၆ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၂-၁-၂၀၁၆ ရက် (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးကံညွန့် (ကန်တော်ကလေး)

**မြန်မာ့ရပ်ရှင်လုပ်ငန်း(ငြိမ်း)**

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်ရှေ့ရပ်ကွက်၊ ၉၄လမ်း၊ အမှတ် ၁၂၂(ငါးလွှာ)နေ(ဦးဘကျော်-ဒေါ်တီ)တို့၏သား၊ [ဦးမောင်လှ(သစ်လုပ်ငန်း)]၊ [ဦးသိန်းထွန်း(သတင်းတပ်ဖွဲ့)]၊ ဦးကျော်စည်-ဒေါ်စန်းစန်းရီတို့၏အစ်ကို၊ (ဦးအုန်းတင်-ဒေါ်သောင်းကြည်)တို့၏သားသမက်၊ ဒေါ်ခင်ဝင်း(ရုပ်ရှင်လုပ်ငန်း၊ ငြိမ်း)၏ခင်ပွန်းသည် ၇-၁-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်သိန်းသိန်းငွေး

**အလယ်တန်းပြ(ငြိမ်း)**

**အသက်(၅၉)နှစ်**

ရန်ကုန်မြို့နေ (ဦးသိန်းအောင်)-ဒေါ်ကြည်အေးတို့၏သမီး၊ (ဦးထွန်းအိ)-ဒေါ်ကြင်စုတို့၏သမီးချွေးမ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ လုံးသွယ်လမ်း၊ အမှတ် ၁၀၆နေ ဦးစိုးတင့်၏ဇနီး၊ မောင်ထက်အောင်လှိုင်၏မိခင်၊ ဦးခင်ဇော်၊ ဒေါ်ရင်မေတို့၏ညီမ၊ ဦးညွန့်ဝေ၊ ဒေါ်ဥမ္မာ၊ ဦးမိုးကျော်တို့၏အစ်မ၊ တူ၊ တူမ ခုနစ်ယောက်တို့၏အဒေါ်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၆-၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်မူမူဝင်း(အထက-၃၊ ဒဂုံ)

**အသက်(၅၂)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊အမှတ် ၇၁၊ ခုနစ်လွှာနေ ဦးကျော်ဝင်း (PPE-ငြိမ်း)-ဒေါ်တင်တင်ရင် (PPE-ငြိမ်း)တို့၏ သမီး၊ ဦးအေး(ရဲအုပ်၊ငြိမ်း)-(ဒေါ်ကြည်ကြည်မာ)တို့၏ချွေးမ၊ ဦးနိုင်ဝင်း (ပလတ်စတစ်စက်ရုံ)-ဒေါ်သီဂီစိုး(နည်းပညာတက္ကသိုလ်၊ မော်ဘီ)တို့၏ညီမ၊ Capt နိုင်အောင်(St. Johns)-ဒေါ်အေးအေးဝင်း၊ ဗိုလ်ကြီးဇော်မင်းအောင်-ဒေါ်နွယ်နွယ်ဝင်း (ဆက်သွယ်ရေး၊ ငွေစာရင်း)တို့၏အစ်မ၊ ဦးသန့်ဆွေ(ရဲအုပ်၊ ငြိမ်း၊ မြတ်မေတ္တာမွန်ကုမ္ပဏီ)၏ ဇနီး၊ မောင်ကောင်းထက်ကျော်(နည်းပညာတက္ကသိုလ်၊ လှိုင်သာယာ)၏ မိခင်၊ မောင်နိုင်ထွန်းအောင် (ဆေးတက္ကသိုလ်-၁)၊ မချောစုသော်တာ (NIM-Singapore)၊ မောင်ကျော်စည်သူဟိန်း (ရေကြောင်းတက္ကသိုလ်)၊ မောင်သက်ထွန်းအောင် (KHK - ကိုပိုင်အထက်တန်းကျောင်း)တို့၏ အဒေါ်သည် ၆-၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃း၁၅နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၁၅နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ရဟန်းဒါယကာကြီး**

## ဦးထွန်းဝေ

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**

**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

**ဒုရဲအုပ်လောင်းအမှတ်စဉ်-၁၁**

**အသက်(၆၅)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ (၁၃)ရပ်ကွက်၊ ရွှေဝတ်မှုံ(၂)၊ ရုံးအနောက်(၁)လမ်း၊အမှတ် D-57 နေ (ဦးမြတ်သာ-ဒေါ်ကျင်ညွန့်)တို့၏သား၊ (ဦးချစ်စု)-ဒေါ်မြင့်တို့၏ သားသမက်၊ ဒေါ်အေးမြိုင်၏ခင်ပွန်း၊ ဦးကိုကြီး၊ ဒေါ်လှမြင့်၊ ဒေါ်တင်လှ၊ ဦးသိန်းထွန်း-ဒေါ်နွဲ့နွဲ့အေး၊ ဦးမြင့်လွင်၏အစ်ကို၊ ကိုထွန်းမင်းနိုင် - မဟေမာအောင်၊ ကိုထွန်းမင်းခိုင်-မဂျူးဂျူး၊ မောင်ပိုင်သူတို့၏ချစ်လှစွာသောဖခင်၊မောင်လင်းအောင်ခန့်၊ မလမင်းအိမ်၊ မဒီဇင်ဘာတို့၏အဘိုးသည် ၆-၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)ည ၈း၃၀နာရီတွင်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၁၆ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ပုသိမ်မြို့ သရောင်းချောင်းသုသာန်၌ သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁-၂၀၁၆ရက် (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်အုန်းလှ

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇ/မြောက်ရပ်ကွက်၊ သရက်တောလမ်း၊ အမှတ် ခ/၈၁နေ (ဦးနေဝင်း-ဒေါ်အေးကြည်)တို့၏သမီး၊ (ဦးထွန်း-ဒေါ်ပု)တို့၏ချွေးမ၊ (ဦးအုန်းမောင်)၏ဇနီး၊ (ဦးခင်မောင်ဝင်း)၊ (ဦးခင်မောင်သင်း)-ဒေါ်ရီရီအေး၊ ဒေါ်သီဂီအုန်းတို့၏မိခင်၊ မောင်ထင်ကျော်လင်း၊ မောင်အောင်ငွေးလွင် - မဖူးဖူးတို့၏အဘွားသည် ၇-၁-၂၀၁၆ရက်(ကြာသပတေးနေ့) နံနက် ၀၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးပြုံးချို

**မြန်မာ့အလင်းသတင်းစာတိုက်(ငြိမ်း)**

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ ဗိုလ်ဥတ္တမလမ်း၊ အမှတ် ၄၈နေ (ဦးကျော်သောင်း-ဒေါ်အမာ)တို့၏သား၊ဒေါ်ခင်ရွှေ(ခ)ဒေါ်တူး၏ခင်ပွန်း၊ (ဦးအေးချို)၊ ဦးဝင်းချို-ဒေါ်သိန်းသိန်း၊ ဦးအေးထွန်း-ဒေါ်အေးသီတာ၊မလင်းလင်းထွေး၊ကိုမင်းမင်း-မမဥ္ဇူတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ဘိုးဘိုးကြီးသည် ၆-၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ည ၈း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၆ရက် (သောကြာနေ့)တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးရဲဆွေ (သံတွဲ)

**ရုံးအုပ်(စိုက်/ပညာ၊ ငြိမ်း)**

**မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း**

**အသက်(၆၄)နှစ်**

သံတွဲမြို့၊ တာဝတိံသာလမ်းနေ (ဦးကျော်ညွန့်-ဒေါ်သန်း)တို့၏ သား၊ (ဦးညီပုလေး)-ဒေါ်သိန်းမြင့်တို့၏သားသမက်၊ ဒေါက်တာမြင့်မြင့်ရင်(လ/ထညွှန်မှူး၊ ငြိမ်း၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း)၏ခင်ပွန်း၊ ဦးထွန်းသန်း(ဦး/ညွှန်/မှူး၊ငြိမ်း၊မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)-ဒေါ်ခင်မြစိန်၊ [ဒေါက်တာရဲညွန့်(ဆေးရုံအုပ်)] - ဒေါက်တာခင်လှရွှေ(မြို့နယ်ဒေသန္တရ၊ ကျန်းမာရေးဌာန၊ တောင်ဥက္ကလာပ၊ ငြိမ်း)တို့၏ညီ၊ ဦးထွေးမောင်-ဒေါ်မေမေညွန့်၊ ဦးကျော်ဒွန်း-ဒေါ်မူမူတို့၏အစ်ကို၊ ဦးရဲထက်-ဒေါ်ဆွေဆွေထိုက်၊ ဦးအောင်ဇင်ဦး-ဒေါ်မြတ်သန္တာသော်တို့၏ဖခင်၊ မြေး နှစ်ယောက်တို့၏အဘိုးသည်၇-၁-၂၀၁၆ရက်(ကြာသပတေးနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၁-၂၀၁၆ရက်(စနေနေ့)မွန်းလွဲ၁နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (သင်္ဃန်းကျွန်းမြို့နယ်၊ ရတနာလမ်း၊ မလိခအိမ်ရာ၊ တိုက် ၈၊ အခန်း ၂၂ နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးသောင်းထွန်း(ခ) ဦးဖိုးသာအောင် (ကညန)

**အသက်(၆၂)နှစ်**

ဒလမြို့နေ (ဦးဖန်-ဒေါ်အုံးကြည်)တို့၏သား၊ (ဦးရွှေကျော်-ဒေါ်ခင်ညွန့်)တို့၏သားသမက်၊ဦးရဲသန့်ဦး(Norstar Ship Management Pte. Ltd.)-ဒေါ်ခင်ယုဆွေ၊ မနုနုခင်၊ ဦးသီဟကျော်-ဒေါ်အေးမြမြ၊ မောင်ဝေလင်းကျော်တို့၏ချစ်လှစွာသောဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၇-၁-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၈း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် သပြေကုန်းသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တကောသလ္လ (မြိတ်)

**(မဟာဂန္ထဝါစကပဏ္ဍိတ)**

**ပဓာနနာယကဆရာတော်**

**သက်တော်(၇၉)နှစ်၊ သိက္ခာတော်(၅၉)ဝါ**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သစ်တောလမ်း၊ ပါဠိတက္ကသိုလ် အောင်မင်္ဂလာတိုက်သစ်ကြီး၌ သီတင်းသုံးတော်မူသော ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကောသလ္လ(မြိတ်) (မဟာဂန္ထဝါစကပဏ္ဍိတ)သည် (၁၃၇၇ခုနှစ် နတ်တော်လပြည့်ကျော် ၁၁ရက်) ၆-၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် အထက်ပါကျောင်းတိုက်ကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပြီ ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။ (ဈာပနရက်ကို ထပ်မံကြေညာပါမည်။) ဈာပနကော်မတီ

---

**ရဟန်းဒါယကာ**

## ဦးကျော်ဝင်း

**(3rd Engineer) CDC-8391**

**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ၁၆၃လမ်း၊ အမှတ် ၂၀၊ ခုနစ်လွှာနေ (ဦးမောင်တင်-ဒေါ်ဖွားရှိန်)တို့၏သား၊ (ဒေါ်မြင့်မြင့်သန်း)၏ချစ်လှစွာသောခင်ပွန်း၊ ဦးထိန်ဝင်း(မြန်မာ၀မ်ပေါင်ကုမ္ပဏီ)-(ဒေါ်သင်းသင်းခိုင်)တို့၏အစ်ကို၊ ကိုမျိုးမောင်မောင်(CE. Technolog)-မမွန်မွန်ဝင်း (အင်း၀စာအုပ်တိုက်)၊ ကိုမျိုးဝဏ္ဏကျော်(Moden Ice)-မသဥ္ဇာလှိုင်(ရန်ကုန်အရှေ့ပိုင်းဆေးရုံ)တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၆-၁-၂၀၁၆ရက် မွန်းလွဲ ၂း၃၅နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၈-၁-၂၀၁၆ရက်(သောကြာနေ့)ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁-၂၀၁၆ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးအုန်းဆွေမြင့် အသက်(၆၈)နှစ်

**အထက်တန်းကျောင်းအုပ်ကြီး(ငြိမ်း)၊ ဟဲဟိုး**

ကျောက်ဆည်မြို့၊ အောက်ချိုင်းရပ်နေ ဦးစိုးမြင့်-ဒေါ်တင်တင်တို့၏သား၊ ဦးထွန်းနွယ်မြင့်၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ၊ ဒေါ်ခင်နှင်းသီ၊ ဦးသန်းစိုးမြင့် (သစ်တောနှင့်သတ္တုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့)၊ ဒေါ်ကြည်ကြည်စိုး (အလပြ၊ ကျောက်ဆည်)၊ ဒေါ်ခင်မြင့်မြင့်စိုး (မြို့နယ်စာရင်းစစ်အရာရှိ၊ ကျောက်ဆည်မြို့နယ်)တို့၏ ချစ်လှစွာသောအစ်ကို၊ တောင်ကြီးမြို့၊ အောင်ချမ်းသာရပ်ကွက်၊ စပါယ်ဖြူလမ်းနေ ဒေါ်ခင်ခင်တင့်၏ချစ်လှစွာသောခင်ပွန်းသည် ၅-၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် တောင်ကြီးမြို့ တိုင်းရင်းသားပေါင်းစုံသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်မာမာအေး (မိုးကုတ်)

**အသက်(၅၉)နှစ်**

သူငယ်ချင်း ဦးထွန်းထွန်းဝင်း(လက်ထောက်ညွှန်ကြားရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန-ရုံးချုပ်၊ နေပြည်တော်)-ဒေါ်အေးသန္တာကျော်တို့၏ချစ်လှစွာသောမိခင် ဒေါ်မာမာအေးသည် ၆-၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၂၃)မှ သူငယ်ချင်းများ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ပိဋကတ်သုံးပုံဒါယိကာမကြီး**

## ဒေါ်ဆင့်ဆင့် (အလယ်တန်းပြ)

**I.A.T အထက(၁)ဒဂုံ၊ အထက(၃)မင်္ဂလာတောင်ညွန့်**

**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊ ကြေးပန်းတိမ်လမ်း၊ အမှတ် ၅(ဘီ)နေ ဒေါက်တာစိုးစိုးဦး [(ပါမောက္ခ၊ ဌာနမှူး) သမိုင်းဌာန၊ တောင်ကြီးတက္ကသိုလ်]၊ ဦးမင်းဆွေ-ဒေါ်ယုယု၊ ဦးရဲထွေးအောင် (Lotus Hospility)၊ ဒေါ်စိုးစိုးသိမ်း(Sule Shangrila)၊ ကိုမင်းနိုင်-မနွဲ့နွဲ့၊ ဦးဇော်ဇော်အောင်-ဒေါ်သီတာမွန်(UAE)၊ မဇင်ဇင်မွန်တို့၏အဒေါ်သည် ၇-၁-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၆ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်ဆင့်ဆင့်

**I.A.T, အထက(၁)ဒဂုံ**

**အသက်(၅၇)နှစ်**

သတ္တမတန်းမှ ဆရာမဒေါ်ဆင့်ဆင့် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။ ဆရာမ ကောင်းရာသုဂတိဘုံသို့ရောက်ပါစေ။

**ကျောင်းအုပ်ဆရာကြီး ဦးအောင်ကိုကိုနှင့် ပထဝီဝင်ဌာနမှ**
**ဆရာ ဆရာမများ(အထက-၁၊ ဒဂုံ)**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်ဆင့်ဆင့်

**I.A.T, အထက(၁)ဒဂုံ**

**အသက်(၅၇)နှစ်**

သတ္တမတန်းမှ ဆရာမဒေါ်ဆင့်ဆင့် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။ ဆရာမ ကောင်းရာသုဂတိဘုံသို့ရောက်ပါစေ။

**သတ္တမတန်း အတန်းမှူးနှင့် ဆရာမများ**
**အထက(၁)ဒဂုံ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးရဲထွဋ်

**လက်ထောက်အုပ်ချုပ်ရေးမှူး(လမ်းမတော်မြို့နယ်)**

**အသက်(၅၆)နှစ်**

ရန်ကုန်မြို့တော်စည်ပင်၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှာ ၁၉၇၀/၈၀ခုနှစ်များကတည်းက စတင်အတူလက်တွဲ လုပ်ကိုင်ခဲ့ကြပြီး ညီရင်းအစ်ကိုတမျှ ရင်းနှီးခင်မင်ခဲ့တဲ့ သူငယ်ချင်း ကိုရဲထွဋ်သည် ၂-၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် သူငယ်ချင်း၏မိသားစုနဲ့ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကိုမျိုးမြင့်၊ ကိုတင်ထွဋ်၊ ကိုတင်ဦး၊ ကိုမြင့်ဇော်၊ ကိုဝင်းမြင့်၊**
**ကိုအောင်မြတ်သက်၊ ကိုမျိုးဝင်း၊ ကိုရဲဝင်း၊ ကိုဝင်းမြင့်နိုင်၊**
**ကိုအောင်နိုင်ဝင်း၊ ကိုနီတွတ်နှင့် စည်ပင်(ယာ/အုံ)မှ**
**သူငယ်ချင်းမိသားစုများ**

# ကိုယ်ခံပညာပေါင်းစုံပြိုင်ပွဲတွင် မြန်မာစပါးကြီးမြွေ အောင်လအန်ဆန်း ယှဉ်ပြိုင်ထိုးသတ်မည်

■ သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း) ■



အောင်လအန်ဆန်း ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံ အတိုက်ပြိုင်ပွဲ ယှဉ်ပြိုင်နေစဉ်။
ဓာတ်ပုံ-မင်းထက်

**ရန်ကုန် ဇန်နဝါရီ ၇**

မြန်မာနိုင်ငံတွင် ဒုတိယအကြိမ်အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံ (MMA) ပြိုင်ပွဲကြီးကို ရန်ကုန်မြို့ သုဝဏ္ဏပြိုင်ပွဲရုံ(၁) မိုးလုံလေလုံအားကစားကွင်း၌ လာမည့် မတ် ၁၈ ရက်တွင် ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံသား ကချင်ပြည်နယ်ဖွား အောင်လအန်ဆန်း ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း ယနေ့နံနက် ၁၀ နာရီခွဲတွင် ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ပြုလုပ်သည့် ONE CHAMPIONSHIP ၏ စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

အောင်လအန်ဆန်းသည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ဇာတိဖွား တစ်ဦးဖြစ်ပြီး ယခုအခါ ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံအားကစားအတိုက်ပြိုင်ပွဲများတွင် မြန်မာစပါးကြီးမြွေဟု ကျော်ကြားနေသည့် အားကစားသမားတစ်ဦးဖြစ်သည်။ အသက် ၁၈ နှစ်အရွယ်ကတည်းက အမေရိကန်နိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ခဲ့သော်လည်း မြန်မာပြည်ဖွား ကချင်တိုင်းရင်းသားတစ်ဦး အဖြစ်ရပ်တည်ကာ ကိုယ်ခံပညာပေါင်းစုံ(MMA) အတိုက်ပြိုင်ပွဲပေါင်း ၂၅ ပွဲကို ယှဉ်ပြိုင်ထိုးသတ်ထားသူ တစ်ဦးဖြစ်သည်။ ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် ပွဲပေါင်း ၂၅ ပွဲတွင် ၁၆ ပွဲနိုင်၊ ကိုးပွဲရှုံးထားသော်လည်း အကောင်း ဆုံးလက်ဝှေ့သမားတစ်ဦးဖြစ်ရန် ဆက်လက်ကြိုးစားရုန်းကန်လေ့ကျင့်နေသူဖြစ်သည်။

*စာမျက်နှာ ၃ ကော်လံ ၃* ✻

## MNL အမှတ်ပေးပြိုင်ပွဲ ဇန်နဝါရီ ၉ ရက် စတင်မည်

သတင်း-ညီမြတ်သော်တာ

**ရန်ကုန် ဇန်နဝါရီ ၇**

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များကို ဇန်နဝါရီ ၉ ရက်တွင် စတင်ကျင်းပတော့မည်ဖြစ်သည်။ ပွဲစဉ်(၁)မှာပင် အသင်းကြီးအချင်းချင်း တွေ့ဆုံလျက်ရှိပြီး ပွဲကောင်းများဖြင့် စတင်ခြင်းဖြစ်သည်။

ပွဲစဉ်(၁)အဖြစ် ဇန်နဝါရီ ၉ ရက်တွင် သုဝဏ္ဏကွင်း၌ ရခိုင်အသင်းနှင့် Southern အသင်း၊ အောင်ဆန်းကွင်း၌ Horizon အသင်းနှင့် ဇေယျာရွှေမြေအသင်း၊ ဇန်နဝါရီ ၁၀ ရက်တွင် YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် မကွေးအသင်း၊ ဗထူးကွင်း၌ ရတနာပုံအသင်းနှင့် ဧရာဝတီအသင်း၊ သုဝဏ္ဏကွင်း၌ ချင်းယူနိုက်တက်အသင်းနှင့် ဇွဲကပင်အသင်း၊ တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ယခုရာသီတွင် အသင်းအမည်ပြောင်းလဲပြီး ကစားသမားသစ်များစွာခေါ်ယူထားသည့်

*စာမျက်နှာ ၁၄ ကော်လံ ၁* ✻

ယနေ့

**မာ တိ ကာ**

**ကိုရီးယားကျွန်းဆွယ်ပေါ် မဟာဗျူဟာလက်နက်များ ဖြန့်ကြက်ရေး တောင်ကိုရီးယားနှင့် အမေရိကန်တို့ ဆွေးနွေး** စာ-၄

**ကမ္ဘာ့ဖွံ့ဖြိုးမှုအစီအစဉ်၏အရွေ့ (သို့မဟုတ်) စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များအား ကြိုဆိုခြင်း** ဆောင်းပါး၊ စာ-၆

### ပြင်ဆင်ဖတ်ရှုပေးပါရန်

၇-၁-၂၀၁၆ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာကျောဖုံးတွင် ဖော်ပြပါရှိသော ဒုတိယအကြိမ်အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူ သတင်းထုတ်ပြန်ချက်တွင် "(ပုံ) ခင်မောင်မြင့်၊ ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်" **အစား** "(ပုံ) ခင်အောင်မြင့်၊ ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်" ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် အနူးအညွတ် မေတ္တာရပ်ခံအပ်ပါသည်။

**(စာတည်းအဖွဲ့)**

# ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေး ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေး တပ်မတော်အနေဖြင့် AA သောင်းကျန်းသူများကို အပြီးတိုင် ရှင်းလင်းတိုက်ခိုက်ချေမှုန်းသွားမည်

**နေပြည်တော် ဇန်နဝါရီ ၇**

နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တိုင်းပြည်တည်ငြိမ် အေးချမ်းရေးအတွက် ဦးတည်ကာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို မကြာမီကျင်းပတော့မည်ဖြစ်သည်။

လွတ်လပ်ရေးရရှိချိန်မှစ၍ နှစ်ပေါင်းရှည်ကြာ ဖြစ်ပွားခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများ လုံးဝချုပ်ငြိမ်းစေရန် ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် တိုင်းရင်းသားလက်နက်ကိုင် (၈)ဖွဲ့နှင့် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ကျန်အဖွဲ့များ ပါဝင်လက်မှတ်ရေးထိုးနိုင်ရန် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့က ဖိတ်ခေါ်ကြိုဆိုလျက်ရှိသည်။

NCA စာချုပ်လက်မှတ်ရေးထိုးပြီးနောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး(JICM)နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)အစည်းအဝေးများကို ကျင်းပခဲ့ပြီး နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်သဘောတူညီချက်ကို ရေးဆွဲကာ ဒီဇင်ဘာ ၁၆ ရက်တွင် နိုင်ငံတော်သမ္မတထံ အပ်နှံခဲ့ပြီးဖြစ်ရာ

*စာမျက်နှာ ၈ ကော်လံ ၁* ❖



AA သောင်းကျန်းသူများထံမှ သိမ်းဆည်းရမိသော ခဲယမ်းများ၊ ချပ်ဝတ်တန်ဆာများ၊ ဆေးဝါးများ၊ ဆန်များ၊ ဆီပုံးများနှင့် အသုံးအဆောင်ပစ္စည်းများကို တွေ့ရစဉ်။ (ဓာတ်ပုံ-မြဝတီ)






mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS
မြန်မာ့အလင်း

မြန်မာ့အလင်း

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၈ ရက်၊ သောကြာနေ့။







ပြည်တွင်းရေးရာ

**ဘားအံ-ကော့ကရိတ်-မြဝတီမှသည် ရွှေကုက္ကိုမြို့သစ်ဆီသို့**



စာ - ၃

လူမှုစီးပွား

**ဖျာပုံမြို့နယ် သပြေကန်-သိမ်ကုန်းရေးယာအတွင်း နွေစပါးများအောင်မြင်ဖြစ်ထွန်း**



စာ - ၅

လူမှုစီးပွား

**တမာပင်လျှပ်စစ် မြစ်ရေတင်လုပ်ငန်း ၈၅ ရာခိုင်နှုန်းပြီးစီး**



စာ - ၆




# ဆောင်းရာသီပြိုင်ပွဲတွင်နဲ့အတူ စိတ်ဝင်စားစွာစောင့်ကြည့်ရဦးမယ့် ပိုချက်တီနိုနဲ့စပါးအသင်းရဲ့အနာဂတ်

အောင်က

စာ - ၇


PUN HLAING SILOAM HOSPITALS

## နှစ်သစ်ကူးအထူးအစီအစဉ် (ဇန်နဝါရီလ ၁ ရက်နေ့မှ ၃၁ ရက်နေ့အတွင်းသာ)



| | |
|---|---|
| နောက်ဆုံးပေါ် 128 Slice CT Scanner စက်သစ်ကြီးဖြင့် နှလုံးသွေးကြောကျဉ်းရောဂါ ဖြစ်နိုင်ချေ ရှိ၊မရှိ စစ်ဆေးခြင်း ( Calcium Scoring ) | 20,000 ks |
| နားတာရှည် နားအူခြင်း၊ခေါင်းမူးခြင်း၊ နားတစ်ဖက်တည်း အကြားအာရုံချို့ယွင်းခြင်းစသော ရောဂါများကိုနောက်ဆုံးပေါ်ခေတ်မီ စက်သစ်ကြီးဖြစ်သော 1.5 T MRI ဖြင့်ရိုက်ပြီး စင်ကာပူနိုင်ငံမှဆရာဝန်ကြီးကိုယ်တိုင် ဖတ်ရှုပေးခြင်း ( 8th Nerve Screening ) | 50,000 ks |

နှလုံးသွေးကြောကျဉ်းရောဂါဖြစ်ပွားမှု ကိုလျော့ချနိုင်ရန်အတွက် Promotion ကာလ ကိုထပ်မံတိုးမြှင့် လိုက်ပါသည်။

လူဦးရေကန့်သတ်ထားပါသည်။

Call us
684433
8.00am to 5.00pm

ပန်းလှိုင်စီလုံဆေးရုံတစ်ခုတည်းတွင်သာ


LIKE US ON facebook
Pun Hlaing Siloam Hospitals

**၂၀၁၅ - ၂၀၁၆ ဘောလုံးရာသီရဲ့ ပြင်သစ်ပထမတန်းပြိုင်ပွဲက လာမယ့် ဇန်နဝါရီ ၉၊ ၁၀၊ ၁၁ ရက်တွေမှာ ပြန်လည်စတင်တော့မယ်။ ဆောင်းရာသီနားရက်အဖြစ် နှစ်ပတ်လောက်ရပ်နားပြီးမှ ပွဲစဉ်(၂၀)အဖြစ် စတင်ပြီး ပြန်လည်ကျင်းပမှာဆိုတော့။ အဲဒီပထမအကျော့အပြီး ဒုတိယအကျော့ ပြန်စခါနီးဆဲဆဲ လက်ရှိအချိန်မှာ အဆိုပါပြင်သစ်ပထမတန်းပြိုင်ပွဲနဲ့ ပတ်သက်ဆက်နွှယ်ပြီး ဘာများပြောစရာရှိမလဲ။ အထူးသဖြင့် ပြင်သစ်မှာ ပီအက်စ်ဂျီရဲ့ ထိုးခွဲထွက်နိုင်မှုအား မြင့်သထက်မြင့်လာတာနဲ့အမျှ ပြင်သစ်ပထမတန်းပြိုင်ပွဲရဲ့ ပြိုင်ဆိုင်မှုအားနဲ့ ဆွဲဆောင်နိုင်အားက အဓိကပြောစရာဖြစ်လာတယ်။**

# စောင့်ကြည့်ရဦးမယ့် ပြင်သစ်ဘောလုံးကမ္ဘာ

ပြောမယ်ဆိုရင်ပေါ့။ ဒီရာသီကျင်းပပြီးခဲ့တဲ့ ပြင်သစ်ပထမတန်းပြိုင်ပွဲရဲ့ ပထမအကျော့ ၁၉ ပွဲမှာ ပီအက်စ်ဂျီက ရှုံးပွဲမရှိခဲ့ဘူး။ ၁၉ ပွဲမှာ ၁၆ပွဲ နိုင်ပြီး သုံးပွဲသာ သရေကျတယ်။ သွင်းဂိုးက ၄၈ ဂိုးနဲ့ ပေးဂိုးက ကိုးဂိုး။ ဒီတော့ ပထမရာသီဝက်အတွင်း ပီအက်စ်ဂျီရဲ့ စွမ်းဆောင်နိုင်ရည်က ပြင်သစ်ပထမတန်းပြိုင်ပွဲမှာ တောင်ပြို၊ ကမ်းပြိုသဘောတရားရှိတာ မြင်သာလွန်းသလို ပီအက်စ်ဂျီရဲ့ အဆိုပါစွမ်းရည်ကို တုဖက်ပြိုင်နိုင်တဲ့ ပြိုင်ဘက်ကောင်းဆိုတာကလည်း ပြင်သစ်ပထမတန်းပြိုင်ပွဲအတွင်း မရှိတော့။ ကျွမ်းကျင်သူတိုင်းက ပြင်သစ်ပထမတန်းပြိုင်ပွဲရဲ့ အနာဂတ်ဆွဲဆောင်နိုင်အားအပေါ် သံသယနက်နက်နဲနဲနဲ့ စိုးရိမ်မကင်းဖြစ်လာကြတယ်။

အထူးသဖြင့် အခုလို ပထမအကျော့အပြီးမှာတင် ပီအက်စ်ဂျီက ဒုတိယနေရာက မိုနာကိုအသင်းကို ၁၉ မှတ်တိတိ ဖြတ်ထားတယ်။ ဒီတော့ အခုပြန်လည်ကျင်းပပြုလုပ်တော့မယ့် ဒီဒုတိယအကျော့မှာ ပီအက်စ်ဂျီ လက်ထဲ တစ်ဝက်လောက်ရောက်နေပြီလို့ ဆိုနိုင်တဲ့ ချန်ပီယံဆုဖလားကို လက်လွဲယူနိုင်မယ့် အသင်းမျိုး ထွက်ပေါ်ဖို့ဆိုတာက သိပ်ခက်တာနဲ့အမျှ ပြင်သစ် ပထမတန်းပြိုင်ပွဲရဲ့ ပြိုင်ဆိုင်မှုချိန်ခွင်လျှာနဲ့ ဆွဲဆောင်မှုအားက စိုးရိမ်စရာ ဖြစ်သထက်ဖြစ်လာပြီလို့ ကျွမ်းကျင်သူတိုင်းက ကောက်ချက်ဆွဲထောက်ပြကြတာဖြစ်တယ်။



ပြောမယ်ဆိုရင်ပေါ့။ ပြီးခဲ့တဲ့ ပြင်သစ်ဟာ ပထမတန်းပြိုင်ပွဲရဲ့ ပထမရာသီဝက်ကို ပြန်ကြည့်ရင် ပီအက်စ်ဂျီဟာ ပြိုင်ပွဲကို ရာသီအစပွဲစဉ် (၂၀) အပြီးကတည်းက ဦးဆောင်ခွင့် စတင်ရရှိခဲ့တာ။ အရှင်းဆုံးပြောရရင် အဲဒီပွဲစဉ်(၂) အပြီးမှာ အမှတ်ပေးဇယားထိပ်ဆုံးကို ရောက်ရှိပြီးတဲ့ နောက်ပိုင်း ပီအက်စ်ဂျီဟာ ပထမအကျော့ပွဲစဉ်အားလုံး ပြီးဆုံးချိန်အထိ အဆင့်ကျဆင်းခြင်းမရှိခဲ့တဲ့အပြင် လက်ရှိကွာဟနေတဲ့ ၁၉ မှတ်ဆိုတဲ့ ခြားနားမှုအရ ဒုတိယအကျော့အစ ခြောက်ပွဲဆက် ရှုံးပွဲကြုံခဲ့ရမယ်ဆိုရင်တောင်မှ ပွဲစဉ် ၂၅ ပွဲ ပြီးဆုံးချိန်အထိ အဆင့်(၁)နေရာမှာပဲ ဆက်ရှိနေနိုင်ခွင့်ရှိမှုအရ ပြင်သစ်မှာ ပီအက်စ်ဂျီရဲ့ လွှမ်းမိုးမှုအားက ကြောက်စရာ ပိုပို ကောင်းလာတယ်လို့ ထောက်ပြကြတယ်။

ပြောရရင် ပီအက်စ်ဂျီဟာ ပြင်သစ်ပထမတန်းပြိုင်ပွဲမှာ မနှစ်ကလည်း ချန်ပီယံဖြစ်ခဲ့တယ်။ ဒါပေမယ့် မနှစ်က ချန်ပီယံဖြစ်ခဲ့တဲ့ ပီအက်စ်ဂျီတောင်မှ ဒီနှစ်ချန်ပီယံဖြစ်တော့မယ့် ပီအက်စ်ဂျီလောက် သက်သောင့်သက်သာမရှိဘူး။ အရှင်းဆုံးပြောရရင် ပြင်သစ်ပထမတန်းချန်ပီယံဆုဖလားကို မနှစ်က ပီအက်စ်ဂျီ ဆွတ်ခူးနိုင်ခဲ့ရာမှာ ပွဲစဉ်(၁)ကနေစလို့ ပွဲစဉ်(၂၉) ပြီးချိန်အထိ အမှတ်ပေးဇယားရဲ့ အဆင့် (၁)နေရာကို လုံးဝမရခဲ့ဘူး။ ပွဲစဉ် ၃၀ မှာ လောရီရင့်ကို အနိုင်ကစားနိုင်တဲ့ပွဲပြီးမှသာ အဆင့်(၁) နေရာကို ပထမဆုံးအကြိမ် ရခဲ့တာဖြစ်ပြီး အဲ့ဒီနောက် ကျန်ရှစ်ပွဲစလုံး အနိုင်ကစားနိုင်ခဲ့လို့သာ ချန်ပီယံဖြစ်ခဲ့တာဆိုတော့။ အဲဒါကို နောက်ဆုံးရှစ်ပွဲမှာ လိုင်ယွန်က နှစ်ပွဲ သရေကျပြီးတစ်ပွဲရှုံးကာ ခုနစ်မှတ်လျော့နည်းခဲ့မှု၊ ပြိုင်ပွဲအဆုံးမှာ ချန်ပီယံဖြစ်ခဲ့တဲ့ ပီအက်စ်ဂျီက ရှစ်မှတ်အသာရ ရှိခဲ့မှုတွေနဲ့ပါ ထပ်ပေါင်းကြည့်ရင် မနှစ်က ချန်ပီယံဖြစ်ခဲ့တဲ့ ပီအက်စ်ဂျီတောင်မှ အခုချန်ပီယံဖြစ်တော့မယ့် ပီအက်စ် ဂျီလောက် သက်သောင့်သက်သာမရှိဘူးဆိုတာ ထင်ရှားတယ်။

အရှင်းဆုံးပြောရရင်တော့ ပြင်သစ်မှာ တစ်နှစ်ထက် တစ်နှစ် ပီအက်စ်ဂျီကို တုဖက်ပြိုင်နိုင်တဲ့အသင်း ရှားသထက်ရှားလာတယ်ဆိုတဲ့ အချက်ပဲဖြစ်တယ်။ အထူးသဖြင့် ၂၀၁၁ ခုနှစ်မှာတော့ အားကစားဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီက ပီအက်စ်ဂျီရဲ့ ရှယ်ယာအများအပြားကို ဝယ်တယ်။ အဲဒီနှစ်မှာ မောင့်ပယ်လီယာက ပြင်သစ်ချန်ပီယံဖြစ်တယ်။ အဲဒီနောက် ၂၀၁၂-၂၀၁၃ မှာ ပီအက်စ်ဂျီချန်ပီယံစဖြစ်ပေမယ့် မာဆေးနဲ့ အကြိတ်အနယ်ယှဉ်ခဲ့ရသလို ၂၀၁၃-၁၄ မှာလည်း မိုနာကိုနဲ့ အကြိတ်အနယ်ယှဉ်ပြီးမှ ချန်ပီယံဖြစ်ခဲ့ကာ ၂၀၁၄-၁၅ မှာလည်း လိုင်ယွန်ခြေချော်လို့သာ ချန်ပီယံဖြစ်ခဲ့တာဆိုတော့၊ အဲဒါကို အဲဒီလို နောက်ဆုံးလေးရာသီမှာ ပီအက်စ်ဂျီကို တုံ့ပြန်အန်တုခဲ့တဲ့ အသင်းတွေရဲ့ လက်ရှိဖြစ်တည်မှုနဲ့ ယှဉ်ကြည့်။ လိုင်ယွန်ဆိုရင် မနှစ်က ချန်ပီယံဖြစ်လုနီးနီး ခြေစွမ်းပြနိုင်ခဲ့ပေမယ့် ဒီနှစ်မှာ ပထမရာသီဝက်မှာတင် ရှုံးပွဲခုနစ်ပွဲကြုံပြီးပြီ။ မာဆေးကလည်း ရှုံးပွဲ ခြောက်ပွဲနဲ့ အတူ အဆင့်(၁၀)ရောက်နေကာ မောင့်ပယ်လီယာဆိုရင် ရှုံးပွဲ ကိုးပွဲနဲ့အဆင့် (၁၅) အထိ ရောက်နေတယ်။ မိုနာကိုဆိုတာကလည်း ဒုတိယနေရာမှာရှိနေသော်ငြား ပြီးခဲ့တဲ့ ၁၉ ပွဲမှာ ပွဲစဉ်ထက်ဝက်လောက်ကိုတောင် အနိုင်မကစားနိုင်ခဲ့ဘူး။



ဒီတော့ နောက်ဆုံးလေးပွဲမှာ ပီအက်စ်ဂျီကို ရင်ပေါင်တန်းခဲ့တဲ့အသင်းတွေရဲ့ နိမ့်လျော ပျက်ယွင်းမှုနဲ့ ပီအက်စ်ဂျီရဲ့ လွှမ်းမိုးမှုပိုမိုအားကောင်းလာခြင်းနှစ်ခုကိုချကြည့်ရင် ပြင်သစ်မှာ ကျန် ၁၉ သင်းရဲ့ ဦးတည်ရာနဲ့ ပီအက်စ်ဂျီရဲ့ဦးတည်ရာက ဖြောင့်ဖြောင့်ချည်းဆန့်ကျင်နေတာ ထင်ရှားသလို အဲ့ဒါဟာ ပြင်သစ်ဘောလုံးလောကရဲ့ စိုးရိမ်စရာအချက်တစ်ခုအဖြစ် ကျွမ်းကျင်သူတိုင်းက ထောက်ပြကြတာပဲဖြစ်တယ်။ အရှင်းဆုံးပြောမယ်ဆိုရင်ပေါ့ ပြင်သစ်ပြည်တွင်းမှာ ရာသီတစ်ရာသီအတွင်း ပြိုင်ပွဲလေးခုရှိတယ်။ ပြင်သစ်ပထမတန်းဖလား၊ ပြင်သစ်ရှုံးထွက်ဖလား၊ ပြင်သစ်လိဂ်ဖလားနဲ့ ပြင်သစ်စူပါဖလားဆိုပြီး အဓိကပြိုင်ပွဲကြီး လေးခုရှိတာဖြစ်တယ်။ အဲဒါကို ကာတာအားကစားဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီရဲ့လက်ထဲ ပီအက်စ်ဂျီရောက်ရှိပြီးတဲ့နောက်ပိုင်း ကာလတွေမှာ ပီအက်စ်ဂျီရယူနိုင်တဲ့ ဆုဖလားနှုန်းနဲ့ပဲ ယှဉ်ကြည့်ရင် ပြင်သစ်ကို ပီအက်စ်ဂျီရဲ့ လွှမ်းမိုးမှုက တစ်စတစ်စမြင့်လာတာ ထင်ထင်ရှားရှားတွေ့ရမယ်။

အရှင်းဆုံးပြောရရင် ပြင်သစ်မှာ ဆိုခဲ့ပြီးတဲ့အတိုင်း ရာသီတစ်ရာသီကို အဓိကဆုဖလား လေးခုရှိတဲ့အနက်မှာ ပီအက်စ်ဂျီဟာ ၂၀၁၂-၂၀၁၃ မှာ ပြင်သစ်ပထမတန်းချန်ပီယံဆုတစ်ခုပဲရတယ်။ ၂၀၁၃-၂၀၁၄ မှာ ကျတော့ ပြင်သစ်ပထမတန်းချန်ပီယံဆုနဲ့ ပြင်သစ်စူပါဖလားကို ရတယ်။ ဒါ့အပြင် အဲဒီနှစ်မှာ ပြင်သစ်လိဂ်ဖလားကိုလည်း ရခဲ့လို့ ဆုဖလားသုံးလုံးရယူနိုင်ခဲ့တာ ၂၀၁၄-၂၀၁၅ မှာကျတော့ ပြင်သစ်ရဲ့ အဓိကဆုဖလားတွေဖြစ်တဲ့ ပြင်သစ်ပထမတန်း ချန်ပီယံဖလား၊ ပြင်သစ်စူပါဖလား၊ ပြင်သစ်ရှုံးထွက်ဖလားနဲ့ ပြင်သစ်လိဂ် ဖလားအားလုံးကို အရယူခဲ့သလို ဒီနှစ်လည်း ပြင်သစ်စူပါဖလားကိုရခဲ့ကာ ပြင်သစ်ပထမတန်းချန်ပီယံဖြစ်ဖို့ကလည်း အခိုင်မာဆုံးဖြစ်နေပြီဆိုတော့ ဒီနောက်ပိုင်း ပြင်သစ်ပြည်တွင်းမှာ အခြားအသင်းတွေအတွက် ရယူနိုင်စရာ ဆုဖလားမရှိတော့သလိုတောင်ဖြစ်လာတဲ့အထိ ပီအက်စ်ဂျီရဲ့ လွှမ်းမိုးမှုက ပိုမိုပြင်းလာတယ်။

တချို့ကတော့ အဲဒါမျိုးဟာ ပြင်သစ်မှာထူးဆန်းတဲ့အရာမဟုတ်ဘူးလို့ ပြောကြတယ်။ အနီးကပ်ဆုံး ထောက်ပြရရင် ပြင်သစ်ဘောလုံးလောကကို အခုလို ပီအက်စ်ဂျီက မလွှမ်းမိုးခင်အချိန်မှာတင် လိုင်ယွန်က ၁၀ စုနှစ်တစ်စုနီးပါး လွှမ်းမိုးခဲ့ပြီးပြီ ဆိုကြတယ်။ အဲဒီတုန်းကဆိုရင် လိုင်ယွန်ဟာ ၂၀၀၁-၂၀၀၂ ရာသီကနေ ၂၀၀၇-၂၀၀၈ ရာသီအထိ ပြင်သစ်ပထမတန်း ချန်ပီယံဆုဖလားကို ခုနစ်ရာသီဆက် သိမ်းပိုက်နိုင်ခဲ့တယ်လို့လည်း ထောက်ပြဝေဖန်ကြတယ်။ ဒါပေမယ့်အဲဒီတုန်းက တခြားအဓိကပြိုင်ပွဲတွေမှာ အခြားအသင်းတွေက ဖောက်ထွက်နိုင်တယ်။ ပြင်သစ်ရှုံးထွက်ဖလားမှာဆိုရင် အဲဒီကာလအတွင်း လောရီရင့်၊ အော့ဇေး၊ ပီအက်စ်ဂျီ၊ ဆိုးချော့စ်တို့ချန်ပီယံဖြစ်တယ်။ ပြင်သစ်လိဂ်ဖလားမှာလည်း အဲဒီကာလအတွင်း ဘော်ဒိုး၊ မိုနာကို၊ ဆိုးချော့စ်၊ စိန့်ရာဘတ်၊ နန့်စီး၊ ပီအက်စ်ဂျီတို့ ချန်ပီယံဖြစ်ခဲ့တယ်။ အခုလို အောင်မြင်မှုအားလုံးနီးပါး တစ်သင်းတည်းက လက်ဝါးကြီးအုပ်ယူနေတာမျိုး မဟုတ်ဘူး။

ဒီတော့ လက်ရှိပီအက်စ်ဂျီရဲ့ လွှမ်းမိုးမှုက လိုင်ယွန်ရဲ့ လွှမ်းမိုးမှုထက်တောင် ပိုအားကောင်းတယ်လို့ဆိုနိုင်သလို အဲဒီပီအက်စ်ဂျီရဲ့ လောင်းရိပ်ကို ဖောက်ထွက်ဖို့ဆိုတာကလည်း လိုင်ယွန်တုန်းကထက် ပိုခက်တယ်လို့တောင် ထောက်ပြကြတယ်။ အဓိကကတော့ ခနအင်အား ကျောထောက်နောက်ခံ သိသိသာသာ ကွာဟမှုပဲ။ အရှင်းဆုံးပြောရရင် အပြောင်းအရွှေ့ဈေးကွက်တွေမှာ ပီအက်စ်ဂျီရဲ့ ဖြန့်ကြက်နိုင်အားက ကမ္ဘာနဲ့ချီတယ်။ ကျန်အသင်းတွေရဲ့ အပြောင်းအရွှေ့ဈေးကွက်ကို ဖြန့်ကြက်နိုင်အားကျတော့ ပြည်တွင်းဘောင်ကို ကျော်ရုံလောက်တောင် အနိုင်နိုင်ရယ်။ ဒီတော့ ပီအက်စ်ဂျီနဲ့ အခြားအသင်းတွေကြားမှာ ကွာဟမှုက မြင့်သထက်မြင့်လာပြီး ပီအက်စ်ဂျီက တစ်ရာသီထက် တစ်ရာသီ ပိုမိုကျစ်လျစ်လာသော်ငြားလည်း ကျန် ၁၉ သင်းကတော့ ရှိတဲ့အဝန်းအဝိုင်းလေး ပျက်မသွားရအောင်တောင် အနိုင်နိုင်ထိန်းနေရတဲ့ အခြေအနေဖြစ်လာတယ်။

အရှင်းဆုံးပြောရရင် ပီအက်စ်ဂျီဟာ သူတို့ရဲ့ တောင့်တင်းပြီးသား အဝန်းအဝိုင်းအတွင်းကို ဒီနှစ် ဒီမာရီယာလို ကစားသမားမျိုး ထပ်ပေါင်းထည့်နိုင်ပေမယ့် လိုင်ယွန်က သူတို့ရဲ့ အဓိကတိုက်စစ်မှူး လာကာဇက်တီကိုတောင် အသင်းမှာဆက်ရှိဖို့ အနိုင်နိုင်ထိန်းရတယ်။ မိုနာကိုဆိုရင် မာတီရယ်၊ ကွန်ဒွေါဘီယာတို့လို အဓိကကစားသမားတွေကို လက်လွှတ်ခဲ့ရသလို မာဆေးဆိုရင်လည်း ဂျော်ဒန်အာရော အပါအဝင် အဓိကကစားသမားအများစုကို လက်လွှတ်ခဲ့ရတယ်ဆိုတော့။ အဲဒီလို အခြေအနေအရ ပီအက်စ်ဂျီရဲ့လောင်းရိပ်ကို ဖောက်ထွက်ဖို့လွယ်ပါ့မလား။ သေချာတာကတော့ ပြင်သစ်ဘောလုံးလောကရဲ့ ဆွဲဆောင်မှုနဲ့ ပြိုင်ဆိုင်မှုဟာ စိုးရိမ်စရာကောင်းလာပြီလို့ပဲ ဆိုချင်မိတာပဲဖြစ်ပါတယ်။ ။

ဝေမိုးဆက်

# ဘားအံ-ကော့ကရိတ်-မြဝတီမှသည် ရွှေကုက္ကိုမြိုင်ဆီသို့



**ကရင်ပြည်နယ်**

ဂျိုင်း(ကော့ကရိတ်)တံတားကြီးကို ဖြတ်ကျော်နေစဉ်ဇာ ကျွန်တော်ဖျတ်ခနဲသတိရသွားမိသည်က ဆရာမင်းလူ၏ မြစ်ကူးချောင်းဖျားဟု အမည်ပေးထားသော ဆောင်းပါးလေးတစ်ပုဒ်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ တိုင်းရင်းသားမဂ္ဂဇင်းကို ဆရာနီမင်းဆွေက အယ်ဒီတာချုပ်၊ ကျွန်တော်နှင့် အစ်ကိုကြီးသန်းထူးက အယ်ဒီတာအဖွဲ့ဝင်များ၊ ဆရာလင်းဇော်ခိုင်က တာဝန်ခံအယ်ဒီတာအဖြစ် တာဝန်ယူ၍ ထုတ်ဝေခဲ့ကြဖူးသည်။

လွန်ခဲ့သည့် ၁၅နှစ်တည်းဟူသော အချိန်ကာလအခါသမယ ၂၀၀၀ပြည့်နှစ် စက်တင်ဘာလထုတ် တိုင်းရင်းသားမဂ္ဂဇင်းတွင် ဆရာမင်းလူက အထက်ပါဆောင်းပါးလေးကို ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ ဆရာလင်းယုန်မောင်မောင်၊ ဆရာကာတွန်းမြေဇာ၊ ဆရာမခင်သူသူဝင်းတို့နှင့်အတူ သွားရောက်ခဲ့ကြသော ကော့ကရိတ် စာပေဟောပြောပွဲ ခရီးစဉ်ကို ခံစားရေးဖွဲ့ထားသည်။ မြိုင်ကလေးမှ ဘားအံသို့ ဇက်ဖြင့်ကူးရသော သံလွင်တံတား(ဘားအံ) မရှိသေးမီအချိန်ကာလ ဖြစ်သည်။ ထို့အတူ ဘားအံမှ ဂျိုင်းမြစ်ကမ်းအထိ သုံးနာရီခန့် ကားမောင်းရသော၊ ဂျိုင်းမြစ်ကိုလည်း ဇက်ရေယာဉ်ဖြင့် ကူးရသောအခါသမယပေတည်း။ နယ်မြေလုံခြုံရေးအရလည်း ကရင်ပြည်နယ်အတွင်းက မြဝတီ၊ ကော့ကရိတ်၊ လှိုင်းဘွဲ့၊ ဖာပွန်၊ ကြာအင်းဆိပ်ကြီးအစရှိသည့် ဒေသများ၏ နာမည်ကိုကြားရုံမျှနှင့် တွန့်ခနဲဖြစ်သွားတတ်ကြသည့်အချိန်။ သို့တစေ စာပေသံယောဇဉ်ဖြင့် ဤဆရာ ဆရာမများ သွားရောက်ဟောပြောခဲ့ကြခြင်း ဖြစ်သည်။

ကော့ကရိတ် မြို့သူ မြို့သားများ၏ နံနက်စာမှာ ရန်ကုန်မှာလို မုန့်ဟင်းခါး၊ ထမင်းကြော်၊ အီကြာကွေး၊ ပလာတာစသည်တို့ မဟုတ်ဘဲ နံပြားနှင့် ဆိတ်ခြေထောက်စွပ်ပြုတ်ကိုသာ နှစ်သက်စွာစားကြကြောင်း၊ မြဝတီသို့လည်း ကွန်ဗွိုင်ယာဉ်တန်းဖြင့် တစ်ပတ်လျှင် တစ်ကြိမ်လောက်သာ သွားနိုင်ကြောင်း၊ မြဝတီမှလာသော ယာဉ်တန်းသည် ကော့ကရိတ်စစ်ဆေးရေးဂိတ်မှာ စစ်ဆေးခံကြရကြောင်း၊ ထိုင်းနိုင်ငံဘက်မှလာသော ကုန်ပစ္စည်းများ၏ လက်လီဈေးနှုန်းမှာ ရန်ကုန်နှင့် မကွာလှသော်လည်း လက်ကားဈေးနှုန်းကတော့ ကွာခြားကြောင်း၊ ကော့ကရိတ်ဈေးထဲမှာ ဆရာမ ခင်သူသူဝင်းက သူ့သားဖြစ်သူ နေမျိုးဆေးအတွက် ဂျာကင်အင်္ကျီတစ်ထည်ဝယ်ခဲ့သလို ဆရာမင်းလူကလည်း သူ့အမေအတွက် စူပရာဒင်း ရေဆူအားဆေးတစ်ဘူးဝယ်ခဲ့ပြီး အဖေဦးသာခုအတွက် စပို့ရှပ်တစ်ထည်၊ ယောက္ခမဖြစ်သူအတွက် ကော့ကရိတ်ပုဆိုး၊ မိန်းမဖြစ်သူအတွက် ပါတိတ်တစ်ထည် ဝယ်ဦးမည်ကြံရွယ်ခဲ့သော်လည်း မြို့ခံမိတ်ဆွေများက ဈေးကြီးတယ်မဝယ်နဲ့ဟု တားခဲ့ကြကြောင်း၊ သို့သော် ဟောပြောပွဲအပြီး၌ အထက်ပါပစ္စည်းများကို လက်ဆောင်အဖြစ်ပေးခဲ့ကြကြောင်း အမှတ်တရရေးခဲ့သည်။

ထိုဆောင်းပါးထဲမှာ ဆရာမင်းလူ တကယ်လွှမ်းမိသည်က နံပြားနှင့် ဆိတ်ခြေထောက်စွပ်ပြုတ်လည်းမဟုတ်၊ ကော့ကရိတ်ဈေးလည်းမဟုတ်၊ စာပေဟောပြောပွဲပြီး၍ ကော့ကရိတ်မြို့မှအပြန် ဂျိုင်းမြစ်ကိုဇက်ဖြင့် ကူးနေစဉ် စာပေချစ်သော မြို့ခံမိတ်ဆွေများက ပွဲထောင်စက်လှေလေးများဖြင့် မြစ်လယ်ထိလိုက်ပါပို့ဆောင်ကြ၊ လက်တွေ့ဝှေ့ယမ်းနှုတ်ဆက်ပြီးမှ ကော့ကရိတ်ဘက်သို့ ပြန်လှည့်သွားကြသော မြင်ကွင်းကိုပဲ ဖြစ်သည်။ ဆောင်းပါးအဆုံးတွင် ရေးသားထားသည်က ခုချိန်ဆိုလျှင်တော့ အရင်ကလောက် လွှမ်းစရာကောင်းမည်မထင်၊ အကြောင်းမှာ ဂျိုင်းမြစ်ကူးတံတားကြီး တည်ဆောက်ပြီးစီးသွားပြီဖြစ်သဖြင့် ဇက်ကူးစရာမလိုတော့သောကြောင့်ပင် ဖြစ်၏---တဲ့။

ကျွန်တော်ကတော့ သံလွင်တံတား (ဘားအံ)တည်ဆောက်ပြီးချိန်မှ ကရင်ပြည်နယ်သို့ ရောက်ဖူးသူဖြစ်၍ ဇက်ဖြင့်ကူးရသော အတွေ့အကြုံကို မရလိုက်တော့ပါ။ သို့သော်ငြားလည်း တံတားပေါ်မှ ဖြတ်သည့်အခါတိုင်း တရုတ်လှရွာဘက်သို့ငေး၍ နိုင်ငံတော်အေးချမ်းသာယာရေး ကောင်စီအတွင်းရေးမှူး(၂)၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးနှင့် လူကြီးများလိုက်ပါလာသည့် ရဟတ်ယာဉ် ပျက်ကျစဉ်က ပါဝင်သွားခဲ့သော သူငယ်ချင်းဖြစ်သူ ဒုတိယဗိုလ်မှူးကြီး မောင်မောင်သက်ကို သတိရမိသည်။ ဘားအံရောက်သည့် အခါတိုင်းလည်း အဘက်ဘက်မှ ကြည့်လျှင် ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် တွေ့မြင်ရသော ဇွဲကပင်တောင်ကြီး၏အလှကို ကြည့်ရှုခံစားရင်းသဘောကျမိသည်။ ဘားအံမှတစ်ဆင့် ကော့ကရိတ်၊ မြဝတီမြို့များသို့ ဆက်လက်ထွက်ခွာလာစဉ် အိန္ဒူစံပြကျေးရွာကို ဖြတ်သောအခါ၌လည်း နောင်တော်ကြီးစာရေးဆရာ ဒါရိုက်တာ ဆရာတင်သန်းဦး(ကွယ်လွန်)နှင့် ကိုမြသန်းစံတို့အဖွဲ့ ကကပြည်၌ တာဝန်ထမ်းဆောင်ကြစဉ် တိုင်းကျိုးပြည်ပြု ဗီဒီယိုဇာတ်ကားများ၏ ရိုက်ကွင်းတည်ကြရာ နေရာအဖြစ် အမှတ်ရမိသည်။ လမ်းတစ်လျှောက် ကျေးရွာများ၏ အမည်လေးတွေကလည်း ကဗျာဆန်နေကြသည်။ လွန်းညှ--တဲ့၊ ဝဲကရင်---တဲ့လေ။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၏ ခရီးစဉ်နှင့်အတူလိုက်ပါလာခဲ့ခြင်းဖြစ်ရာ ဘားအံကိုရောက်သည့်နေ့ကလည်း လှိုင်းဘွဲ့နှင့် ပိုင်ကျုံဒေသများသို့ သွားရောက်၍နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် တည်ဆောက်ပေးခဲ့သော လှိုင်းဘွဲ့မြို့နယ် ကွမ်ဘီအထကကျောင်းမှ ကျောင်းသားကျောင်းသူလေးများ နေထိုင်ရန် နှစ်ထပ်ဘော်ဒါဆောင်တစ်ဆောင်၊ ပိုင်ကျုံဒေသမှ ဘော်ဒါဆောင်တစ်ဆောင်၊ ထိုလို၌ ဆောက်လုပ်နေဆဲ တန်ဖိုးနည်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ ကွမ်ဘီကျေးရွာ၌ မဟာဓာတ်အားလိုင်းရောက်ရှိပြီး မီးထိန်ထိန်လင်းနေပြီဖြစ်ပေရာ သူငယ်စဉ်က လှိုင်းဘွဲ့နယ်မြေခံတပ်ရင်း၌ တာဝန်ထမ်းဆောင်စဉ်ကာလနှင့် နှိုင်းယှဉ်၍ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က အမှတ်တရပြန်လည်ပြောပြသည်။ လှိုင်းဘွဲ့နှင့် ပိုင်ကျုံအကြား မဝေးလှသော ခရီးလေးအတွင်းမှာပင် တပ်ရင်းသုံးရင်းလောက် ရွှာလည်နေခဲ့ဖူးသည်ဆိုသည်။ ခုတော့လည်း ထိုဒေသများအားလုံး အေးချမ်းသာယာနေပြီဖြစ်၍ သူတို့အတွက်၊ သူတို့၏ သားသမီးတွေအတွက် နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို စိတ်သွားတိုင်းကိုယ်ပါ ဆောင်ရွက်ပေးနိုင်ပြီဖြစ်သည်။ နယ်စပ်ဒေသတစ်ခု တည်ငြိမ်အေးချမ်းခြင်း၏ အကျိုးရလဒ်ပါတည်း။ ပိုင်ကျုံမှ အရှေ့ဘက်ကို လှမ်းမျှော်ကြည့်လိုက်သောအခါ ယမ်းခိုးယမ်းနံ့ ကင်းစင်နေသော ကုလားမတောင်သည် အိန္ဒြေကြီးတစ်ခွဲသားနှင့် တည်ငြိမ်အေးချမ်းစွာ လဲလျောင်းလျက်။

ဘားအံ-ကော့ကရိတ် ကားလမ်းသည် ကောင်းမွန်နေပြီဖြစ်၍ ဘားအံမှ ထွက်ပြီး မကြာမီအချိန်မှာပင် ဂျိုင်း(ကော့ကရိတ်)တံတားကြီးသို့ ဖြတ်သန်းခဲ့ကြသည်။ ကော့ကရိတ်သို့ရောက်ရှိချိန်တွင်မူ ကောကရိတ်-မြဝတီ ယခင်လမ်းဟောင်းအတိုင်းသွားသော ကားကြီး/ကားငယ် အသွယ်သွယ်ကိုလည်း တွေ့ရသည်။ အသစ်ဖောက်လုပ်ထားသည့် အာရှလမ်းမကြီးဟု အမည်တွင်နေသော ကော့ကရိတ်-မြဝတီကားလမ်းသစ်ကြီးမှလည်း သွားလာနေကြသည်မှာ ပျားပန်းခပ်မျှပင်။ ကုန်စည်စီးဆင်းမှု အရှိန်အဟုန်ကြီးမားသည့်သဘော။ ညွှန်ကြားရေးမှူးချုပ်သည် မြဝတီမြို့နယ်အတွင်း ခွင့်ပြုခဲ့သော နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ နောက်တစ်နေ့တွင် ကျွန်တော်တို့အဖွဲ့သည် မြဝတီမြို့မှတစ်ဆင့် ရွှေကုက္ကိုဒေသသို့ ဆက်လက်ထွက်ခွာကြပါဦးမည်။ မြဝတီမြို့အနီး၌ ဖြတ်သန်းစီးဆင်းသွားသော သောင်ရင်းမြစ်ရေအလျှင်တွင် တစ်ချိန်က တည်ငြိမ်အေးချမ်းမှုကင်းမဲ့ခဲ့သည့် နိမိတ်ပုံများထင်ဟပ်မနေတော့ကြောင်း သတိပြုမိသည်။

■ မြင့်စိုး(နတလ)

## ၂၀၁၅ ခုနှစ်အတွင်း ယာဉ်မတော်တဆမှုကြောင့် လူပေါင်း ၄၂၃၃ ဦး သေဆုံးခဲ့

၂၀၁၅ ခုနှစ်အတွင်း ဇန်နဝါရီလမှ ဒီဇင်ဘာလကုန်အထိ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆမှုများကြောင့် လူပေါင်း ၄၂၃၃ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါသေဆုံးမှုများတွင် မော်တော်ယာဉ်မတော်တဆမှု၊ ဆိုင်ကယ် မတော်တဆမှု၊ မော်တော်ယာဉ်နှင့် ဆိုင်ကယ်တိုက်မှု၊ အခြား ယာဉ်မတော်တဆမှုများကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့စစ်တမ်းများအရ သိရသည်။

၂၀၁၅ ခုနှစ် တစ်နှစ်လုံးတွင် တစ်နိုင်ငံလုံး အတိုင်းအတာအရ ယာဉ်မတော်တဆမှုပေါင်း ၁၅၃၀၆ မှု ဖြစ်ပွားခဲ့သည်။ တစ်နှစ်ပတ်လုံးတွင် ပျမ်းမျှအားဖြင့် တစ်ရက်လျှင် လူ ၁၁ ဦးကျော်နှုန်း သေဆုံးနေသည်။

ယခင်နှစ်များအတွင်း မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ၂၀၁၁ ခုနှစ်တွင် ယာဉ်မတော်တဆမှု ၉၇၆၂ မှု ဖြစ်ပွားပြီး သေဆုံးသူ ၂၈၁၁ ဦး၊ ၂၀၁၂ ခုနှစ်တွင် ၁၁၆၄၉ မှု သေဆုံးသူ (၃၃၂၆)ဦး၊ ၂၀၁၃ ခုနှစ်တွင် ၁၃၉၀၇ မှု သေဆုံးသူ ၃၆၁၂ ဦး၊ ၂၀၁၄ ခုနှစ်တွင် ၁၄၇၈၁ မှု သေဆုံးသူ ၄၁၆၃ ဦးရှိခဲ့ရာ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာလကုန်အထိ ယာဉ်မတော်တဆမှု ၁၅၃၀၆ မှု ဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိသူ ၂၅၆၁၄ ဦး ၊ သေဆုံးသူ ၄၂၃၃ ဦး အထိ ရှိခဲ့သည်။

ဖော်ပြပါနှစ်အလိုက် စာရင်းများအရ ယာဉ်မတော်တဆမှုများနှင့် သေဆုံးသူဦးရေသည် တစ်နှစ်ထက်တစ်နှစ် ပိုပြီးများလာခဲ့သည်။ သို့ဖြစ်၍ ပြည်သူများအနေဖြင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်းများအထူး လိုက်နာရန် လိုအပ်ပေသည်။ ယာဉ်၊ ကား၊ ဆိုင်ကယ်မောင်းနှင် စီးနင်းသူအနေဖြင့် သတိတစ်ချက်လွတ်ပါက အသက်သေသည်အထိ ပေးဆပ်ရမည်ဖြစ်သည်။ ထို့ကြောင့် ယာဉ်မောင်းနှင်မည်ဆိုပါက အထူးသတိထားသင့်သည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ယာဉ်မတော်တဆမှုဖြစ်စဉ်များ လျော့နည်းရန် ပညာပေးခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစစ်ဆေးခြင်း၊ စည်းကမ်းဖောက်ဖျက်သည့် ယာဉ်များကို အရေးယူခြင်း၊ လူစည်ကားရာနေရာများနှင့် မော်တော်ယာဉ် အသုံးပြုမှုများပြားသည့်လမ်းများတွင် ယာဉ်ကြောရှင်းလင်းခြင်း စသည့်လုပ်ငန်းများကို ယာဉ်ထိန်းရဲတပ်ဖွဲ့အင်အား ၂၇၃၆ ဦးဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

# မြန်မာ့တူရိယာအိုးစည်လုပ်ငန်း မိရိုးဖလာအဖြစ် ဆက်လက်လုပ်ကိုင်

မကွေးတိုင်းဒေသကြီး



မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် မင်းလှခံတပ်ကြီးအနီးရှိ မြောက်ရွာ၌ မြန်မာ့ရိုးရာတူရိယာ ပစ္စည်းများဖြစ်သော အိုးစည်နှင့် ဗုံပြုလုပ်ခြင်းလုပ်ငန်းကို ယနေ့ထက်တိုင်မိရိုးဖလာလုပ်ငန်းအဖြစ် ဆက်လက်လုပ်ကိုင်နေသူများရှိကြောင်း သိရသည်။ ရှေးအခါက အိုးစည်တန်းရပ်ဒအဖြစ်နာမည်ခေါ်တွင်ခဲ့သော မြောက်ရွာသည် ကုန်းဘောင်ခေတ် မင်းလှခံတပ်ကြီးတည်ရှိစအချိန်ကပင် သံတမန်၊ မင်းမှုအရာထမ်းနှင့် ရဲမက်စစ်သည်များကို ဖျော်ဖြေရာ၌လည်းကောင်း၊ အောင်ပွဲခံပွဲလမ်းသဘင်များ၌လည်းကောင်း တီးမှုတ်ဖျော်ဖြေရာတွင်အဓိကအသုံးပြုရသော အိုးစည်နှင့် ဗုံတူရိယာများပြုလုပ်ရာ အရပ်ဖြစ်သည်။ ဧရာဝတီဆိပ်ကမ်းဆိုက်ရောက်ရာ အရပ်ဖြစ်သောကြောင့် လှေထိုးဝါးထိုးလုပ်ငန်းနှင့်အတူ အိုးစည်၊ ဗုံတူရိယာပစ္စည်းများကို မြန်မာ့လက်မှုပညာတစ်ရပ်အနေဖြင့်လုပ်ကိုင်လာခဲ့ပြီး ကုန်းဘောင်ခေတ်ကတည်းကပင် မင်းလှအိုးစည်မှာ နာမည်ကျော်ကြားခဲ့ကြောင်း ရိုးရာလက်မှုပညာရှင် ဦးစိုးမြင့်က ပြောပြသည်။

"ကျွန်တော်တို့ ရွှေပြည်စိုးအိုးစည်လုပ်ငန်းကနေ အိုးစည်အပါအဝင် စည်တော်၊ ဒိုးပတ်၊ ပတ်မနဲ့ဗုံအမျိုးမျိုးကို ပြုလုပ်ပြီး သရက်၊ စကု၊ စလင်း၊ ဆင်ဖြူကျွန်းနဲ့နေရာဒေသအနှံ့ ဖြန့်တယ်။ အော်ဒါအပ်ရင် အရပ်သုံး၊ဆိုင်းသုံး(ပညာရှင်သုံး)နဲ့ ကလေးကစားစရာပစ္စည်းအထိ လက်ခံတယ်။ အိုးစည်တွေကို အရပ် ၃၁ လက်မ၊ အဝရှစ်လက်မ၊ နောက်ခံအဝိုင်း(ပဒိုင်း) ၁၃ လက်မ(ပွဲဝင်ရိုက်)တစ်လုံးကို ငွေကျပ်ခုနစ်သောင်းခွဲအထိယူတယ်။ ဆိုက်လတ်(ပွဲဝင်) ၂၈ လက်မက လေးသောင်းခွဲ၊ ဆိုက်သေး(ပွဲဝင်) ၂၄ လက်မက သုံးသောင်းခွဲယူတယ်။ ဆိုင်းဝိုင်း(အလှရွှေချ)အစုံ ခြောက်သောင်းခွဲယူတယ်။ စည်တော်တွေအတွက် အလှူပွဲတွေနဲ့ဘုန်းတော်ကြီးကျောင်းတွေမှာ ရိုးရာဝလေ့ဆွမ်းစားချိန်အချက်ပေးစည်တော်ရွှန်းဖို့အတွက်လည်း ပစ္စည်းအော်ဒါမှာတာမျိုးတွေရှိတယ်"ဟု ဆက်လက်ပြောပြသည်။

ယင်းတူရိယာပစ္စည်းများကို ဒေသထွက်သစ်မျိုးရင်းများဖြစ်သော ဒီးဒူ၊ လက်ပံ၊ ချဉ်ယုတ်နှင့်ကုက္ကိုသစ်များကို နွားသားရေ၊ ဆိတ်သားရေတို့နှင့်အတူ အသုံးပြုရကြောင်း၊ ယနေ့ခေတ်တွင် အချို့ကသစ်ထွင်းသားအစားပလတ်စတစ်ကော်အိုးများလည်းအသုံးပြုမှုရှိကြကြောင်း၊ ရှေးယခင်က စစ်စေးနှင့်မကျည်းပြာကို သရိုးကိုင်ခဲ့သော်လည်း ယခုအခါ စစ်စေးရှားပါး၍တန်ဖိုးမြင့်လာသောကြောင့် သဘော်ဆေးကိုအသုံးပြုနေရကြောင်း၊ ဟသ်ာပြဒါးကိုလည်းအသုံးမပြုနိုင်တော့ကြောင်း၊ စက်ပစ္စည်းအကူကိရိယာမပါဘဲ လက်မှုသက်သက်လုပ်ကိုင်ရသောအိုးစည်လုပ်ငန်းမှာ တွင်ကျယ်မှု မရှိသည့်အပြင် လူပင်ပန်းသလောက်အမြတ်အစွန်းနည်းပါးသည့်အတွက် မျိုးဆက်သစ်လုပ်ကိုင်သူများလည်း လျော့နည်းလျက်ရှိကြောင်း သိရသည်။

**ကျော်စွာ(မကွေး)**




မန္တလေးတိုင်းဒေသကြီး

# နှလုံးရပ်သွားသူများအား အခြေခံအသက်ကယ် အထောက်အကူပြုလုပ်ဆောင်နည်းသင်တန်းဖွင့်

နှလုံးရပ်သွားသူများအား အခြေခံအသက်ကယ် အထောက်အကူပြုလုပ်ဆောင်နည်းသင်တန်း (၁/၂၀၁၆) ကို ဇန်နဝါရီ ၆ ရက်က မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး နှလုံးရောဂါအထူးကုဌာန၌ ဖွင့်လှစ်သင်ကြားခဲ့ပြီး**(အောက်ယာပုံ)** လစဉ်သင်တန်းများ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

နှလုံးရောဂါဖြစ်ပွားမှု များပြားလာသည့်အပြင် သေဆုံးမှုများလည်း တိုးတက်မြင့်မားလာသည့်အတွက် နှလုံးရောဂါဝေဒနာသည်များ ရုတ်တရက်နှလုံးရပ်သွားပါက ဆေးရုံမရောက်ခင်အချိန်တွင် အမြန်ဆုံး အသက်ကယ်ကုသမှုလုပ်ဆောင်နိုင်ရန် သင်တန်းပေးရခြင်းဖြစ်ကြောင်း အဆိုပါဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာကျော်စိုးဝင်းက ပြောကြားသည်။

"အရင်နှစ်တွေက သင်တန်းအနည်းငယ်ပေးခဲ့ပေမယ့် ၂၀၁၆ ခုနှစ်ကစပြီး လစဉ်သင်တန်းပို့ချပေးသွားမှာပါ။ အခုသင်တန်းက ၂၀၁၆ ခုနှစ်ရဲ့ ပထမဆုံးသင်တန်းဖြစ်ပါတယ်။ အရင်နှစ်ကသင်ပေးတယ်၊ လက်တွေ့လုပ်တယ် ဒါနဲ့ပဲပြီးသွားတယ်။ ဒီနှစ်ထူးခြားချက်က စာမေးပွဲပါ စစ်ပေးပြီး အောင်မြင်ရင် သင်တန်းဆင်းလက်မှတ်ပေးပါတယ်။ နောက်လတွေလည်း ဒီလိုပုံစံပဲလုပ်သွားမှာပါ"ဟု ၎င်းက ပြောသည်။

ယခုသင်တန်းမှာ ဆေးရုံကြီးမှ အရေးပေါ်အသက်ကယ်သင်တန်း မတက်ရောက်ဖူးသေးသူများအား ရွေးချယ်သင်ကြားပေးပြီး နောက်ပိုင်းတွင် ဆေးရုံကြီးရှိ ဆရာဝန်များကို အလှည့်ကျစနစ်ဖြင့် သင်တန်းပေးသွားမည်ဖြစ်ကာ မန္တလေးမြို့ပေါ်ရှိသင်ကြားရေးဆေးရုံကြီးများ၊ အထူးကုဆေးရုံကြီးများတွင်လည်း ဆက်လက်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

"အရေးပေါ်အသက်ကယ်ပြုစုနည်းဆိုတာ ကျန်းမာရေး ဝန်ထမ်းတင်မကဘဲ သာမန်အရပ်သူ အရပ်သားတွေပါ တတ်ထားသင့်တဲ့သင်တန်းတစ်ခုပါ။ အထူးသဖြင့် ဟိုတယ်လုံခြုံရေးဝန်ထမ်းတွေ၊ ရှောပင်းမော လုံခြုံရေးဝန်ထမ်းတွေ၊ မီးသတ်၊ လက်သမား၊ ပန်းရန်၊ အင်ဂျင်နီယာကအစ တတ်ထားသင့်ပါတယ်"ဟု ၎င်းက ပြောကြားသည်။

ယခုဖွင့်လှစ်သည့်သင်တန်းတွင် ဆရာဝန် ၂၅ ဦးနှင့် သူနာပြု ၂၅ ဦး စုစုပေါင်း ၅၀ တက်ရောက်ခဲ့ကြပြီး နောက်ပိုင်းတွင် ဆင့်ပွားသင်တန်းများအနေဖြင့် သာမန်ပြည်သူများပါ သင်တန်းပို့ချပေးသွားရန် စီစဉ်နေကြောင်း သိရသည်။

**အောင်ရဲသွင်**



# ဖျာပုံမြို့နယ် သပြေကန်-သိမ်ကုန်းဧရိယာအတွင်း နွေစပါးများအောင်မြင်ဖြစ်ထွန်း

## ဧရာဝတီတိုင်းဒေသကြီး



သပြေကန်-သိမ်ကုန်းဧရိယာ၏ သဘာဝပထဝီဝင်ကို လေ့လာကြည့်မည်ဆိုပါက ဖျာပုံခရိုင် ဖျာပုံမြို့နယ်တွင်တည်ရှိသော မိုးစပါး၊ နွေစပါးစိုက်ဒေသတစ်ခုဖြစ်ပြီး**(ယာပုံ)** အရှေ့ဘက်တွင် ဇင်းဘောင်ချောင်းနှင့် အဖောင်ရေတံခါး၊ အနောက်ဘက်တွင် နောင်တော်ကြီးချောင်းနှင့် စံပုလဲရေတံခါး၊ တောင်ဘက်တွင် ကျုံကန်ချောင်းနှင့် အောက္ကဘာရေထိန်းတံခါး၊ မြောက်ဘက်တွင် ဘန့်ဘွေးစုကျွန်းပတ်တာနှင့် အနောက်မြောက်ဘက်တွင် သကံရေတံခါး ဝန်းရံလျက်ရှိသည်။

အဆိုပါ သပြေကန်-သိမ်ကုန်းဧရိယာသည် ကျွန်းပတ်တာများ၏ အပြင်ဘက်တွင်တည်ရှိပြီး ရေချိုရေငန်နှစ်မျိုးလုံး ဝင်ရောက်သော အနိမ့်ပိုင်းဒေသတစ်ခုဖြစ်ရာ နှစ်ပေါင်းများစွာ လယ်ယာစိုက်ပျိုးရေးအတွက်ခက်ခဲမှုများစွာရှိခဲ့သည်။ သို့ဖြစ်၍ ဒေသနေ တောင်သူလယ်သမားများ၏ အကျိုးကိုရည်မျှော်လျက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုဖြင့် ဆည်မြောင်းဦးစီးဌာနမှ ၁၉၉၇-၁၉၉၈ ခုနှစ်များအတွင်း ရေငန်ဝင်ရောက်ခြင်းမှ ကာကွယ်နိုင်သည့် စံပုလဲ၊ အောက္ကဘာ၊ အဖောင်၊ သကံစသည့်ရေတံခါးလေးခုဆောက်လုပ်၍ မိုးစပါးစိုက်ပျိုးရေးဧရိယာတစ်ခုအဖြစ် ဖော်ထုတ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သပြေကန်-သိမ်ကုန်းဧရိယာ ဖော်ထုတ်စဉ်ကာလက မိုးစပါးစိုက်ပျိုးနိုင်ရန်အတွက်သာ အဓိကရည်ရွယ်ခဲ့ပြီးနောက် နောက်ပိုင်းနှစ်များတွင် နွေစပါးစိုက်ပျိုးနိုင်ရေးအတွက်ပါ ကြိုးစားမှုတစ်ရပ်ဖြစ်သည့် စိုက်ပျိုးရေရရှိရေးအတွက် ကျွန်းတွင်းရေချိုမြောင်း တူးဖော်ခြင်းလုပ်ငန်းကို ဒေသခံလယ်သမားများကိုယ်တိုင် ၎င်းတို့လုပ်အားဖြင့် တူးဖော်ခဲ့ကြသော်လည်း ကြိုးစားသလောက် အရာ မထင်ခဲ့ပေ။ နွေစပါးစိုက်ပျိုးရေးအသိပညာနည်းပါးခြင်း၊ ရေချိုရရှိမှုခက်ခဲခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်းကြောင့် အောင်မြင်မှု မရရှိရုံမျှမက ယင်းနွေစပါးစိုက်ပျိုးရေးအတွက် အသုံးပြုသည့်ထွန်ယက်မှု၊ မျိုးစပါး၊ ဓာတ်မြေဩဇာစသည့် ကုန်ကျစရိတ်နှင့် ပင်ပန်းမှုဒဏ်ကိုပင် ရင်ဆိုင်ခံစားကြရပြီး မိသားစုစီးပွားရေးများလည်း ထိခိုက်ပျက်စီးခဲ့ရကြောင်း သိရသည်။ ၂၀၀၈ ခုနှစ် မေလ ၂ ရက်တွင် တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းဒဏ်ကြောင့် ရေချိုမြောင်းများ ပျက်စီးထိခိုက်တိမ်ကောလာကာ ရေချိုရရှိမှုနည်းပါးသွားခဲ့သဖြင့် နောက်ပိုင်းနှစ်များ၌ နွေစပါးစိုက်ပျိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လုပ်ကိုင်နိုင်ခြင်း မရှိတော့ဘဲ နှစ်အကန့်အသတ်မရှိ ရပ်နားခဲ့ကြရသည်အထိ ကြုံခဲ့ရကြောင်း သိရသည်။

"အခုလိုဆည်မြောင်းကလာတူးပေးတာ အကျိုးရှိမှရှိပေ့ါ။ တစ်နည်းအားဖြင့်ပြောရရင် ကျွန်တော်တို့ တောင်သူတွေ စပါးရတယ်ဆိုရင် မိသားစုစားဝတ်နေရေးစိတ်ချရပြီ။ ကျွန်တော်ကိုယ်တိုင်က စပါးဧက ၃၀၀ ကျော်စိုက်တယ်။ နှစ်ရှည်လများ နွေစပါးမစိုက်နိုင်ဖြစ်နေတဲ့ ကျွန်တော်တို့ တင်လဲကွင်းတစ်ကွင်းလုံး လူချွန်လူကောင်း သီချင်းထဲကလို "စိမ်းမြမြကွင်းပြင် လယ်ကွင်းတွေက တစ်မျှော်တစ်ခေါ်စိုပြည်လွှင်" ဖြစ်ပါပြီ။ ကျန်ရှိနေသေးတဲ့ ဦးသုခ ချောင်း၊ တမံကျိုးချောင်းနဲ့ ပိန်းချောင်းတွေကို လက်တံရေသွင်းမြောင်းတွေလိုမျိုးထပ်ပြီး တူးဖော်ပေးပါဦးလို့ မေတ္တာရပ်ခံတောင်းဆို ချင်မိပါတယ်" ဟု အဇုတ်ကြီးကျေးရွာမှ တောင်သူဦးတင်အေးက ပြောသည်။

သကံရေတံခါး အကျိုးပြုဧရိယာအတွင်းရှိ ဝဲကြီးချောင်း၊ ကဇောင်းချောင်းများနှင့် ချိတ်ဆက်နေသည့် မြောင်းများကိုလည်းကောင်း၊ အောက္ကဘာရေတံခါးဧရိယာအတွင်းရှိ ကျုံကန်ချောင်း၊ ခရိုင်ဘော်ချောင်းများနှင့် ထိစပ်နေသည့်မြောင်းများကိုလည်းကောင်း၊ အဖောင်ရေတံခါး အကျိုးပြုနယ်နိမိတ်အတွင်းရှိ အဖောင်ချောင်း၊ ကျိုက္ကဘာချောင်းများနှင့် ချိတ်ဆက်နေသည့် မြောင်းများကိုလည်းကောင်းဒေသအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းနိုင်မည့်အခြေအနေပေါ်မူတည်၍ အဓိကဦးစားပေးအလိုက် ဆက်လက်တူးဖော်ပေးသွားမည်ဆိုပါက ကွင်းတွင်းရှိ ဧက ၂၅၀၀၀ ခန့် နွေစပါးစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဖျာပုံမြို့နယ်အတွင်းရှိ ကဇောင်း၊ ကုန်းတန်း၊ သိမ်ကုန်း၊ ကျိုက္ကဘာ၊ ခရိုင်ဘော်၊ အခြာကြီး (အောင်သာယာ)၊ အောက္ကဘာ၊ ဇင်းဘောင်၊ အလန်းဖလွတ်၊ ဂေးဂု၊ သုံးထပ်၊ ကြက်ဖမွေးဇောင်း စသည့်ဒေသများ၊ ဘိုကလေးမြို့နယ်အတွင်းရှိ ဝဲကြီး၊ ဘိုးလေး၊ ဘုရားသုံးဆူစသော ကျေးလက်ဒေသများ၏ နွေစပါးစိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ နွေစပါး၊ မိုးစပါး၊ သီးပင်စားပင်များ စိုက်ပျိုးနိုင်ရန်၊ ရေချိုသွင်းရန်နှင့် မိုးရာသီ အနိမ့်ပိုင်းလယ်မြေများ ရေကြီးနစ်မြုပ်မှုမှ လျော့ပါးသက်သာစေရန် ရည်ရွယ်၍ ကျွန်းပတ်တာများအပြင်ဘက်ရှိ သပြေကန်-သိမ်ကုန်းဧရိယာကို အလေးထား ဖော်ထုတ်ရခြင်းဖြစ်ကြောင်း ဖျာပုံခရိုင် ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးဇော်ဇော်က ပြောပြသည်။

"ဒီကွင်းထဲမှာကျွန်တော်က ဧက ၈၀ လောက်စိုက်ပါတယ်။ မိုးစပါးကဘေးကျားလေး၊ ခွံနီ၊ ပေါ်ဆန်းမွှေးစတဲ့ ဒေသရေမြေနဲ့ သင့်တဲ့စပါးကိုစိုက်တာပါ။ နွေစပါးကတော့ ရက် ၉၀ ဆင်းရွှေလီအစိုက်များပါတယ်။ ဒီနှစ်မှာတော့ အရှည် ၈ ဒသမ ၅ မိုင်လောက်ရှိတဲ့ ဂေးဂု-သိန္ဒိမြောင်း တူးပြီးကတည်းက စိုက်ရေး၊ ပျိုးရေး အဆင်ပြေလာပါတယ်။ ရေချိုလှိုင်လှိုင်ရတော့ စိုက်သလောက်ကောင်းတယ်။ ဒါကြောင့်မို့ ကောင်းသလောက် နွေစပါးတိုးချဲ့စိုက်နေတာပါ။ မြောင်းတူးပေးတာ အလွန်အကျိုးရှိတယ်။ ကျေးဇူးတင်ပါတယ်။တစ်ဆက်တည်း တောင်းဆိုချင်တာကတော့ သဉ္ဇိုင်းရိုးမြောင်း၊ ၁၅ ပေမြောင်း၊ ကားလမ်းဘေးမြောင်းနဲ့ လယ်သမား ရိုးမြောင်းတွေ တူးဖော်ပေးစေချင်ပါတယ်။ သပြေကန်-သိမ်ကုန်း ရေချိုရလို့ကတော့ တစ်ကွင်းလုံးစိမ်းပြီဗျ။ တစ်ကွင်းလုံးစိမ်းရင် တစ်ဒေသလုံး ဖွံ့ဖြိုးပြီလေ"ဟု ဂေးဂုကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးတင်အောင်လင်းက ပြောသည်။

အဆိုပါဧရိယာအတွင်း မကြာမီကာလက ဦးလုံချောင်းပေါ်တွင် ရေတံခါးအသစ်တစ်ခုဖြစ်သည့် ဦးလုံရေတံခါးတည်ဆောက်ပေးခဲ့သဖြင့် ယခင်ကနွေပိတ်-မိုးချိုးစနစ်ဖြင့် ရေချိုထိန်း၍ ခက်ခက်ခဲခဲစိုက်ပျိုးခဲ့ကြရသည့်အခြေအနေမှ ယခုအခါ လွယ်လင့်တကူရေချိုထိန်းနိုင်ပြီး စိုက်ဧက ၂၀၀၀ ခန့် ကောင်းစွာစိုက်ပျိုးလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သပြေထွန်း**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်

ပြည်မြို့နယ် သဲကုန်းကျေးရွာတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေး၊ ရွှေလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေကို ဇန်နဝါရီ ၆ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးခင်ညိုနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးခဲ့သည်။ ကွင်းဆင်းစစ်ဆေးခဲ့သည့်အဖွဲ့က မြစိမ်းရောင်စီမံကိန်းချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားသော လုပ်ငန်းများ စစ်ဆေးခြင်း၊ ငွေစာရင်းပုံစံများ စနစ်တကျရေးသွင်းထိန်းသိမ်းထားရှိရေးနှင့် လိုအပ်သည်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **မျိုးကျော်ကြီး(ပြန်/ဆက်)**


# အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုလွှာ

၂၀၁၆ ခုနှစ်၊ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆)ဖြင့်သုဓမ္မသိင်္ဂီ ဒေါ်ချိုသာခင် **(Director) Original Group Co.,Ltd.** အား **သီဟသုဓမ္မသိင်္ဂီဘွဲ့**ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ နောင်တွင်လည်း သက်ရှည် ကျန်းမာ ချမ်းသာစွာဖြင့် မိသားစုနှင့်အတူ နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**Original Group Co.,Ltd.**
မိသားစု

မန္တလေးတိုင်းဒေသကြီး

# တမာပင်လျှပ်စစ် မြစ်ရေတင်လုပ်ငန်း ၈၅ ရာခိုင်နှုန်းပြီးစီး

လယ်ယာကုန်ထုတ်လုပ်မှုမြင့်မား၍ တောင်သူတစ်ဦးချင်းဝင်ငွေတိုးတက်စေရန်အတွက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်ရှိ တမာပင်ဒီဇယ်မြစ်ရေတင်လုပ်ငန်းကို လျှပ်စစ်မြစ်ရေတင်လုပ်ငန်းအဖြစ် ပြောင်းလဲတိုးချဲ့ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၈၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယခင်တမာပင်ဒီဇယ်မြစ်ရေတင်လုပ်ငန်းကို ၁၉၉၆-၁၉၉၇ဘဏ္ဍာနှစ်တွင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၇ ခုနှစ်အထိ စိုက်ပျိုးရေပေးဝေခဲ့ရာမှ ယခုအခါဒေသခံတောင်သူများ၏ တောင်းဆိုချက်အရ ဒေသဝမ်းစာဖူလုံရေးနှင့်တောင်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေရရှိနိုင်ရန် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းအဖြစ် ပြောင်းလဲဆောင်ရွက်ခဲ့ခြင်းကြောင်း ကျောက်ဆည်ခရိုင် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမောင်နိုင်က ပြောသည်။ "တောင်သူတွေရဲ့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ စိုက်ပျိုးရေရရှိစေဖို့ ဒီစီမံကိန်းကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရဲ့ ညွှန်ကြားမှုနဲ့လယ်ယာကုန်ထုတ်လုပ်မှုမြင့်မားစေဖို့နဲ့ တောင်သူတစ်ဦးချင်း ဝင်ငွေတိုးတက်စေဖို့ လျှပ်စစ်ဓာတ်အားရရှိနိုင်မှုအခြေအနေပေါ်မူတည်၍ မူလတည်ဆောက်ပြီး ဒီဇယ်မြစ်ရေတင်လုပ်ငန်းကို လျှပ်စစ်ရေတင်စနစ်သို့ပြောင်းလဲဆောင်ရွက်ခဲ့တာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။



တမာပင်ဒီဇယ်မြစ်ရေတင်လုပ်ငန်းမှ လျှပ်စစ်မြစ်ရေတင်စီမံကိန်းအဖြစ် ပြောင်းလဲခြင်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မန္တလေးတိုင်းဒေသကြီး အစိုးရခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး စီမံကိန်းကို လျှပ်စစ်ဖြင့်ပန့် မော်တာများအသုံးပြုရေစုပ်တင်ကာ ရေသောက်စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။

"တောင်သူတွေရဲ့ လယ်တစ်ကွက်ချင်းစီကို စိုက်ပျိုးရေလွယ်ကူစွာရရှိစေဖို့နဲ့ ရေအလေအလွင့်မရှိအောင် မူလရေသောက်စနစ်အပြင် လယ်ကြားမြောင်းအရှည်ပေ ၆၀၀၀ ခန့်ကိုလည်း ဌာနက မီနီဘတ်ဟိုးတွေအသုံးပြုပြီး တစ်ပြိုင်တည်းဖောက်လုပ်ပေးနေတဲ့အတွက် လာမယ့်နွေသီးနှံအမီ လျာထား ဧက ၁၀၀ ကို ရာနှုန်းပြည့်စိုက်ပျိုးရေတွေ ပေးဝေသွားနိုင်တော့မှာဖြစ်ပါတယ်"ဟု စီမံကိန်းလုပ်ငန်းတာဝန်ခံ ဦးစီးမှူး(မြို့ပြ)ဦးသက်နိုင်စိုးက ပြောသည်။

"ကျွန်တော်တို့လက်ရှိမှာ ကြက်သွန်နဲ့ငရုတ်တွေကို စမုံမြစ်ကနေ ဒီဇယ်နဲ့ရေတင်ပြီး စိုက်ပျိုးနေရတာပါ။ တစ်ဧကကို စက်ငှားရမ်းခနဲ့ ဒီဇယ်ဖိုးငွေက နှစ်သိန်းနဲ့သုံးသိန်းကြားကုန်ကြနေတဲ့အပြင် သီးနှံစိုက်ခင်းအရောက် ရေသွယ်ယူမှုမှာလည်း အခက်အခဲဖြစ်ပေါ်နေတယ်။ တချို့ မြစ်နဲ့ဝေးကွာတဲ့ စိုက်ခင်းတွေမှာဆို မိုးရေကိုပဲ အားကိုးနေကြရပါတယ်။ အခုလျှပ်စစ်နဲ့ရေတင်ပေးမယ်ဆိုတဲ့အတွက် ဝမ်းသာနေကြတယ်"ဟု မြစ်သားမြို့နယ် နွားဖြူငယ်ကျေးရွာမှ တောင်သူဦးလှအောင်က ပြောသည်။ တမာပင်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းကို စမုံမြစ်၏ရေအရင်းမြစ်ကိုရယူဆောင်ရွက်ခြင်းဖြစ်ပြီး စီမံကိန်းတွင် ပင်မမြောင်းအရှည် ၀ ဒသမ ၃၇ မိုင်၊ လက်တံမြောင်းအရှည် ၀ ဒသမ ၇၄ မိုင်၊အုတ်လိုင်နင် အရှည်ပေ ၂၃၀၊ တူးမြောင်းအဆောက်အအုံ ၃၆ ခုပါဝင်ပြီး 9 Cusec Pump(2)Sets& 75KW Motor, 11/0.4KV (200KVA) ထရန်စဖော်မာတစ်လုံးတပ်ဆင်ထားကာ Fixed Type အမျိုးအစား ရေတင်စနစ်ဖြစ်သောကြောင့် မူလစိုက်ပျိုးမြေဧက ၄၅၀ အတွက် စိုက်ပျိုးရေလုံလောက်စွာစုပ်တင်ပေးနိုင်ရန် လျာထားဆောင်ရွက်ထားခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ကျေးလက်လမ်းများ ကွင်းဆင်းစစ်ဆေး

ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးသိန်းလွင်သည် ဇန်နဝါရီလ ပထမပတ်က လက်ပံတန်းမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမြင့်အောင်နှင့်အတူ ၂၀၁၅/၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် မှော်အင်းခေါင်းလောင်းတိုင်ကျေးရွာ၊ မှော်အင်းပုတိမ်စုရွာ၊ မှော်အင်းလွှစင်ကုန်းရွာ၊ ကြပ်ကလေး၊ သုံးဆယ်စုရွာလမ်းများ ဂဝံခင်းခြင်းလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးရာ မြို့နယ်ဦးစီးမှူးနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ တိုင်းဦးစီးမှူးက လမ်းလုပ်ငန်းများ စံချိန် စံညွှန်းကိုက်ညီရေးနှင့် သတ်မှတ်ချိန်ပြီးစီးရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**အောင်ဆင့်**

ဒေါက်တာခင်မောင်လွင် (FAME) ရေးသားထားသော ကျန်းမာသုတ စာအုပ်များကို ဖြန့်ချိရောင်းချလိုသော အမြို့မြို့အနယ်နယ်ရှိ စာအုပ်အရောင်းဆိုင်များအနေဖြင့် FAME Publishing House သို့ အောက်ပါနန်းထားအတိုင်း ဆက်သွယ်မှာယူနိုင်ပါသည်။

"စာအုပ်အမျိုးအစားတစ်ခုလျှင် ၅ အုပ်နှင့် အထက်ဝယ်ယူပါက"

CASH DOWN 30% Discount
CREDIT 25% Discount
CONSIGNMENT 20% Discount

မြန်မာဘာသာ
- ကြက်ဥနှင့် ကျန်းမာရေး
- ငှက်ပျောသီးနှင့် ကျန်းမာရေး
- သည်းခြေကျောက်တည်ရောဂါ
- သွေးတိုးရောဂါ
- ဆံကေသာအလှနှင့် ကျန်းမာရေး
- အရိုးပါး၊ အရိုးပွရောဂါ
- ဆီးကျောက်တည်ရောဂါ
- ပရိဘိုင်အိုတစ် ခေါ် အကျိုးပြုအဏုဇီဝလေးများ
- အော်ဂဲနစ်စိုက်ပျိုးရေး၊ အော်ဂဲနစ်အစားအစာများနှင့် ကျန်းမာရေး
- မီးဖိုချောင်သုံးအစားအစာများနှင့် ကျန်းမာရေး

အင်္ဂလိပ်ဘာသာ
- *Gynura procumbens*
- *Ginkgo biloba*
- *Pueraria mirifica*
- *Echinacea purpurea*
- *Vitis species*
- *Orthosiphon aristatus*
- Willow bark (*Salix spp.*)
- *Astragalus membranaceus* (Fisch.) Bg.
- *Cordyceps sinensis* (Berk.) Sacc.
- Gallstones
- *Nanobacterium sanguineum*


- Medicinal Plant List of Myanmar (Second Edition)




FAME Publishing House

အမှတ် (၂၀)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ စက်မှုဇုန် (၃)၊ လှိုင်သာယာစက်မှုမြို့၊ ရန်ကုန်။
Ph : 01-682199, 685083, 685609 Fax : 95-1-680122
www.famepharma.com, FAME Pharmaceuticals

# ဆောင်းရာသီပြဇာတ်နဲ့အတူ စိတ်ဝင်စားစွာစောင့်ကြည့်ရဦးမယ့် ပိုချက်တီနိုနဲ့ စပါးအသင်းရဲ့ အနာဂတ်



ပရီမီယာလိဂ်ရာသီဟာ အခုဆိုရင် ထက်ဝက်ကျိုးခဲ့ပြီးဖြစ်ပြီး ဇန်နဝါရီအပြောင်းအရွှေ့ရာသီလည်း ရောက်လာခဲ့ပြီဖြစ်ပါတယ်။ ဒီနှစ် ပရီမီယာလိဂ်ဟာ အံ့သြဖွယ်ရာအပြောင်းအလဲတွေနဲ့ ပြည့်နှက်နေတဲ့ရာသီလို့လည်း ပြောရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ခရစ္စမတ်ကာလမှာ လက်စတာအသင်းဟာ အမှတ်ပေးဇယားရဲ့ ထိပ်ဆုံးမှာရှိနေခဲ့တယ်။ ပြီးခဲ့တဲ့ရာသီက ချန်ပီယံဖြစ်ခဲ့တဲ ချယ်လ်ဆီးအသင်းကတော့တန်းဆင်းဇုန်ကနေ ကင်းလွတ်ဖို့အရေးအပြင်းအထန် ကြိုးစားနေခဲ့ရတယ်။ မန်ယူ၊ မန်စီးတီးတို့ကို ကြည့်မယ်ဆိုရင်လည်း တိုးတက်မှုပြယုဂ်တွေက ထင်သလောက်မကောင်းတာကိုလည်း တွေ့ရပါတယ်။ အဲ့ဒီလိုပြောင်းလဲမှု၊ ရုန်းကန်မှုတွေကြားကမှ ခံစစ်ပိုင်းတည်တည်ငြိမ်ငြိမ်နဲ့ တိုးတက်မှုတွေရရှိနေတဲ့အသင်းကတော့ စပါးအသင်းပဲဖြစ်ပါတယ်။ ဒါကြောင့် စပါးအသင်းဟာ မန်နေဂျာ ပိုချက်တီနိုရဲ့ လက်အောက်မှာ ဘယ်လောက်အထိ တိုးတက်မှုတွေ ဆက်လက်ရရှိဦးမလဲဆိုတာကလည်း လူတိုင်းအတွက် စိတ်ဝင်စားစရာဖြစ်နေပါတယ်။

ဒီနှစ်ရာသီမှာ စပါးအသင်းရဲ့ တိုးတက်မှုတွေကိုကြည့်မယ်ဆိုရင် ခံစစ်ပိုင်းကောင်းမွန်ခြင်းက အဓိကအရင်းခံအဖြစ် ရှိနေတာကိုတွေ့ရပါတယ်။ ပြီးခဲ့သည့် ၂၀၁၄-၁၅ ရာသီက စပါးအသင်းရဲ့အခြေအနေကို ကြည့်မယ်ဆိုရင်လည်း နောက်တန်းခံစစ်အမှားကြောင့် ဂိုးပေးရမှုဟာ တစ်ကြိမ်ပဲရှိတာကိုလည်းတွေ့ရပြီး ပေးဂိုးအနေနဲ့ ၅၃ ဂိုးပဲရှိတာကိုလည်း တွေ့ရပါတယ်။ စပါးအသင်းကို ပိုချက်တီနိုမရောက်ခင်က အသင်းရဲ့ခံစစ်တံတိုင်းဟာ မာကျောမှုမရှိခဲ့ပေမယ့် ပိုချက်တီနိုရောက်ရှိခဲ့ပြီးနောက်ပိုင်းမှာတော့ အသင်းဟာ ရာသီကုန်မှာတော့ ပရီမီယာလိဂ်မှာတော့ အဆင့်ငါးနေရာအထိ ရောက်ရှိနေခဲ့ပါတယ်။

ဒီနှစ်ရာသီကိုကြည့်မယ်ဆိုရင်လည်း စပါးအသင်းရဲ့ ခံစစ်ဟာ ပရီမီယာလိဂ်မှာ စံချိန်တင်ဖြစ်ခဲ့ပါတယ်။ အဲ့ဒီလိုရပ်တည်နိုင်တာကလည်း အသင်းခံစစ်မှူး အယ်ဒါဝီရက်ဟာ မန်နေဂျာပိုချက်တီနိုရဲ့ ကစားကွက်နဲ့ အကောင်းဆုံး အံဝင်နေလို့လည်းဖြစ်ပါတယ်။ ဒ့ါအပြင် အယ်ဒါဝီရက်ဟာ ဘောလုံးပေးပို့မှုကောင်းမွန်မှုတွေနဲ့ နောက်တန်းခံစစ်ပိုင်းကနေ ဘောလုံး လုယူနိုင်စွမ်းတွေကလည်း စပါးအသင်းအတွက်တော့ များစွာအကျိုးဖြစ်ထွန်းခဲ့ပါတယ်။

ဒ့ါအပြင် စပါးအသင်းရဲ့ ဗဟိုကွင်းလယ်နေရာမှာ အီရစ်ဒိုင်ယာရှိနေခြင်းကလည်း ရှေ့တန်းအတွက်ဂိုးရရှိဖို့ ပံ့ပိုးပေးနိုင်ရုံသာမက နောက်တန်းခံစစ်ပိုင်းအတွက်လည်း စိတ်ချစေခဲ့ရပါတယ်။ ဒါကြောင့် စပါးအသင်းရဲ့ နောက်တန်းဟာ အယ်ဒါဝီရက်၊ ဒိုင်ယာတို့ကြောင့် အကောင်းဆုံး ခံစစ်တံတိုင်းသဖွယ်ဖြစ်နေရသလို ဂိုးသမားလောရစ်ကလည်း အသင်းအတွက် အမှားအယွင်းမရှိ ဂိုးပေါက်ကာကွယ်မှုတွေ ပေးထားနိုင်ပါတယ်။ အယ်ဒါဝီရက်ဟာ ဆောက်သမ်တန်အသင်းမှာအငှားနဲ့ သွားရောက်ကစားခဲ့စဉ်ကတည်းက ဗာတွန်ဂန်နဲ့ တွဲဖက်ကစားခဲ့ဖူးတာကြောင့် စပါးအသင်းရဲ့ခံစစ်ပိုင်းမှာအတွဲညီညီနဲ့ ကစားနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း စပါးအသင်းဟာ ဇန်နဝါရီဈေးကွက်မှာတော့ နောက်တန်းခံစစ်ပိုင်းအတွက် အဓိကအားဖြည့်သွားဖို့ ရည်ရွယ်ထားခြင်းလည်း မရှိတာကိုတွေ့ရမှာပါ။

ဒီနှစ်ရာသီကို ကြည့်မယ်ဆိုရင်လည်း ပိုချက်တီနိုရဲ့စပါးအသင်းဟာ ပရီမီယာလိဂ်မှာတော့ အသက်ငယ်တဲ့အသင်းလို့ ပြောရမှာဖြစ်ပါတယ်။ ဒါကလည်း ပိုချက်တီနိုက သူ့ရဲ့နည်းစနစ်အတိုင်း အကောင်းဆုံးအကောင်အထည်ဖော်မှုတွေကြောင့် ဖြစ်ပါတယ်။ ဒီနှစ်ရာသီမှာ စပါးအသင်းအနေနဲ့ အောင်မြင်မှုတွေရရှိနေရတာကလည်း ပိုချက်တီနိုဟာ ပြီးခဲ့တဲ့အပြောင်းအရွှေ့မှာ မလိုအပ်တဲ့ကစားသမားတွေကိုဖယ်ထုတ်ပြီး လူငယ်ကစားသမားတွေ အားဖြည့်မှုတွေကြောင့်လို့တောင် ပြောရမှာဖြစ်ပါတယ်။ ဒီနှစ်ရာသီကို ကြည့်မယ်ဆိုရင်လည်း စပါးအသင်းဟာ ပရီမီယာလိဂ်ရဲ့ အသက်အငယ်ဆုံး အသင်းတစ်သင်းဖြစ်ရုံသာမက လူငယ်ကစားသမားတွေကို အသင်းမှာ လျင်လျင်မြန်မြန်ထည့်သုံးကစားစေတဲ့အသင်းလို့လည်း ပြောရမှာဖြစ်ပါတယ်။

ပိုချက်တီနိုဟာ ငယ်ရွယ်တဲ့အသင်းရှိတာကြောင့် သူ့ရဲ့နည်းစနစ်ပိုင်းမှာ အကောင်းဆုံး ပျော်ဝင်ပြီး ခြေစွမ်းပြကစားနိုင်မယ်ဆိုတာကိုလည်း ယုံကြည်မှုရှိနေပါတယ်။ ဒါကြောင့်လည်း အယ်လီနဲ့ ဒိုင်ယာတို့ကို ခေါ်ယူခဲ့တာဖြစ်ပါတယ်။ ဒ့ါအပြင် ပိုချက်တီနိုကို ချီးကျူးဖို့ကောင်းတဲ့အရာကတော့ ဟယ်ရီကိန်းနဲ့ မာဆန်တို့လို အသင်းရဲ့အကယ်ဒမီကျောင်းထွက်ကစားသမားတွေကို အသင်းမှာနေရာပေးခြင်းပဲဖြစ်ပါတယ်။ ဒီနှစ်ရာသီမှာ ပိုချက်တီနိုရဲ့ နည်းဗျူဟာပိုင်းက အမြင့်ဘောတွေကို အားပြုကစားစေပြီး ကွင်းလယ်ဖန်တီးရှင်တွေကို လွတ်လွတ်လပ်လပ်ကစားစေကာ ကစားသမားတစ်ဦးနဲ့တစ်ဦးကြား နားလည်မှုနဲ့ ညီညီညွတ်ညွတ်နဲ့ ကစားစေတာလည်းဖြစ်ပါတယ်။ သူ့ရဲ့နည်းစနစ်ပိုင်းမှာ အဓိကတွေ့ရတာက ကစားသမား အချင်းချင်းနားလည်မှုနဲ့ မန်နေဂျာအပေါ် ယုံကြည်မှုတွေဖြစ်ပါတယ်။ ဒ့ါအပြင် ပိုချက်တီ နိုဟာ ကစားသမားတွေအပေါ်မှာ ယုံကြည်မှုအကောင်းဆုံး တည်ဆောက်နိုင်ခြင်းပါပဲ။

အဲ့ဒါနဲ့ပတ်သက်ပြီး အကောင်းဆုံးဥပမာကို ပြပါဆိုရင်တော့ လာမယ်လာကိုပဲ ပြရမှာဖြစ်ပါတယ်။ လာမယ်လာဟာ နည်းပြတင်ရှားဝုဒ်ရဲ့လက်အောက်မှာ ဒဏ်ရာပြဿနာတွေနဲ့ ခြေစွမ်းပြကစားနိုင်ဖို့ ရုန်းကန်နေရတာကြောင့် သူ့ကိုခေါ်ယူရတဲ့ပြောင်းရွှေ့ကြေးနဲ့ တန်းအောင်ခြေစွမ်းမရှိတဲ့ ကစားသမားတစ်ဦးလို့တောင် ဝေဖန်ခံခဲ့ရသူပါ။ ဒါပေမယ့် လာမယ်လာဟာ ပိုချက်တီနိုရဲ့လက်အောက်မှာတော့ တိုးတက်မှုတွေပိုမိုရရှိလာခဲ့ပြီး စပါးအသင်းရဲ့ အခွင့်အရေးဖန်တီးပေးနိုင်မှု အများဆုံးကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒါတွေဟာ စပါးအသင်းမန်နေဂျာ ပိုချက်တီနိုရဲ့ နည်းစနစ်ပိုင်းကောင်းမွန်မှုကြောင့်သာမက ကစားသမားတွေကို ယုံကြည်မှုအကောင်းဆုံး တည်ဆောက်ပေးနိုင်ခြင်းတို့ကြောင့်လည်း ဖြစ်ပါတယ်။

ဒါကြောင့် ဒီနှစ်ရာသီမှာ ခံစစ်ပိုင်းကောင်းမွန်တဲ့ စပါးအသင်းအနေနဲ့ အမြဲတမ်းရည်မှန်းထားတဲ့ ထိပ်ဆုံးလေးသင်းဝင်ရောက်နိုင်မလား။ ဒ့ါအပြင် ဒီဇန်နဝါရီဈေးကွက်အတွင်း ပိုချက်တီနိုရဲ့ ကောင်းမွန်တဲ့အတွေးအခေါ်တွေနဲ့အတူ ခေါ်ယူအင်အားဖြည့်မှုတွေဟာ ပရီမီယာလိဂ်ဆုဖလားရယူနိုင်ဖို့အထိ ဖြစ်လာနိုင်မလားဆိုတာကတော့ စောင့်မျှော်ကြည့်ရှုရဦးမှာဖြစ်ပါတယ်။ ။

"စပါးအသင်းဟာ မန်နေဂျာ ပိုချက်တီနိုရဲ့လက်အောက်မှာ ဘယ်လောက်အထိ တိုးတက်မှုတွေ ဆက်လက်ရရှိဦးမလဲဆိုတာကလည်း လူတိုင်းအတွက် စိတ်ဝင်စားစရာဖြစ်"

"ပိုချက်တီနိုရဲ့ ကောင်းမွန်တဲ့အတွေးအခေါ်တွေနဲ့အတူ ခေါ်ယူအင်အားဖြည့်မှုတွေဟာ ပရီမီယာလိဂ် ဆုဖလားရယူနိုင်ဖို့အထိ ဖြစ်လာနိုင်မလားဆိုတာကတော့ စောင့်မျှော်ကြည့်ရှုရဦးမှာဖြစ်"

## မန်စီးတီးသည် ယခုနှစ် ပရီမီယာလိဂ်ဆုဖလားကိုရရှိရန် ရေပန်းစားနေသည်ဟု ဝက်ဖို့ဒ်မန်နေဂျာ ဖလောရက်စ်ဖွင့်ဟ



မန်စီးတီးအသင်းသည် ၂၀၁၅-၁၆ ခုနှစ် ပရီမီယာလိဂ်ချန်ပီယံဆုဖလားကို ရရှိရန် အလားအလာ အကောင်းဆုံးအသင်းဖြစ်ကြောင်း ဝက်ဖို့ဒ်အသင်း မန်နေဂျာဆန်းချက်ဇ် ဖလောရက်စ်က ထုတ်ဖော်ပြောဆိုလိုက်သည်။

မန်စီးတီးအသင်းသည် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲ၌ ပွဲစဉ် ၂၀ ကစားပြီးချိန်တွင် ရမှတ် ၃၉ မှတ်ဖြင့် အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နေသည့်အသင်းဖြစ်ပြီး ထိပ်ဆုံးမှ အာဆင်နယ်ထက် သုံးမှတ်လျော့နည်းနေသည့်အသင်းဖြစ်သည်။ ပြီးခဲ့သည့် ဇန်နဝါရီ ၃ရက်တွင် ဝက်ဖို့ဒ်အသင်းက မန်စီးတီးအသင်းအား အိမ်ကွင်း၌ လက်ခံကစားခဲ့သော ပရီမီယာလိဂ်ပွဲစဉ်၌ ဝက်ဖို့ဒ်အသင်းသည် ၂-၁ ဖြင့် အရေးနိမ့်ခဲ့ရသည်။

အဆိုပါ ပွဲအပြီးတွင် မန်နေဂျာ ဖလောရက်စ်အား မန်စီးတီးအသင်းအနေဖြင့် ယခုနှစ် ပရီမီယာလိဂ် ချန်ပီယံဖြစ်နိုင်မည်လားဟု မေးမြန်းမှုကို ဖလောရက်စ်က "ဟုတ်ပါတယ်။ အခုနှစ် ပရီမီယာလိဂ် ပထမရာသီဝက်ကတည်းက ကျွန်တော် အဲဒီလိုထင်မြင်ယူဆထားခဲ့တာပါ။ အခုအချိန်အထိလည်း ဒီအယူအဆကို ကျွန်တော်ဆက်လက် ယုံကြည်ထားဆဲဖြစ်ပါတယ်"ဟု ဖြေဆိုသွားခဲ့သည်။

စပိန်လူမျိုး မန်နေဂျာ ဖလောရက်စ်သည် ၂၀၀၅ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ဗလင်စီယာအသင်းနည်းပြအဖြစ် တာဝန်ယူခဲ့စဉ်က မန်စီးတီးကွင်းလယ် ကစားသမားဒေးဗစ်ဆေးလ်ဗားနှင့် လက်တွဲခဲ့ဖူးသကဲ့သို့ ၂၀၀၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ အက်သလက်တီကို အသင်းနည်းပြအဖြစ် တာဝန်ယူခဲ့စဉ်ကလည်း မန်စီးတီးတိုက်စစ်မှူး အဂူရိုနှင့် လက်တွဲခဲ့ဖူးသူဖြစ်သည်။

မန်နေဂျာ ဖလောရက်စ်က သူနှင့် လက်တွဲခဲ့ဖူးသည့် ဒေးဗစ်ဆေးလ်ဗား၊ အဂူရိုတို့နှင့် ပတ်သက်၍ "ကျွန်တော့်ရဲ့ နည်းပြသက်တမ်းအတွင်း လက်တွဲခဲ့ဖူးတဲ့ ကစားသမားတွေထဲမှာ ဒေးဗစ်ဆေးလ်ဗားနဲ့အဂူရိုတို့ဟာ အကောင်းဆုံး ကစားသမားတွေပါ။ ကျွန်တော်ဟာ ကစားသမားကောင်းအများအပြားနဲ့ လက်တွဲခဲ့ဖူးပါတယ်။ ဒါပေမယ့် ဆေးလ်ဗားနဲ့ အဂူရိုတို့က အခြား ကစားသမားတွေနဲ့ ကွဲပြားခြားနားမှုရှိတယ်။ အခုဆိုရင် တိုက်စစ်မှူး အဂူရိုဟာ ပြီးပြည့်စုံတဲ့ ကစားသမားတစ်ဦးဖြစ်နေပြီး ကမ္ဘာ့အကောင်းဆုံးကစားသမားတွေအနက်က တစ်ဦးလည်းဖြစ်ပါတယ်"ဟု ချီးကျူးပြောဆိုခဲ့သည်။

ဝက်ဖို့ဒ်အသင်းသည် ၂၀၁၅ ခုနှစ် စက်တင်ဘာလအတွင်း စပါးအသင်းနှင့် လမ်းခွဲခဲ့သူ တိုဂိုတိုက်စစ်မှူး အဒီဘာယောအား ဇန်နဝါရီဈေးကွက်ကာလအတွင်း ခေါ်ယူဖွယ်ရှိသည်ဟု သတင်းများထွက်ပေါ်နေခြင်းကို မန်နေဂျာ ဖလောရက်စ်က ငြင်းဆိုခဲ့ခြင်းမရှိခဲ့ပေ။

**အောင်က**

## ချယ်လ်ဆီးသည် ပရီမီယာလိဂ် ထိပ်ဆုံးလေးသင်း စာရင်းဝင် မဖြစ်နိုင်ဟု ရေးဒီလ်ကင်စ် သုံးသပ်



ချယ်လ်ဆီးအသင်းအနေဖြင့် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲ ပြီးဆုံးချိန်တွင် အမှတ်ပေးဇယား၏ ထိပ်ဆုံးလေးသင်းစာရင်းဝင်ဖြစ်လာရန် မဖြစ်နိုင်ဟု ယူဆထားကြောင်း ချယ်လ်ဆီးအသင်း လက်ထောက်မန်နေဂျာဟောင်း ရေးဒီလ်ကင်စ်က ထုတ်ဖော်ပြောဆိုလိုက်သည်။

ချယ်လ်ဆီးအသင်းသည် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် ရလဒ်များ ဆိုးရွားခဲ့ပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ရာထူးမှထုတ်ပယ်ခဲ့သည့် မန်နေဂျာမော်ရင်ညို နောက်ဆုံးတာဝန်ယူခဲ့သော ပရီမီယာလိဂ်ပွဲစဉ်(၁၆) ကစားပြီးချိန်တွင် အမှတ်ပေးဇယား၏ အဆင့် ၁၆ နေရာအထိ ကျဆင်းခဲ့သည်။ သို့သော်လည်း မော်ရင်ညိုအား ရာထူးမှ ထုတ်ပယ်ပြီးနောက် ပထမအသင်းနည်းပြ စတိဗ်ဟော်လန် တာဝန်ယူခဲ့သော ဆန်းဒါးလန်းနှင့်ပွဲစဉ်တွင် ချယ်လ်ဆီးအသင်းက ၃-၁ဂိုးဖြင့် အနိုင်ရရှိခဲ့ကာ ချယ်လ်ဆီးအသင်း၏ ယာယီမန်နေဂျာအဖြစ် ယခုနှစ်ဘောလုံးရာသီကုန်ချိန်အထိ ခန့်အပ်ခံခဲ့ရသူ ဟစ်ဒင့်၏လက်အောက်တွင် ကစားခဲ့သော အမှတ်ပေးပွဲသုံးပွဲ၌ ရှုံးပွဲမရှိခဲ့ဘဲ နှစ်ပွဲသရေကျကာ နောက်ဆုံးပွဲဖြစ်သော ခရစ္စတဲလ်ပဲလေ့စ်နှင့်ပွဲတွင် ၃-၀ ဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ယာယီမန်နေဂျာ ဟစ်ဒင့်၏လက်အောက်တွင် ချယ်လ်ဆီးအသင်း၏ ရပ်တည်မှုမှာ အဆင့် ၁၄ သို့ မြင့်တက်လာခဲ့သည်။

ပဲလေ့စ်အား အနိုင်ရရှိခဲ့သောပွဲ အပြီးတွင် ယာယီမန်နေဂျာ ဟစ်ဒင့်က အဆိုပါပွဲ၌ ချယ်လ်ဆီးအသင်းကစားခဲ့သောခြေစွမ်းကြောင့် ချယ်လ်ဆီးအသင်းအနေဖြင့် လက်ကျန်အမှတ်ပေးပွဲ (၁၈)ပွဲတွင် ရလဒ်ကောင်းများ ရယူပြီး ရာသီကုန်ဆုံးချိန်၌ ထိပ်ဆုံးလေးသင်း စာရင်းဝင်အသင်းဖြစ်လာနိုင်သည်ဟု ပြောဆိုခဲ့သည်။

ပရီမီယာလိဂ် ပွဲစဉ် (၂၀)ကစား ပြီးချိန်၌ ရမှတ် ၂၃ မှတ်ရရှိထားသည့် ချယ်လ်ဆီးအသင်းသည် အမှတ်ပေးဇယား၏ စတုတ္ထနေရာတွင် ရပ်တည်နေသော စပါးအသင်းထက် ၁၃ မှတ်လျော့နည်းနေသည်။

ချယ်လ်ဆီး လက်ထောက်မန်နေဂျာဟောင်း ရေးဒီလ်ကင်စ်က "ကျွန်တော်တစ်ဦးတည်း အမြင်အရဆိုရင်တော့ အခုနှစ်ဘောလုံးရာသီကုန်ဆုံးချိန်မှာ ချယ်လ်ဆီးဟာ ထိပ်ဆုံးလေးသင်းစာရင်းဝင်ဖြစ်ရေးက မဖြစ်နိုင်ပါဘူး။ ပရီမီယာလိဂ် လက်ကျန်ပွဲစဉ်တွေမှာ ချယ်လ်ဆီးအနေနဲ့ မမျှော်လင့်တဲ့ရှုံးပွဲတွေနဲ့ ကြုံတွေ့နိုင်ပါသေးတယ်။ သေချာတာတစ်ခုကတော့ ချယ်လ်ဆီးဟာ နောက်ပိုင်းပွဲတွေမှာ စိတ်ဓာတ်ပိုင်း ပိုမိုကောင်းမွန်စွာနဲ့ ကစားလာနိုင်တာပဲဖြစ်ပါတယ်။ ဒီအချက်ကို ပဲလေ့စ်နဲ့ပွဲမှာ မြင်တွေ့နိုင်တယ်"ဟု ပြောဆိုသွားသည်။

ချယ်လ်ဆီးအသင်းသည် ၂၀၀၂-၀၃ ခုနှစ် ပရီမီယာလိဂ်ရာသီမှစတင်ပြီး ရာသီကုန် အမှတ်ပေးဇယား၌ ထိပ်ဆုံးလေးသင်းစာရင်းတွင် မပါဝင်နိုင်ခြင်းမှာ တစ်ကြိမ်သာရှိခဲ့သည်။

# နိုင်ငံတကာဘောလုံး

မြန်မာ့အလင်း

၈-၁-၂၀၁၆ (သောကြာနေ့)

လာမယ့် ဇန်နဝါရီ ၉ ရက်၊ ၁၀ ရက်၊ ၁၁ ရက်တွေမှာ ပရီမီယာလိဂ်ပွဲစဉ်တွေကို ယှဉ်ပြိုင်ကစားမှာ မဟုတ်ပါဘူး။ အဆိုပါရက်တွေမှာတော့ အက်ဖ်အေဖလားပြိုင်ပွဲရဲ့ တတိယအဆင့်ပွဲစဉ်တွေကိုသာ ကျင်းပသွားမှာဖြစ်ပါတယ်။ အဆိုပါ အက်ဖ်အေဖလားတတိယအဆင့်ပွဲစဉ်တွေမှာတော့ ပရီမီယာလိဂ်အသင်းကောင်းတွေ ပါဝင်လာပြီဖြစ်သလို လီဗာပူး၊ မန်ယူ၊ အာဆင်နယ်၊ မန်စီးတီး၊ ချယ်လ်ဆီး၊ စပါးတို့လို အသင်းကြီးတွေ ပါဝင်လာပြီဖြစ်ပါတယ်။ ဒါကြောင့် အဆိုပါပွဲစဉ်တွေအနက်က ပွဲကောင်းအချို့ကို ရွေးချယ်သုံးသပ်ပေးလိုက်ပါတယ်။



## အာဆင်နယ် vs ဆန်းဒါးလန်း

ပရီမီယာလိဂ်အသင်းချင်းချင်းဆုံတွေ့ပွဲဖြစ်ပေမယ့် ခြေစွမ်းက ကွာဟမှုများပါတယ်။ အာဆင်နယ်ဟာ လက်ရှိအချိန်မှာအသင်းလိုက်ကစားပုံ ကောင်းမွန်နေသလို အိမ်ကွင်းလည်းဖြစ်တာကြောင့် အများအယွင်းအဖြစ်ခံမှာ လည်း မဟုတ်ပါဘူး။ ဒါကြောင့် ခံစစ်ကားပုံအားနည်းမှုရှိတဲ့ ဆန်းဒါးလန်းကို အနိုင်ကစားသွားနိုင်ဖို့ သေချာနေပါတယ်။

## အိတ်ထရာ vs လီဗာပူး

လီဗာပူးဟာ လက်ရှိအချိန်အထိ ဂျာဂျင်ကလော့ လက်ထက်မှာ အကောင်းဆုံးခြေစွမ်းကို မရရှိသေးပါဘူး။ တိုက်စစ်ပိုင်းမှာ အဆုံးသတ် သေချာတဲ့တိုက်စစ်မှူး မရှိတာကြောင့်လည်း ဂိုးသွင်းခြေကအစ တည်ငြိမ်မှုမရှိတာတွေ့ရပါတယ်။ ဒါပေမယ့် လီဗာပူးဟာ ဆုဖလား တစ်လုံးအတွက် အမှားခံမှာမဟုတ်လို့ အိတ်ထရာလို အသင်းငယ်လေးကိုတော့ အနိုင်ကစားနိုင်မှာပါ။

## အဲဗာတန် vs ဒါဂျင်ဟန်

အဲဗာတန်ဟာ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်းမှာ ရလဒ်ပိုင်း မတည်ငြိမ်ဘူး ဆိုပေမယ့် အသင်းလိုက်ကစားပုံကောင်းသလို ဒီပွဲကို အိမ်ကွင်းမှာ ကစားရမှာဖြစ်လို့လည်း အမှားခံမှာမဟုတ်ပါဘူး။ အဲဗာတန်ခံစစ် မတည်ငြိမ်ပေမယ့် ဒါဂျင်ဟန်ရဲ့ ထိုးစစ်ကိုတော့ ထိန်းချုပ်နိုင်ခြေရှိပြီး တိုက်စစ်လည်း ထက်မြက်တာကြောင့် အဲဗာတန်ကသာ နိုင်ပွဲရရှိသွားမှာပါ။

## ဝက်ဖို့ဒ် vs ကာဆယ်

ကာဆယ်ဟာ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်းမှာ ခြေစွမ်းပိုင်း တည်ငြိမ်မှု အတော်လေးအားနည်းပါတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းက အဆုံးသတ်သေချာမှု လုံးဝမရှိပါဘူး။ ဝက်ဖို့ဒ်ကတော့ အခုနောက်ပိုင်းအသင်းလိုက်ကစား ပုံကောင်းသလို ဒီပွဲစဉ်မှာလည်း အိမ်ကွင်းအားနဲ့ ဖိအားပေးသွားမှာသေချာပါတယ်။ ဝက်ဖို့ဒ်ကသာ နိုင်ပွဲရရှိသွားမှာ သေချာပါတယ်။

## စပါး vs လက်စတာ

ပွဲကောင်းတစ်ပွဲဖြစ်ပါတယ်။ အသင်းလိုက်ခြေစွမ်းနဲ့ တည်ငြိမ်မှုကလည်း မကွာပါဘူး။ ဒါပေမယ့် လက်စတာဟာ ဂျိမ်းဗာဒီခြေစွမ်းကျဆင်းမှုကြောင့် တိုက်စစ်ပိုင်းက ဂိုးသွင်းအားတည်ငြိမ်မှုမရှိတော့တာတွေ့ရပါတယ်။ ဒါ့အပြင် စပါးဟာ အိမ်ကွင်းအားနဲ့လည်း ဖိအားပေးသွားကို သတိပြုရမှာပါ။ လက်စတာရဲ့ အသင်းလိုက်ကစား ပုံကောင်းပေမယ့် စပါးကသာ ကပ်နိုင်မှာပါ။

## နော့ဝစ်ချ် vs မန်စီးတီး

နော့ဝစ်ချ်ဟာ အသင်းကောင်းတစ်သင်းဖြစ်သလို ဒီအိမ်ကွင်း ပွဲစဉ်မှာလည်း အားစိုက်ကစားသွားဖို့ ရှိနေပါတယ်။ မန်စီးတီးကတော့ ကက်ပီတယ်ဝမ်းဖလား ပွဲစဉ်အပါအဝင် ပွဲဆက်တွေများနေပါတယ်။ ဒါပေမယ့် မန်စီးတီးကလည်း ဆုဖလားမျှော်လင့်ချက်အတွက် အားစိုက်ကစားမှာကိုတော့ သတိပြုရမှာပါ။ ဂိုးပြတ်ဖို့ မသေချာပေမယ့် မန်စီးတီးနိုင်ပွဲရဖို့ကတော့ သေချာတယ်။

## ချယ်လ်ဆီး vs စကန်သော်ပီ

ချယ်လ်ဆီးဟာ ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲကနေ ထွက်ခဲ့ရပြီဖြစ်သလို ပရီမီယာလိဂ်မှာ ချန်ပီယံဖြစ်ဖို့လည်း အင်မတန် အခွင့်အလမ်း နည်းသွားပြီဖြစ်တာကြောင့် ဒီအက်ဖ်အေဖလားမှာတော့ အမှားခံမှာ မဟုတ်ပါဘူး။ ဒါ့အပြင် အိမ်ကွင်းလည်းဖြစ်လို့ အသင်းငယ်လေး စကန်သော်ပီကိုတော့ ဖိအားပေးကစားသွားနိုင်မှာပါ။ ချယ်လ်ဆီးကပဲ နိုင်ပွဲရယူသွားပါလိမ့်မယ်။

## ဒွန်ကတ်စတာ vs စတုတ်

စတုတ်ဟာ ကြားရက်မှာ ကက်ပီတယ်ဝမ်းဖလားပွဲစဉ်ကစားခဲ့ရလို့ ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ ဒါပေမယ့် စတုတ်ရဲ့ လက်ရှိအသင်းလိုက်ကစားပုံနဲ့ ရှာကွီရီ၊ ကာကစ်၊ အာနူတိုဗစ်တို့ရဲ့ တိုက်စစ်က ထက်မြက်မှုရှိနေတာကြောင့် အဝေးကွင်းဖြစ်ပေမယ့် ဒွန်ကတ်စတာကို တုံ့ပြန်ဖိအားပေးနိုင်ဖို့ မခက်ပါဘူး။ စတုတ်ကသာ ကပ်ပြီးအနိုင်ရသွားမှာပါ။

## ဆောက်သမ်တန် vs ပဲလေ့စ်

ပွဲကောင်းတစ်ပွဲဖြစ်ပါတယ်။ ပရီမီယာလိဂ်အသင်းအချင်းချင်းဆုံတွေ့ ပွဲဖြစ်သလို ခြေစွမ်းလည်း မကွာဟပါဘူး။ လက်ရှိအချိန်မှာ ဆောက်သမ်တန်က ခြေစွမ်းပိုင်း မတည်ငြိမ်ဘူးဆိုပေမယ့် အိမ်ကွင်းအားနဲ့ ဖိအားပေးမှာဖြစ်သလို ပဲလေ့စ်ရဲ့ခံစစ်အားကလည်း ကောင်းမွန်မှုရှိနေပါတယ်။ ဒါကြောင့် ဆောက်သမ်တန်တို့ကပ်ပြီး အနိုင်ရနိုင်ခြေရှိပါတယ်။

## ဝက်စ်ဟမ်း vs ဝုဖ်

ဒီရာသီပရီမီယာလိဂ်ပြိုင်ပွဲမှာ အခုနောက်ပိုင်း ဝက်စ်ဟမ်းရဲ့ရလဒ်ကလည်း တည်ငြိမ်မှုမရှိပါဘူးဆိုပေမယ့် အသင်းလိုက်ကစားပုံကောင်းမွန်မှုရှိပါတယ်။ တိုက်စစ်လည်း ထက်မြက်မှုရှိပြီး အိမ်ကွင်းအားသာချက်လည်းရှိနေတာကြောင့် ဝုဖ်ကို ဖိအားပေးကစားသွားနိုင်မှာပါ။ ပရက်ပြန်လည်ပါဝင်နိုင်ပြီဖြစ်တဲ့ ဝက်စ်ဟမ်းကသာ နိုင်ပွဲရရှိသွားပါလိမ့်မယ်။

## မန်ယူ vs ရှက်ဖီးလ်

မန်ယူဟာ ချယ်လ်ဆီး၊ ဆွမ်းဆီးတို့နဲ့ပွဲစဉ်တွေမှာ ကစားပုံကောင်းခဲ့တယ် ဆိုပေမယ့် တိုက်စစ်ပိုင်းရဲ့ အဆုံးသတ်အရည်အသွေးကတော့အားရစရာ မကောင်းပါဘူး။ ဒါပေမယ့် မန်ယူဟာ အောင်မြင်မှုတစ်ခုရယူနိုင်ဖို့ အခုလိုပွဲမျိုးမှာ အမှားခံမှာ မဟုတ်သလို အိမ်ကွင်းလည်းဖြစ်လို့ ရှက်ဖီးလ်ကိုတော့ ဖိအားပေးနိုင်ပါလိမ့်မယ်။ မန်ယူတို့ နိုင်ပွဲရသွားမှာပါ။

## ဝက်စ်ဘရွန်း vs ဘရစ္စတိုးလ်

ဝက်စ်ဘရွန်းဟာ ပရီမီယာလိဂ်ပြိုင်ပွဲမှာတောင် ကစားပုံ တည်ငြိမ်မှု ရှိခဲ့အသင်းဖြစ်သလို နောက်တစ်အဆင့်တက်နိုင်ဖို့အတွက်လည်း အမှားခံမှာ မဟုတ်ပါဘူး။ ဘရစ္စတိုးလ်ကလည်း ခြေစွမ်းအားနည်းမှုတွေ ရှိနေတာကြောင့် ဝက်စ်ဘရွန်းကသာ အိမ်ကွင်းနိုင်ပွဲရယူသွားနိုင်မှာပါ။

### အက်ဖ်အေဖလားတတိယအဆင့်

| | | | |
|---|---|---|---|
| **သောကြာနေ့ (၈-၁-၁၆)** | | | |
| နံနက် ၂း၂၅ | အိတ်ထရာ | - | လီဗာပူး |
| **စနေနေ့ (၉-၁-၁၆)** | | | |
| ည ၇း၁၅ | ပိုင်ကမ်ဘီ | - | ဗီလာ |
| ည ၉း၃၀ | ဝက်ဖို့ဒ် | - | ကာဆယ် |
| ည ၉း၃၀ | ဝက်စ်ဘရွန်း | - | ဘရစ္စတိုးလ် |
| ည ၉း၃၀ | ဝက်စ်ဟမ်း | - | ဝုဖ် |
| ည ၉း၃၀ | ဟတ်ဒါပူးလ် | - | ဒါဘီ |
| ည ၉း၃၀ | ကိုချက်စတာ | - | ချာလ်တန် |
| ည ၉း၃၀ | ပီတာဘရော့ | - | ပရက်စတန် |
| ည ၉း၃၀ | နယူးပေါ့ | - | ဘလက်ဘန်း |
| ည ၉း၃၀ | အာဆင်နယ် | - | ဆန်းဒါးလန်း |
| ည ၉း၃၀ | ဘာမင်ဂမ် | - | ဘုန်းမောက် |
| ည ၉း၃၀ | ရှက်ဖီးလ်ဝင့်စဒေး | - | ဖူလ်ဟမ် |
| ည ၉း၃၀ | အစ်ဇ့်ဝစ်ချ် | - | ပို့စ်မောက် |
| ည ၉း၃၀ | ဘရန့်ဖို့ဒ် | - | ဝါဆော |
| ည ၉း၃၀ | ဘာရီ | - | ဘရက်ဖို့ဒ် |
| ည ၉း၃၀ | ဆောက်သမ်တန် | - | ပဲလေ့စ် |
| ည ၉း၃၀ | အဲဗာတန် | - | ဒါဂျင်ဟန် |
| ည ၉း၃၀ | နော်တင်ဟမ် | - | ကျူပီအာ |
| ည ၉း၃၀ | အီးစ်လိုက် | - | ဘော်လ်တန် |
| ည ၉း၃၀ | ဟတ်ဒါဖီးလ် | - | ရက်ဒင်း |
| ည ၉း၃၀ | ဟားလ် | - | ဘရိုက်တန် |
| ည ၉း၃၀ | နော့ဝစ်ချ် | - | မန်စီးတီး |
| ည ၉း၃၀ | မစ်ဒယ်ဘရော့ | - | ဘန်လေ |
| ည ၉း၃၀ | ဒွန်ကတ်စတာ | - | စတုတ် |
| ည ၉း၃၀ | လိဒ်စ် | - | ရိုသာဟန် |
| ည ၉း၃၀ | နော့သမ်တန် | - | မီလ်တန် |
| နံနက် ၀၀း၀၀ | မန်ယူ | - | ရှက်ဖီးလ် |
| **တနင်္ဂနွေနေ့ (၁၀-၁-၁၆)** | | | |
| ည ၆း၃၀ | အောက်စဖို့ဒ် | - | ဆွမ်ဆီး |
| ည ၈း၃၀ | ချယ်လ်ဆီး | - | စကန်သော်ပီ |
| ည ၈း၃၀ | ကာလီစလေ | - | ယိုဗေး |
| ည ၁၀း၃၀ | စပါး | - | လက်စတာစီးတီး |
| နံနက် ၀၀း၃၀ | ကာဒစ်ဖ် | - | ရှုဝ်ဘရီ |

### ပရီမီယာလိဂ်ပွဲစဉ်(၂၁)

| | | | |
|---|---|---|---|
| **အင်္ဂါနေ့ (၁၂-၁-၁၆)** | | | |
| နံနက် ၂း၁၅ | ဗီလာ | - | ပဲလေ့စ် |
| နံနက် ၂း၁၅ | ဘုန်းမောက် | - | ဝက်စ်ဟမ်း |
| နံနက် ၂း၁၅ | ကာဆယ် | - | မန်ယူ |
| **ဗုဒ္ဓဟူးနေ့ (၁၃-၁-၁၆)** | | | |
| နံနက် ၂း၁၅ | ဆွမ်ဆီး | - | ဆန်းဒါးလန်း |
| နံနက် ၂း၁၅ | မန်စီးတီး | - | အဲဗာတန် |
| နံနက် ၂း၁၅ | စတုတ် | - | နော့ဝစ်ချ် |
| နံနက် ၂း၁၅ | ဆောက်သမ်တန် | - | ဝက်ဖို့ဒ် |
| နံနက် ၂း၁၅ | ချယ်လ်ဆီး | - | ဝက်စ်ဘရွန်း |
| နံနက် ၂း၃၀ | လီဗာပူး | - | အာဆင်နယ် |
| နံနက် ၂း၃၀ | စပါး | - | လက်စတာ |

## နေမာအနေဖြင့် ဖီဖာကမ္ဘာ့တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို မကြာမီ ဆွတ်ခူးနိုင်မည်ဟု ကာကာ ပြောဆို



စပိန်ကလပ် ဘာစီလိုနာအသင်း တိုက်စစ်မှူး နေမာသည် ဖီဖာကမ္ဘာ့ တစ်နှစ်တာအကောင်းဆုံးကစားသမားဆု (FIFA Ballon d'Or)ကို ဆွတ်ခူးနိုင်ရန် မဝေးကွာတော့ကြောင်း မေဂျာလိဂ်ကလပ် အော်လန်ဒိုစီးတီးအသင်း ကွင်းလယ်ကစားသမား ကာကာက ထုတ်ဖော်ပြောဆိုလိုက်သည်။ ဘရာဇီးကစားသမား နေမာသည် ၂၀၁၅ ခုနှစ် ဖီဖာကမ္ဘာ့တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုအတွက် နောက်ဆုံး ဆန်ခါတင်စာရင်းတွင် မက်ဆီ၊ ခရစ္စတီယာနိုရော်နယ်ဒိုတို့နှင့်အတူ ပါဝင်နေသူဖြစ်သည်။ ၂၀၁၅ ခုနှစ် ဖီဖာကမ္ဘာ့တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုပေးပွဲကို လာမည့် ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ၂၀၀၇ ခုနှစ် ဖီဖာကမ္ဘာ့တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ကာကာရရှိခဲ့ပြီးနောက် နေမာသည် ကမ္ဘာ့တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုအတွက် နောက်ဆုံးဆန်ခါတင် သုံးဦးစာရင်းတွင် ပထမဆုံးပါဝင်လာသည့် ဘရာဇီးကစားမားဖြစ်သည်။

ဘရာဇီးကစားသမား ကာကာ (၃၃နှစ်)က "ဖီဖာကမ္ဘာ့တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆု ရရှိမှုမှာ အလှည့်ကျပုံစံမျိုးဖြစ်နေတယ်။ ဒီဆုကို ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒိုနဲ့ ပြင်သစ်ကစားသမား ဇီဒန်းတို့က သုံးကြိမ်စီ ရရှိခဲ့ပြီး သူတို့ နှစ်ဦးကြားမှာ ရီဗယ်ဒိုနဲ့ ဖီဂိုတို့က ကြားဖြတ်ရရှိခဲ့တယ်။ ရော်နယ်ဒိုနဲ့ ဇီဒန်းတို့ ဒီဆုကို သုံးကြိမ်စီ ရရှိခဲ့ပြီးနောက်မှာတော့ ရော်နယ်ဒင်ညို၊ ကန်နာဗာရိုနဲ့ ကျွန်တော်တို့က ဒီဆုကို ဆွတ်ခူးနိုင်ခဲ့တယ်။ အခုဆိုရင် ဖီဖာကမ္ဘာ့တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ခရစ္စတီယာနိုရော်နယ်ဒိုနဲ့ မက်ဆီတို့က သုံးကြိမ်စီ ရရှိထားပြီးဖြစ်ပါတယ်။ နေမာဟာ ဥရောပကို ပြောင်းရွှေ့လာပြီးတဲ့နောက်ပိုင်း သူ့ရဲ့ခြေစွမ်းပိုင်း တိုးတက်လာခဲ့သလို ပိုပြီးတော့လည်း ရင့်ကျက်လာခဲ့တယ်။ အခုဆိုရင် နေမာအနေနဲ့ ဖီဖာကမ္ဘာ့ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ဖို့ အချိန်ကာလတစ်ခုကိုပဲ စောင့်ဆိုင်းရတော့မှာပါ"ဟု ပြောသွားသည်။